
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆုအဉ္ဇလီ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၇၆၁၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၅၈၀၉၁၀ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ဆုအဥ္ဇလီ

သမုဒ္ဒယအနမ်း/ဆုအဥ္ဇလီ ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၉၆ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) သမုဒ္ဒယအနမ်း


BURMESE CLASSIC .com

## အခန်း (၁)

"တီ...တီ...တီ"

ကားဟွန်းသံက တရစပ်။ ချာချာက ဒီဟွန်းသံကိုကြား တော့ ကြားသား။ ဒါပေမဲ့ ရင်းနှီးနေတဲ့ ဟွန်းသံမဟုတ်တာရယ်၊ အမေ့ကို ဆေးတိုက်လက်စကြီးနဲ့မို့ ပြတင်းပေါက်ဆီ ပြေးမကြည့် နိုင်။

ပြီးတော့ ဒါဟာ ထူးဆန်းတဲ့ကိစ္စမှမဟုတ်တာ။ ချာချာ တို့လို ကန်ထရိုက်တိုက်တွေမှာ နေတဲ့သူတွေဆီလာသော ကားတစ်စီးစီးဖြစ်နိုင်တာပဲ။ တစ်တိုက်တည်းမှာပဲ ဆယ်ခန်း။ ငါးလွှာမို့ ဟွန်းသံကြားတိုင်း ပြေးမကြည့်နိုင်။

"ကလောင်...ကလောင်"

"ဟော...အောက်က ခေါင်းလောင်းဆွဲတယ် သမီး"

"ဟုတ်...ဖုန်းနဲ့တူတယ် အမေ၊ သမီး အလုပ်လျှောက်

မိုးမိုး

www.burmeseclassic.com

www.burmeseclassic.com



ထားတာ ရပြီလားမသိဘူး”

ချာချာက အပြောနဲ့အတူ အိမ်ရှေ့သို့ ၎င့်ခနဲ ပြေးထွက်၏။ မြေညီထပ်တွင် ဖုန်းရှိတာမို့ ချာချာလို သုံးလွှာနေသူတွေအတွက် အဆင်ပြေပါသည်။

“သိပ်မြှော်လင့်မထားပါနဲ့ သမီးရယ်”

အမေ့အသံသဲ့သဲ့လေး ကပ်ပါသည်။

“လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်တာလေ အမေရဲ့”

ပြောလည်းပြော အောက်ကိုငုံ့အကြည့်…

“ဟင်…ကောင်း”

“အောင်မယ်…နှင့်ရုပ်က ကောင်းကိုမြင်တာနဲ့ စိတ်ညစ်သွားတဲ့ပုံစံနဲ့၊ ဒီမှာ ကောင်းက နင့်ကိုငွေလာပေးတာ”

အောက်ကနေ လှမ်းအော်နေတဲ့ ကောင်းဟာ နံနက်ခင်း နေရောင်နဲ့အတူ လန်းဆန်းနွေးထွေးသော အလှတရားတွေနဲ့။

“အပေါ်တက်ခဲ့လေ”

“တက်မှာပါ၊ နင့်ကိုကြွားချင်လို့၊ ဟိုမှာကြည့်စမ်း”

ကောင်း ညွှန်ပြရာနေရာသို့ လှမ်းကြည့်လိုက်သည်။ မျက်လုံးတွေ ဝိုင်းခနဲ။ အမိုးဖွင့် ဂျစ်ကားအနီရဲရဲလေးက ထင်ရှားစွာ တောက်ပလျက်။ အောက်ပြန်ငုံ့ကြည့်တော့ ကောင်း မရှိတော့။ ပြတင်းပေါက်ကခွာပြီး တံခါးဖွင့်သည်။ သံပန်းတံခါးအဖွင့် ကောင်း



လည်း အခန်းဝအရောက်ပင်။

“အောင်မလေးဟယ်… မောလိုက်တာ ချာချာရယ်”

“နင်က ပြောရတယ်ရှိသေး၊ နေ့တိုင်း ချာတို့က အတက်အဆင်းလုပ်နေရတာ”

“ချာချာရယ်…တူမလားဟဲ့၊ ငါက အကျင့်မှမရှိတာ၊ အဲဒါကြောင့် အိမ်ဆောက်တုန်းက ဒက်ဒီ့ကိုပြောခဲ့တာ၊ လှေကားကို အကွေ့ကျယ်ကျယ်နဲ့ ပြေပြေလေးတက်ဖို့လေ၊ ပြီးတော့ ငါ့အိပ်ခန်းက နင်တွေ့တဲ့အတိုင်းပဲ၊ နင်တို့အိပ်ခန်းထက်ကျယ်တယ်၊ ကျဉ်းရင် အသက်ရှူကြပ်လို့၊ နင့်လိုသာနေရရင် ငါတော့ ကိုယ့်ကိုယ်ကို သတ်သေမိမလားတောင်မသိဘူး”

ကြည့်…ပြောပုံက။ ကိုယ်တောင် သတ်သေရမယ့် အခြေအနေ။ အဲဒီကောင်းဟာ စကားပြောရင် သိပ်အထက်စီးနင်းဆန်တာပဲ။ လူကို နှိမ်ချင်၊ ချိုးချင်သလိုမျိုးနဲ့။

ကောင်းတင်မက ကြီးကြီးမော်ရောလေ။ ဒါပေမဲ့ ချာချာဟာ ဘယ်တော့မှ ခေါင်းငုံ့မခံတတ်။ ထို့ကြောင့်…

“ဒါကတော့ ဘဝပေးအခြေအနေအရပဲလေ၊ ကဲ အသက်ရှူကြပ်ရင်လည်း လာရင်းကိစ္စ မြန်မြန်ပြောပြီး ကြွတော့၊ ချာလည်း မအားဘူး”

တစ်ခါတည်း ပိတ်ပြောပစ်သည်။ ပြီးတော့ အမေ့ကိုကျွေးထားတဲ့ ဆန်ပြုတ်ပန်းကန်တွေ၊ ရေခွက်တွေယူပြီး ဘောစင်၌ သွား

www.burmeseclassic.com

www.burmeseclassic.com



ဆေးပြနေလိုက်၏။ တကယ်လည်း ချာချာက သူ့လို အခြေအရံများစွာနှင့် သူဋ္ဌေးသမီးမှ မဟုတ်တာ။

မအားတာ အမှန်ပင်။ အိမ်အလုပ်၊ အမေ့ဝေယျာဝစ္စ။ အလုပ်ရှာရတာနှင့် နှစ်ဆယ့်လေးနာရီဆိုသော တစ်နေ့တာအချိန်က ချာချာ့အတွက် မလောက်ချင်။

"ဟဲ့...သမီးချာချာ ကိုယ့်ညီမ လာလည်တာကိုကွယ် ကောင်းကောင်းပြောစမ်း၊ အအေးလေးဘာလေး ဖျော်တိုက်လိုက်၊ သူ့ခမျာ မောလာတာ"

"နေပါစေ အန်တီမီး၊ မသောက်တော့ပါဘူး"

"တိုက်မနေနဲ့ အမေ၊ သူတို့က ချာချာတို့အိမ်က အအေးကို သောက်မှာမဟုတ်ဘူး၊ ဟွန်း အပေါ်စားဆိုပြီးလေ"

"ဟဲ့...ချာချာ"

"ဟန့်မနေနဲ့ အန်တီမီး၊ သူက အမြဲအဲဒီလိုပဲ၊ ပြောလိုက်ရင် တုတ်ထိုးအိုးပေါက်၊ ဒီမှာ ချာချာ နင့်ကို ငါက ဒီသကြိန်တွင်း ငွေရပေါက်လာပြောတာ"

ချာချာက ဆေးပြီးသား ပန်းကန်တွေ ရေစစ်ရင်း

"ဘာလဲ ချာက ကားလိုက်မောင်းပေးရမှာ မဟုတ်လား"

"အလဲ့...အကြားအမြင်ရနေပါလား၊ ဟာ...ဟ"

"နင့်မှာ ချာတို့ဆီလာဖို့ ဒီအကြောင်းပဲရှိတာလေ"





"အေးပေါ့ဟဲ့...ဒီသကြိန်မှာ မိုက်တို့အဖွဲ့က ရန်ကုန်မှာ အလှည့်ကျတယ်တဲ့၊ သူ့မဏ္ဍပ်က အင်းလျားလမ်းမှာ"

"နင်...အဲဒီမဏ္ဍပ်မှာ အချိန်ကုန်မှာများ၊ ချာကိုတောင်ခေါ်ဖို့မလိုဘူး၊ ကိုယ့်ဟာကိုယ် မောင်းပြီး သွားလို့တောင်ရတယ်"

'မိုက်'ဆိုတဲ့ အမည်ကြားတာနဲ့ ချာချာဟာ တမင်ခွတိုက်ပစ်တာ။ အဲဒီပုဂ္ဂိုလ်ကို ကြည့်မရတာမှ ခါးခါးသီးသီး။ အခုခေတ် ရေပန်းစားနေသော Hip Hop အဆိုတော်။

မိဘများက စော်ဘွားမျိုးရိုး။ ယောကျ်ားတန်မဲ့ နုဖတ်အောင် ချောမွေ့သော မိုက်က မိန်းကလေးတွေရဲ့ အသည်းစွဲ။ ရေပန်းစားသလောက် မြာပွေသောအရှုပ်ထုပ်။

အင်တာဗျူးတစ်ခုမှာ ဖြေထားတာ ကြည့်ပါလား။

"ချစ်သူခင်သူများတာ မင်္ဂလာတစ်ပါးပါ၊ အဲဒီမင်္ဂလာကို ကိုယ်က လက်ခံကြိုဆိုရမယ်"

ဟွန်း...ကမ္ဘာကျော်မယ့် တဏှာရူးလေ။ ချာချာက လုံးလုံးကြည့်မရသလောက် ကောင်းတို့က သဲသဲလှုပ်။ အခုလည်း ကြည့်။ မိုက်ရှိသော မဏ္ဍပ်ကို ချာချာက ကားမောင်းပို့ပေးရမတဲ့။

"ဟဲ့...သူ့ရှေ့မှာ ငါက ကားကြီးမောင်းပြီး ရှိုးပေးတော့ပဲတာပေါ့၊ အဟဲ...မိန်းမဒရိုင်ဘာလေးထားမှပေါ့ဟဲ့၊ တကယ့်အသည်းအထူးကုပါမောက္ခကြီးသမီးက ကားကိုကိုယ်တိုင်မောင်းတာ ဘယ်နိပ်မလဲ၊ ပြီးတော့ ငါ့သူငယ်ချင်း သုံးယောက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပါမယ်၊ သူတို့က လည်မှာဆိုတော့"

"ကဲ…လိုရင်းပြော၊ ချာချာ ဘယ်လောက်ရမှာလဲ"

"ဟဲ့…ချာချာ၊ ညီအစ်မချင်းကို"

"အမေ မသိပါဘူး"

အိပ်ခန်းထဲမှ အမေ့အား မျက်နှာစူစူနှင့် လှမ်းပြောသည်။ ပြီးတော့ ကောင်းဘက်လှည့်ကာ မေးဆက်ပြ၏။

"အင်း…လေးရက် သုံးသောင်း"

"No…မရဘူး"

"နင်…ဘယ်လောက်တောင်းမှာလဲ"

"ငါးသောင်း"

"ဟဲ့…နင့်ကို ကျွေးမွေးပြုစုဖို့"

"မလိုဘူး၊ ချာချာအိမ်က ထမင်းချိုင့်ထည့်မှာ"

"အေးပါ…ပြီးရော၊ ငါးသောင်းနော်၊ အကြိုနေ့ မနက် ခုနစ်နာရီအရောက် လာခဲ့၊ ငါပြန်မယ်"

"ဟဲ့…ဒီလိုမရဘူးလေ"

ဖိုးဖိုးဇတ်ဇတ်နှင့် ထပြန်မဲ့ကောင်းကို လှမ်းဆွဲထားသည်။

"ဟ…ဘာလဲ၊ ပေးမယ်လေဟာ၊ နင့်ငါးသောင်းကို"

"အခု စရန်တစ်ဝက်ပေး"

"ဟာ…ချာချာကလည်း ငါ ရှော့ပင်ထွက်မလို့"

ချာချာက မတ်တပ်ထရပ်သည်။ ပြီးတော့ မျက်ဝန်းတွေ



ကို ခပ်စင်းစင်းမှေးချရင်း…

"ချာချာ့ကို ပေးရမယ့် စရန်ငွေက နင့်နှုတ်ခမ်းနီ တစ်ထောင့်စာတောင်မရှိဘူး ကောင်း၊ သိပ်မကပ်နဲ့"

"ကဲ…ပြီးရောဟာ၊ ပြီးရော"

ဆောင့်အောင့်ပြီး ငွေထုတ်သည်။ တစ်ထောင်တန်အုပ်တွေ ထဲမှ ငွေနှစ်သောင်းခွဲကို နှစ်ခါပြန်ရေ၏။

"ရော…အကြိုနေ့မနက်"

"သိတယ် ထပ်မပြောနဲ့"

"ပြီးရော"

ကောင်းဟာ တိုကပ်ပေမယ့် ဝင်းနေအောင် ဖြောင့်ထား တဲ့ ဆံပင်တွေကို ခါပြီး ထွက်သွားသည်။ ချာချာက အိမ်တံခါး တွေပိတ်ပြီးမှ အမေ့အခန်းဆီ လှမ်းလာ၏။ လက်ထဲက ပိုက်ဆံ တွေကို မြင်သာအောင် အမေ့ရှေ့ချပြရင်း…

"ဒီညနေ ဆေးခန်းသွားရအောင် အမေ၊ သကြန်တွင်း အတွက် ဈေးလေးဘာလေး ဝယ်ရင်းနဲ့လေ"

"ညီအစ်မချင်း ကောင်းကောင်းမွန်မွန် ဆက်ဆံပါ ချာချာ ရယ်၊ ဒီလောကမှာ အရင်းနီးဆုံး သွေးမျိုးဆိုလို့ သူတို့ပဲရှိတာ"

"အို…ချာချာ့အတွက် မရင်းနီးပါဘူး၊ အဓိက,က အမေ နဲ့ ရင်းနီးရမှာ၊ ဒီလောကမှာ အမေနဲ့ ကြီးကြီးမော် ညီအစ်မလေး နှစ်ယောက်တည်းရှိတာ၊ ဟွန်း…အစ်မဖြစ်တဲ့သူက ချမ်းသာလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာမှ ကျိုကျိုတက်၊ ဂုဏ်လည်းရှိပါ၊ တကယ့်အသည်းအထူးကု ပါမောက္ခကြီးရဲ့ ဇနီးအဖြစ် တင့်တောင်းတင့်တယ်၊ ညီမကတော့ မြို့စွန်က တိုက်ခန်းလေးမှာ ရောဂါနဲ့လဲနေတဲ့ မုဆိုးမ၊ တစ်ချက် တောင် ငဲ့ကြည့်လို့လား"

"မမကို အပြစ်မပြောပါနဲ့ ချာချာရယ်၊ အမေက ကိုယ့် အပြစ်နဲ့ကိုယ်မို့"

"ဘာလဲ အမေ၊ သဘောမတူတဲ့ အိမ်ကလူယုံကို ပြန်ယူ ထားလို့လား၊ အဲဒါကြောင့် အဖေက ခဏခဏပြောတာ၊ ငါ အောက်ခြေသိမ်းလုပ်ပြီး တိုးတက်ကြီးပွားမှ မင်းအစ်မက အညွှန့် ခူးတာဆိုပြီးလေ"

"ညည်းအဖေစကားကိုပဲ ယုံနေ ချာချာ၊ သူ ရှာပြီးသူသုံး တာကို"

"ဒါပေမဲ့ အဖေရှိစဉ်က ချာချာမှာ ကားလည်းရှိတယ်၊ အဘိုးတို့ အိမ်ကြီးမှာလည်း နေခွင့်ရတယ်၊ အဘိုးဆုံးမှ အဲဒီအိမ်ကြီး ကို သူအပိုင်သိမ်းတာ၊ အမေကလည်း ပြောခွင့်ရှိရက်နဲ့"

"တော်တော့…ချာချာ"

အမေက အသံတုန်တုန်နဲ့ ထအော်သည်။ အဲဒီလိုဆိုတော့ လည်း ချာချာက ဖွတ်တိုးမပြောရက်။ အရိုးပြိုင်းပြိုင်းကျအောင် ပိန်လှီနေသော၊ အစာကို မနည်းဝင်အောင် ကျွေးနေရသော အမေ သည် ဒေါသထွက်ပါက ပိုမောလိမ့်မည်။





"အမွေဆိုတာ ရထိုက်မှ ခံစားရတာပါ သမီးရယ်"

အမေက လေသံပျော့လေးနှင့် ဆိုသည်။ ဘဝတစ်လျှောက် လုံး မအေးချမ်းခဲ့သော အမေ့အား ချာချာက သနားကြင်နာစွာဖြင့် ငေးနေမိသည်။ ထို့နောက် အကြောပြိုင်းပြိုင်းထနေသော အမေ့လက် ပိန်ပိန်လေးကို အသာထွေးဆုပ်ရင်း…

"အမေ့ကို မကြည့်ရက်လို့ပါ အမေရယ်၊ ချာ…ချာချာ ကလေ အမေ့ကို ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာထားချင်လို့ပါ"

ချာချာအသံက ငုံသံပါကြီး။ ဒါပေမဲ့ မျက်ရည်တွေမကျ။ ချာချာက ငွေသာပေါများချင်တာ မျက်ရည်တော့ မပေါများချင်ပါ။ အမေကတော့ ချာချာ ခံစားချက်ကို သိသူပါ။

သူမဦးခေါင်းလေးကို ဖွဖွပွတ်သပ်ပေးရင်းက…

"သမီးပြောသလို ဘဝပေးအခြေအနေအရပေါ့ ချာချာ ရယ်"

တစ်ခါတစ်ရံတော့ ချာချာက ကလေးဆန်ဆန် တွေးမိ ပါသည်။ အဲဒီဘဝပေးအခြေအနေဆိုတာ လူတစ်ယောက်၏ နာမည်နှင့်များ သက်ဆိုင်မလားလို့။

စကားပုံတောင်ရှိသေး။ ပည့်တ်သွားရာ ဓာတ်သက်ပါတဲ့။ ကြီးကြီးအမည်က မော်၊ ထို့ကြောင့် ဘဝမှာ မော်ကြွားဝင့်ထည်စွာ နေရသည်။ အမေက မီး၊ ဒါကြောင့် ပူပြင်းခဲ့တာလား။

ဒါဆို ချာချာနဲ့ ကောင်းကရော။



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းကင်တဲ့။ အရာအားလုံး၏ အထက်၌ရှိနေသော နိမိတ်ကောင်းအမည်။ သူမကျတော့ ချက်ချက်ချာ…ချာချာပေါ့လေ။

ဒါကြောင့်များ ချာချာ့ဘဝဟာ သေးပွဲနုံချာနေရတာလား။ ဘာပဲဖြစ်ဖြစ် ချာချာကတော့ အရှုံးမပေး။

အနိုင်မရမချင်း ဘဝကို တိုက်ယူမှာဖြစ်၏။

◇ ◇ ◇

## အခန်း (၂)

"အမေ…ထမင်းမစားချင်ရင် ဆန်ပြုတ်လေးတော့ ဝင်အောင်သောက်၊ ဆေးသောက်ဖို့ မမေ့နဲ့နော်၊ ညနေ သမီးနောက်ကျနေရင် ဆေးခန်းသွားဦး၊ သမီးကို စောင့်မနေနဲ့နော်၊ ဆိုက်ကားနဲ့သွားနော် အမေ"

"အေးပါ၊ အမေ့ကို ပူမနေနဲ့၊ သမီး ကားကိုတော့ သတိထားပြီးမောင်း။ သကြီန်တွင်း မူးတဲ့လူကများပါဘိနဲ့၊ ထစ်ခနဲရှိ လက်မပါနဲ့ ကြားလား၊ ညည်းအဖေ သင်ပေးခဲ့တဲ့ ဂျူဒိုတွေ၊ ကရာတေးတွေကလေ နေရာတကာ အသုံးချလို့ကောင်းတာမဟုတ်ဘူး ချာချာ၊ ကိုယ်က မိန်းကလေး၊ အဲဒါကို အမြဲသတိရ ကြားလား"

အမေနဲ့သမီးက သံပန်းတံခါးလေးခြားပြီး မှာတမ်းခြွေသုံး။ အမေ့စကားတွေကို ခေါင်းတစ်ခါညိတ်ပြပြီးမှ ချာချာက

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားတွေကို ပြေးဆင်းခဲ့သည်။

ချာချာ လမ်းပေါ်ရောက်တော့ ဝေလီဝေလင်းရယ်။ ကောင်းက သူမအိမ်ကို ခုနစ်နာရီအရောက်လို့ အမိန့်ချသွားတာ။ ချာချာနေသော နေရာနဲ့ ကောင်းနေသောရွှေတောင်ကြားက တော်တော်ဝေးပါသည်။

ထို့ကြောင့် မနက်လေးနာရီကတည်းက ထ၊ အမေ့အတွက် ချက်ပြုတ်ပေးပြီး ငါးနာရီခွဲက ထွက်ခဲ့တာ။

သကြိန်အကြိုသာ ဆိုတယ် လမ်းပေါ်မှာ ဘာလှုပ်ရှားမှု မှ မတွေ့သေး။ အင်းလေ အစောကြီးရှိသေးတာကိုး။ ချာချာဟာ သုံးဆင့်ချိုင့်လေးဆွဲ၊ ဘေးလွယ်အိတ်အကြီးစားကို စလွယ်သိုင်း လွယ်၊ ကျောလယ်လောက်ရှိ ဆံပင်တွေကို ဖွာဖြီးကျစ်၊ နားကွင်း အဝိုင်းကြီးနဲ့ တီရှပ် ဂျင်းပင်(န်)ဝတ်ထားတဲ့ ချာချာပုံစံဟာ တကယ့် ဂျစ်ပစီတစ်ယောက်လို။

"ကြည့်ပါဦး သူများတွေပျော်နေချိန် အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်မှာ ငါက ချိုင့်လေးဆွဲပြီး အလုပ်ဆင်းနေရတယ်၊ အင်း ကြိုးစားထား ချက်ချက်ချာ၊ ဒါ နင့်ရဲ့ဘဝပေးအခြေအနေပဲ"

ကိုယ့်ကိုယ်ကို စိတ်မာတ်မကျအောင် အားပေးလိုက်၏။ ချာချာ ကောင်းတို့အိမ်ရောက်အောင် ကားအဆင့်ဆင့်စီးရသည်။ မှတ်တိုင်ကနေ ကောင်းတို့အိမ်ရောက်တဲ့အထိ လမ်းအဝေးကြီး လျှောက်ရ၏။





ကောင်းတို့အိမ်ရှေ့ရောက်တော့ ခုနစ်နာရီထိုးရန် ဆယ်မိနစ်။ ခြံတံခါးတောင် မဖွင့်သေး။ မနိုးကြသေးဘူးထင်ရဲ့။ ဒါပေါ့လေ ကောင်းတို့က သူဌေးကြီးတွေကိုး။

ချာချာက ခပ်ရွံ့ရွံ့တွေးရင်း နှုတ်ခမ်းကိုဖုံ့သည်။ ပြီးမှ ကောင်းတို့အိမ်နှင့်ကပ်ရက် တစ်ဖက်ခြံကြီးကို လှမ်းကြည့်သည်။ လွမ်းဆွတ်တမ်းတစွာ။ အိမ်ကြီးက ခေတ်ပေါ်ဒီဇိုင်းမဟုတ်ပေမယ့် ချာချာတို့ ငယ်စဉ်ကအတိုင်း နွေးထွေးမှုပေးဆဲ။

အဲဒီအိမ်ကြီးမှာပဲ ချာချာကို မွေးပြီး ကြီးပြင်းခဲ့ရတာ။ အဲဒီအိမ်အရိပ်မှာ အဘိုး၊ အဘွားရယ်၊ နောက် အဖေ၊ အမေတို့နှင့် ချာချာ ပျော်ခဲ့ရတာ။

ထိုစဉ်က ချာချာလည်း သူဌေးသမီးဘဝနဲ့ပါ။ ရွှေဘုံပေါ် စံခဲ့ရတာပေါ့။ ဒါပေမဲ့ ကောင်းလောက်တော့ မကြွယ်ဝခဲ့ဘူးပေါ့။ ချာချာကတော့ ကျေနပ်ပါသည်။ မေတ္တာခြံ၍ လုံခဲ့တာကိုး။

"ဖေဖေတို့နော် ကျော်ထွေးကို သိပ်ယုံမနေနဲ့၊ ပွဲရုံက အမြတ်အစွန်းမရတာ ဘယ်လောက်ကြာပြီလဲ၊ သူပဲစာရင်းကိုင်ဆို ပြီး အကုန်ဖြောင်ပစ်နေတာ၊ မီးကလည်း အလကား သူ့မိန်းမသာ ဆိုတယ် ကျော်ထွေးတစ်ချက်ဟောက်တာနဲ့ ငြိမ်ပြီးသား၊ အလကား အသုံးမကျတဲ့ညီမ"

ထိုသို့ပြောတိုင်း ဘိုးဘိုးဟာ ကြီးကြီးမော်ကို တွေတွေကြီး စိုက်ကြည့်နေတတ်ပါသည်။ ဘာမှတော့ မပြောပေ။ ချာချာက



www.burmeseclassic.com

www.burmeseclassic.com



ငယ်သေးတဲ့အရွယ်မို့ ဘိုးဘိုးအကြည့်ကို မဝေခွဲတတ်။

ဘွားဘွားကတော့ သိပ်သည်းမခံတတ်။

""ညည်းမသိတာတွေ အများကြီးပါ မော်၊ အေး ဒါပေမဲ့ ညည်းသိထားဖို့က မီးနဲ့ကျော်ထွေး ဘာလုပ်လုပ် ငါတို့ ကျေနပ်ရမယ်ဆိုတာပဲ""

ထိုအခါမျိုး၌ ကြီးကြီးမော်နဲ့ ဘွားဘွား ခွန်းကြီးခွန်းငယ် စကားများရမည်။ ထိုသတင်း အဖေ့နားသို့ ပေါက်ကြားသွားပါက အဖေသည် ခပ်ပြုံးပြုံးနှင့်...

""ဟား...ဟား အဘွားကြီးကမှ အမြင်မှန်ရသေးတယ်၊ မှတ်ထား မီး၊ မင်းတို့တစ်မိသားစုလုံး ငါ့အပေါ်အကြွေးဆပ်နေရတာ""

လို့ မကြာခဏ ပြောတတ်ပါသည်။ ဒီလို မကျေနပ်ခြင်း အစိုင်အခဲတွေကိုယ်စီနှင့် အဖေနှင့် ကြီးကြီးမော်။ အဘိုးနှင့်အဘွား ဆုံးပြီးချိန်တွင် ထိပ်တိုက်တွေ့ကြတော့၏။

""ကဲ...ကိုကျော်ထွေး၊ ရှင့်အပေါ်တင်နေတဲ့ အကြွေးလည်း ကျေအောင် မိဘတွေမရှိတော့ဘူးဆိုတော့ မီးကို အမွေခွဲပေးတော့မယ်၊ အတွင်းပစ္စည်းလည်း ပြောပလောက်အောင် မကျန်ဘူး၊ မကျန်တာကို တစ်ဝက်ခွဲမယ်၊ ပွဲရုံနဲ့ ဆန်စက်ကရောင်းမယ်၊ တစ်ဝက်စီ ကျေနပ်လား""

""အင်း...ကျေနပ်ရမှာပေါ့၊ ဒါနဲ့ ဒီအိမ်ကြီးကရော""



""ဒီအိမ်ကြီးကတော့ ကျွန်မမိဘတွေရဲ့ နောက်ဆုံးအမွေ၊ မရောင်းဘူး။ အမွေကို ကျွန်မ ဆက်ထိန်းသိမ်းမယ်၊ မီး ရသင့်တဲ့ အိမ်ကြီးတန်ဖိုးငွေတစ်ဝက် ကျွန်မ အမ်းမယ်၊ ဒီအိမ်က ရှင်တို့ မိသားစု ဆင်းပေးပါ""

ပြတ်ပြတ်ပြောပြီး နှင်ခဲ့တာ။ ထိုစဉ်က ချာချာက ဆယ့်ကိုးနှစ်သမီး။ အရာအားလုံး တတ်သိနားလည်နေပြီ။ အမေကတော့ ဘာတစ်ခွန်းမှ ဝင်မပြောခဲ့။ နည်းသည်များသည်ကို။

ခွဲပြီးမှ အဖေပြောတာက အိမ်ကြီးပေါ် နိုင်ငံခြားသား မိသားစုအား ဒေါ်လာနှင့် ကြီးကြီးမော်က ငှားသည်တဲ့။

""မင်းအစ်မက မိန်းမလည်၊ ငါတို့ကို အမ်းတဲ့ငွေဟာ သူ့အိမ်ငှားခ တစ်နှစ်ဆို ကြေပြီ၊ ဒီအိမ်က သိန်းထောင်နဲ့ချီတန်တာကို၊ မင်းက ရှေ့နေ့တော်ပီတ်၊ ငါ့ကိုအမ်းတာ သိန်းနှစ်ရာတဲ့၊ ထွီ... ဒါ မင်းညို့လို့၊ မင်းညံ့တာ မီးမီးရဲ့""

အဖေက ပေါက်ကွဲတော့ အမေက မတုန်မလှုပ်။

""အစ်ကိုပဲ ကျေနပ်လို့လုပ်ခဲ့တာ မဟုတ်လား""

""ဟဲ့...သမီး ချာချာ""

ခေါ်သံကြောင့် အိမ်ကြီးဆီ လွမ်းဆွတ်စွာ လှမ်းကြည့်သော ချာချာ ဆတ်ခနဲ တုန်သွားရ၏။ ခြံစောင့်ဦးပန်က သူမကို ပြုံးပြရင်း ခြံတံခါးဖွင့်ပေးသည်။

""ဘကြီးပန်""

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ရင် ဘဲ(လ်)တီးရောပေါ့ ချာချာရယ်"

"ဟို…မနိုးကြသေးဘူးထင်လို့ ဘကြီးပန်"

"ဆရာကြီးက နိုးနေပြီ၊ ဒီနေ့ ဆေးရုံမှာ ဂျူတီရှိတယ်တဲ့"

"ဟင်…သကြ်န်တောင် မနားရဘူးလား"

"ဆရာကြီးမှာ ပစ်ထားလို့မရတဲ့ လူနာတွေ အများကြီးကွဲ့၊ ပြီးတော့ ဆရာကြီးက သိတဲ့အတိုင်း၊ စိတ်ထားက ကောင်းတာဆိုတော့ အားကိုးကြတဲ့ လူနာက အားကြီး"

ဘကြီးပန်နှင့် စကားတပြောပြောနှင့် လျှောက်လာသည်။ အိမ်ကြီးရဲ့ ပေါ်တီကိုအောက်အထိပင်။ ဒီအိမ်ဟာ ကိုယ့်ဆွေမျိုးအရင်းပေမယ့် ချာချာနဲ့က သိပ်မရင်းနှီး။

လာလည်း မလာတတ်။ ဒီအိမ်ရောက်တိုင်း ဟိုဘက်က အိမ်ကြီးကို လွမ်းရ၊ အဘိုးနဲ့အဘွားကို သတိရနှင့် ဝေဒနာတွေဖြစ်လွန်းလို့ပါ။

"ဟေး…သမီးချာချာ"

"ဩော်…ဦးဦးနေ"

"သမီးကို မတွေ့ရတာတောင် ကြာပြီ၊ ဒီနေ့ ကောင်းနဲ့ လည်ကြမယ်ပေါ့"

အိမ်အဝင်၌ ရုတ်တရက် တွေ့ရတဲ့ ဦးဦးနေ၊ ကြီးတော်နဲ့ စပ်မှ တော်ရသူဖြစ်ပေမဲ့ ဦးဦးနေဟာ ကြီးကြီးမော်ထက်ပင် နွေးထွေး





သူ။

"ချာချာက စာသိပ်တော်တာ၊ ကောင်းက ဖွတ်ချေး"

ဆိုပြီး ဆယ်တန်း တဖုန်းဖုန်းကျသော သူ့သမီးရှေ့မှာပင် ချီးမွမ်းတတ်သူ။

"ဟုတ်ကဲ့ ဦးဦးနေ၊ ကားလိုက်မောင်းပေးရမှာ"

"အေး…အေး ချာချာနဲ့ဆို ဦးဦးနေ စိတ်ချလိုက်ပြီ၊ ချာချာက ကားမောင်းလည်း ကျွမ်းတယ်၊ ကရာတေး ခါးပတ်နက်ဆိုတော့ ကောင်းအတွက် စိတ်မပူရတော့ဘူးပေါ့၊ ကိုယ့်ညီမကို ပြောမရလည်း ကိုင်သာပေါက်၊ ဟုတ်ပြီလား"

ဦးဦးနေက အရွှန်းဖောက်သည်။ ချာချာက ဟက်ဟက်ပက်ပက် ရယ်ချသည်။ စိတ်ထဲ ပေါ့ပါးသွား၏။ ဒီလို မရယ်ရတာ ဘယ်လောက်ကြာပြီလဲမသိတော့။

ဒါပေမဲ့ ဦးဦးနေနဲ့ တွေ့လျှင်တော့ ပျော်ရွှင်သွားတာ၊ အလိုလိုနေရင်း လုံခြုံသွားတာမျိုးက ထူးဆန်းသော ခံစားချက်ပင်။

"ဒါနဲ့ မီးမီးရော နေကောင်းရဲ့လား၊ ဟိုတလောက အသည်းယောင်လို့ဆို"

"ဟုတ်…ဆေးခန်းပြနေပါတယ်"

"ဟာ…ငါ့သမီးက စိမ်းလှချည်လား၊ ဦးဦးနေ ဆေးခန်းကိုလို့ခလာတာလဲ"

"ဟို…ဦးဦးနေ ဆေးခန်းက အထူးကုကြီးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ဆေးဖိုးဈေးကြီးလို့လား၊ ဟား…ဟား ဆွေမျိုးတွေပဲသမီးရဲ၊ ဦးဦးနေက ဆေးဖိုးမယူပါဘူး၊ လာခဲ့လေ၊ ရော့…ဦးဦးနေရှိတဲ့အချိန်တွေ ဒီမှာ"

ရွှေရောင်ကဒ်ပြားလေးက လိပ်စာကဒ်။ အောက်မှာ အချိန်နှင့်နေ့စွဲ ရေးထားသည်။ ချာချာ လှမ်းယူရန်ဟန့်အပြင် ကဒ်လေးက တခြားလူလက်ထဲ ရောက်သွား၏။ မော့ကြည့်တော့ ကြီးကြီးမော်။

"အို…ကိုကိုကလည်း ကိုကို့ဆေးခန်းအထိဆို သွားရေးလာရေး ခက်လို့ပေါ့၊ တက္ကစီခက သူတို့မြို့စွန်နဲ့ မြို့ထဲ နည်းတာမဟုတ်ဘူး"

"ဪ…ဒါဆိုလည်း အိမ်ကကား စီစဉ်ပေးလိုက်ပေါ့မော်ရယ်"

"ကဲပါ…မော်စီစဉ်ပါ့မယ်၊ ဒေါက်တာကြီး နောက်ကျနေမယ် သွားတော့၊ တော်ကြာ သူ့လူနာတွေက သူမလာခချင်း မျှော်နေမှာ၊ ဦးပန် ကိုကို့ဆေးအိတ် ကားပေါ်တင်ပေး၊ ချာချာ အိမ်ထဲဝင်တော့လေ၊ ကောင်း အပေါ်ထပ်မှာ စောင့်နေတယ်"

နှင်ထုတ်ခြင်းပဲလို့ ချာချာ နားလည်ပါသည်။ ဧည့်ခန်းထဲဝင်ပြီး ထိုင်နေတဲ့အထိ ကောင်းက ဆင်းမလာသေး။ မဖွင့်ဘဲကြားရသော နားထဲ၌ ကားထွက်သွားသံ။ ထို့နောက် ဖုန်းခေါ်သံ။ ကြီးကြီးမော်ရဲ့ မြူးထူးသောအသံ။





"ကိုယ့်ဒါလင်က သွားပြီ၊ ယူတို့ ဝိုင်းကောင်းမယ်ဆို ကိုယ့်အိမ်လာခဲ့၊ အိုး…နိုး…နိုး ကိုယ့်သမီးလည်းမရှိဘူး၊ သူက လည်မှာ၊ စိတ်ချ ကိုယ် အပြတ်ပြုစုမယ်၊ အိုး ဝိုင်းကောင်းပြီး ကြွေးကြီးဖို့က အဓိက"

ချာချာ့ရင်ထဲ တစ်စုံတစ်ရာ ဆုံးရှုံးလိုက်ရသလို ခံစားရသည်။ လောကကြီး မျက်နှာသာမပေးတဲ့ လူတွေထဲ ဦးဦးနေပါ ပါဝင်နေပြီလား။ ချာချာ မတွေးတတ်တော့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စတီးသုံးဆင့်ချိုင့်လေးကို ဖွင့်သည်။ ဟင်းအဆီအနှစ်ကို ခပ်ပြီး ထမင်းနှင့် နယ်၏။ ချိုင့်က ကျဉ်းကျဉ်းလေးမို့ အိမ်မှာလို နယ်ရတာ အား‌‌ရ။ ထိုအခိုက်မှာပင် ချာချာအပေါ် အရိပ်တစ်ခု မိုးသွားသလို။

တစ်ဆက်တည်းမှာပင် လည်ကုတ်ပေါ် စိမ့်ခနဲအေးတဲ့ အထိအတွေ့။ လူက ငြိမ်ပေမဲ့ ပညာကမရ။ လက်နောက်ပြန် လှမ်းဖမ်းတော့ ရေခွက်ကိုင်ထားတဲ့ လက်တစ်ဖက်နဲ့ သွားဆုံသည်။

ဆတ်ခနဲ လက်ကောက်ဝတ်ကို ဖမ်းဆုပ်၏။ လှုပ်ရှားမှုက လျှပ်တစ်ပြက်ပင်။ ထိုလက်အား လှန်ချိုးပစ်လိုက်သည်။

"ဟော့…ဟော့…အား"

အလန့်တကြားအော်သံ။ ရေခွက်ပါ ဘေးသို့ကျသွား၏။ ချာချာ လှည့်မကြည့်။ စားရန်ပြင်ပြီးသား ထမင်းလုပ်ကို ခပ်ပြီး



ပါးစပ်ထဲ သွင်းသည်။ ပြီးမှ စိမ်ပြေနပြေဝါး၏။

နောက်ဖက်မှ တကျွတ်ကျွတ်နှင့် နာကျင်လွန်း၍ စုပ်သတ်သံတွေ ကြားပြီးမှ…

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဒေါသကင်းသော အပြုံးမျက်နှာတစ်ခု။ လက်တစ်ဖက်က စောစောက လက်ကောက်ဝတ်အား ဖိနှိပ်ပွတ်ချေနေဆဲ။ ချာချာက မျက်လွှာတစ်ချက်သာ ပင့်ကြည့်ပြီး ထမင်းဆက်စား၏။

"ဟား…ဘယ်လိုလေးလဲကွ"

မိုက် အားပါးတရ ငြီးငြူ၏။ ဘေးနားက ရယ်သံခပ်အုပ်အုပ်နဲ့အတူ…

"သွားပြီ…မိုက်တို့ ကျွတ်ကြဲသွားပြီ"

"စာတင်ထား မိုက်၊ ဒါ ပထမဆုံး မင်းကို ပုန်ကန်သူပေါ်လာခြင်းပဲ"

သူငယ်ချင်းတွေ စကားအဆုံးမှာ မိုက်က ခေါင်းမော့ပြီး ရယ်သည်။ ဆံပင်တွေကို ကျစ်ဆံမြီးအချောင်းလေးတွေ တစ်ခေါင်းလုံး ကျစ်ထားတာ ပွစိတက်။ စွပ်ကျယ်၊ ဘောင်းဘီပွပွ၊ အပေါ်က မိုးကာအင်္ကျီလို ပွပွကြီး ထပ်ဝတ်ထားသည်။ နားတစ်ဖက်မှာ စိန်ပွင့်က လက်လက်ထ။

လည်ပင်းနှင့် လက်တွေမှာ ဘာကြီးတွေမှန်းမသိ။ ရှုပ်ယှက်ကို ခတ်ရော။ ဒီကြားထဲ စကားပြောတာ နည်းနည်း။

www.burmeseclassic.com

www.burmeseclassic.com



လက်ဟန်ခြေဟန်က များများမို့ ချာချာ မကြည့်ချင်။ ခေါင်းတွေ မူးနောက်လာရလွန်းလို့လေ။

"ဟော့…မိတ်ဆက်မယ်နော်၊ ကိုယ့်နာမည် မိုက်ပါ၊ မင်းနာမည်ရော သိခွင့်ရှိမလား"

"မလိုဘူးထင်တယ်"

"ဟာ…မိတ်ဆွေဖွဲ့တာလေ၊ လိုတာပေါ့၊ မင်းကို ကိုယ် သတိထားမိနေတာ အကြိုနေ့ကတည်းက၊ မဏ္ဍပ်နောက်က ကား ပေါ်မှာနေတယ်၊ ထမင်းချိုင့်ဖွင့်စားတယ်၊ စာအုပ်ဖတ်တယ်၊ ကိုယ်တို့သီချင်းဆိုနေတာ၊ ရေပက်နေတာ တစ်ချက်တောင် ငဲ့မကြည့် ဘူး၊ အဲဒါ ဘာဖြစ်လို့လဲ"

"ကျစ်"

ကောင်မလေးက စိတ်ပျက်ဟန်နှင့် စုပ်သတ်သည်။ ပြီးမှ မျက်လွှာပင့်ပြီး ဂျစ်ကန်ကန်အကြည့်လေးနဲ့…

"ရှင်းနေတာပဲ၊ ကြည့်ချင်စရာ မကောင်းလို့ပေါ့"

"ဟား"

မိုက် ဒါပဲရေရွတ်သည်။ ဘေးက အပေါင်းအသင်းတွေ ကို လှည့်ကြည့်သည်။ စစ်ကူမရတဲ့အပြင် ဒီကောင်တွေက မိုက် ကျရှုံးနေခြင်းကို သဘောကျနေပုံပင်။ ပြုံးစေ့စေ့တွေနှင့်။

ရှေ့က ဂျစ်တူးတူးကောင်မလေးကို မိုက် ပြန်ကြည့်သည်။ အသားရောင်က ခပ်ညိုညို။ ဒါပေမဲ့ စိုပြီးလက်သည်။ မိုက်



တွေ့ဖူးတဲ့ မိန်းကလေးတွေလို ဆေးဆိုးပန်းရိုက်မျက်နှာမျိုး မဟုတ်။

မျက်နှာပြောင်မှာ မျက်အိမ်ကျယ်ကျယ်၊ မျက်တောင်ကော့ တွေက အထင်ရှားဆုံး။ နှာတံကစင်းပြီး နှုတ်ခမ်းပါးတွေက လှသည်။ နားတွင် နားကွင်းက အဝိုင်းအကြီးကြီး။ ဆံပင်တွေကို လှန်သိမ်းပြီး စည်းထားသဖြင့် သွယ်သောမျက်နှာပေါ်က အလှ တရားတွေ ရင်ကို တစ်ချက်ချင်း ထိသည်။

မိုက် သူကသာ ငေးနေရတာ။ သူမက တစ်ချက်မော့ မကြည့်။ ထမင်းကို စိမ်ပြေနပြေဝါးပြီး ဘေးနားက စာအုပ်ကိုဖတ် နေတာ စိတ်ဝင်တစား။

"ဟော့…ဒီမှာ မင်းလုပ်လိုက်လို့ ကိုယ့်လက်နာသွားပြီ၊ မင်း တောင်းပန်သင့်တယ်နော်"

မော့လည်း မကြည့်၊ စကားလည်း မပြန်။ မိုက် အပေါင်း အသင်းတွေဆီမှ ရယ်သံတခ်ိခ်ိ ထပ်ထွက်လာ၏။

"သွားပြီ…မိုက် အလူးအလဲကို ခံစစ်ဖြစ်နေပြီ"

"ခံစစ်မဟုတ်ဘူး၊ အဲဒါ ဂိုးသွင်းသွားတာ"

"ထိသွားပြီ Heart ကို"

မကြားတကြား စကားတွေပေမဲ့ သူ့ရှေ့က မိန်းမလှလေး က ကျောက်ရုပ်လေးလို မတုန်မလှုပ်။ မိုက် ရာဇဝင် အရိုင်းမခံ နိုင်။

"ဟော့…ပြောနေတာ မကြားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



''ကြားတယ်''

အေးစက်စက်ဖြေသံက မိုက်ရင်ကို နွေးစေ၏။

''ကြားရင် တောင်းပန်လေ၊ မင်းမိဘက အမှားလုပ်ရင် တောင်းပန်ဖို့ မသင်ပေးဘူးလား''

''သင်ပေးတယ်၊ ဒါပေမဲ့ ဘယ်လိုလူမျိုးကို တောင်းပန်ရမလဲဆိုတာပါ သင်ပေးထားတာ၊ နင်က ငါ တောင်းပန်ရမဲ့လူစားထဲမှာ မပါဘူး ရှင်းပြီနော်၊ ငါ့ကို ထပ်မနှောင့်ယှက်နဲ့၊ စင်ပေါ်မတက်နိုင်တဲ့အထိ ဖြစ်သွားရင် ငါ့အဆိုးမဆိုနဲ့''

''ဟ…ဗလိုင်းကြီးပါလား''

ဘယ်လောက်ပြောပြော နာဟန်မရှိ။ နှုတ်ခမ်းထောင့်စွန်းတွေ ကော့တက်အောင် ပြုံးနေသော ထိုဖြစပ်စပ်မျက်နှာကြီးထဲ လက်သီးတွေ အကြိမ်ကြိမ် ပစ်သွင်းနေမိ၏။ စိတ်ကူးထဲမှာပါ။ ထိုအခိုက်မှာပင်…

''ဟယ်…ကြည့်စမ်း၊ မိုက် ပျောက်သွားလို့ ဒီမှာလိုက်ရှာနေတာ၊ မိုက်က ဒီရောက်နေတာကိုး''

ခပ်ချွဲချွဲအသံနှင့် အနားရောက်လာသူက နေကောင်းကင်။

''ဟေး…တို့ရဲ့ စပွန်ဆာကြီး လာပြီ၊ နေကောင်းကင် ဒီနေ့ လန့်(ချ်)ကို ဘယ်ဟိုတယ်မှာ စားရမှာလဲ''

မိုက်ရဲ့အပေါင်းအသင်းတွေက တဟေးဟေး တဟားဟားနှင့် မေးသည်။





''မိုက် အကြိုက်ရွေးလေ''

''အင်း…ကိုယ်က ဒီဂျစ်ကားပေါ်မှာပဲ စားရကောင်းမလားလို့''

ဝါးခနဲ ရယ်သံတွေ ထွက်ပြန်သည်။ ထိုရယ်သံထဲ၌ ကောင်း မပါပေ။ ကောင်းသည် တည်ငြိမ်စွာ ချိုင့်တွေဆင့်သိမ်းနေသော ချာချာကို တစ်ချက်ငဲ့ကြည့်သည်။

အခြေအနေကို အကဲခတ်စရာမလိုဘဲ နေကောင်းကင် ချက်ချင်း သဘောပေါက်သွားသည်။

''မိုက်ကလည်း ဒီဂျစ်ပေါ် မကောင်းပါဘူး''

''ဒါ…မင်းရဲ့ဂျစ်မဟုတ်လား ကောင်းကင်''

မတတ်သာ၍ နေကောင်းကင် ခေါင်းညိတ်ပြလိုက်ရပေမယ့် စိတ်ထဲမှာ မကြည်ဖြူ။

''ဒါဆို…သူက''

မိုက်က ချာချာကို လက်ညှိုးထိုးပြီး မေးသည်။ ချာချာက လုံးဝဂရုမစိုက်။ နေတတ်တာ အံ့ပါရဲ့။ သူမနဲ့မဆိုင်သလိုပင်။ စားပြီး ရေသောက်၍ ပလုတ်တွေဘာတွေ ကျင်းနေသေး၏။

''ကောင်းရဲ့ဒရိုင်ဘာ''

''ဒရိုင်ဘာ…ဟား အဆန်းပဲ၊ မိန်းကလေးက ဒရိုင်ဘာဆိုတော့ ကိုယ်တောင် စိတ်ဝင်စားသွားပြီ၊ မိတ်ဆက်ပေးပါဦး ကောင်းကင်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းကင် ပြောမိတာ မှားပြီဟု သိလိုက်၏။ တမင်တကာ ချိုးနှိမ်ပါသည်ဆိုမှ။

"ချက်ချက်ချာတဲ့…ချာချာ၊ ဒါ မိုက်လေ သိတယ် မဟုတ်လား"

"ကျွန်တော် မိုက်ပါ၊ ဒုတိယအကြိမ် မိတ်ဆက်ခြင်းလေ"

ခါးညွှတ်ပြီး လက်တစ်ဖက် ဆန့်ထုတ်ကာ ဟန်ပါပါ ပြော၏။ လက်ဆွဲနှုတ်ဆက်ရမည့်သဘော။

ချာချာကတော့ ခပ်စိမ်းစိမ်းစိုက်ကြည့်ပြီး…

"ဟုတ်ကဲ့"

ခပ်ပြတ်ပြတ်ပြောပြီး နေရာက ချာခနဲလှည့်ထွက်ခဲ့သည်။ ကိုယ်ကမှ စိတ်မဝင်စားတာ။ ဒီထက်ပို၍ မဆက်ဆံချင်။

◆ ◆ ◆

# အခန်း (၄)

သော့ဖွင့်သော ဒေါ်မီးမီးလက်တွေက အလိုလိုတုန်ရီနေသည်။ ဒေါ်မီးမီးရင်ထဲ တလှပ်လှပ်နဲ့ မောဟိုက်တဲ့ ဝေဒနာဟာ လှေခါးတက်လာခြင်းကြောင့် မဟုတ်။ ဝမ်းဗိုက်ထဲမှ စူးစူးအောင့်အောင့် ဝေဒနာနှင့် ရောထွေးကာ လူက မတ်မတ်ပင်မရပ်ချင်။

သံပန်းတံခါးကို ဖွင့်ပြီး တံခါးမကြီးကို သော့တစ်ခါထပ်ဖွင့်ရသည်။ နားထဲ၌ နာ့စ်မလေး၏…

"အသည်းကင်ဆာ"

ဆိုသော အသံကြီးကို ဆိုးဝါးစွာ ပြန်ကြားယောင်ရင်း ဒေါ်မီးမီး၏ ရင်ခုန်သံနှင့်အတူ အခါမလပ် သတိရနေတာ သမီးလေး။

ကံတရားက ဒေါ်မီးမီးကို တစ်ချက်ကလေးမှ မျက်နှာသာမပေးခဲ့။ ရင်ခုန်သံအဆိုး။ အိပ်မက်ဆိုး။ အတိတ်ဆိုးတွေထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ တတ်သိလိမ္မာသော သမီးလေးရှိခြင်းက ဒေါ်မီးမီးအတွက် ဖြေသိမ့်စရာ။

အခု ဒီသမီးလေးနဲ့ ဒေါ်မီးမီးဆိုတဲ့ သူမဟာ သက်ဆုံးတိုင် မနေရဘူးလား။ ဒီသမီးလေးကို စောစီးစွာ ထားခဲ့ရမှာလား။ လာပြန်ပြီ ရောဂါဆိုး။ ဒေါ်မီးမီး ဒီလောကကြီးထဲ ရောက်လာတာ အဆိုးတွေနဲ့ မိတ်ဖွဲ့ဖို့လား။

"ကျွန်တော် အစောကြီးကတည်းက မသင်္ကာဘူးဖြစ်နေတာ၊ ဒါကြောင့် Check up လုပ်ပါလို့ အတန်တန်ပြောရက်နဲ့"

ဒေါ်မီးမီး သူ့ဓာတ်မှန်ကိုကြည့်ပြီး မသက်မသာပြောခဲ့တဲ့ ဆရာဝန်။ ဒီမျက်နှာရိပ်ကို အကဲဖမ်းကတည်းက ကိုယ့်ရောဂါက သေးသေးမွှားမွှားမဟုတ်လို့ ဒေါ်မီးမီး သိခဲ့သည်။

ထို့ကြောင့်ပင် ဆရာဝန်ကို ခြေသလုံးဖက်မတတ် တောင်းပန်ခဲ့၏။

"ပြောပါ ဆရာ ပြောပါ၊ ဒါမှ ကြိုတင်ကုသလို့ရအောင်ပါ၊ ကျွန်မမှာ သမီးလေးပဲ ရှိပါတယ်ဆရာ၊ ဒီသမီးလေးနဲ့ တိုင်ပင်ပြီး လုပ်ရမှာမို့လို့ပါ"

"ခင်ဗျားသမီးကိုပဲ ဆေးခန်းလွှတ်လိုက်ပါ၊ ပြောပြပါ့မယ်၊ အခုတော့ လိုအပ်တဲ့ဆေးတွေ ဝယ်သွားပါ၊ နောက် အသည်းအထူးကုဆရာဝန်ကြီးဆီ သွားပြပါ၊ သူက ကျွန်တော်တို့ရဲ့ ဆရာကြီးပါ၊ ကျွန်တော် စာရေးပေးလိုက်ပါ့မယ်"



ဆိုပြီး ရောဂါကို လျှို့ဝှက်ထား၏။ ဒေါ်မီးမီးကို ဆေးပေးသော နာ့စ်မလေးကလည်း မျက်နှာမသာမယာ။

"ပြောပြပါ ဆရာမ၊ ဘာရောဂါလဲဆိုတာ"

"မိသားစုဝင်တစ်ယောက်လောက် လွှတ်လိုက်ပါ၊ သိပ်လည်း စိုးရိမ်မပါနဲ့၊ ဒီဆေးတွေနဲ့ သက်သာသွားမှာပါ"

"ကျွန်မမှာ မိသားစုမရှိပါဘူး၊ တစ်ကောင်ကြွက်ပါ ဆရာမရယ်"

ဒေါ်မီးမီးနှင့် မမြင်ဘူးသော နာ့စ်အသစ်မို့ ထိုလိမ်လည်မှုကား အစော်ထိရောက်သွားခဲ့သည်။ ဆရာမလေး တွေဝေသွားသည်ကို အခွင့်ကောင်းယူရင်း…

"စိတ်ချစရာရှိတာ စိတ်ချရအောင် ပြောပြပါ ဆရာမ၊ ကြိုပြီး ဆေးကုသမှုခံယူရအောင်လေ"

"အင်း…အမှန်တော့ ပြောပြခွင့်မရှိဘူး၊ ဒါပေမဲ့ မိသားစုဝင်မရှိတော့လဲ"

ဆိုပြီး ပြောပြခဲ့တာက ဒေါ်မီးမီးရောဂါက ကင်ဆာ။

"အစောကြီးကတည်းက ဆရာက ထင်နေတာ၊ ဒါပေမဲ့ တစ်ကြိမ် ဓာတ်မှန်အဖြေကျမှ အတည်ပြုလို့သေချာသွားတာ၊ ဒီ အန်တီ့ရောဂါကို ကျွန်မ အမှန်အတိုင်းပြောပြတာ ဆရာ မသိပါစေနဲ့နော်"

လို့တောင် စိုးရိမ်တကြီး သူ့ကို မှာကြားသေးတာ။ ကဲ

www.burmeseclassic.com

www.burmeseclassic.com



အခု ဒေါ်မီးမီး ဘာဆက်လုပ်ရမလဲ။ ဒီတစ်ဦးတည်းသော သမီးလေးကိုတော့ ဒုက္ခတွေမမျှစေချင်။ ချာချာက တတ်သိနားလည်သည့်အချိန်မှစ၍ အမေအတွက်ပဲ အမြဲဖြည်းဆည်းခဲ့တာချည်း။

ချာချာအတွက် မိခင်တစ်ယောက်အနေနဲ့ ဒေါ်မီးမီး ဘာလုပ်ပေးနိုင်ခဲ့သနည်း။ ဟင့်အင်း…သူမပျော့ညံ့မှု၊ တွေဝေမှု၊ ရှက်ရွံ့မှုတို့ကြောင့် ဒီသမီးလေးဟာ အခွင့်အရေးအားလုံး ဆုံးရှုံးခဲ့ရတာ။

တကယ်ဆို သမီးလေးက။

အတွေးစ ပြတ်သွားသည်။ မျက်လုံးထဲ၌ မဖျောက်ဖျက်နိုင်သော ပုံရိပ်က ဖျတ်ခနဲပေါ်၏။

ဆေးစာအုပ်မှတ်တမ်းထဲ၌ ညှပ်ထားသော ရွှေရောင်လိပ်စာကဒ်လေး။

"ဒါလေး ယူသွားပါ၊ အထူးကုဆရာဝန်ကြီးရဲ့ လိပ်စာနဲ့ ဆရာကြီးရှိတဲ့အချိန်တွေပါ ရေးထားပါတယ်၊ ဒီစာအုပ်ထဲမှာ ရောဂါအခြေအနေလည်း ရေးထားတယ်၊ ဆရာကြီးက လိုအပ်တဲ့ ကုသမှုတွေ ပေးမှာပါ၊ ကျွန်တော်မှာချင်တာက အမြန်ဆုံးသွားပါ ဒေါ်မီးမီး၊ ဆက်ဆက်သွားပြပါ၊ ဆရာကြီးနဲ့တွေ့ရင် အားလုံး ကောင်းသွားမှာပါ"

ဆရာဝန်လေး စကားကြားတော့ ဝေဒနာကြားမှ ဒေါ်မီးမီး ယဲ့ယဲ့ပြုံးမိသည်။ အားလုံး ကောင်းသွားမှာပါတဲ့လား။ မထင်ပါဘူး





ကွယ်။ ဒေါ်မီးမီးရဲ့ ရာဇဝင်မှာ အကောင်းဆိုတာ ရှိမှမရှိခဲ့တာ။

ကဒ်ပြားလေးကို လက်နဲ့ဖွဖွတို့ထိသည်။ ဖောင်းကြွစာလုံးနဲ့ သူ့နာမည်။

"ဦး…နေ…ရောင်"

အထိအတွေ့က ရင်ကြားသို့ စိမ့်ဝင်သည်။ နွေးထွေးသော ခံစားချက်တစ်မျိုး ရှိန်းဖြာသွား၏။

ဟင့်အင်း…မီးမီးအတွက် နွေးထွေးမှုတွေ မလိုတော့ပါဘူး။

တကယ်လိုတဲ့သူက။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''ဟူး…မောလိုက်တာ အမေရာ''

အမေက တံခါးဖွင့်ပေးပြီးတာနဲ့ ချာချာက အိမ်ရှေ့ခန်းမှာပင် ခြေပစ်လက်ပစ် လှဲချသည်။

''အဆင်ပြေရဲ့လား သမီး''

''အင်း…သင်္ကြန်တွင်းဆိုတော့ ကားရှားတယ် အမေရဲ့၊ အဲဒါကြောင့် သမီးနောက်ကျသွားတာ၊ မနက်ဖြန်တော့ သွားစရာမလိုဘူး၊ နှစ်ဆန်းတစ်ရက်ကို သူ့အစီအစဉ်နဲ့သူ ဘုရားသွားမယ်တဲ့၊ ပထမပြောထားတာက နှစ်ဆန်းတစ်ရက်နေ့ပါ ပိုက်ဆံထပ်ပေးပြီး ကားမောင်းပို့ပေးရမှာ''

''မပို့ရတော့လည်း သမီးနားရတာပေါ့''

''ပို့ရတော့လည်း ပိုက်ဆံရတာပေါ့ အမေရဲ့''

လှဲနေရာမှ အမေ့မျက်နှာ မော့ကြည့်သည်။ ချာချာရင်ထဲ





ထိတ်ခနဲ ဝုန်းဆို ထထိုင်ပြီး…

''အမေ ငိုထားသလားဟင်၊ နေကောင်းရဲ့လား၊ ဆေးခန်းရောသွားပြရဲ့လား၊ အမေ ဘာဖြစ်နေတာလဲ''

နဖူးလေးစမ်း၊ လက်ဖဝါးလေးတွေ ဆုပ်တွေးပြီး အလျင်စလိုမေးနေတဲ့ သမီးလေး။ စိုးရိမ်ခြင်းတွေ ပြည့်လျှံနေသော မျက်နှာကလေးနှင့်။ ဒေါ်မီးမီးရင်ထဲ မချိတော့။ ဒါပေမဲ့ အားတင်းဟန်ဆောင်ရပါမည်။ ဒါဟာ သမီးငယ်လေး မခံစားရေးအတွက် ဖြစ်၏။

''အမေ ဘာမှမဖြစ်ပါဘူး သမီးရဲ့၊ ဆေးခန်းလည်းသွားတယ်၊ ဆေးတွေတောင် ဝယ်လာသေးတယ်၊ ငိုလည်း မငိုထားပါဘူး၊ ငါ့သမီးနှယ် သူ့အမေကို ကလေးလေးကျနေတာပဲ၊ အရိပ်တကြည့်ကြည့်နဲ့''

''ကြည့်ရမယ် အမေရေ၊ အမေ့ကို ကြည့်ဖို့က သမီးတစ်ယောက်ပဲရှိတာ၊ အဖေရှိတုန်းကလည်း တစ်နေ့တစ်နေ့ အမေကပဲ အဖေ့ဝေယျာဝစ္စတွေ လုပ်ပေးခဲ့ရတာ၊ အမေ့ကို လုပ်ပေးဖူးတယ်လို့ ရှိမှမရှိတာ၊ သူများတွေလို အမေ့မှာ အခြွေအရံကလည်း မပေါ်ဘူးလေ''

''ပြောရင်းနဲ့ သူများကို ထိခိုက်မယ့်စကားတွေ ပါလာပြန်[illegible] သမီးရယ်''

အမေက ချာချာနဖူးစပ်က ဆံစတွေ သိမ်းပေးရင်း နှစ်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



သလို ပြောသည်။ ချာချာက တင်ပလ္လင်ခွေထိုင်ရင်း အမေ့လက်ချောင်းပိန်ပိန်လေးတွေကို ပွတ်သပ်စိုက်ကြည့်ကာ…

"သမီး ချမ်းသာချင်တယ် အမေ၊ အဲဒါကြောင့် ငွေတွေအများကြီး ကျုံးရှာချင်တာ၊ ပြီးရင် အမေ့ကို ကြီးကြီးမော်ထက်သာအောင် ထားချင်တယ်၊ သူ့ကျတော့ လိုတရဘဝနဲ့ ပြည့်စုံနေပြီ၊ ညီအစ်မအရင်းဖြစ်တဲ့ အမေ ဆင်းရဲနေတာ မတရားဘူး"

"ဒါက"

"ဘာလဲ…ဘဝပေးအခြေအနေလို့ ပြောဦးမလို့လား အမေ"

ချာချာက ဦးအောင်ပြောတော့ အမေက တဟင်းဟင်း ရယ်သည်။ ချာချာလည်း အမေ့မျက်နှာကို ကြည့်ပြီး ရယ်မောမိသည်။

"ကဲ…သွား၊ ထမင်းစား၊ ရေမိုးချိုး၊ ပြီးရင် သမီးကို အမေက ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြစရာရှိတယ်"

"ဇာတ်လမ်း"

"အင်း…ဟုတ်တယ် သမီး"

"အမေကလည်း မကြီးမငယ်နဲ့၊ သမီးကိုများ ဇာတ်လမ်းပြောပြမတဲ့၊ အင်း…ငါ့အမေ ဒီနေ့တော့ ထူးဆန်းနေတာအသေအချာပဲ၊ ဘာထူးဆန်းမှန်းကို မသိတာ"

ပြောပြီး ချာချာက အနားမှ ထွက်သွား၏။ သမီးကို



ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြရန် ဒေါ်မီးမီး အသင့်ပြင်ရပါပြီ။ ဒီဇာတ်လမ်းထဲ၌ အရေးပါဆုံးနဲ့ အရေးကြီးဆုံးပစ္စည်းလေးတစ်ခုကို ပါ သမီးကို ပြသရပါ၏။

"ဟာ…အရည်အသွေးကောင်းတဲ့ ပတ္တမြားလက်စွပ်ပဲ၊ ကဖျတ်ဖျတ်နဲ့ အရည်ကို လဲ့နေတာပဲ၊ ရွှေကလည်း ဝင်းအိနေတာပဲနော် အမေ၊ တော်တော်လေးတယ်၊ ဒါပေမဲ့ မိန်းမဝတ်တော့ မဟုတ်ဘူးနော် အမေ"

ချာချာက သူမလက်ချောင်းတွေကို လိုက်စွပ်ကြည့်သည်။ နောက်ဆုံး လက်မကြမှ ကွက်တိဝင်သွား၏။

"အဖေ့ဟာလား၊ ဒါမှမဟုတ် အဘိုးလက်စွပ်လား အမေ"

"အဲဒါ သမီးအဖေရဲ့ လက်စွပ်၊ ဒါပေမဲ့ ကိုကျော်ထွေးဟာတော့ မဟုတ်ဘူး"

"အာ…အမေကလည်း ရှုပ်ကုန်ပြီ၊ အဖေ့လက်စွပ်လည်း ပြောသေးတယ်၊ ကိုကျော်ထွေးဟာလည်း မဟုတ်ဘူးဆိုတော့"

ချာချာဟာ မီးရောင်အောက်ရှိ မှုပျက်နေသော အမေ့မျက်နှာကို ဇဝေဇဝါ ကြည့်သည်။ သွေးဆုတ်ထားသလို ဖြူရော်နေသော အမေ့နှုတ်ခမ်းဖျားမှ ထွက်ကျလာသောစကားသည်…

"ဟုတ်တယ် သမီး၊ သမီးအဖေက ကိုကျော်ထွေး မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမေ"

အယောင်ယောင်အမှားမှားဖြင့် ခေါ်မိသည်။ ချာချာ့အသံက လိုအပ်တာထက် ပိုကျယ်သွားသလို။ ဒါပေမဲ့ အမေ့နှုတ်ဖျားက ထွက်လာသော အမည်သည် ချာချာထက် ပိုကျယ်ပါသည်။

ချာချာကမ္ဘာက တခဏချင်း ကျွမ်းထိုးမှောက်ခုံ။

◇ ◇ ◇



## အခန်း (၆)

"မီးမီးမှာတဲ့ ကွန်ပါဖူးလေးပါလားဟင် မေမေ"

ဖေဖေနဲ့မေမေရဲ့ကား ပေါ်တီကိုအောက် ထိုးရပ်ကတည်းက မီးမီးက ပြောသွားတာ။ ပြီးတော့ အမောတကော နှင့်မေးသည်။

"ဟယ်…ကြည့်စမ်း ဒီကလေး၊ မှာထားတာပဲ ဝယ်လာမှာပေါ့၊ ဒီအချိန်ကြီးအထိ မအိပ်ဘဲ စောင့်နေရသလား"

"ပါ,ပါတယ် သမီးငယ်လေးရဲ့၊ ကဲ မိရေ သမီးကွန်ပါဖူးလေး အရင်ထုတ်ပေးလိုက်"

ဖေဖေကပါ ဝင်ပြောသည်။ မေမေက ကားပေါ်မှ အထုပ်အပိုးတချို့အား ဦးပန်ကို လက်လွှဲပေးရင်း…

"ကားပါ တစ်ခါတည်း ဂိုထောင်ဘက် သွင်းလိုက်ကိုပန်၊ လာ…သမီးလေး၊ ဒီမှာပါတယ်၊ ပန်းရောင်နော် သမီးမှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မီးမီးဟာ လက်ထဲရောက်လာသော သံလိုက်နှစ်ထပ် ပန်းရောင်ကွန်ပါဗူးလေးကို ကြည့်ပြီး ပျော်ရွှင်သွားသည်။ ဒီဗူးလေးကို မီးမီး အတန်းဖော် သက်မာ ကိုင်ကတည်းက လိုချင်ခဲ့တာ။

အခုတော့ လိုချင်တာရပြီ။

"ပန်းရောင်ကို သမီးမို့ မှာတတ်တယ်၊ ဖေဖေ့မှာ စတိုးဆိုင်တွေ အကုန်ပတ်ရှာတာ ပန်းရောင် မရှိဘူး၊ တခြားအရောင်တွေချည်းပဲ၊ တော်သေးတယ် နောက်ဆုံး တစ်ဆိုင်ကျမှရလို့"

"ကျေးဇူးတင်ပါတယ် ဖေဖေနဲ့မေမေ"

မီးမီးက ခါးလေးညွတ်ပြီး ပြောသည်။ ဖေဖေက သဘောတကျနဲ့ မီးမီးပါးလေးကို ငုံ့နမ်း၏။ မေမေကတော့···

"သမီးမရော"

"အိပ်နေပြီ မေမေ"

"အေး···ဟုတ်ပါတယ်၊ အိပ်ပါစေ၊ သူ့ကျောင်းက မနက်အစောပိုင်းကို၊ ကဲ သမီးလေးလည်း သွားအိပ်တော့၊ မနက်အစောကြီးမထနဲ့နော်၊ သမီးကျောင်းက နေ့လယ်ပိုင်းမှ၊ ကြားလား သွားအိပ်တော့"

"ဂွတ်နိုက် ဖေဖေနဲ့မေမေ"

မီးမီးက နှုတ်ဆက်ပြီး ကိုယ့်အခန်းဆီကို ပြေးတက်ခဲ့သည်။ မေမေကသာ အိပ်လို့ပြောတာ။ လိုချင်တာရသော အပျော်စိတ်ကြောင့် မီးမီးဟာ ချက်ချင်းအိပ်မပျော်နိုင်။





ကွန်ပါဗူးအဟောင်းထဲက ပစ္စည်းတွေကို ကွန်ပါဗူးအသစ်ထဲ ပြောင်းထည့်သည်။ သဘောကျစိတ်ကြောင့် နှုတ်ခမ်းတွေက ထိန်းမရဘဲ ပြုံးနေမိ၏။ ပစ္စည်းတွေအပြည့်နှင့် ကွန်ပါဗူးလေးကို စာကြည့်စားပွဲပေါ် တင်ထားသည်။

အိပ်ရာပေါ်မှ လှမ်းကြည့်ရတာလည်း အခါခါ။ ဒီလိုနဲ့ပဲ မီးမီးက အတော်ညဉ့်နက်မှ အိပ်ပျော်သွားခဲ့တာ။

မနက်ကျတော့လည်း နေအတော်မြင့်မှ နိုးခဲ့သည်။ နိုးနိုးချင်း သတိရစိတ်နှင့် ကွန်ပါဗူးကို လှမ်းကြည့်သည်။

"ဟင်···မီး ကွန်ပါဗူးလေး"

စာကြည့်စားပွဲပေါ်၌ စာအုပ်မှတစ်ပါး တခြားအရာမရှိတော့။ ညက စီထည့်ထားသော ခဲတံတွေ ပြန့်ကျဲလျက်။ အိပ်ရာက ကျိုးထသည်။ အလူးအလဲ လိုက်ရှာ၏။ ကွန်ပါဗူးပန်းရောင်လေးသည် အတောင်ပေါက်ပျံသွားသည့်အတိုင်း မတွေ့ရတော့။

"မေမေ ဖေဖေ···မေမေရေ···မေမေ"

"ဟဲ့···ဒီကလေး အသည်းအသန် အော်နေပါလား"

"ဦးပန် မေမေရော"

"ထမင်းစားခန်းထဲမှာ ရှိတယ် သမီးရဲ့၊ သွား"

ထမင်းစားခန်းဆီ ဒုန်းစိုင်းပြေးဝင်လာသည်။ ဖေဖေနဲ့ မေမေကတော့ ထုံးစံအတိုင်း။ စာရင်းစာအုပ်ကိုယ်စီနဲ့ အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။ ဆန်စက်နှင့် ပွဲရုံများစွာပိုင်ဆိုင်သော မိဘတွေမှာ အားလပ်ချိန်ဆိုတာ ရှားပါးလွန်းလှ၏။

"မေမေ"

"ဘာလဲ သမီး"

စာရင်းစာအုပ်က အကြည့်မခွာဘဲ မေးသည်။

"မီး ကွန်ပါဖူးလေး မရှိတော့ဘူး"

"သြော်…မရှိတာ မဟုတ်ဘူးသမီးရဲ့၊ သမီးခမ ခဏ ယူကိုင်တာ"

"သြော်…သမီးအတွက် ဝယ်လာတာကြည့်ပြီး ကြိုက်သွားလို့နေမှာပေါ့၊ မမ ကျောင်းကပြန်မှ သမီးက ကျောင်းသွားရမှာလေ၊ အဲဒီတော့မှ သမီးက ပြန်တောင်းယူသွားပေါ့"

"ဟင်…မေမေကလည်း"

"ကဲ…သွားတော့၊ ဒီည မေမေ နောက်ထပ်အသစ် တစ်ဖူး ဝယ်ခဲ့မယ်"

"မိရေ…ဒီစာရင်းကို ကြည့်စမ်း၊ ကွာနေသလားလို့၊ ကိုယ် တစ်ခါပြန်စစ်တိုင်း အဖြေက တစ်မျိုးထွက်နေတယ်"

"ပေးလေ ကိုရှိန်ရဲ့၊ မိ စစ်ဦးမယ်"

မီးမီးက မိဘတွေအနားမှ အသာလေး ထွက်လာခဲ့သည်။ ရင်ထဲမှာတော့ မကျေနပ်သေးပေ။ နှမြောခြင်း၊ ဝမ်းနည်းခြင်းတွေက လူကို ထိုင်းမှိုင်းစေ၏။ ထိုနေ့က မမကျောင်းမှ ပြန်လာသောအချိန်





အထိ မီးမီးဟာ အိမ်ပေါက်ဝက စောင့်နေခဲ့သည်။

မမကတော့ မီးမီးနဲ့မတူ။ ကြည့်လိုက်တိုင်း အမြဲလန်းဆန်း ဖြူဖွေးစွာနှင့်ပင်။

"မမ"

"ပြော"

"မီးရဲ့ ကွန်ပါဖူး ပြန်ပေးလေ၊ မီး ကျောင်းယူသွားမလို့"

"ဂျွတ်…လွယ်အိတ်ထဲက ထုတ်ရမှာ ရှုပ်တယ်၊ ညကျရင် မေမေတို့ နောက်တစ်ဖူး ဝယ်လာမယ်တဲ့၊ အဲဒီအသစ် နင်ယူပေါ့၊ ငါကတော့ ဒါပဲယူလိုက်မယ်"

ပြောပြီး အိမ်ထဲပြေးဝင်သွားပြီ။ မီးမီးမှာသာ အိမ်ပေါက်ဝ၌ ငုတ်တုတ်။ ဦးပန် လာခေါ်မှ ကျောင်းသို့ထွက်ခဲ့ရတာ။ မမဟာ အမြဲ အဲဒီအတိုင်း။ မီးမီးကြိုက်၍ သတိတရ မှာသောပစ္စည်းဆို သူလည်းကြိုက်ပြီ။

မီးမီးထံမှ အကြောင်းပြချက် တစ်ခုခုနှင့်ပင် လုယူသွားတတ်သည်။ နှစ်နှစ်ကြီးတဲ့ အစ်မမို့ မီးမီးဟာ ချစ်ကြောက်ရိုသေရသည်။ မမကို ဘယ်တော့မှ နှုတ်လှန်မထိုးရဲ။

ထို့ကြောင့်ပင် မီးမီးဟာ အမြဲတမ်း ဆုံးရှုံးခဲ့ရတာချည်းပင်။ တစ်ခါတစ်ရံတော့ ဖေဖေနဲ့မေမေ့ကို အော်ဟစ်တိုင်တန်းပစ်ချင်သား။ ဒါပေမဲ့ ကိုယ့်ရှေ့မှာ မိဘတွေအလုပ်ရှုပ်နေတာ မြင်တော့ ကိုယ့်ကြောင့် စိတ်မရှုပ်စေချင်တာ မီးမီးရဲ့စေတနာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေနဲ့ပဲ မီးမီးဟာ ငါးနှစ်သမီးအရွယ်လောက်ကတည်းက ဆုံးရှုံးခြင်းကို နားလည်ခဲ့ပြီဖြစ်၏။

"ဟယ်…ကျောပိုးအိတ်လေးက လှလိုက်တာ"

စကားသံနှင့်အတူ မီးမီးလက်ထဲမှ ဖျတ်ခနဲ ဆွဲလုသွားပြီး…

"အံမယ်…ဂျင်းသားနဲ့တော့၊ ချုပ်ရိုး ချုပ်သားလည်း မိုက်တယ်၊ နင် ဘယ်ကဝယ်ခဲ့တာလဲ မီးမီး"

"ဗိုလ်ချုပ်ဈေးကပါ"

မီးမီးရဲ့ဖြေသံက တိုးတိမ်လို့။ ဒီနှစ် ဆယ်တန်းတက်ရမည်။ ထို့ကြောင့် အသွင်ဆန်းဆန်းလေး စတိုင်ထွင်ချင်သော မီးမီးဟာ မနက်ကတည်းက စိတ်ကြိုက် ဈေးဝယ်ထွက်ခြင်းပါ။

ပြန်လာတော့ ဒီကျောပိုးအိတ်တစ်လုံးသာ ပါသည်။ မေမေဆိုတာ အံ့ကိုသြရော။

"မနက်ကတည်းက ထွက်သွားပြီး ညနေစောင်းမှ ပြန်ရောက်တော့ မေမေ့သမီးများ တစ်ဈေးလုံးဝယ်နေပြီလားတော့၊ ဝယ်လာတော့လည်း အားမရစရာ၊ အိတ်လေးတစ်လုံးထဲ"

"ဒီအိတ်လေးတောင် ဈေးပေါင်းများစွာပတ်ပြီး ရှာဝယ်ခဲ့ရတာ မေမေရဲ့၊ ဂျင်းအိတ်လေးက အမြင်ဆန်းတယ်လေ၊ ပြီးတော့ တော်ရုံလူ လွယ်တာလည်း မတွေ့ဖူးဘူး၊ မီးက အဲဒီလိုရှားပါးပစ္စည်းမျိုးကိုပဲ ကြိုက်တာ"



လို့ အာပေါင်အာရင်းသန်သန်နဲ့ မေမေ့ကို ပြောပြတုန်း မော် ရောက်လာတာဖြစ်၏။ မော်ကတော့ သူများပစ္စည်းဆိုပြီး အားနာရကောင်းမှန်းမသိ။ အိတ်ကို အမျိုးမျိုးလွယ်ကြည့်ရင်း…

"မိုက်တယ်ဟ၊ အိတ်တွေလည်း အများကြီးပါတယ်၊ ဒီဇိုင်းက ဆန်းတော့ ငါ ကြိုက်သွားပြီ"

"မမ…မီးက"

"ငါ့ကို ပြန်ရောင်းဟယ် မီးမီး"

မီးမီးစကားကို ဆုံးအောင် နားမထောင်။ မော်က လိုချင်တာကို ဖြတ်ပြောသည်။ အဲဒါ ဘယ်သူမှ မသင်ရသော မော် အကျင့်။

"ငါ မနက်ဖြန် ဖရက်ရှာဝဲ(လ်)ကမ်းရှိတယ်ဟဲ့၊ ငါ ရွေးထားတဲ့အင်္ကျီနဲ့ ဒီအိတ်နဲ့ဆို တော်တော်မိုက်သွားပြီ"

"မီး ကျောင်းတက်ရင် လွယ်ဖို့ဝယ်လာတာ"

"အံမယ်…အပိုတွေပြောမနေစမ်းပါနဲ့၊ နင့်ကျောင်းက ဖွင့်ဖို့ ဆယ်ရက်လောက်လိုသေးတာ၊ ဒီကြားထဲ သွားဝယ်လို့ရတာပဲကို၊ ငါက မနက်ဖြန်လေ၊ ရက်က ကပ်နေပြီ"

ဒီတစ်ခါတော့ အရှုံးမပေးလို့ မီးမီးက ဆုံးဖြတ်ထားသည်။ သူများ တပင်တပန်း ရှာဖွေဝယ်လာတာကိုမှ ကြိုက်လှပါချည်ဆိုပြီး အရှုံးတစ်ပိုင်းဖြစ်နေသော မမကိုလည်း ငြိုငြင်လာမိ၏။

"မီးက တမင်ရှားတာလေး ရွေးဝယ်လာတာ မမရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မမကြိုက်ရင် မီး ပြန်ရှာဝယ်ပေးမယ်၊ ဒါလေးကတော့”

“နင်က စကားပြောရတာ တော်တော်လက်ပေါက်ကပ်တာပဲ မီးမီးရဲ့၊ နင်က ဒီအိတ်ကို ကြိုက်ပါတယ်ဆိုပြီး အခန်းထဲ သိမ်းထားရဦးမှာ၊ ငါက မနက်ဖြန်ပွဲရှိလို့ ပြန်ဝယ်တာလေ၊ ကဲ ဘယ်သူက အသုံးပိုကျမလဲ ပြော”

“မမကလည်း မီးက”

“ကဲပါ သမီးငယ်ရယ်၊ မော် ပြောတာလည်း နည်းလမ်းကျနေတာပဲကို၊ ဒီဆယ်ရက်အတွင်း နောက်ထပ်ဒီဇိုင်းအသစ်တွေက ထွက်လာဦးမှာ၊ သမီးမှာ အချိန်အများကြီး ရသေးတာပဲ၊ ပြီးတော့ မမက တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီလေ”

“အဲဒါနဲ့ပဲ မီးက အရှုံးပေးရပြီလား၊ မီးထက် နှစ်နှစ်စောမွေးလို့ တက္ကသိုလ်ကြိုရောက်တာ မဆန်းဘူးလေ”ထိုစကားစုတွေဟာ ရင်ထဲမှာပဲ ပွင့်အန်ကျနေတာ။

အပြင်ကိုမထွက်။ စိတ်ရှိတိုင်း ထင်တိုင်းကြဲခွင့်ရမယ်ဆို မီးမီးက အော်ဟစ်ငိုယိုချင်တဲ့အထိ။

ခက်တာက အဲဒီလိုအကျင့်မျိုး ငယ်ငယ်ကတည်းက မီးမီးမှာမရှိ။ ထို့ကြောင့် မိဘတွေက မီးမီးဟာ သဏ္ဌာန်ကောင်းသတဲ့။ နာမည်ကတော့ ကောင်းပါရဲ့။ ကိုယ်ချည်း ရှုံးနေရတာတော့ သိပ်မကောင်း။

မီးမီးက ခေါင်းလည်းမညိတ်။ တုံဏှိဘာဝေနဲ့ ငြိမ်သက်





နေသည်။ မေမေကတော့ ချော့မော့ဖျောင်းဖျဟန်နှင့် မီးမီးပခုံးကို ခပ်ဖွဖွ တွေးဖက်ရင်း…

“ပေးလိုက်ပါ သမီးရယ်၊ အဲဒီအိတ်နှစ်လုံးစာပိုက်ဆံ မေမေ ထပ်ပေးမယ်၊ ဒီရက်အတွင်း သမီးကြိုက်တဲ့ နောက်ဒီဇိုင်းအသစ်တွေ ထပ်သွားရှာပြီးဝယ်ပေါ့”

“အသစ်ထပ်ဝယ်လည်း မမက ယူဦးမှာပဲ မေမေ” ဟူသော စကားက ရင်ထဲ ပွဲတင်ထပ်နေသည်။ မော်ကတော့ အိတ်ကလေးကို ပခုံးတစ်ဖက်၌ ချိတ်တင်လွယ်ပြီး ခပ်မော်မော်လေး ထွက်သွားပြီ။

မီးမီးမှာသာ နှမြောတသခြင်းများစွာနှင့်…

“နေပါစေတော့ မေမေ၊ မီးမီးက မမကို ဝယ်ပေးလိုက်ကယ်ပဲ သဘောထားပါ့မယ်၊ မီးမီး ကုသိုလ်ရတာပေါ့ မေမေ”

ပြောတော့ မေမေက ကျေနပ်စွာပြုံး၏။ မိဘတွေ စိတ်ချမ်းမြေ့တာကိုပဲ မီးမီးက လိုချင်ခဲ့တာ။ မိသားစုထဲမှာ မီးမီးကြောင့် သောကမပွားစေချင်။ တကယ်ဆို တခြားသောမိသားစုတွေလို အငယ်ဆုံးဟာ အခွင့်အရေး ပိုမရသင့်ဘူးလား။

ရှိပါစေတော့။ အခွင့်အရေးဟာ မီးမီးနဲ့ မထိုက်တန်လို့ပဲ ပုတ်ယူရပါလိမ့်မည်။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

''ဒီနေ့ ဧည့်သည်လာမယ်၊ မိုးကုတ်က ကျောက်တွင်းသူဌေး ဖေဖေ့သူငယ်ချင်း''

ဟူ၍ မေမေက ကြေညာထားသည်။ ဒါပေမဲ့ မီးမီးကတော့ ကိုယ်နဲ့မဆိုင်သလိုပင်။ အိမ်မှာ အငယ်ဆုံး မီးမီးဟာ အိမ်ကို လာမည့်ဧည့်သည်အား စိတ်ဝင်တစားလည်း မရှိ။

အိမ်နောက်ဖက်က မာလကာပင်ကြီးကို မော့ကြည့်ရတာ လောက် ရင်မခုန်။ ကိုယ့်အပင်က အသီး ဘယ်နှလုံးသီးပြီး၊ ဘယ်နှလုံးက ပွပြီဆိုပြီး တက်ခူးကာ တဂျွတ်ဂျွတ်ကိုက်စားတာမှ အရသာရှိသေး။

မီးမီးဟာ အခုတော့ တက္ကသိုလ်ပထမနှစ်ကျောင်းသူကြီး ဖြစ်နေပြီ။ ဒါပေမဲ့ စိတ်ကတော့ ကလေးလိုပင်။ ပြေးလွှားဆော့ကစားဆဲ။ မာလကာပင်ပေါ်တက်ဆဲ။ ဘောင်းဘီရှည်တွေ၊ ဂါဝန်တွေ ဝတ်ဆဲပင်။

မမကတော့ မီးမီးကို…



''ပေါက်ကျော်မ…ငါ့လိုဝတ်တော့လေ၊ ငါဆို ဆယ်တန်းလောက်ကတည်းက ထဘီကို ချပ်ချပ်ရပ်ရပ် ဝတ်တတ်နေပြီ၊ ဆံပင် အရှည်ထားပြီ၊ နင့်ကျမှ ထဘီဝတ်လိုက်ရင် အနားကြီးက ရွဲ့စောင်းလို့၊ ဆံပင်ကလည်း တိုကပ်ကပ်နဲ့၊ ဘာပုံပေါက်နေမှန်းကို မသိဘူး''

မီးမီးကတော့ ခေါင်းငုံ့ကာ ရယ်ကျဲကျဲနှင့်…

''မမလို အပျိုမှ မလုပ်တတ်တာ''

ရယ်လို့ မဝံ့မရဲ ပြန်ပြောသည်။ မှန်တာ အပြောခံရတော့ မော်က ဒေါသထွက်သည်။ ရှက်ရမ်းရမ်းကာ မီးမီးခေါင်းကို ဒေါက်ခနဲ ခေါက်ရင်း…

''ဟဲ့…အပျိုမို့လို့ အပျိုလုပ်တာ ဘာဖြစ်လဲ''

အခုလည်း အိမ် ဧည့်သည်လာမှာမို့ အပျိုလုပ်နေပြီထင်ပါရဲ့။ မေမေကတော့ ချက်ပြုတ်ဖို့ ဝင်စီမံရတာနဲ့၊ အိမ်အလှပြင်သင်ရေးကို ကွပ်ကဲရတာနဲ့ တစ်ချက်ကလေးမှ မအားရ။

မီးမီးလည်း မအားပါ။ မာလကာပင်ပေါ်တက်ပြီး ခူးနေရလို့လေ။

''မီးမီး…ဟဲ့ မီးမီး''

အပင်အောက်က ခေါ်သံကြောင့် ငုံ့ကြည့်သည်။ လက်တို လက်တောင်းခိုင်းရသော မေမေ့လက်ဆွဲ အေးမာ။

''ဘာလဲ…မအေးမာ၊ လာမတောင်းနဲ့နော်၊ မေမေ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကပ်ပြီးမှ ကျွေးမှာ၊ ဒီစားလက်စက မီးပဲစားမှာ၊ ကိုယ်တောင် မဝသေးဘူး''

''သြော်…အရေးထဲမှပဲ နင့်ကို အန်တီမိ ခေါ်ခိုင်းလို့ ဧည့်သည်တွေ ရောက်နေပြီတဲ့၊ မိတ်ဆက်ပေးမလို့နဲ့တူတယ်၊ ဟီ… ဟိ ပါလာတဲ့ ဆရာဝန်အစ်ကိုကြီးကလေ ချောလိုက်တာ တအားပဲ သိလား၊ အသားလေးကလည်း သန့်နေတာပဲ၊ အမယ် အရပ်က လည်း အမြင့်ကြီးပဲဟဲ့''

''ကဲပါ…မအေးမာရယ်၊ ဒီမှာ မီးဆင်းဖို့ ကူပါဦး''

''အေးပါဟဲ့…ပေး ဒီကို၊ မာလကာသီးထုပ်၊ ဟဲ့ နင့် လက်ထဲကဟာပါ ပေးလေ၊ ဒါမှ လက်နှစ်ဖက်နဲ့ သေချာကိုင်ပြီး ဆင်းလို့ရမှာ''

''ဟား…ဟား လူလည်မကျနဲ့ မအေးမာ၊ မပေးဘူး၊ မာလကာသီးအထုပ်ထဲမှာလည်း အလုံးရေနဲ့ မီး ထားတာနော်၊ ဘုရားဆွမ်းတော်တင်ဖို့၊ ခိုးမစားနဲ့၊ ငရဲကြီးမယ်''

''အေးပါ…မီးမီးရယ်၊ နင် မြန်မြန်သွားတော့၊ တော်ကြာ မထွက်လာလို့ဆိုပြီး အန်တီမိက ငါ့ကိုဆူနေဦးမယ်''

မီးမီးက မီးဖိုချောင်မှတစ်ဆင့် အိမ်ရှေ့ဧည့်ခန်းဆီ ထွက် လာခဲ့သည်။ ဒါတောင် ဧည့်သည်တွေကို စိတ်ဝင်စား၍မရ။ လက်ထဲက မာလကာသီးဟာ တဝွမ်းဝွမ်းနှင့် ချိုလွန်းလှတာကိုး။

ပြီးတော့ အစေ့တွေကို ကျေညက်အောင် ဝါးရသေးသည်။





ပီးမီးက မာလကာသီးသာ ကြိုက်တာ။ အစေ့ကြောင့် အူအတက် ပေါက်မှာတော့ ကြောက်လှပါသည်။

''ဟော…လာပါပြီ၊ အဲဒါ သမီးအငယ်လေ၊ လာ ပီးမီး''

မေမေက လှမ်းခေါ်ပြီး မမနားထိုင်လို့ လက်ရိပ်ပြသည်။ ပမဘေးနား ဝင်ထိုင်တော့ သင်းပျံ့တဲ့ ရေမွှေးနံ့က ထောင်းခနဲ။

''နင် ဘယ်လိုဖြစ်နေတာလဲ မီးမီး၊ စုတ်ပြတ်သတ်နေ တာပဲ''

''ဟင်…မီးလား''

ပြန်မေးရင်း မာလကာသီးကို ပလုတ်ပလောင်းဝါးစား သောကြောင့် မမမျက်နှာ ရှုံ့မဲ့သွား၏။

''နာမည်က မီးမီးတဲ့၊ သချ်ာ ပထမနှစ် တက်နေတယ်၊ ပထမနှစ်သာဆိုတယ်၊ နေတာထိုင်တာတော့ ဦးလရောင် မြင်တဲ့ ဂတိုင်းပဲ၊ အငယ်ဆုံးဆိုတော့ ကလေးစိတ်က မပျောက်သေးဘူး လေ''

''တစ်ယောက်ကို အလှတစ်မျိုးစီပေါ့၊ ဦးစက်ရှိန်တို့ ဒေါ်မိမိတို့က သမီးချောတွေ မွေးထားတာပဲ''

မီးမီးကို ချောတယ်ပြောသော ဧည့်သည်လူကြီးအား ပထမဆုံးအကြိမ် မျက်လွှာပင့်ကြည့်သည်။ ဒါပေမဲ့ မြင်ကွင်းထဲ ပြေးဝင်လာတာက ပြုံးနေသော မျက်နှာနှင့် နွေးထွေးရွှန်းစိုသော



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတစ်စုံ။

အို…သူ့အကြည့်တွေက မီးမီးကို စိုက်ကြည့်နေတာပါလား။ မီးမီးသည် ရှက်ရွံ့သိမ်ငယ်စွာ မျက်လွှာချပစ်၏။ သို့ပေမဲ့ ရင်ခုန်သံက ကတိမ်းကပါး ဖရိုဖရဲနှင့် ခုန်ပေါက်နေ၏။ ထပ်မံမျက်လွှာပင့်ကြည့်သည်။ သူက ရွှန်းမြစွာ စိုက်ကြည့်ဆဲ။ မီးမီး လက်ဖျားခြေဖျားတွေ ရုတ်ခြည်း အေးစက်လာသည်။ စိတ်ထဲ ကျေနပ်သလိုလို၊ ပျော်သလိုလို၊ တစ်မျိုးတော့ တစ်မျိုးကြီးပင်။

"ကိုလရောင်တို့လည်း တစ်ယောက်ဆို ဆိုသလောက် အချောကို ရွေးမွေးထားတာလေ၊ ပြီးတော့ ပညာကလည်းတော်သေး၊ မီးမီး"

"ရှင်…မေမေ"

မီးမီးထူးသံက အလန့်တကြား။ မီးမီးရဲ့ မျက်ဝန်းထောင့်၌ သူရယ်တာကို ရိပ်ခနဲ တွေ့လိုက်သည်။ မီးမီးက သူ့အတွက် ရယ်စရာလား။ မခံချင်စိတ်နှင့် တည်ငြိမ်မှုကို ရအောင်ယူချင်သည်။ ဒါပေမဲ့ ခုန်နှုန်းမြန်သော ရင်က ထိန်းမရ။

"ဒီက အန်ကယ် ဦးလရောင်တဲ့၊ ဒီဘက်က မောင်နေရောင်၊ သမီး မမထက်တောင် အသက်ကြီးသေးတယ်၊ ပြီးတော့ ဆရာဝန်ဖြစ်နေပြီ၊ လေးစားမှုနဲ့ ကိုကိုလို့ခေါ်ရမယ်နော်၊ ကိုယ့်အစ်ကိုလိုပဲ ရှိသေရမယ်၊ ကြားလား"

"ဟုတ်ကဲ့ မေမေ"



"သမီးကိုကိုက ဒီလမ်းထိပ်က ဟိုအိမ်အသစ်လေးမှာ နေမှာလေ"

"တစ်ထပ်တိုက် အပြာလေးလား မေမေ၊ အဲဒီခြံထဲမှာ ဗာလကာပင်နဲ့ သရက်ပင်တွေ အများကြီးရှိတာလေ"

မီးမီးရဲ့ အလောသုံးဆယ် မေးပုံကြောင့် လူကြီးတွေ ဟသောသော ပွဲကျသွား၏။ မမကတော့ ခြွင်းချက်။ ဣန္ဒြေကြီး ဟစ်ခွဲသားနဲ့ မီးမီးပေါင်ကို ကပ်ဆိတ်ရင်း တီးတိုးပြောတာက…

"နင်ဟာလေ အရှက်ကို နည်းနည်းမှမရှိဘူး"

မမရဲ့ သတိပေးစကားကြောင့် မီးမီး တကယ်ရှက်သွားရ၏။ အရှက်ပြေ နာသွားသောပေါင်ကို ပွတ်နေစဉ်…

"အဲဒါသာကြည့်တော့ မောင်နေရောင်ရေ၊ မင်းညီမက ဗာလကာသီးဆို အသည်းအမဲပဲ၊ ညှော်သည်တွေနဲ့မို့ ခေါ်ခိုင်းတာ တောင် လက်ထဲပါလာတာက သက်သေပဲ"

ဖေဖေပြောတော့မှ မီးမီးက ကိုက်ရာဗလပွ၊ မလှပတော့ သော မာလကာသီးကို ဖွက်ရန် ကြိုးစားရင်း…

"ဟို…မီးက အိမ်လေးလှလို့ သတိထားမိတာပါ ဖေဖေ ရဲ့"

ပါးမို့လေးတွေ ရဲရဲနီထွေးစွာ အရှက်ပြေပြောတော့ သူက ရယ်သည်။

"ဘာကြောင့်ပဲဖြစ်ဖြစ်ပါ မီးမီးရဲ့၊ ကိုကိုနေမှာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com

မီးမီး လာလည်လို့ရတာပေါ့၊ မာလကာသီးတွေလည်း ကြိုက်သလောက် ခူးစားပေါ့၊ ဟုတ်ပြီလား"

နွေးသောအကြည့်၊ ချိုသောအပြုံး၊ ရင်ဖိုစေသော စကားသံတွေဟာ မီးမီးနှလုံးသားကို ချည်နှောင်ခဲ့လေပြီ။ မီးမီးက မပွင့်တပွင့်လေး ပြုံးပြရင်း…

"ဟုတ်ကဲ့ ကိုကို"

မီးမီးအသံက တိုးတိုးလေး။ အိုး ဒီတစ်ခါလောက် မီးမီးရင်ထဲမှာ ပြည့်စုံအေးချမ်းတာမရှိပြီ။

ကိုကိုဟာ မီးမီးအတွက် တွေ့စမှာကတည်းက အေးချမ်းခြင်းတွေပေးခဲ့တာဖြစ်၏။

◆ ◆ ◆

## အခန်း (၇)

"သူက သိပ်ပြီး ဂျင်းတဲမင်း(န်)ဆန်တာပဲ၊ ချောလည်းချောတယ်၊ ပညာလည်းတတ်တယ်၊ ပြီးတော့ ချမ်းသာလိုက်တာမှ ကျိုကျိုတက်၊ သူ့လက်သူကြွယ်မှာ ဝတ်ထားတဲ့ ပတ္တမြားလက်စွပ်ကို အနည်းဆုံး သိန်းသုံးဆယ်လောက်တန်သတဲ့"

"အဟုတ်လား မမ"

"ဟဲ့…အဟုတ်ပြောတာပေါ့၊ သူ့အမေက ကျောက်တွင်းသူဌေးပါဆိုမှ၊ ပြီးတော့ တစ်ဦးတည်းသောသား၊ ငါ့ထက်လည်း အသက်ကြီးတယ်၊ အားကိုးချင်စရာအပြည့်ပဲ"

မမမျက်နှာဟာ ကျေနပ်အားရမှုတွေနဲ့ မော်ပြုံးလို့နေသည်။ အိမ်မှာ ဖေဖေရော မေမေပါ မရှိကြ။ ထို့ကြောင့် မီးမီးရော ..ားမာရောဟာ ထမင်းစား စားပွဲ၌ စုထိုင်ပြီး မမပြောသမျှ ..းထောင်နေကြခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



မီးမီးမှာ ဟန်မပျက် နားသာထောင်ရတာ။ ငယ်ကတည်းက ယဉ်ပါးနေသော နှမြောတသခြင်းက ကြီးစိုးလျက်ရှိသည်။ ကိုယ်မြတ်နိုး နှစ်ခြိုက်သော အရာမျိုးကို လက်လွှတ်ဆုံးရှုံးရတဲ့ ခံစားချက်လေ။

ဒါပေမဲ့ မီးမီးဟာ ကိုယ့်စိတ် ကိုယ် ဆုံးမပါသည်။

"ဟင့်အင်း…သူ့လိုဆရာဝန်တစ်ယောက်ဟာ သန့်ပြန့်ချောမောသော မမ်ကိုသာ စိတ်ဝင်စားမှာပါ၊ မီးက ပေတူ့ဟူးရယ်၊ ပြီးတော့ မီးကို သူ့မျက်စိထဲမှာ ကလေးတစ်ယောက်လို မြင်မှာပါလေ"

"ဟဲ့…နင်က ဘာငိုင်သွားတာလဲ မီးမီး"

ရုတ်တရက် မမက မေးလာ၏။

"ဟို…ဘာမှမဟုတ်ပါဘူး မမရဲ့"

မမရဲ့ စူးစမ်းမျက်ဝန်းတွေကြား မီးမီးက အကျပ်အတည်းဆိုက်နေစဉ်မှာပင်…

"မော်ရေ…မီးမီးရေ"

"ဟဲ့…အိမ်ရှေ့က ဘယ်သူလဲ"

မမက မေးလည်းမေး၊ ထသွား၏။ အခုမှ မီးမီးမှာ သက်ပြင်းချနိုင်သည်။ သက်ပြင်းပင် ဆုံးအောင်မချရသေး။

"မီးမီး"

"ရှင်…မမ"





"လာဦး…ဒီကို"

မမခေါ်သံကြောင့် မီးမီး အိမ်ရှေ့သို့ ပြေးထွက်ခဲ့သည်။ ဧည့်ခန်းထဲတွေ့ရသူက ဖေဖေ့ပွဲရုံမန်နေဂျာ ကိုကျော်ထွေး။

"ဪ…အစ်ကိုကျော်"

"ဟုတ်တယ် မီးမီး၊ ဦးက နှစ်ချုပ်စာရင်း စာအုပ်တွေ ယူခိုင်းလို့"

"ဟုတ်…မီး ယူပေးလိုက်မယ်"

"ပြီးတော့ ငွေ ငါးသိန်းလည်း ထည့်ပေးလိုက်ပါတဲ့"

"ဟုတ်ကဲ့…ခဏစောင့် အစ်ကိုကျော်၊ မီး သွားယူလိုက်ဦးမယ်"

အစ်ကိုကျော်က ဖေဖေ့လူယုံ။ ဆယ်နှစ်သားကတည်းက ပွဲရုံမှာ တောက်တိုမည်ရ ဝင်လုပ်သည်။ နောက် လုပ်ငန်းကျွမ်းကျင်တာရယ်၊ သစ္စာရှိတာရယ်ကြောင့် ဖေဖေက မန်နေဂျာ ရာထူး ပေးထားခဲ့တာဖြစ်၏။

ဖေဖေ ပွဲရုံမသွားလည်း အစစအရာရာ မျက်နှာလွှဲထားရသူ။ ထို့ကြောင့် ဖေဖေက မကြာခဏ ရေရွတ်ဖူးသည်။

"ကိုယ့်မှာ သားယောကျ်ားလေးမရှိတော့ မောင်ကျော်ဟာ ကိုယ့်သားအတိုင်းပဲ မိရေ၊ ယုံကြည်ရတယ်၊ စိတ်ချရတယ်၊ ပြီးတော့ မိဘမဲ့တစ်ကောင်ကြွက်၊ သူ့ဘဝလေးကို တို့ တတ်နိုင်သလောက် ကြည့်ရှုပေးရမယ်၊ ကိုယ့်ဆွေမျိုးသားချင်းလိုပဲ သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားပါ"

ထို့ကြောင့်လည်း မေမေကပါ ဖော်ရွေပျူငှာစွာ ဆက်ဆံပါသည်။ မျက်နှာသာ မပေးသူက မမ။

"အလကားပါ၊ ဖေဖေတို့ ပစားပေးလို့ အလုပ်သမားက အလုပ်သမားပဲ၊ ဘာမှ တစ်တန်းတည်း နေရာပေးစရာမလိုဘူး"

ဟု ပစ်ခါစွာ ပြောခဲ့တာ။ အခုလည်း ကြည့်။ မမက အရင်ထွက်သွားပြီး ယူပေးလို့ရရက်နဲ့ မီးမီးကို ခေါ်ခိုင်းတာ။ သူမ မဆက်ဆံချင်ဘူးဆိုတာ ပြတ်ပြတ်သားသားပြတာပင်။

မီးမီးက တွေးရင်း ငွေနဲ့စာရင်းစာအုပ်တွေ ယူလာပြီး အစ်ကိုကျော့်ကို ပေးလိုက်သည်။

"သွားတော့မယ် မီးမီး"

"ကော်ဖီ သောက်သွားပါဦးလား အစ်ကိုကျော်"

"တော်ပြီ မီးမီး၊ ဦး စောင့်နေရမှာစိုးလို့"

မီးမီးက အစ်ကိုကျော့်ကို အိမ်ပေါက်ဝအထိ လိုက်ပို့သည်။ အိမ်ထဲပြန်လှည့်ဝင်တော့ မမရဲ့ ခပ်တင်းတင်းမျက်နှာနှင့် ရင်ဆိုင်ရ၏။

"နင်က သူ့ကို ကော်ဖီသောက်ပါဦးနဲ့ ဖိတ်ရအောင် သူက ဘယ်လောက် အရေးပါတဲ့ ဧည့်သည်မို့လို့လဲ မီးမီးရဲ့"

"မမကလည်း ကိုယ့်အိမ်လာတဲ့ ဧည့်သည်ဆိုတော့"

"အိမ်လာတိုင်း ဧည့်သည်ဖြစ်ရောလား၊ နင့်ကို ငါကြည့်

ဗိုဓိဗိုဓိ၀၁၆၆



နေတာ ကြာပြီနော်၊ အစ်ကိုကျော်...အစ်ကိုကျော်နဲ့ လာတိုင်း မျက်နှာကို ပြုံးဖြဲနေတာပဲ၊ ဘာအဆင့်မှမရှိတဲ့လူကို ငါ ခေါက်ထည့်လိုက်ရ"

ပြောရင်း လက်ဆစ်ကပါ ခေါင်းပေါ်ဝဲလာတာမို့ မီးမီးက မီးဖိုချောင်ထဲ အမြန်ပြေးဝင်ခဲ့သည်။ ရင်ထဲမှာတော့ နားမလည်ခြင်းများစွာနဲ့။ လူတစ်ယောက်ရဲ့ အဆင့်အတန်းကို မမ ဘာပေတံနဲ့ တိုင်းတာပါသလဲ။

"ဟဲ့...အိမ်ရှေ့ခန်းမှာ သူရောက်နေတယ်"

မမရဲ့ အလောသုံးဆယ်စကားကြောင့် မီးမီး လှဲနေရာမှ ထထိုင်မိသည်။ ဖတ်လက်စ စာအုပ်အား လက်ညှိုးနဲ့ ကြားခံထားရင်း...

"ဘယ်သူလဲ မမ"

"ကိုကိုပေါ့ဟဲ့"

မမက မျက်နှာကို ကရင်ပတ်(ဖ်)ရိုက်၊ နှုတ်ခမ်းနီဖွဖွဆိုးရင်း ရင်ခုန်လှုပ်ရှားသော အသံနှင့်ပြောသည်။

"ကိုကို"

မီးမီးရင်ထဲ ရင်ခုန်သံအကျယ်ကြီး မြည်ဟည်းသွား၏။ တစ်ဆက်တည်းမှာပဲ ရင်ခုန်မြန်စေသော အကြည့်တွေကို ဖျတ်ခနဲ ပြင်ယောင်သွားသည်။ နှုတ်ခမ်းဖျားတွေက ထိန်းမရ၊ ရှက်ပြုံးတို့ ယီးလေးခိုလျက်။

"ဘာပြုံးနေတာလဲ မီးမီး"

ဗိုဓိဗိုဓိ၀၁၁၆

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မမအမေးကြောင့် လန့်သွားပြီး…

"ဟို…ဘာမှမဟုတ်ပါဘူး မမ"

"ဘာမှမဟုတ်ရင်လည်း အေးမာကိုပြော၊ ကော်ဖီဖျော်ခဲ့လို့"

"ဟုတ်"

ချာခနဲ လှည့်ထွက်သည်။ ဒါပေမဲ့ ခြေလှမ်းတို့က တံခါးပေါက်မရောက်မီ မမက မီးမီးလက်ကောက်ဝတ်ကို လှမ်းဆွဲသည်။

"နင်ထွက်မလာနဲ့နော် မီးမီး၊ နင့်ပါ စကားဝိုင်းထဲ သွင်းနေရရင် ငါတို့ပြောချင်တာတွေ မပြောရဘဲ နေလိမ့်မယ်"

"ဟုတ်…မမ"

မီးမီး တခဏချင်း နေလောင်ပန်းလို ညှိုးရော်သွားတာ ကိုယ့်ကိုယ်ကိုလည်း သိပါသည်။ မီးမီးက ကော်ဖီဇွန်းလေးကိုင်ပြီး ကိုကို့အပြုံးတွေကို တဝကြီး ခိုးငေးမည်ဆိုကာမှ…

ဒါပေမဲ့ မီးမီးက ဝမ်းနည်းစိတ်ကို အကြာကြီး မွေးမြူမထား။ မီးမီးရဲ့ဘဝပေး အခြေအနေက ဒါမျိုးတွေဖြစ်လာနေကျမို့ ဆန်းတော့မဆန်းပေ။

"မီးမီး…အိမ်ရှေ့ခန်းမှာလေ ဟိုအစ်ကိုကြီးရောက်နေတယ်သိလား"

မီးဖိုခန်းဝရောက်တာနဲ့ အေးမာက ဆီးကြိုပြောသည်။ မီးမီးက ခေါင်းပဲညိတ်ပြပြီး…

"မီး ကော်ဖီဖျော်ပေးမယ်၊ မအေးမာ သွားပို့"



"ဖြောင်းဖြန်းကြီး၊ ငါဖျော်ပြီး နင်သွားပို့ရမှာလေ"

"စကားတွေမရှည်ပါနဲ့ မအေးမာရယ်၊ မီးမီးခိုင်းတဲ့အတိုင်းသာလုပ်"

မီးမီးဟာ ကော်ဖီကို အကောင်းဆုံးဖြစ်စေရန် ကြိုးစားဖျော်သည်။ စေတနာတွေ၊ မေတ္တာတွေ များစွာပါ ထည့်ဖျော်ထားသည့် ကော်ဖီကို မြည်းကြည့်ရတာ အခါခါ။ မအေးမာကတောင် ပြောရတဲ့အထိ။

"မီးမီးရယ် တစ်ခါမြည်းရင် ဘာလိုတယ်ဆိုတာ သိပါပြီ၊ တကတည်း မြည်းနေတာနဲ့ ကုန်တော့မယ်"

"မကောင်းမှာစိုးရိမ်လို့ပါ မအေးမာရယ်၊ မီးက သူ့ကို အကောင်းဆုံးတွေချည်း ပေးချင်တာ"

"ကြည့်စမ်း ကောင်မလေးလည်း မရိုးတော့ပါလား၊ အေးလေ ကလေးမှမဟုတ်တော့တာ၊ တက္ကသိုလ်ကျောင်းသူကြီးဖြစ်နေပြီပဲကိုး၊ ခံစားချက်တွေ အဖြူရောင်ချည်း ဘယ်ရှိတော့မှာလဲ"

မအေးမာစကားကြောင့် မီးမီးဟာ မလုံမလဲဖြစ်သွားသည်။ မီးမီးဟာ ဟန်မဆောင်တတ်။ ပရိယာယ်မကြွယ်ဝသော ပျိုမြစ်နုသစ်သော အရွယ်၊ ရင်ခွင်တံခါး ပွင့်သွားပြီလား။

ဟင့်အင်း…ဒီလိုတော့ အဖြစ်မခံနိုင်။ မီးမီးအတွက် ကိုကိုဟာ မရောင်ဏ ထိုက်တန်သူမှမဟုတ်တာ။ စိတ်ကူးနဲ့ရူးပြီး ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ရင်ကွဲနာကျရမှာကို မီးမီး မလိုချင်။

"အဟင်း…အဲဒီလိုမဟုတ်ပါဘူး မအေးမာရယ်၊ ကိုကိုက လောကမှာ ဘာမဆို အကောင်းတွေချည်း ပိုင်ဆိုင်လာတဲ့သူလေ၊ ဒါကြောင့်လည်း မီးက အကောင်းဆုံးတွေပဲ ပေးချင်တာ၊ အဲဒီသဘောကို ပြောတာ၊ ရော့…သွားပို့ပေးလိုက်တော့"

မအေးမာ စကားကို အမြန်ဖြတ်သည်။ ပြီးမှ မအေးမာ မမြင်နိုင်သောနေရာမှ ဧည့်ခန်းဆီ ချောင်းမြောင်းရ၏။

မမနဲ့ ရယ်မောစကားတွေ ပြောနေသော ကိုကိုဟာ မီးမီး စိတ်ကူးထဲက မင်းသားတစ်ပါး။

မမကိုကြည့်သော အကြည့်တွေ၊ စကားသံတွေနဲ့ အပြုံးတွေဟာလည်း နွေးထွေးလှသည်။ ကြင်နာသော အပြုအမူတွေနှင့် ကိုကိုဟာ မီးမီးအတွက်တော့ ငေးမဝနိုင်စွာ။

ထိုခဏမှာပင် ကိုကိုက မီးမီးဖျော်ပေးသော ကော်ဖီကို တစ်ငုံသောက်ရင်း…

"မီးမီးတစ်ယောက်ရော မတွေ့ပါလား၊ ကိုယ်လာတိုင်း သူ့ကိုမတွေ့ရဘူးနော်"

မမမျက်နှာသည် ထိန်းမရအောင် ပျက်ယွင်းသွား၏။ မီးမီးကတော့ တောင်တောင်အီအီတွေ စဉ်းစားမနေ။ ကိုကိုက သတိတရမေးတော့ လှိုက်ခနဲ ပျော်သည်။ ထိုအပျော်ကြောင့်ပင် ပုန်းကွယ်နေရာမှ ဧည့်ခန်းဆီထွက်ရန် ဟန်ပြင်၏။





သို့ပေမဲ့ မမစကားတစ်ခွန်းကြောင့် မီးမီး ခြေလှမ်းတွေ တုန့်သွားရသည်။

"မီးမီးမရှိဘူး ကိုကိုရဲ့၊ ကျောင်းသွားတယ်"

"ဒီနေ့ ကျောင်းပိတ်ရက်ကြီးကို"

"ဩော်…ကျူရှင်သွားတာ၊ ကိုကို ဘာမှာချင်လို့လဲဟင်၊ မော့်ကိုမှာခဲ့၊ မော် ပြောပေးမယ်လေ"

"အထွေအထူးမဟုတ်ပါဘူး၊ သူက မာလကာသီးကြိုက်ဟတ်တော့ ကိုယ့်ခြံထဲ လာခဲ့ဖို့ပါ၊ မာလကာသီးတွေ ပွနေပြီလို့"

"ဩော်…ဟုတ်ကဲ့၊ မော် ပြောလိုက်ပါ့မယ်၊ မော်ရော လာခဲ့လို့ရမလားဟင်"

မမဟာ မျက်တောင်လေးစင်းချပြီး နှုတ်ခမ်းတွေပြုံးကာ ပေး၏။ ညှို့မျက်ဝန်းတွေနဲ့လေ။

"အင်း…ညီအစ်မနှစ်ယောက် အတူတူလာပေါ့"

ကိုကို့အဖြေဟာ မမအပြုံးတွေကို ပျက်ပြယ်သွားစေသည်။ မီးမီးကတော့ နံရံတွင် ငှေကျာမှီရင်း အခုန်မြန်သောရင်ဘတ်ကို ဖိထားရ၏။

ရင်ခုန်တတ်ရင် ချစ်တတ်ပြီလား။

ထိုမေးခွန်းကို မေးဖို့တော့လိုပြီ။ မီးမီးကို ရင်ခုန်အောင် ပြုစားသူကိုလေ။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ပွမ် . . . ပွမ်"

ကားဟွန်းသံကြား၍ မီးမီးက ဘေးတောင်ကပ်လျှောက်ပေးသေး။ ဒါပေမဲ့ ကားက ကျော်မသွားဘဲ မီးမီးဘေးနား တရွေ့ရွေ့ လိမ့်မောင်းလာကာ . . .

"မီး"

"အမေ့"

ယောင်ယမ်းပြီး ထွက်သွားတဲ့ အာမေဍိတ်။ ခေါ်သံဘက် လှည့်ကြည့်တော့ မီးမီးရင်ထဲ ကျဉ်တက်သွားသည်။

"ကိုကို"

ခေါ်သံက တိုးဖွဖွလေး။

"အဟား . . . ဘာဖြစ်တာလဲ၊ ကိုယ့်ကိုတွေ့တာများ တစ္ဆေသရဲတွေ့တဲ့အတိုင်းပဲ၊ ဘာလဲ ကျောင်းလစ်တာတွေ့သွားလို့





လန့်တာမဟုတ်လား"

ကိုကိုက ကားကို လမ်းဘေးကပ်ရပ်သည်။ ထို့နောက် ကားပေါ်ကဆင်းပြီး မီးမီးအနား ရောက်လာတဲ့အထိ အံ့အားသင့်တုန်း။ ကိုကို့ရဲ့ သန့်ပြန့်ရည်မွန်သော ပုံသဏ္ဍာန်ထဲမှာ မီးမီး မျောသွားတာပဲဖြစ်နိုင်ပါသည်။

အပြာနုရောင် ရှပ်အင်္ကျီ၊ ဓာတိုင်ပင်(န်)အနက်ရောင်နှင့် ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး မီးမီးကို ပြုံးကြည့်နေပုံက ဖျက်ဆောင်ခတ်ချင်စရာမရှိ။

"မီး"

"ရှင် . . . ကိုကို"

"မတ်တပ်ကြီး ဘာတွေအတွေးလွန်သွားတာလဲ"

ရှက်ရွံ့စွာ ခေါင်းငုံ့ချရင်း . . .

"ဪ . . မဟုတ်ပါဘူး၊ မီးကျောင်းပြေးတာ မဟုတ်ဘူးလို့ ပြောပြမလို့"

"ဒါဆို ဒီလမ်းထဲ ဘယ်လိုရောက်နေတာလဲ၊ မှန်မှန်လိမ်နော် ချာတိတ်၊ ဒီလမ်းက ကျောင်းနဲ့တခြားစီပဲကို"

"မဟုတ်ပါဘူး ကိုကို၊ ဒီလမ်းထောင့်ဆုံးက မီး သူငယ်ချင်းအိမ်၊ သူ နေမကောင်းလို့ သတင်းလာမေးရင်း ကူးပြီးသားစာအုပ်တွေ လာပေးတာ၊ ဒီနေ့ မီးက မနက်ပိုင်းပဲ အတန်းတက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဩော်"

"ကိုကိုကရော ဒီလမ်းထဲကို ဘာလာလုပ်တာလဲဟင်"

မီးမီးအမေးကို ကိုကိုက ချက်ချင်းမဖြေ။ စိုက်ကြည့်နေသော မျက်ဝန်းညိုတွေကြောင့် မီးမီးကပဲ အရင်မျက်လွှာချပစ်သည်။ ထို့နောက် အကြောင်းမဲ့ လွယ်အိတ်ကြိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း...

"ဟို...မီးမေးတာ ရိုင်းသွားလားမသိဘူး၊ မဖြေချင်လည်း ရပါတယ် ကိုကို၊ မီး မမေးဘူးလို့ သဘောထားလိုက်ပါ၊ သွားတော့မယ်နော် အရမ်းနောက်ကျရင် ကားတွေကျပ်မှာစိုးလို့"

ပြောပြီး လှည့်ထွက်သည်။

"ဟိတ်...နေဦး"

ခေါ်သံနှင့်အတူ မီးမီးရဲ့ လွယ်အိတ်ကြိုးလေး တင်းခနဲ ဖြစ်သွားသည်။

"ကိုယ့်အဖြေကို မစောင့်ဘဲ ဘာလို့ထွက်ပြေးတာလဲ"

"ကိုကို မဖြေချင်ဘူးထင်လို့ပါ"

"ကိုယ့်လူနာ လာကြည့်တာ၊ အသက်ရှစ်ဆယ်ကျော် အဘွားကိုလေ၊ သွေးတိုးနှလုံးရှိတယ်၊ ဆေးခန်းမလာနိုင်လို့၊ မိး သူငယ်ချင်းအိမ်နဲ့ တစ်ခြံကျော်"

"ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်မျိုးကြီးက တစ်ပတ်တစ်ခါ



လာကြည့်ပေးရတာပါခင်ဗျ"

ကိုကိုက ရွှတ်နောက်နောက်ပြောသည်။ ထိုအပြောကြောင့် ပင် ပြိုင်တူလို ရယ်မောမိကြ၏။ တစ်ခဏချင်းပင် ကိုကိုနဲ့ စိမ်းသက်မနေတော့။ တသားတည်း နီးစပ်သွားသလို ခံစားရသည်။

"ကဲ...ကားပေါ်တက် ကလေးမ၊ အိမ်ပြန်မှာမဟုတ်လား"

"ဟုတ်ကဲ့"

"ကိုယ်လည်း ပြန်မှာပဲ၊ မင်းအတွက် ကိုယ်ခူးထားတဲ့ ဟလကာသီးတွေလည်း ပေးလိုက်မယ်"

"ကျေးဇူးတင်ပါတယ် ကိုကို"

မီးမီးက ကြည်မွေ့စွာပြောသည်။ အိမ်အပြန်လမ်း တစ်လျှောက် ကိုကိုနဲ့ စကားတွေပြောတာမှ အများကြီး။ မီးမီး ကြိုက်တတ်သော အစားအစာတွေအကြောင်း။ အနုပညာရှင်တွေ အကြောင်း။

ထိုမှတစ်ဆင့် ကိုကိုက အငိုက်ဖမ်းကာ မေးခွန်းတစ်ခု မေးခဲ့၏။ မီးမီး မျှော်လင့်မထားသော မေးခွန်း။

"မီးမှာ ချစ်သူရှိပြီလား"

ရုတ်တရက်မို့ မီးမီးက ရှက်ရွံ့ထူပူစွာနှင့်...

"အာ...ကိုကိုကလဲ"

"မေးကြည့်တာနော်၊ မဖြေချင်လည်းရတယ်၊ မီးက

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းတော့ ချစ်တဲ့သူရနေပြီလားလို့''

ဘေးတစောင်းမြင်ရသော ကိုကို့မျက်နှာကို မီးမီးက တစ်ချက် ခိုးငေးသည်။ ကိုကိုမြင်သွားမှာ စိုးစိတ်နှင့် မျက်လွှာပြန်ချရင်း တိုးတိမ်သောအသံလေးနှင့်…

''မရှိပါဘူး ကိုကို''

ဟု အမှန်အတိုင်း ပြောလိုက်သည်။ ထိုခဏ ကိုကို့မျက်နှာပေါ်၌ အရောင်အဝါတချို့ ဖျတ်ခနဲ လင်းသွားသလိုပင်။

မီးမီးသည် ဘာကြောင့်မှန်းမသိ။ တစ်စုံတစ်ခုကို ကြိုတင်ခန့်မှန်းရင်း အပျော်စိတ်က တိုးဝှေ့လွှမ်းခြုံလာသည်။ ထိုနေ့က ကိုကို့အိမ်အထိ မာလကာသီးတွေ ဝင်ယူပြီး အိမ်တိုင်ရာရောက် ကိုကိုက လိုက်ပို့ခဲ့၏။

အိမ်အဝ၌ မမမျက်နှာတင်းတင်းကို တွေ့လိုက်ရ၏။ တစ်လမ်းလုံး ပျော်ခဲ့ရသမျှ မမအကြည့်စိမ်းအောက်မှာ အငွေ့ပျံသွားသည်။

''နင်…သူနဲ့ဘယ်လိုတွေ့တာလဲ မီးမီး''

ကိုကိုပြန်သွားပြီးနောက် မမက ခက်ထန်စွာမေး၏။

''လမ်းမှာပါ မမ''

''သူ့အိမ်ဝင်ပြီး နင်က ဒါတွေတောင် ယူခဲ့သေးဘယ်ဟုတ်လား၊ နင့်မှာ သိက္ခာမရှိဘူးလား၊ ယောကျ်ားပျိုတစ်ယောက်ထဲနေတဲ့အိမ်ကို''



''ဟို…ကိုကို ယူပေးတာပါ၊ မီးက ကားပေါ်တင်စောင့်''

''တိတ်စမ်း…ဒီမှာ မီးမီး၊ မျက်နှာသာပေးလို့ ဟုတ်လှပြီမထင်နဲ့၊ နင်သိထားဖို့က ကိုကိုနဲ့ ငါတို့ မိဘတွေ ရည်ရွယ်ထားပြီးသား၊ နင့်ဦးနှောက်လေး တစ်ထွာတစ်မိုက်နဲ့ ဝင်လုဖို့မစဉ်းစားနဲ့ပါပဲ ငါပြောမယ်''

မီးမီး ပခုံးတစ်ဖက်ကို ဖြတ်တိုက်၍ မမက ထွက်သွားပြီ။ ယိုင်သွားသော ကိုယ်ကို ပြန်ထိန်းရင်း မျက်ရည်တစ်စက်ပါးပေါ် ရှပ်တိုက်ပြေးဆင်းသွား၏။

မီးမီးက ဝင်လုမှာ စိုးရိမ်သတဲ့လား မမရယ်။

''သားရေးသမီးရေးကိစ္စ လာပြောတာပါ၊ အတိအကျပြောရရင်တော့ သမီးတောင်းဖို့ဗျို့''

ကိုကို့ မိသားစုလိုက် ထိုင်ထိုင်ချင်းပြောသည့်အခါ မီးမီးတာ ဧည့်ခန်းသို့ပင် မထွက်ရဲတော့။ မမကတော့ ထုံးစံအတိုင်းပင်။ ကိုကိုနှင့် သူ့မိဘတွေ လာမည်ဆိုကတည်းက မှုန်နေအောင် အလှပြင်ထားပြီ။

အပြုံးကျော့ကျော့နှင့် ဧည့်သည်တွေကို ဧည့်ခံ၍နေပြီ။

''မီးမီးရယ်…နင်လည်း ဒီမိသားစုဝင်ပဲဥစ္စာ၊ ဘာဖြစ်လို့ ပြင်ထွက်ပြီး ဧည့်ခံပေါ့''

''အာ…မီး မလိုပါဘူး၊ သူတို့က မမကို လာတောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြတာလို့''

ပြောရင်း ဝမ်းနည်းစိတ်အခံနှင့် အသံတိမ်ဝင်သွားသည်။ အမှန်တော့ မီးမီးက ရင်မဆိုင်ရဲတာ။ ဘယ်ရင်ဆိုင်ရဲပါ့မလဲ။ မီးမီးက စိတ်ကူးနဲ့ တိတ်တိတ်ကျိတ်ရူးခဲ့သူ။ မီးမီးမှာ ဘယ်သူမှ မသိပေမဲ့ ကိုယ့်စိတ်ကူး ကိုယ်သိသည်။ အခုတော့ ရှက်တာရော၊ နှမြောတာရော၊ ယူကျုံးမရတာတွေပါ ရောထွေးနေတဲ့ ခံစားချက်က ဆိုးရွားလှသည်။

မီးမီး ရင်ဘတ်ကို တဒုန်းဒုန်းထုရိုက်ခံထားရသလို ရင်နာလှသည်။

''မီးမှာ ချစ်သူရှိပြီလား''

''မီးက ချစ်စရာကောင်းတော့''

အစရှိသော စကားလုံးတွေမှာ မျှောပါခဲ့ရတာ။ သာယာခဲ့တာ။ ဒါတွေဟာ အခုတော့ သဲထဲရေသွန်သလို အကုန်ပျောက်ပျက်သွားရပြီ။ ထူးတော့ မထူးဆန်းပါ။

ဒီလိုခံစားချက်တွေဟာ မီးမီးနဲ့ ရင်းနှီးပြီးသားပဲ။ ဒါပေမဲ့ ငယ်စဉ်တုန်းကလို ကြေကွဲခြင်းတွေက ခဏလေးနှင့် ပျောက်သွားမှာမဟုတ်။ နှလုံးသား၌ အမာရွတ်ကျန်ခဲ့ပြီ။

''အို…ဒါ မီးရဲ့ ဘဝပေးအခြေအနေပေါ့''

လို့ အားတင်းပြီး တိတ်တဆိတ် ရှုဘ်ဆိုချိန်မှာပင်…

''မီးမီး''



''ရှင်…မေမေ''

ထမင်းစားခန်းထဲသို့ ဝင်လာသော မေမေ့မျက်နှာသည် အံ့ဩရိပ်တွေ စွန်းထင်းလျက်။

မီးမီးအား အထူးအဆန်း သတ္တဝါတစ်ကောင်လို စိုက်ကြည့်နေသည်။ မီးမီးက ထိုအကြည့်ဒဏ်ကို မခံနိုင်တော့ဘဲ…

''မေမေ…မီးကို ဘာခိုင်းမလို့လဲဟင်၊ ညှော်သည်တွေအတွက် ဘာလိုလို့လဲ''

မီးမီး မေးတာကတစ်မျိုး၊ မေမေပြောတာက တစ်မျိုး။

''မောင်နေရောင်က သမီးကို လာတောင်းတာတဲ့''

''ရှင်''

ဖြစ်နိုင်လျှင် ထိုနေရာမှာပဲ ခေါက်ခံနဲ့ သတိလစ်ချင်သည်။ ဝမ်းသာလုံးဆို့ပြီးတော့လေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"သားက ရှေ့လထဲမှာ နိုင်ငံခြားကို ပညာတော်သင် ထွက်ရမှာဆိုလို့သာ အလောတကြီး စီစဉ်ရတာ၊ သမီးလေးရော မိတို့ပါ ကြိုတင်ပြောခွင့်မရတာကိုပဲ မာလာက အားနာနေရတာ"

"အို…ကိစ္စမရှိပါဘူး၊ ရုတ်တရက်ကြီးဆိုတော့ အံ့သြသွားတာ တစ်ခုတည်းပါ"

"သားကတော့ အမေ့ဆီ ချက်ချင်းဖုန်းဆက်ပြီး ပူဆာတာလေ၊ အသက်ချင်းလည်းကွာ၊ ဒီကြားထဲ သူက ပညာသွားသင်ရဦးမှာဆိုတော့ စိတ်မချပါဘူးတဲ့၊ မာလာက ချစ်သူတွေဖြစ်နေကြပြီလားဆိုတော့လည်း မဟုတ်ဘူးတဲ့မိရယ်၊ မာလာမှာ အံ့လည်းသြ၊ သားရဲ့ဆန္ဒကိုလည်း မပယ်ရှားရက်ပြန်ဘူးလေ၊ သူက ဒီအရွယ်သာရောက်တာ၊ အဲဒီလိုကိစ္စတွေ မကြားဖူးခဲ့တော့ ထူးဆန်းနေတာ၊ ဒါပေမဲ့ မီးမီးကို မေးထားပြီးသားတဲ့၊ ချစ်သူ





မရှိပါဘူးဆိုပဲ၊ ကဲ အဲဒါသာကြည့်တော့ မိရေ၊ ရည်းစားစကား တောင် မအေကိုပြောခိုင်းချင်တဲ့ပုံစံ"

လူကြီးတွေရဲ့ စကားသံတွေကို နားထောင်ရင်း မီးမီး ဟာ ခေါင်းပင်မမော့ရဲ။ အိပ်မက်မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတာ အခါခါ။ ဒီကြားထဲ မျှော်လင့်မထားသူမို့ မီးမီးမျက်နှာမှာ ဘာအပြင်အဆင်မှ မရှိ။ ရုပ်အင်္ကျီပွကြီးအား ပါတိတ်ထဘီထဲ ဖြစ်သလို ထည့်ဝတ်ထားသေး။

အို…ဒီလို ကပေါက်တိကပေါက်ချာ မိန်းကလေး တစ်ယောက်ကို ကိုကိုက ချစ်သတဲ့လားကွယ်။

"မိတို့အနေနဲ့ကတော့ ဘာမှပြောစရာမရှိပါဘူး၊ မောင်နေ ရောင်ကလည်း ကိုယ့်တူကိုယ့်သားလို ဖြစ်နေတာကို၊ မီးမီးကိုယ်တိုင်ကလည်း ချစ်သူမရှိဘူးလို့ ဝန်ခံထားတော့၊ အင်း…မေမေ့ သမီးငယ်လေးလည်း ငြင်းစရာမရှိဘူးနဲ့တူတယ်နော်"

မီးမီးက ဟန်ပင်မဆောင်နိုင်။

"ဟုတ်"

မီးမီး တိုးတိုးလေးပြောပြီး ခေါင်းညိတ်ပြမိသည်။ အချစ်က ဟန်ဆောင်စရာမှ မလိုတာကွယ်။

လူကြီးတွေဟာ စကားဝိုင်းဖွဲ့ရင်း ဧည့်ခန်းထဲ ကျန်ရစ်၏။ မီးမီးကတော့ ရှက်ရှက်နှင့် မာလကာပင်အောက် သွားထိုင်သည်။ ပါးစပ်ကို လက်ဝါးနှင့်ပိတ်ပြီး တခိခိ ကျိတ်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ကို အခါခါ ဆိတ်ကြည့်၏။

ပျော်ရလွန်း၍ပါ။ ကိုကိုက မီးမီးကို…

"မီး"

ခေါ်သံ။ မီးမီးကိုယ်လေး ဆတ်ခနဲတုန့်သွား၏။

"ကိုကို"

ကိုကို့မျက်နှာကိုမြင်တော့ မီးမီး ရှက်ရွံ့စွာ မျက်လွှာချသည်။ မျက်နှာကိုဝှက်ရန် ကြိုးစားသည်။ မအောင်မြင်။ မီးမီးနားသို့ ကိုကို ရောက်လာပြီ။ ကိုကိုက မီးမီးပခုံးလေးကို ဆွဲထူရပ်စေရင်းက…

"ကျေးဇူးတင်ပါတယ် မီးရယ်"

"ဘာလို့"

"ကိုယ် မုန့်ပေးတာယူလို့"

"ရှင်"

မီးမီးက ခဏကြောင်တက်တက်ဖြစ်သွားသည်။ အတွေးတွေ တဖျတ်ဖျတ် ပြေးလွှားသွားသည်။ ရှက်စိတ်တောင် မေ့သွားခဲ့အထိ။ မစဉ်းစားနိုင်တော့တဲ့ အချိန်မှ…

"ကိုကိုက ဘာမုန့်ပေးလို့လဲ"

မော့မော့လေးမေးသည်။ ငုံ့မိုးနေသော ကိုကို့မျက်နှာနှင့် ထိလုနီးပါး။ အရည်လဲ့နေသော မျက်ဝန်းတို့နှင့် ကိုကိုက စိုက်ကြည့်ရင်း…



"ကလေးကို မာလကာသီးပေးပြီး ပိုးရတာလေ"

ရှက်စိတ်က ဗြုန်းဆို ပြန်ပူးကပ်လာသည်။

"အာ…ကိုကိုကလဲ"

ဦးခေါင်းလှလှလေးကို ဖျတ်ခနဲ ခေါင်းပြန်ငုံ့မှာ ကိုကိုက မီးမီးခေးဖျားလေးကို လက်ညှိုးနှင့် အသာလေး ပင့်တင်ပြီး…

"ကိုကိုက တစ်ခါတည်း လက်ထပ်သွားချင်တာ၊ ဒါပေမဲ့ မီးလည်း ကျောင်းမပြီးသေးတော့ စေ့စပ်ထားမယ်၊ ကိုကို ပြန်လာတာနဲ့ လက်ထပ်မယ်၊ အဲဒါဆို မီးလည်း ကျောင်းပြီးနေပြီ၊ ကဲ ဘယ်လိုလဲ အဲဒီအစီအစဉ်ကို သဘောကျရဲ့လားဟင်"

တလေးတယှပေးလာသော ကိုကို့ကြောင့် ရင်ထဲနွေးသွားရသည်။ မီးမီးသည် ယုံကြည်ကိုးစားခြင်းများစွာနှင့် ကိုကို့ရင်ခွင်၌ ခေါင်းမှီရင်း…

"ကိုကိုက အကြီးပဲဥစ္စာ၊ ကိုကို စီစဉ်သလို မီး နာခံမှာပေါ့"

"မီးက သိပ်လိမ္မာတာပဲ၊ ကိုယ်က မီးကို စတွေ့တဲ့နေ့ကတည်းက ချစ်ခဲ့တာ၊ အဲဒါကို သိလား"

"အဟင်း…မသိဘူး"

"ကဲ…ဒါဆို အခု သိအောင်လုပ်ပေးမယ်"

"အို"

ဒုတိယအကြိမ် မျက်နှာကို ဆွဲမော့သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ညင်သာသော အနမ်းတွေက ပန်းပွင့်တွေ ကြွေကျသည့်အလား ရင်ဘတ်တစ်ခုလုံးမှာ ကျဉ်ခနဲ ကျိန်းရှသွားသည်။

လေဟာနယ်ထဲ လွင့်မျောသွားတာလား မသိ။ သေချာတာက ကိုကို့ရင်ခွင်ကို တွယ်မှီရင်း အနမ်းထဲ မျောသွားတာပင်။

တကယ်တော့ အနမ်းဆိုတာ အချစ်ရဲ့ဖွားဖက်တော်။

"တောက်"

နှလုံးသားမှာ ထိန်းမရအောင် ခုန်ပေါက်နေသည်၊ ခြံထဲရှိ မြင်ကွင်းတွေက ရင်ကိုပစ်လွှတ်သော အဆိပ်လူးမြှားလို။

မုန်းတီးခြင်းက နှုတ်ခမ်းဖျားဉ်ရှိသည်၊ ခန္ဓာကိုယ်က လောင်မီးကျလျက်။ နှလုံးသား၌ ဘီလူးစီးနေပြီ၊

မော့ဘဝက ဒီနေရာတင် ပျက်စီးသွားပြီ။ သို့သိင်သော ဣန္ဒြေ၊ တောက်ပထင်ရှားသော အလှတရားတို့က သူ့အသွက် အသုံးမဝင်ဘူးလား။

မော် မုန်းခဲ့သော ရည်မှန်းချက်၊ မက်ခဲ့တဲ့ အိပ်မက်၊ မော် ပေးခဲ့ရသော ပရိယာယ်မာယာတွေဟာ ဒီနေ့အချိန်ခဏလေး အတွင်း စကားလေးတစ်ခွန်းရဲ့အောက်မှာ ပြာကျသွားခဲ့ရပြီ။

"သမီးလာတောင်းတာ မိရေ၊ ဦးစက်ရှိန် နားနဲ့မနာ ဖဝါး နဲ့သာနာပါနော်၊ မာလာ့သားက ဦးစက်ရှိန်တို့ရဲ့ သမီးအငယ်လေး မီးမီးကို မြတ်နိုးလို့ဆိုတာနဲ့၊ မာလာတို့လည်း မိဘတို့ဝတ္တရားရှိတဲ့ အတိုင်း မြန်းပေးဖို့ ဆင်းလာခဲ့တာ"





ထိုစကားက တိုင်းစုံးတစ်လုံးလို။ မော်ရဲ့ အလှ၊ မာန၊ သိက္ခာတွေကို တစ်စစီ ဆုတ်ပြဲသွားစေသည်။

ညှို့ခန်းထဲမှ ရှုံးနိမ့်ထွက်ခွာခဲ့ရတဲ့အဖြစ်ကို မေ့မရ။

"သွားစမ်းပါ"

ဆံပင်ရှည်တွေ ယမ်းခါသွားအောင် ခေါင်းကို ခပ်ကြမ်းကြမ်း ခါထုတ်ပစ်သည်။ အရှုံးဆိုတာ မော်နဲ့ ဘယ်တုန်းကမှ မသက်ဆိုင်တဲ့အရာ။

အခုလည်း မဆိုင်ဘူး။ နောင်လည်း မဆိုင်ဘူး။

မော်ဟာ နှုတ်ခမ်းပါးတွေကို စားသွားလက်သလို ပြုံးပစ်ခါ။

"နှင်အိပ်မက် မမက်နဲ့ မီးမီး၊ ငါက သူများလက်ပြ နှုတ်ဆက်တာမျိုးကို ကြည့်နေမဲ့ မိန်းမ မဟုတ်ဘူး၊ ငါကပဲ အရင် နှုတ်ဆက်မှာ၊ အနိုင်တွေယူကိုပြီးတော့လေ"

တီးတိုးရေရွတ်သည်။ ဘာမှမမြင်နိုင်တဲ့အထိ အတွေးက ယိုးနှင်းဝေသွားပြီ။ ခနက်ဖြန့်ဟာ ဘယ်သူ့လက်ထဲမှာရှိသလဲ။ ဒါကို သိဖို့လိုပြီ။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဘာ...ဘယ်သူ"

နားကြားများ လွဲသလား။ စာအုပ်ကို ရုန်းခနဲပိတ်ပြီး လှည့်မေးတာကြောင့် မော့်သူငယ်ချင်းတွေက အံ့ဩစွာ ငဲ့ကြည့်သည်။ စကားဝိုင်းကို ဦးဆောင်နေသော စင်သီကပင်...

"လန့်လိုက်တာ မော်ရယ်၊ နင်ကလည်း စောစောကတော့ စိတ်မဝင်စားတဲ့ပုံမျိုးနဲ့"

"အေးလေ...စိတ်ဝင်စားတော့လည်း ဗြုန်းဒိုင်းကြီး"

ခင်ဝိုင်းကပါ ဝေဖန်၏။ မော်ကတော့ သူမစရိုက်အတိုင်း ဝေဖန်ခြင်းတွေကို သိပ်ဂရုမစိုက်။ ဆံပင်ရှည်တွေကို လှပစွာ ယမ်းခါလိုက်ပြီး...

"ပြောစမ်းပါ၊ နင်တို့ပြောနေတဲ့အထဲ နေရောင်ဆိုတဲ့ နာမည်များ ပါသလားလို့"

မိုးမိုး၊ ၁၃၈၈



"အေး...ပါတယ်လေ၊ သူက ကိုကို့ရဲ့ အခင်ဆုံးသူငယ်ချင်း။ ဆေးတက္ကသိုလ်စတက်ကတည်းက လေးယောက်တစ်ဖွဲ့ ပေါင်းခဲ့တာ၊ အခု ကိုကိုက နယ်ကို ပိုစတင်ကျတယ်၊ အဲဒီ ကိုနေရောင်က နိုင်ငံခြားမှာ ပညာတော်သင်သွားမှာ၊ ကျန်တဲ့ နှစ်ယောက်က အိမ်ထောင်သည်တွေ၊ ရန်ကုန်မှာပဲ နေရမှာ၊ သူတို့ရဲ့ နှုတ်ဆက်ပွဲ"

"နင်...စောစောကပြောတော့ နင့်သူငယ်ချင်းတွေကိုပါ ပါတီပေးမှာဆို"

"အေလေး...မော်ရယ်၊ သူကဖြင့် လာဝိုင်းမှာမဟုတ်ဘဲနဲ့ များ အတူးအခန်းလုပ်ပြီး လာမေးနေသေးတယ်၊ စင်သီတို့က တစ်နှစ်မှာ ဆယ့်နှစ်လစလုံး ပါတီပေးတာ၊ အဖေ၊ အမေက ပွဲလုပ်လိုက်၊ သူ့အစ်ကိုက ပွဲလုပ်လိုက်၊ သူကလုပ်လိုက်နဲ့ကို"

"အလကားပါ...အဲဒီမိန်းမက သူမလာနိုင်မှန်းသိလို့ ဟန်ဆောင် စိတ်ဝင်စားပြနေတာ"

စင်သီက မျက်စောင်းတစ်ချက် ထိုးရင်း စိတ်ဆိုးဟန်နှင့် ပြောသည်။ ဟုတ်တော့လည်း ဟုတ်သည်။ အပျော်အပါးမက်၍ ကြေးရတတ်ဖြစ်သော စင်သီတို့မိသားစုက ပွဲအမျိုးမျိုး ကျင်းပတတ် တာ ထုံးစံလိုဖြစ်နေပြီ။

အပေါင်းအသင်းမင်လှတဲ့ စင်သီကလည်း ဘာပွဲလုပ်လုပ် သူငယ်ချင်းတွေကို ဖိတ်ကြားစမြဲ။ ထိုထဲ၌ မတက်ရောက်နိုင်၊

မိုးမိုး၊ ၁၃၈၈

www.burmeseclassic.com

www.burmeseclassic.com



ပျက်ကွက်သူက မော်ဖြစ်သည်။ မော့်မိဘတွေဟာ ရှေးရိုးဆန်ကြသူတွေ။

ထို့ကြောင့် သမီးမိန်းကလေးအား ညအိပ်ညဉ့်နေ ဘယ်ပွဲလမ်းသဘင်မှ မလွှတ်တတ်ကြ။ အခုတော့ မလွှတ်လွှတ်အောင် မော် ကြံစည်ရတော့မည်။ အခွင့်အရေးစောင့်နေသူ မော့်လက်ထဲသို့ ကံကြမ္မာက အခွင့်ပေးခဲ့ပြီ။

"မော် အဲဒီပွဲကို လာမယ်"

"ဟဲ့…ဟုတ်မှလည်း လုပ်နော်"

"နင့်အိမ်နဲ့ ဖြစ်ပါ့မလားမော်ရယ်"

"အေးလေ…ဘယ်တုန်းကမှ မလွှတ်တဲ့ဥစ္စာ"

မော်က အေးစက်စက်အပြုံးနှင့် ခေါင်းယမ်းရင်း…

"လာဖြစ်အောင် မော် လာခဲ့မယ်"

လို့ သေချာရေရာစွာ ပြောခဲ့သည်။ ကိုယ် လိုချင်သော အရာကို သိသူအဖို့ ရအောင်ယူဖို့ မခဲယဉ်း။

သေချာတာက အနာဂတ်ရဲ့ ဝှက်ဖဲတစ်ခု မော့်လက်ထဲမှာရှိနေပြီ။

"တက္ကသိုလ်နောက်ဆုံးနှစ်လည်း ရောက်နေပြီ၊ သူငယ်ချင်းတွေစုပြီး ပျော်ပွဲရွှင်ပွဲလုပ်တာဆိုတော့ မေမေ မတားချင်ပါဘူး၊ ပြီးတော့ စင်သီတို့မိသားစုတွေကလည်း အဆင့်အတန်းရှိတဲ့ မိသားစုပါ၊ သမီးကြီး သွားချင်သွားပေါ့"





"တကယ်နော် မေမေ"

မော်က ဝမ်းမြောက်စွာ အတည်ပြုပေး၏။ မေမေက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဒါပေမဲ့"

မေမေ့ရဲ့ ဆက်ရန်စကားကြောင့် မော် စိတ်ထင့်သွားသည်။

"မီးမီးကိုပါ ခေါ်သွားရမယ်"

"အာ…မေမေကလဲ၊ မော်တို့က လွတ်လွတ်လပ်လပ် ပျော်ချင်လို့ ညအိပ်ပြီးကဲမှာကိုး၊ အစ်မကို ညီမက လိုက်စောင့်ရှောက်ရမယ်ဆိုပြီး အပေါင်းအသင်းတွေကြားထဲ သတင်းပြန့်သွားရင်လည်း ဘယ်ကောင်းပါ့မလဲ"

"ဟုတ်တယ် မေမေရဲ့၊ မီးလည်း ကိုယ့်အိပ်ရာကလွဲရင် သူများအိမ်မှာ ည မအိပ်တတ်ဘူး"

"မအိပ်ရပါဘူး သမီးရဲ့၊ သမီးက လိုက်သွားပြီး မမတို့ ဘယ်လိုပျော်ကြပါးကြလဲဆိုတာ ကြည့်ခဲ့၊ ပြီးရင် အိမ်ကကား ထွက်လိုက်မယ်၊ ပြန်လိုက်လာခဲ့ပေါ့၊ သမီးကြီးကိုလည်း မယုံကြည်လို့ ဒီလိုလုပ်တာ မဟုတ်ဘူးနော်၊ စင်သီတို့က လာခေါ်မယ်၊ တစ်ညလုံး မေမေတို့ မျက်စိကွယ်ရာမှာ ထားရမယ်ဆိုတဲ့အတွက် ဒီလောက်တော့ မေမေ ပြန်သိသင့်တယ် မဟုတ်လား"

"ဟုတ်ကဲ့ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မော် လက်ခံလိုက်ရသည်။ မေမေက ထိုအစီအစဉ်ကို လက်မခံလျှင် မသွားနှင့်ဆိုက မော် အခက်တွေ့လိမ့်မည်။ အခွင့် အရေးက နှစ်ခါမလာမှန်း မော် သိသည်။

မီးမီးကိုတော့ မော်က မှုစရာမလို။ မီးမီးဟာ မော့် လက်ခုပ်ထဲကရေ။ သွန်လိုသွန်၊ မှောက်ချင်မှောက်။ စိတ်ကြိုက် ခြယ်လှယ်ခွင့်ရသူ။

ထိုညနေမှာ ကိုကိုက မီးမီးထံ အခစားဝင်တတ်သည့် အကျင့်အတိုင်း အိမ်ကိုရောက်လာ၏။ ဒီနေ့တော့ မော်ဟာ သူတို့ မလှမ်းမကမ်း၌ရှိနေခဲ့သည်။ အခါတိုင်းလို ရှောင်ဖယ်သောရိုးရာကို ဖျက်ပြီးလေ။

သူတို့ ဘာပြောကြသလဲ သိချင်၍ဖြစ်၏။

"နက်ဖြန်ညနေတော့ ကိုယ်မအားဘူး မီးရဲ့၊ ကိုယ့်သူငယ် ချင်း ဆရာဝန်တွေက နှုတ်ဆက်ပွဲလုပ်ချင်တယ်ဆိုတာနဲ့"

မီးမီးဟာ စကားတောင် ဆုံးအောင်နားမထောင်နိုင်။

"အယ်…ကြည့်စမ်း တိုက်ဆိုင်လိုက်တာနော်၊ မီးလည်း မနက်ဖြန် မရှိဘူး၊ မမနဲ့ အဖော်လိုက်သွားပေးရမှာ၊ အဲဒါ ကိုကို့ကို အရင်စပြောဖို့ အားနာနေတာနဲ့"

"ဘာအားနာစရာလိုလဲ မီးရယ်၊ ချစ်သူချင်းတွေကို"

"ကိုကိုပဲ ပြောဖူးတယ်လေ၊ တစ်နေကုန် ဆေးစာအုပ် တွေနဲ့ ပင်ပန်းခဲ့သမျှ မီးကိုတွေ့မှ အမောပြေတာဆို၊ အခု မီးက





မတွေ့ရမယ့်အကြောင်း အရင်စပြောတော့ ကိုကို အမောမပြေမှာ စိုးရိမ်တာပေါ့"

"အဟား…မီးက စကားတွေ တော်တော်တတ်လာပါ လား"

"အဲဒါ နှုတ်ဖျားက လာတာမဟုတ်ဘူး၊ ရင်ဘတ်ထဲက ပေါက်စစ်အမှန် သယ်ဇာတတွေ"

"ဟား…ဟား ဟုတ်ပါတယ်ဗျာ၊ ယုံပါတယ်"

အပြုံးအရယ်တွေ။ လေညှင်းသယ်ဆောင်လာသော သူတို့ နှစ်ဦးရဲ့ ချစ်ရနံ့တွေကို မော်က မုဒိတာပွားပေးနေလိုက်သည်။ ချစ်ကြပါစေ။ ဒီအချစ်တွေရဲ့ အနာသတ်မျှဉ်းကို မော်ကိုယ်တိုင် ရေးဆွဲရမည့်သူလေ။

"နင် ဒီကအကြောင်းတွေ မေမေ့ကို ပြန်မပြောဘူးလို့ ယုံတယ်နော် မီးမီး၊ နင်က မိဘကို စိတ်အနှောင့်အယှက် ပေးစေချင်တဲ့ သမီးအလိမ္မာပဲလေ၊ မော့်လွတ်လပ်ခွင့်တွေလည်း ပါတ်ပင်တဲ့ ညီမတစ်ယောက်အဖြစ် မော်က ချစ်နေချင်တာ"

မမပြောသောစကားတွေ ပြန်ကြားယောင်လာသည်။ ရင်ခုန်စိမ့်ရှေ့မြင်ကွင်းက ရှုပ်ယှက်ခတ်နေဆဲ။ အိမ်အောက်ထပ်တစ်ထပ် ဆီ၌ သီချင်းသံတွေနှင့် ဆူညံလို့။

မမသူငယ်ချင်း မိန်းကလေးတွေရော ယောကျ်ားလေးတွေ ပါ တွေ့ရသည်။ အဝတ်အစားကလည်း မျက်စိရှက်စရာ။ အသား



www.burmeseclassic.com

www.burmeseclassic.com



ကို ထိကပ်နေသော ဓာတွေ။

ခပ်ပြောင်ပြောင်ပိတ်စအား ရင်ညွှန့်အထိ ဝိုက်ချထားသော အင်္ကျီပုံဆန်းတွေနှင့်။ မီးရောင်မှိန်မှိန်အောက်မှာ ဖန်ခွက်ချင်းထိကပ်သံတွေကလည်း မပြတ်ထွက်ပေါ်နေ၏။

"ဒါ…ပါတီပေးတာလေ၊ မီးမီးက မကြုံဖူးဘူးနဲ့တူတယ်၊ မျက်လုံးလေးကို ဝိုင်းနေတာပဲ၊ ဒီဖန်ခွက်ထဲကဟာက အရက်မဟုတ်ပါဘူး၊ ဝိုင်လေ၊ မက်မန်းဝိုင်၊ သောက်လို့သိပ်ကောင်းတယ်၊ သောက်ကြည့်ပါလား"

"နေပါစေ မမစင်သီ၊ မူးမှာစိုးလို့ပါ"

"ဟား…ဟား မမူးပါဘူး၊ ရီတီတီလေးပါ၊ မော်ရေယူညီမကတော့ ယုန်လေးကျနေတာပဲ၊ တကယ့်အဖြူထည်လေးနော်"

"ဖြူတာမဟုတ်ဘူး စင်သီ၊ မီးမီးက ရိုးတာ၊ ရိုးလွန်းတော့ ထုံသွားမှာ စိုးရတာ"

မမက အဲဒီလိုဝင်ပြောခါမှ တသောသောပွဲကျသွားသည်။ မီးမီးက သူတို့ကြားထဲမှာ လှောင်စရာဖြစ်လို့။

"ပြန်ရင်လည်း စိတ်ဖြောင့်ဖြောင့်ပြန်နော်၊ စိတ်ချယူအစ်မ ဘာမှမဖြစ်စေရဘူး"

စကားတွေကို မီးမီးက ခေါင်းပဲညိတ်ပြမိသည်။ ငြီးငွေ့လှပြီ။ မွန်းကြပ်လှပြီ။ မီးမီးသည် ထွက်ပေါက်ရလိုရငြား အိမ်ကြီးရဲ့



တံခါးဘက်တံခါးကို ဖွင့်ကြည့်သည်။

ဝရန်တာလေး။ မီးမီး ထွက်ဟန်ပြင်ချိန်မှာ အနားသို့ အိမ်ရှင် မမစင်သီ ရောက်လာ၏။

"အပြင်ထွက်ချင်လို့လား မီးမီး"

"ဟုတ်…လေကောင်းလေသန့် ရှူချင်လို့"

"ဒါဆို အပေါ်ထပ်ဝရန်တာ သွားလေ၊ အပေါ်မှာ ဘယ်သူမှမရှိဘူး၊ ဒီတံခါးဖွင့်လိုက်ရင် အိမ်ထဲ တအားဆူနေတာတွေ အပြင်လျှံထွက်သွားမှာစိုးလို့၊ အပေါ်ထပ်ကနေကျတော့ မီးမီး အိမ်က ကားလာကြိုတာလည်း တွေ့နိုင်တယ်လေ၊ လာ တို့လိုက်ပို့ပေးမယ်"

မမစင်သီ ဦးဆောင်ရာ အပေါ်ထပ်ဆီ လိုက်လာမိသည်။ လှေကားခြေရင်းက အခန်းတစ်ခန်းက တံခါးလေးဟနေသဖြင့် မီးမီးအကြည့်တွေ ဝေ့သွား၏။ ယောကျ်ားသံတွေသာ ကြားရပြီး လူလုံးကွဲပြားစွာ မတွေ့ရ။

မီးမီးရဲ့ အကဲခတ်မှုကို အကင်းပါးသော မမစင်သီက ရိပ်မိသွား၏။

"အဲဒါ ကိုယ့်အစ်ကိုရဲ့ သူငယ်ချင်းတွေလေ၊ အကုန်ယောကျ်ားတွေချည်းပဲ၊ အပေါင်းအသင်းစုံတုန်း ပါတီပေးကြတာ၊ သူတို့ပါတီက ကိုယ်တို့လိုမဟုတ်ဘူး၊ ငြိမ်ငြိမ်သက်သက်ပဲ"

"သြော်"

www.burmeseclassic.com

www.burmeseclassic.com



''လာ…ဒီမှာထိုင်ချင်လည်းထိုင်၊ လွတ်လွတ်လပ်လပ် နေပေါ့''

အပေါ်ထပ် ဝရန်တာက အကျယ်ကြီး။ မီးရောင်က မှိန်ဖျော့ပေမယ့် သဘာဝညရဲ့ လေကြောင့် လန်းဆန်းစေသည်။ မမစင်သီကတော့ မီးမီးအတွက် ထိုင်ခုံချပေးပြီး အောက်ထပ်ပြန် ဆင်းသွားပြီ။

မီးမီးက ကြယ်တွေ သီးထနေသော ကောင်းကင်ကြီးကို မော့ငေးနေမိ၏။ ညရဲ့တိတ်ဆိတ်မှု၊ သိပ်သည်းသော အလှတရား၊ လတ်ဆတ်သန့်စင်သော ညဦးလေပြေထဲ နစ်မျောနေမိတာ အကြာ ကြီး။

ဘယ်လောက်ကြာမှန်းမသိ။ ခပ်ဆူဆူစကားသံ၊ ခြေသံ တွေကြောင့် အတွေးကမ္ဘာထဲမှ မီးမီး ရုန်းထွက်လိုက်သည်။ ရုတ်တရက် ဖြစ်ပေါ်လာသော စူးစမ်းစိတ်ကြောင့် မှောင်ရိပ်ကျ သော နံရံဆီ ကိုယ်ကို ရှိကပ်ထား၏။ အသံလာရာဆီ လှမ်းကြည့် မိသည်။

ဒယိမ်းဒယိုင် လူတစ်ယောက်။ ဘေးတစ်ဖက်ဆီမှ လူနှစ်ယောက်က တွဲလာ၏။

''ဒီကောင်ကွာ…ဒီလောက်လေး သောက်တာနဲ့ မှောက်ရ သလားကွ''

''ဟော့ကောင်…သူများ အပြစ်မပြောနဲ့၊ မင်းတောင်

မိုးမိုး ၁၂၆၈



အာလေးလျှာလေးဖြစ်နေပြီ''

''မပူနဲ့၊ မင်းတိုက်တာ ဒီည ငါအကုန်သောက်မှာ''

စကားသံတွေ ပိုပီသလာသည်။ မြင်ကွင်းလည်း ပိုပီပြင် မှာ။ မီးရောင်အောက်က လူသုံးယောက် အခန်းတစ်ခန်းဆီ သွားနေ သည်။ မီးမီး ရပ်နေသော ဝရန်တာဘေးမှ အခန်း။

''ဟင်''

အံ့ဩသော အာမေဋိတ်။

''ကိုကိုပါလား''

မျက်နှာချင်းဆိုင် ရပ်လိုက်သလို ဖြစ်သွားသည်။ ဇက်ကြိုး စောင်းတဲ့အထိ မူးယစ်နေသူက ကိုကို။ မီးမီး အသိက ကိုကိုဟု လက်ခံချိန်၌ ထိုလူသုံးယောက်စလုံး အခန်းထဲဝင်သွားပြီ။ သိပ်မကြာလိုက်။ လိုက်ပို့သော လူနှစ်ယောက် အခန်းထဲမှ ပြန်ထွက် ကာ အောက်သို့ ပြန်ဆင်းသွားသည်။

အပေါ်ထပ်ကြီးသည် ချောက်ချားဖွယ်ကောင်းလောက် အောင် တိတ်ဆိတ်သွား၏။ မီးမီးသည် နံရံကို ကပ်မှီရင်း အခုန် ပြန်နေသောရင်ကို ကြိုးစားထိန်းနေဆဲ။

အချစ်သည် ထိုသို့သော တိုက်ဆိုင်မှုကို ဖန်တီးပေးတတ် ပါသလား။ အစောကြီးကတည်းက ကိုကိုရှိမှန်း သိခဲ့လျှင် သူများ တွေထက်ပင် မီးမီး ပိုပျော်ရဦးမည်။ အခု သိရချိန်ကျတော့…

''ဟွန်း…ကိုကိုက မူးနေပြီ၊ အဲဒီလိုမှန်းသိရင် မနေ့က

မိုးမိုး ၁၂၆၈

www.burmeseclassic.com

ကတည်းက ကိုကို့သူငယ်ချင်းလိပ်စာ မေးလိုက်ရင်ပြီးရော၊ မေသာသိရင် ချိန်းပြီးလာသလားလို့တောင် ထင်မှာ၊ ကိုကို့ကို မီး ဒီမှာရှိနေတာပြောပြရင် ကောင်းမလား၊ အိမ်ကလာကြိုရင် ပြန်ခေါ်သွားရင် ကောင်းမလား၊ အယ်…အဲဒါတော့ မဖြစ်သေးပါဘူး၊ ဦးပန်ပြန်ပြောလို့ မေမေသိသွားရင် မမ အခုခံရမှာ၊ မဖြစ်သေးပါဘူး၊ ဘယ်လိုလုပ်ရမလဲ မသိဘူး"

မီးမီးက ပွစိစိလုပ်ရင်း နဖူးကို လက်ဖနောင့်နဲ့ထုကာ အကျပ်ရိုက်နေခဲ့သည်။ ထိုအချိန်မှာပဲ ကိုကို့အခန်းဆီမှ…

"ဝေါ့"

ခနဲ ထိုးအန်သံ၊ မသဲမကွဲ စကားသံ၊ ညည်းတွားသံတွေ ဆက်တိုက်ကြားလိုက်ရသည်။ ရုတ်တရက်ဖို့ မီးမီးမှာ ကိုကို့အတွက် အခိုးရိမ်ကြီးသွားခဲ့၏။ ထို့ကြောင့် ဘာမှမစဉ်းစားနိုင်ခင်မှာပဲ ခြေလှမ်းတွေက ကိုကို့အခန်းဝဆီ ရောက်သွားခဲ့ပြီ။

"ကိုကို"

အခန်းတံခါးဖွင့်ပြီးတာနှင့် ခေါ်ရင်း ပြေးဝင်သွားသည်။ နီမြန်းသော ကိုကို့မျက်နှာပေါ်မှာ မီးမီးကို တွေ့လိုက်ရ၍ အံ့သြမှုတွေ အထင်းသား။ ရီဝေဝေမျက်ဝန်းတွေနှင့်…

"မီး"

လေးတွဲစွာခေါ်ပြီး ယိုင်ခနဲဖြစ်သွားသည်။ ကိုကို့လဲကျမှာစိုးရိမ်စိတ်နှင့် ကမန်းကတန်း ခါးကိုပြေးအဖက် အရှိန်မထိန်းနိုင်



ဘဲ အိပ်ရာပေါ် နှစ်ဦးသား လုံးထွေးကျသွား၏။

"အိုး…ကိုကို"

မျက်စိဖွင့်ကြည့်သော ကိုကိုသည် မီးမီးကိုယ်ပေါ်ဖိလျက်။ ကိုကို့နှုတ်ခမ်းပါးများသည် မီးမီးနှုတ်ခမ်းများဆီ ထိကပ်ရန် ဦးတည်လာသည်။ နှုတ်ခမ်းများမှတစ်ဆင့် ယမကာနံ့ကို ရနေ၏။ ရုတ်ခြည်း မူးဝေသလို ခံစားလိုက်ရသည်။

"ဟင့်အင်း…မီးက"

ခေါင်းယမ်းရင်း ကိုကို့နှုတ်ခမ်းတွေထံမှ ရုန်းထွက်သည်။

"ကိုယ်…အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်၊ ချစ်တယ် မီးရယ်"

"အို…ဟင့်အင်း…ဟင့်အင်း ကိုကိုရယ်"

မီးမီးနှုတ်ခမ်းတွေပေါ် ချိုရှသော အနမ်းတွေ စွန်းထင်းသွား၏။ လူက အေးခနဲ မြောက်တက်သွားသည်။ ခံစားမှုက တိမ်တိုက်တွေ စီးရသလို တငြိမ့်ငြိမ့်မှ အသူတရာနက်သော ချောက်ကမ်းပါးကြီးဆီ ကျသွားသလို ရင်ထဲအေးခနဲ။

အားကိုးစရာ ကိုကို့လက်ချောင်းတွေကို ဆုပ်ကိုင်ချိန် မီးမီးလက်ထဲမှ ရုန်းထွက်၍ ကိုကိုက ခပ်ကြမ်းကြမ်းပွေ့ဖက်စဉ် မီးမီးလက်ထဲ တစ်စုံတစ်ရာ ကျန်ခဲ့၏။

မီးမီးသည် ကျူကာယ်ရာမှ အချစ်ပင်လယ်ထဲ ရွက်လွှင့်ပြီးမှသာ ထိုလက်ထဲ ကျန်ခဲ့သော တစ်စုံတစ်ရာကို အားကိုးတကြီး

www.burmeseclassic.com



ဆုပ်ကိုင်ထားခဲ့၏။

စိတ်ထဲမှာ ဘာမှမရှိ။

ပန်းနုရောင်လွင်ပြင်ထဲ ကိုကိုနဲ့ မီးမီး နှစ်ယောက်တည်း ကမ္ဘာတည်လို့။

"ဒီညလေးကို…ကိုယ်မမေ့ဘူး၊ ဘယ်တော့မှ"

နောက်နားဆီမှ ကိုကို့ရေရွတ်သံကို ထားခဲ့သည်။ 'ငါ အညှာလွယ်ခဲ့ပြီ'ဟူသော အသိစိတ်။ ရှက်စိတ်ကို ချစ်စိတ်က ဖုံးလွှမ်းတော့ ကြည်နူးစရာပီတိပင် ဖြစ်ခဲ့သည်။

မီးမီးအချစ်ကို ကိုကို့အား သက်သေပြနိုင်ခဲ့ပြီ။ ဒီသက်သေ ထက် ခိုင်လုံတာ ဘာရှိဦးမလဲ။

ဘဝ၌ ကမ္ဘည်းတင်ရလောက်တဲ့အထိ ပန်းတော်ဦးကို ဆက်ခဲ့တဲ့ မီးမီးအချစ်။ မီးမီးကို ကိုကိုက ခြွေခဲ့တာမဟုတ်။ မီးမီးက ကြွေလွင့်ပြီး ကိုကို့ခြေရင်း၌ ဝပ်ဆင်းခဲ့တာ။

မီးမီးသည် ပီတိပြုံးနှင့် ဒရောသောပါး လှေကားထစ် တွေဆီမှ ပြေးဆင်းလာသည်။

"မီးမီး"

"ရှင်…ဟင်…မမ"

လှေခါးတစ်ဆစ်ချိုး၌ မမ စူးစမ်းအကဲခတ်သော အကြည့် ရှရှများနှင့်…

"အောက်မှာ ကားရောက်နေပြီ၊ နင် အပေါ်ထပ်ကနေ





မမြင်ဘူးလား"

မီးမီးသည် ဖရိုဖရဲဖြစ်နေသော ဆံပင်တို့အား နားရွက် နောက်သို့ပို့ရင်း…

"ဟို…မီး အိပ်ပျော်သွားလို့ မမ၊ မီး ပြန်တော့မယ်"

မမရဲ့ အဖြေစကား မစောင့်တော့။ အဲဒီအကြည့် ကွန်ယက် အောက်က လွတ်မြောက်ချင်ပြီ။ မီးမီးက လှေခါးကို ဆက်ဆင်း သည်။ တုန်လှုပ်မှုက ပြင်းစွာသော ရင်ခုန်သံကို ဖြစ်ပေါ်စေ၏။

"နေဦး"

မမဟန့်တားမှုကြောင့် မီးမီး ရင်ထိတ်သွား၏။ မျက်နှာ ချင်းမဆိုင်ရဲဘဲ…

"ဘာလဲ မမ"

"မော့်အကြောင်းတွေ မေမေ့ကို ပြန်မပြောနဲ့နော်"

"ဟုတ်ကဲ့"

ကျန်ရှိသောလှေကားထစ်တွေကို မီးမီး ဒုန်းစိုင်းပြေးဆင်းခဲ့ သည်။ အိမ်အပြင်ဘက်သို့ ပြေးထွက်တာလွင့်ခနဲ။ မီးမီး နောက် ကျောကို မမ တခုံးတခ ငေးနေတာကိုလည်း မသိတော့။

ကားပေါ်ရောက်မှ လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားသော အရာလေးအား ဖွင့်ကြည့်မိသည်။ ဒရိုင်ဘာ ဦးပန် မသိအောင်။ ညအမှောင်ထဲမှာ တောက်ပစွာရှိသော ကိုကို့ရဲ့ ပတ္တမြားလက်စွပ်။



www.burmeseclassic.com

www.burmeseclassic.com



မရည်ရွယ်သောကံစွတိုင်း အမှတ်တရဖြစ်တတ်ပါ သလား။ မီးမီးအတွက်ကတော့ ဒီညဟာ ဘဝရဲ့အမှတ်တရပင်။

◇ ◇ ◇

## အခန်း (၁၁)

"ရုတ်ဖို့ကောင်းလိုက်တာ၊ ညည်းမိဘကို ဒါနဲ့ပဲ လှလှ ပပ တော့ဗုဒ္ဓူးဆပ်တာပေါ့၊ မလွှတ်ဖူးလို့ ငါက လွှတ်မိပါတယ်၊ တစ်ခါတည်း ခွေးလုံးလုံးဖြစ်ပါပေါ့လား၊ ဟင် ညည်းအေ မှားစရာ လူရှားလို့ ဒီလူ…ဒီလူက ကိုယ့်ညီမနဲ့"

"တော်ပါတော့ မမေရယ် မော်လည်း တမင်ရည်ရွယ် ပြီး လုပ်ခဲ့တာမှမဟုတ်တာ၊ အခန်းထဲက မှုးပြီးအရမ်းအန်နေတဲ့ အသံတွေရော၊ နောက် လဲကျတဲ့အသံတွေပါ ကြားတော့ မော်… မော် စိုးရိမ်သွားတာ၊ မော် ချောင်းကြည့်ပါသေးတယ်၊ တခြားလူ ဆို မော် မသွားပါဘူး၊ အခုဟာ မီးမီးရဲ့လူ၊ ပြီးတော့ မော်တို့နဲ့ ရင်းနှီးနေတဲ့ ကိုကိုဆိုတော့ မော် စိုးရိမ်သွားခဲ့တာ၊ မော် ဝင်သွား မှ သူက မော့်ကို မီးမီးနဲ့မှားပြီး"

မီးမီးဟာ ကြားနိုင်စွမ်းမရှိတော့။ မမအခန်းထဲက

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်အရွဲသားနှင့် ပြေးထွက်ခဲ့သည်။ မီးမီးအခန်းထဲရောက်တာနှင့် အခန်းတံခါးကို ကျောမှီပိတ်ရင်း ငိုချတာ အားပါးတရ။

မီးမီး ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။ မီးမီးအပေါ် အမြဲမကောင်းခဲ့တဲ့ ကံကြမ္မာကိုလား။ ကိုကို့ကို ချစ်လွန်း၍ လိုက်လျောပေးဆပ်ချင်တဲ့ မီးမီးနှလုံးသားကိုလား။

ပါတီပွဲကိုလား။ ကိုကိုသောက်ခဲ့တဲ့ အရက်ကိုလား။ အိုမသိတော့။ ကံကြမ္မာသည် အရာရာ လွဲချော်ခဲ့လေပြီ။ ညကမှအမှတ်တရဖြစ်ခဲ့သော မီးမီးအတွက် ဒီမနက်ကြားရတဲ့ သတင်းဆိုးက မယုံနိုင်စရာ။ မမစင်သီယာ မနက်အစောကြီး ဖုန်းဆက်သည်။ ကိုကို့အခန်းထဲ၌ မမကို တွေ့သည်တဲ့။

ကိုကိုနဲ့မမ မှားယွင်းပြီး ကိုကိုက လက်ထပ်မည်ဟု ကတိပေးရသည်တဲ့။ ကြားက မီးမီး မယုံနိုင်။ လူက မေ့မျောသလိုတောင် ဖြစ်သွားသေးတာ။ မမကို သွားပြန်ခေါ်တဲ့အထိ ကားပေါ်၌ မဖြစ်နိုင်ဘူးဆိုတာ ရေရွတ်တုန်း။

ဒါပေမဲ့ မမစင်သီတို့အိမ်ရောက်တော့မှ မီးမီး ရေရွတ်ခြင်းတွေက အလကားဖြစ်သွားရ၏။

ဧည့်ခန်းထဲ၌ မမစင်သီမိဘတွေ၊ နောက် ဖေဖေ၊ မေမေ။ သူငယ်ချင်းအပေါင်းအသင်းတွေရှေ့၌ တစ်ခွန်းတည်းသောစကားကို ပြောခဲ့သည်။

"ကျွန်တော့်မိဘတွေကို အမြန်ဆုံးခေါ်ပြီး မော်နဲ့လက်ထပ်





ဖို့ စီစဉ်ပါ့မယ်"

"ကိုကို"

မီးမီးရင်ထဲ ဟာခနဲဖြစ်သွားသည်။ အတွင်းရှိ ကလီစာတွေအားလုံး ဆွဲယူလွှင့်ပစ်လိုက်သလို ဟင်းလင်းပွင့်သွား၏။ မီးမီးဟာ ကိုယ့်ရဲ့ဟန်ပျက်နေတဲ့ သွင်ပြင်ကို အမျှားမြင်မှာ စိုးရိမ်သည်။

ပြီးတော့ ခေါင်းကြီးငိုက်စိုက်ချထားသော ရှက်ရွံ့နိမြန်းနေသော ဆံပင်တွေ ပွယောင်းပြီး ဖရိုဖရဲဖြစ်နေသော ချစ်ဦးသူကိုပကြည့်ရက်တော့။ မီးမီး ကြေကွဲမှုက ကိုကို့ကို သနားစိတ်ထက်အများကြီး လျော့နည်းသလို ခံစားရသည်။

ကိုကို့စိတ်ဓာတ်တွေ ယိမ်းယိုင်နေရှာမှာပဲ။ ဒါမျိုး ဘယ်သူဖြစ်ချင်ပါ့မလဲ။ မဖြစ်ချင်ဘဲ ဖြစ်ခဲ့ရပြီ။

ပြီးတော့ မီးမီးအပေါ် ထားရှိသော ကိုကို့ချစ်ခြင်းမေတ္တာ။ ကိုကို့ရဲ့ဂုဏ်သိက္ခာကို ယုံသည်။

မမကတော့ မမှားချင်ဘဲ အမှားခံရသူ။ မီးမီးက ချစ်၍ပေးဆပ်ခဲ့သူ။ ဘယ်သူက လျော်ကြေးရသင့်သလဲ။

ရှိပါစေ။ မီးမီးက ကိုယ့်မိုက်ပြစ်နဲ့ကိုယ်။

အဲဒီလိုတွေးပြီး ကိုကို့အပေါ် ထားတဲ့ချစ်စိတ်ကို တိတ်တဆိတ် ဖျက်သိမ်းပစ်ခဲ့သည်။ မမအတွက် ခေါင်းမီးတောက်နေသော မိဘတွေဟာ မီးမီးကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်။

ထို့ကြောင့် အားချင်းစီစဉ်သော မမတို့မင်္ဂလာပွဲအတွက်



www.burmeseclassic.com

www.burmeseclassic.com



တောင် မီးမီးက အလုံးစုံ ကူညီခဲ့သည်။ တကယ့်အင်တိုက်အား တိုက်ပါ။ ရင်ထဲက မဖြေသာနိုင်သေးတဲ့ ဝေဒနာအတွက်တော့ ကိုကိုနဲ့ မတွေ့အောင်ရှောင်သည်။

ဒါပေမဲ့ နှုတ်ခမ်းများ၌ အပြုံးတွေတင်ထားဆဲ။ ထိုအပြုံးတွေက တစ်ချက်တစ်ချက် မဲ့ကျပြီး ငိုမဲ့မဲ့ဖြစ်သွားတာရှိသေး။ ဒါကို ရိပ်မိသူက အေးမာ။

"ငါ...စိတ်မကောင်းဘူး မီးမီးရယ်၊ တကယ်ဆို နင်က ကိုနေရောင်နဲ့ သင့်တော်တဲ့သူ၊ လိုက်ဖက်တဲ့သူပါ၊ ငယ်ကတည်းက နင် မော့်အပေါ် အရှုံးပေးခဲ့ရတာ ငါသိတာပဲ၊ ဒါပေမဲ့ဟာ အဲဒီကံတရားက ဘယ်လိုဖြစ်နေမှန်းကိုမသိဘူး"

"ပြီးတာတွေ ပြီးပါစေတော့ မအေးမာရယ်၊ ပြောမနေပါနဲ့တော့၊ အချိန်ကြာလာတော့လည်း မီး ခံစားရသမျှ ပျောက်သွားမှာပါ"

"ဒါတော့ဒါပေါ့ဟယ်၊ ငါတော့ နင်ခံစားနေရတာ မကြည့်ရက်ဘူး၊ ကိုနေရောင်ကြီးလည်း ခံစားရမှာပါပဲ၊ သူ့မျက်နှာက ပြုံတော့မယ့်မိုးလိုပဲ၊ မှိုင်းညို့နေတာ၊ နင့်ကိုလည်း လိုက်ရှာနေတယ် မီးမီးရဲ့၊ နင်က အတွေ့မခံဘဲ ရှောင်နေတာကိုး"

"တွေ့စရာမှမလိုတော့တာ မအေးမာရဲ့"

မီးမီးရင်ထဲ လှိုက်ဆို့လာတဲ့ ဝမ်းနည်းခြင်းကို ဖုံးကွယ်ချသည်။ ထို့ကြောင့် မအေးမာ ဆေးပြီးသား ပန်းကန်တွေအား



အဝတ်ခြောက်တစ်ခုနဲ့ သုတ်ပေးနေ၏။ ဒါတောင် ထိန်းမရသော မျက်ရည်တစ်စက်က ပန်းကန်ပေါ် ကြွေကျသွားသေးတာ။

မအေးမာမြင်မှာ စိုးစိတ်နဲ့ မီးမီးက အမြန်ပွတ်တိုက်ပစ်သည်။ မီးမီးရင်ထဲက ဝေဒနာမျက်ရည်တွေကို အဲဒီလို ပွတ်တိုက်ပစ်လို့ရရင် သိပ်ကောင်းမှာပဲ။

မအေးမာကဖြင့် မီးမီး ဖြစ်ပျက်နေတာတွေကို မသိ။ ခြံထဲသို့ လှမ်းမျှော်ငေးသည်။ မမကတော့ ကိုကို့လက်မောင်းကို ယီးလေးခိုတွဲရင်း ဘာတွေတွတ်ထိုးနေမှန်းမသိ။

အဲဒီမြင်ကွင်းကို မီးမီးက မမြင်ချင်၍ မီးဖိုချောင်ထဲလာနေကာမှ မီးမီးမျက်စိရှေ့တည့်တည့်သို့ တိုးဝင်လာတာမျိုး။

"မီး...အဲဒါတွေ မသိချင်တော့ပါဘူး မအေးမာရယ်"

မီးမီး အသံတုန်တုန်နဲ့ပြောပြီး လှေကားဆီ မီးမီးက ပြေးထွက်သွားပြီ။ ရင်ထဲ လေးလံခြင်းများကို အေးမာက သက်ပြင်းမောအဖြစ် ရှိုက်ထုတ်ပစ်၏။ အပြစ်ရှိသူ ရှာမတွေ့တဲ့ကံတရားက တရားခံဖြစ်စမြဲ။

ဒီတစ်ခါ မီးမီးအပေါ် ကံတရားကျီစယ်တာ မလွန်လွန်းဘူးလား။

"မီး"

မွေ့နေသော ဇွန်းလက်ကိုင်က တန့်သွား၏။ မမရေချိုးနေတုန်း ရောက်လာသော ကိုကို့ကို ဧည့်ခံရန် တာဝန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အရင်တုန်းကလိုပဲ စေတနာအပြည့်နဲ့ ကော်ဖီဝင်ဖျော်တာ။

ပြီးရင် မအေးမာကို ပို့ခိုင်းမလို့ပင်။ အခု မအေးမာက ဘယ်ရောက်နေမှန်းမသိ။ ကိုကိုကတော့ မီးမီးအနားသို့ ရောက်လာပြီ။

"ကိုယ်…စကားနည်းနည်းပြောချင်လို့"

"မင်္ဂလာကိစ္စအတွက် လိုအပ်တာမှန်သမျှ မေကျီမှာထားလေ ကိုကို၊ မီး လုပ်ပေးပါ့မယ်"

"ကိုယ်ပြောချင်တာက မင်္ဂလာကိစ္စမဟုတ်ဘူး၊ ကိုယ့်ကို ကြည့်ဦး မီး"

ကိုကိုက မီးမီးပခုံးနှစ်ဖက်အနေ ဆွဲလှည့်သည်။ မီးမီးသည် မျက်ရည်တို့ လင်းလဲ့နေသော မျက်ဝန်းတွေနှင့် ကိုကို့အား တစ်ချက်ကြည့်ရင်း…

"မီးတို့ကြားမှာ ပြောစရာမရှိတော့ဘူးကိုကို"

ခေါင်းငုံ့ရင်းပြောသည်။

"ရှိတယ်…ကိုယ်မေးတာကို အမှန်အတိုင်းဖြေပေးပါ၊ အဲဒီညက မီး ကိုယ့်ဆီလာခဲ့တယ်မဟုတ်လားဟင်၊ မီး ပြန်သွားတော့ အိပ်ပျော်သွားတယ်၊ ကိုယ်နိုးတော့ ဘေးနားမှာ ခေါ့်ကို တွေ့တယ်၊ အဲဒီကြားထဲက အချိန်လေးဟာ တစ်ခုခုလွဲနေသလိုမျိုး ကိုကို ခံစားရတယ်၊ ပြီးတော့ ကိုယ် မချွတ်တမ်းဝတ်ထားတဲ့လက်စွပ် မီးဆီမှာများလားဆိုတဲ့ အတွေးက အချိန်ကြာလာလေ ပိုထင်ရှား"



"မဟုတ်ပါဘူး ကိုကို"

မီးမီးက စကားကို အဆုံးသတ်မခံ။ ရိုင်းတယ်ထင်ရင်လည်း ထင်ပါစေတော့။ နောက်ဆက်တွဲ စကားတွေကို နားမထောင်နိုင်။ မယိုင်အောင် ခနည်းခိုင်းထားရတဲ့ မီးမီးစိတ်ဓာတ်တွေ မပြိုလဲပါရစေနဲ့တော့။

ပတ်ဝန်းကျင်မှာ ကိုကို့ကို မျက်နှာများတဲ့သူလို့ အထင်မခံနိုင်။ မီးမီးရဲ့ မိဘတွေလည်း အပြောင်းအလဲနောက်မှာ ခေါင်းမရှုပ်စေချင်တော့။ မီးမီးဟာ အဲဒီဆုံးဖြတ်ချက်အတိုင်း နှုတ်ခမ်းတွေကို တင်းနေအောင် ဆွဲစေ့သည်။ ကိုကို့မျက်ဝန်းထဲ တည့်တည့်စိုက်ကြည့်ရင်း…

"ကိုကို့ကို အစ်ကိုအရာပေးလိုက်ရတဲ့အတွက် မီး တစ်သက်လုံး ဂုဏ်ယူပြီး ပျော်နေမှာပါ၊ ကိုကိုက မီးရဲ့အစ်ကို ဖြစ်ထိုက်သူပါ"

လျှော့ခါးအဆင်း မော့်ခြေလှမ်းတွေ တုံ့သွားသည်။ မော်ဆက်နားထွင့်ပေမဲ့ ဘာမှမကြားတော့။ မီးမီးက ခြံထဲသို့ ပြေးဆင်းသွားသည်၊ မီးမီးရဲ့နောက်ပါးမှ လေးတွဲ့သောခြေလှမ်းတွေနဲ့ ကိုကို။

မော်က ထိုမြင်ကွင်းကို ကြည့်ပြီး လက်ခနဲပြုံးသည်။ သူတို့ အသည်းကွဲနေတာမြင်ရတော့ စိတ်မကောင်းပါ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



မော်က စိတ်မကောင်းရုံပဲ တတ်နိုင်သည်။ အသည်းကွဲမခံနိုင်။ ထိုထက်ဆိုးတာက အရှုံးမခံနိုင်။

ထိုညက အဖြစ်အပျက်တွေကို မော်က ဒိုင်ယာရီရေးရန် စိတ်ကူးထားခဲ့သည်။ မော့်အောင်မြင်မှုမှတ်တမ်းအဖြစ်။

စိတ်ကူးတဲ့အတိုင်း မော် အကောင်အထည်ဖော်ခဲ့သည်။ မင်္ဂလာပွဲကျင်းပရန် တစ်ရက်အလို၌ စတင်ရေးသားခဲ့၏။

အဲဒီညက မီးမီးထွက်သွားတာနှင့် မော် သူ့အခန်းရောက်ခဲ့တာ။ သူဟာ အင်္ကျီကြယ်သီးတွေ ပြုတ်ထွက်ပြီး တရှူးရှူး အိပ်မောကျနေခဲ့သည်။ အရက်ရှိန်ကြောင့် နီမြန်းနေသော သူ့မျက်နှာက မော့်အတွက်တော့ ညှို့အားကောင်းတုန်း။

မော်သည် သူ့ကို တစိမ့်စိမ့်ငေးမောကြည့်ပြီး သူ့ဘေး၌ ခွေခွေလေး ဝင်အိပ်ခြင်းဖြစ်သည်။ သူ့လက်တစ်ဖက်ကို အသာဆွဲယူ၍ မော့်ကိုယ်အား ဖက်ထားစေသည်။

ထိုအထိအတွေ့သည် မော့်တစ်ကိုယ်လုံးအား ရှိန်းမြွေးထွေးသွားစေ၏။ သူ့ဆန္ဒအရ မော့်ကို ထွေးပွေ့မည်ဆိုပါက။ အိုကွယ် ဒီကမ္ဘာမှာ မော့်လောက် ပျော်သူမရှိပြီ။

နောက်တစ်နာရီလောက်ကြာလျှင် အောက်က ပါတီပွဲပြီးသွားပြီ။ ပြန်တဲ့လူ နှုတ်ဆက်သံတွေ ငြိမ်ကျသွား၏။

"မော်...ဘယ်ချောင်မှာ မူးပြီးသွားအိပ်နေလဲမသိဘူး"

"အပေါ်ထပ် တက်သွားပြီးကတည်းက ငါမတွေ့တော့တာ"



"ဒါဆို...အပေါ်ထပ်မှာ သေချာပြီ"

အစရှိသော အသံတွေ။ လှေကားဆီမှ တက်လာသော ခြေသံတွေကြားမှ မော်က အိပ်နေရာမှ လူးလဲထသည်။ ဆံပင်တွေ ဝတ်အစားတွေကို ဖရိုဖရဲဖြစ်အောင် ဆွဲဖွပစ်သည်။

ထို့နောက် လောကကြီးအား မေ့လျော့သည်အထိ အိပ်ပျော်နေသော သူ့ကို စိုက်ကြည့်ရင်း...

"မော့်ကို ခွင့်လွှတ်ပါ ကိုကို"

တီးတိုးတောင်းပန်၏။ မော်သည် ထို့နောက်မှာတော့ ကာယံဒမိ မင်းသမီးတွေ အရှုံးပေးရသော အမူအယာမျိုးနှင့် တရှုံ့ရှုံ့ တင်ငိုကြွေးတော့တာဖြစ်၏။

မော့်ရှိုက်သံက တစ်စထက်တစ်စ ပိုကျယ်လောင်လာတဲ့ ခါ အခန်းကို ကျော်ဖြတ်တော့မည့် ခြေသံတွေက မော်တို့အခန်း ရှေ့၌ တိခနဲ ရပ်တန့်သွား၏။ ထို့နောက်တော့ ဖြည်းညှင်းစွာ ပွင့်ဟလာသော အခန်းတံခါး။

မော်ထံ ပြုလာသော အံ့အားသင့်အကြည့်များ။

"ဗော်"

အလန့်တကြားခေါ်သံ။ ပါတီပွဲပိုင်ရှင် စင်သီ့ထံမှဖြစ်သည်။ အဲဒီနောက် စင်သီ့အစ်ကိုကို ပြေးခေါ်သံ။ သူမကို မေးမြန်းသံ။ ကိုကို့ကို လှုပ်နှိုးသံတွေဟာ ငရဲပွက်သည့်အလား။

www.burmeseclassic.com

www.burmeseclassic.com



''ဒီအခန်းထဲက အနံ့တဲ့အသံတွေ၊ နောက် ကိုနေရောင်လဲကျတဲ့အသံတွေကြောင့် မော်…မော်ဘာ အ ကူအညီပေးဖို့ ဝင်ခဲ့တာပါ၊ ကိုနေရောင်ကလည်း တခြားလူမှမဟုတ်တာ၊ မော့်ညီမနဲ့ စေ့စပ်ထားတဲ့လူ၊ မော်ခဲအိုလောင်းဆိုတော့ အဲဒီမှာပဲ ကိုနေရောင်က မော့်…မော့်ကို''

မော် စကားတောင် ဆုံးအောင်မပြောခဲ့။ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ရှိုက်ကြီးတငင် ငိုချခဲ့သည်။ ထိုအပြစ်အပျက် အဆုံး၌ ကိုကိုနှင့်မော် လက်ထပ်ဖို့အကြောင်း ဖန်လာခဲ့၏။

မကြာတော့သည့် ရက်ပိုင်းအတွင်း လက်ထပ်ပွဲဆင်နွှဲရမည်။ မော်က သတို့သမီးနေရာမှာ။

ကဲ…အဲဒါကြောင့် ပြောတာပေါ့။ မနက်ဖြန်ဆိုတာ ဖန်တီးတတ်သူရဲ့ လက်ထဲမှာပါလို့။

◇ ◇ ◇

## အခန်း (၁၂)

''ကိုစက်…ရှင်ကလည်း မပြီးနိုင်တော့ဘူးလား၊ ရှင်က သတို့သမီးအဖေနော်၊ အဲဒီလောက် ပြင်စရာမလိုဘူး''

''မပြင်ပါဘူး မိရ၊ ဒါပေမဲ့ ဒီမင်္ဂလာပွဲက ကိုယ်တို့အတွက် ပထမဆုံး အတွေ့အကြုံ၊ အမှားအယွင်းရှိရင် မကောင်းဘူးကွ''

''အမလေး…ဘာမှမှားစရာမလိုဘူး၊ မှားရအောင်လည်း ရှင့်တာဝန်က မကြီးဘူး၊ လာတဲ့ဧည့်သည်တွေကို ပြုံးပြဧည့်ခံဖို့ပဲ ကို၊ ကဲ မြန်မြန်လုပ်၊ ရှင့်ဧည့်သည်တွေ ရောက်နေရင် ခက်ကုန်မယ်၊ သတို့သမီးကလည်း အခုချိန် ထွက်ဧည့်ခံနိုင်မှာမဟုတ်ဘူး၊ သူက အခန်းထဲ အလှပြင်နေမှာ၊ မီးမီးရေ မီးမီး၊ ပြီးပြီလားဟေ့၊ အမေ ပြီးရင်ထွက်ရအောင်''

မိက အဲဒီလိုအော်ခေါ်ရင်း သမီးငယ်လေး အခန်းဆီ

www.burmeseclassic.com

www.burmeseclassic.com



တက်လာခဲ့သည်။ ဒီသမီးလေး ခံစားနေရတာကို မသိ၍မဟုတ်ပါ။ သိသိကြီးနှင့် ဟန်ဆောင်နေရတာ အခက်ဆုံး။

တစ်ဖက်မှာလည်း သမီးကြီးက လူသိရှင်ကြား အရှက်ကွဲခဲ့ပြီ။ အစ်မကိုငဲ့ညှာ၍ ရင်တွင်းဝေဒနာကို ဖုံးကွယ်၊ အပူရုပ်ဟန်လုပ်နေရတာ သိတာပေါ့။ ဒါပေမဲ့ မိခင်နေရာမှ မိတစ်ယောက် ဘာမှမတတ်နိုင်။

မသိဟန်ဆောင်ပေးနေရသည်။ မီးမီးက ဒီအိမ်မိသားစုအားလုံးရဲ့ ဂုဏ်သိက္ခာကို နှလုံးသားနဲ့စတေးပြီး ဆယ်ယူပေးခဲ့တာ။ ထို့ကြောင့် မိက သနားသည်။ စာနာသည်။ ဒါကိုပင် မိဘစိတ်ဆင်းရဲမှာ စိုးစိတ်နဲ့ မီးမီးက ဟန်ဆောင်ပြုံးမပျက်ခဲ့။

"မီး…ဘာမှမဖြစ်ပါဘူး မေမေ၊ မီးနဲ့ကိုကိုက ဖူးစာမပါပေမဲ့ ရေစက်တော့ရှိတာပဲ၊ မီးနဲ့ လွဲခဲ့ပေမယ့် ဒီမိသားစုထဲ ကိုကို ဝင်လာနိုင်တာကိုပဲ ကျေနပ်နေတာ၊ ကိုကို့လိုလူမျိုးက ရှားပါးပစ္စည်းလေ"

မိဟာ စိတ်မကောင်းခြင်းကြီးစွာနှင့် ခေါင်းကို ဖြည်းညင်းစွာ ယမ်းသည်။ ထို့နောက် လှေကားတစ်ဆစ်ချိုးမှ အပေါ်ဆက်တက်ရန် ခြေလှမ်းအပြင်…

"အန်တီမိ"

စိုးရိမ်ခြင်းမျက်ဝန်းတွေနှင့် အပေါ်ထပ်မှ ဒရောသောပါး ပြေးဆင်းလာသူက အေးမာ။



"ဟဲ့…ဘာဖြစ်တာလဲ အသည်းအသန်"

"မီးမီး မူးလဲကျသွားတယ် အန်တီမိ"

"ဘာ"

နားနားကပ်ပြီး မိုးကြိုးပစ်ချလိုက်သည့်နှယ်။ မိုက်ခနဲ မှောင်သွားသည့် စိတ်ကို အမြန်စုစည်းရသည်။ ပြီးမှ အသံကုန်ကျူးအော်ခေါ်တာ ခင်ပွန်းသည်ကို။

"ကိုစက်ရေ…ကိုစက်"

"ဟေ့…ဘာတုန်း"

တိုက်ပုံအင်္ကျီ ဝတ်လက်စနှင့် ကိုစက်က အခန်းထဲမှ အမောတကော ပြေးထွက်လာ၏။

"မီးမီး မူးလဲလို့တဲ့"

"ဟေ"

ဦးစက်ရှိန်က တခဏပဲ အံ့အားသင့်ပြီးမှ…

"အေးမာ…သွား၊ ဆရာဝန်ဆီ ဖုန်းဆက်၊ မိ လာလာ သမီးအခန်းဆီ သွားမယ်၊ အေးမာ ဆရာဝန်ကို သေချာပင့်၊ အခုချက်ချင်းလာခဲ့ပါလို့"

"ဟုတ်ကဲ့ ဦးဦး"

လှေခါးပေါ် ပြေးတက်သံ၊ ပြေးဆင်းသံနှင့် တစ်အိမ်လုံး သောသောညံနေသည်။ စိုးရိမ်ပူပင်မှုဖြင့် သမီးလေးအခန်းထဲ ရောက်ခဲ့၏။ သနားစဖွယ် မီးမီးဟာ မင်္ဂလာပွဲတက်ဝတ်စုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ် ခွေခွေလေးလဲနေ၏။

ခုတင်ပေါ် ပွေ့တင်ပြီး ဆရာဝန်မျှော်ရသည်။ မီကတော့ ခြေမကိုင်မိ လက်မကိုင်မိ။ စိုးရိမ်စိတ်ကြောင့် ပျာလောင်ခတ်နေ၏။

"မိ…သိတယ် ကိုစက်ရဲ့၊ သမီး ကျိတ်ပြီးခံစားနေရတာ၊ အဲဒီဝေဒနာကြောင့် ဒီလိုဖြစ်သွားတာ၊ ဘုရား…ဘုရား မိရဲ့သမီးလေး ဘာမှမဖြစ်ပါစေနဲ့၊ ဒီကလေးမလေးက မိဘအပေါ်၊ မိသားစုအပေါ် သိတတ်လွန်းတဲ့ ကလေးပါ"

"ကဲပါ…မိရယ်၊ အဲဒီလောက်အထိ မစိုးရိမ်ပါနဲ့၊ ဆရာဝန်လည်း ခေါ်ထားပြီးပြီပဲ၊ အားနည်းလို့ မူးလဲတာနေမှာပေါ့"

ဦးစက်ရှိန်က ဇနီးသည်ကို နှစ်သိမ့်သည်။ ဒါပေမဲ့ သူ့ရင်ထဲ၌လည်း မကောင်း။ ဖခင်ဖြစ်၍ သမီးတွေကိစ္စမှာ ဝင်ခပါခဲ့ပေမယ့် ဇနီးသည်ရဲ့ ပြောစကားအရတော့ မီးမီး ခံစားရသမျှ လှမ်းမြင်နေသည်။

သမီးကြီးကို ငဲ့ကွက်ခြင်းဟာ သမီးငယ်အတွက် ဒဏ်ရာနက်နက်ဖြစ်စေပြီလား။ ကိုယ်တိုင်ပင် ဝေခွဲမရတော့။

ဖြူဖျော့နေသော သမီးငယ်ကတော့ ဆရာဝန်ရောက်လာတဲ့အထိ သတိမရသေး။ ဆရာဝန်ကပင် လိုအပ်သောဆေးစစ်မှုကုသမှုများ ပြုလုပ်ပေးပြီးမှ…

"မီးမီးကို ရည်ရွယ်ထားတဲ့သူ ရှိနေပြီလို့ကြားတယ်နော်၊ အမြန်ဆုံးသာ လက်ထပ်ပေးလိုက်တော့၊ သူ့မှာ ကိုယ်ဝန်ရှိနေပြီ"



"ရှင်"

ဦးစက်ရှိန်ကတော့ ခေါင်းကြီးငိုက်စိုက်ကျကာ ဘာမှပြန်မပြောနိုင်။

"ဦးစက်ရှိန်တို့ စောစောစီးစီး မြေးချီရတာပေါ့"

ဘာမှမသိသော ဆရာဝန်ကတော့ ပြောချင်ရာပြောသွားပြီ။ ဦးစက်ရှိန်တို့ ဇနီးမောင်နှံကတော့ ကျန်ရစ်ခဲ့တဲ့အထိ ကျောက်ရုပ်ကြီးတွေလို တောင့်တောင့်ကြီး။

တစ်ဖက်က သမီးကြီးရဲ့ မင်္ဂလာဆည်ခံပွဲ။ ဒီမှာက သန္ဓေသားရှိနေတဲ့ သမီးငယ်။ အခုမှ သူတို့က ဆုပ်လည်းစူး၊ စားလည်းရူးတဲ့ဘဝ။

"မေမေ မေးလွန်းမက မေးတာရယ်၊ ပြီးတော့ မမတို့ဟန်းနီးမွန်းထွက်သွားတာရယ်ကြောင့်သာ မီး ဒီအကြောင်းတွေကို ပြောပြတာပါ၊ ပြီးတော့ မီးကို လျှပ်ပေါ်လော်လီတဲ့ မိန်းကလေးလို့ မေမေတို့ထင်သွားမှာ စိုးရိမ်လို့ပါ၊ မီး သူ့ကိုချစ်လို့ လိုက်လျောခဲ့တာပါ၊ ဒါပေမဲ့ ဒီနေ့အထိ မီးနဲ့သူ မှားယွင်းခဲ့တယ်ဆိုတာ အရိပ်အမြွက်လောက်တောင် သူမသိတာအမှန်ပါ၊ သိလည်း မသိသင့်ဘူးမေမေ၊ မီးက အချစ်ကြောင့် ပေးဆပ်ခဲ့သူ၊ မမက အမှားခံရတဲ့သူ၊ ဘယ်သူက အပြစ်ခံသင့်သလဲဆိုတာ တွေးမိလို့"

"သမီးရယ်"

ဒေါ်မိမိ ဘာစကားမှ မဆိုနိုင်။ တည်ငြိမ်စွာ ခေါင်းငြိမ်

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ပြီး ပြောနေတဲ့ သမီးလေးတစ်ကိုယ်လုံးအား သိမ်းကျုံးထွေးဖက်မိပါပြီ။ မျက်ရည်တွေက တားဆီးမရ။ ပါးပြင်ပေါ်မှတစ်ဆင့် သမီးရဲ့ ပခုံးသားတွေအထိပါ စိုနစ်သွား၏။

ရိပ်တော့ ရိပ်မိပါသည်။ ဒီသမီးလေးဟာ အရှက်အကြောက်ကြီးလွန်းသူ၊ ဣန္ဒြေသိက္ခာကို ထိန်းသိမ်းလွန်းသူ။ ပြီးတော့ တရင်းတနှီး နေထိုင်သူဆိုတာကလည်း မောင်နေရောင်ကလွဲလို့။

ဒေါ်မိမိဟာ အဲဒီအမည်ကို ခေါင်းယမ်းပြီး ခါထုတ်ပစ်သည်။ သမီးကြီးရဲ့ ခင်ပွန်း၊ သမီးငယ်ရဲ့…။ အို…တော်ပါပြီ၊ ဆက်တွေးရန် အင်အားမရှိတော့။ တိုက်ဆိုင်မှုသည် အဲဒီလောက်အထိ ရက်စက်ပါသလား။

"သမီး"

ကိုယ်ချင်းခွာသည်။ မျက်ရည်တွေ စိုရွှဲနေသော မျက်ဝန်းဖြင့် သမီးဖြစ်သူကို စိုက်ကြည့်သည်။ သနားကရုဏာသက်ခြင်းများစွာနှင့်။ ကာယကံရှင် မီးမီးကတော့ အမေလိုမဟုတ်။

တည်ငြိမ်သော၊ အားမာန်ပါသော မျက်ဝန်းတွေနှင့် ပြန်စိုက်ကြည့်သည်။

"သမီး…ဘာဆက်လုပ်မယ် စဉ်းစားထားလဲ၊ ဒီကလေးကို"

"မီး မွေးမယ် မေမေ"





"ဟင်"

အံ့သြမှုကြောင့် နှုတ်ခမ်းနှစ်လွှာပွင့်သွား၏။ မီးမီးကတော့ ဒါကို ဂရုမစိုက်။ ရီဝေဝေမယ့် ပြတ်သားသောအရောင်တွေ တောက်ပဆဲ အကြည့်တွေနှင့်။

"မေမေတို့ဂုဏ်သိက္ခာလည်း မထိပါးစေရအောင် တစ်နေရာရာမှာ မီး ဇာတ်မြုပ်ပြီး"

"အို…ဟင့်အင်း မဖြစ်နိုင်ဘူးသမီး၊ မေမေတို့က ဒီသမီးလေးကို ထပ်အဆုံးရှုံးမခံနိုင်ဘူး၊ သမီးရင်သွေးကလည်း မေမေတို့သွေးသားပဲ၊ သမီးဆန္ဒရှိတဲ့အတိုင်း မေမေလုပ်ပေးမယ်၊ မေမေတို့အရိပ်မှာပဲနေပါ သမီးရယ်၊ ဒီကတော့ ထွက်သွားဖို့ ဘယ်နည်းနဲ့မှ မစဉ်းစားပါနဲ့"

မေမေက တောင်းပန်သည်။ ဒီတစ်ခါ မျက်ရည်ကျရသူက မီးမီး။ ကိုယ်ဟာ မိဘမေတ္တာကို အမြဲအလေးထားဦးညွှတ်ခဲ့သည်။ မိဘကို ကိုယ့်ကြောင့် မျက်နှာတောင်အညှိုးမခံလိုသူ။

အခုတော့ မီးမီးကြောင့် မေမေ မျက်ရည်ပင်လယ်ဝေရပြီ။ ထို့အတွက် မီးမီးဟာ တစ်သက်လုံး နောင်တနဲ့လုံးပမ်းရတော့မည်။ မီးမီးဟာ မေမေ့ရင်ခွင်၌ မျက်နှာအပ်၍ သိမ့်သိမ့်ပါအောင် ငိုရှိုက်ရင်း…

"အမိုက်မကို ခွင့်လွှတ်ပါ မေမေ"

"ဟင့်အင်း…ဒါ သမီးအပြစ်မှ မဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကံတရားရဲ့အပြစ်၊ သူက ဒီလိုဖြစ်စေချင်လို့ အခုလို ဖန်တီးမှတော့ မေမေတို့က ရင်ဆိုင်နိုင်အောင် ကြိုးစားရမှာပေါ့ကွယ်''

ထိုစကားနောက်ကွယ်၌ အနာဂတ်အတွက် စီမံကိန်းချပြီးသားဖြစ်သည်။ မကြာမီ လူ့လောကထဲ ရောက်လာတော့မည့် မြေးလေးမျက်နှာမငယ်စေရန် မိစုံဖစုံရှိဖို့ အရေးကြီးသည်။

ထိုအရေးကြီးသော ကွက်လပ်ကို မည်သူဖြည့်မလဲ။ ရိုးသားကြိုးစား၍ ကိုယ့်ကျေးဇူးနှင့် ချည်နှောင်ခွင့်ပေးမည့်သူ။ ဒေါ်မိမိ အာရုံထဲ၌ တစ်ယောက်သောသူက အထင်အရှားပေါ်၍လာသည်။

လင်မယားနှစ်ယောက် ခေါင်းချင်းရိုက် တိုင်ပင်တာ ညပေါင်းများစွာ။ ဦးစက်ရှိန်က ထင်မှတ်မထားသော ဖြစ်ရပ်ကြောင့် ခြေကုန်လက်ပန်းကျသူလို။

''မင်းပဲ ကောင်းသလို စီစဉ်တော့မိ၊ တို့စီစဉ်ရင် သူကတော့ ငြင်းမယ်မထင်ဘူး''

''သူ့ဘဝတိုးတက်မယ်၊ ချမ်းသာပြည့်စုံသွားမယ်၊ ပြီးတော့ ဦးစက်ရှိန်ရဲ့ သားသမက်ဟာ နည်းတဲ့ဂုဏ်ထူးမှ မဟုတ်တာ၊ မိ စီစဉ်မယ် ကိုစက်''

ထိုအစီအစဉ်ကို အမြန်အကောင်အထည်ဖော်၏။ တစ်ဖက်က ခေါင်းညိတ်လက်ခံမှ မီးမီးကို ဖွင့်ပြောသည်။

''သမီး…မောင်ကျော်ထွေးနဲ့ လက်ထပ်ရမယ်''





ဘဝကို အဆုံးစွန်အထိ အရှုံးပေးထားသော မီးမီးက ထူးပြီး မတုန်လှုပ်တော့။ ဒါပေမဲ့ အရေးကြီးသော မေးခွန်းတစ်ခုပဲ မေးသည်။

''မီးအကြောင်းတွေ သူ့အကုန်သိလား မေမေ၊ မသိလည်း သိအောင် မီးပြောပါ့မယ်၊ မီးမှာ အစွန်းအထင်းရှိတာ ဖျက်လို့မရပေမယ့် သူ့အပေါ်တော့ ရိုးသားချင်တယ်မေမေ''

ဒေါ်မိမိက သက်ပြင်းတစ်ချက်ရှိုက်ပြီးမှ…

''မေမေ အားလုံးပြောပြထားပါတယ်''

ဒါပေမဲ့ ထိုစဉ်အချိန်က မောင်ကျော်ထွေးရဲ့ စူးလက်တဲ့ မျက်ဝန်းအရောင်၊ တင်းခနဲစေ့ထားတဲ့ နှုတ်ခမ်း၊ တစ်ချက်တစ်ချက် ကားခနဲဖြစ်သွားသော မေးရိုးသဏ္ဌာန်တို့ကို မေ့ထားခဲ့၏။

မောင်ကျော်ထွေးလည်း မေ့နိုင်မှာပါ။

''တကယ်တော့ ကျွန်တော် နားလည်ထားတဲ့ ကျေးဇူးတရားဆိုတာ ပြန်ဆပ်ဖို့ပါ၊ ချည်နှောင်တဲ့ကြိုးမဟုတ်ဘူးလို့၊ ဒါပေမဲ့ မီးမီးကို ကျွန်တော်လက်ထပ်မှာပါ''

ဒေါ်မိမိက ထိုစကားတွေကိုလည်း ထိန်ချန်ထားခဲ့၏။ ယောက်ျားမာနကို စည်းစိမ်ဥစ္စာတွေက တိုက်စားသွားမှာပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ညည်းလည်း ကြည့်နေထိုင် ကောင်း၊ တောင်းချင်တိုင်း မိဘဆီ လက်ဖြန့်မယ်၊ မအေက မပေးနိုင်တော့ အိမ်ပေါ်ကနေ ကားတစ်စီးနဲ့ ဆင်းသွားမယ်၊ ဆင်းပြီးလည်း ရောက်တဲ့နေရာ အိပ်လေ၊ အခုမှ ဘာကုပ်ချောင်းချောင်းနဲ့ ပြန်တက်လာရတာလဲ၊ ညည်းအဖေသိရင် ငါ ခေါင်းမီးတောက်မှာ၊ ငါ အထိန်းအသိမ်း မတတ်လို့ဆိုပြီး အပြောခံရမှာ"

"ကျစ်··ဟား မာမီနဲ့တော့ ရေလည်စိတ်လေတယ်၊ ဒီမှာ မယုံနိုင်စရာသတင်း ကြားလာလို့၊ မာမ့်ကို ပြန်လာပြောပြတာ၊ အိမ်ပေါ် ပြန်တက်ချင်လို့မထင်နဲ့"

"ဘာသတင်းလဲ၊ ဗိုက်နဲ့ညည်း အဆင်ပြေသွားပြီဆိုတာ လား၊ အဲဒါဆိုလည်း မာမီတို့ကိစ္စတွေ ပြောပြလိုက်တော့၊ ဒီထက် ကြာလို့ သတင်းတွေပေါက်ရင် နင့်ဒက်ဒီသိမှာ ကောင်းရဲ့၊ အဲဒီအခါ



ကျရင် နင်ရော ငါပါ ခေါင်းနဲ့ဆင်းပြေးရမှာ"

"ဟာ···မာမီထင်တာတွေ စွတ်လွှတ်မနေနဲ့၊ လာ··· ကောင်းအခန်းထဲ သွားမယ်"

"ဟဲ့···ဒီမှာပြောလို့ရတာကို"

"ဒီမှာပြောလို့ ပေါက်ကြားသွားရင်လေ ခေါင်းနဲ့ဆင်းပြေး ရမှာမဟုတ်ဘူး၊ ဘဝနှစ်ခုစလုံး စုတ်ပြတ်သတ်သွားမှာ၊ ကဲ လာပါ မာမီရာ"

သမီးကောင်း ဆွဲခေါ်ရာနောက်သို့ ဒေါ်မော် ပါလာသည်။ ကိုယ့်သမီးဟာ ထူးခြားနေမှန်း ဒေါ်မော် သိ၏။ ကောင်းရဲ့စရိုက် က ငယ်ငယ်ကတည်းက အလိုလိုက်ထားတာမို့ ဘာမဆို သိုသိပ် ခြင်းမရှိ။ အရာရာတိုင်းကို ပွင့်လင်းစွာ ပြောဆိုဆက်ဆံတတ်သည်။

မိဘတွေကိုလည်း သူငယ်ချင်းပေါင်း ပေါင်းသင်းတတ် ၏။ ယောကျ်ားလေးသူငယ်ချင်း တရုန်းရုန်းနှင့် သွားလိုက်၊ လာလိုက်နှင့် အပျော်လွန်တတ်သူ။ ဒါကို မျက်စိစပါးမွေးစူးလွန်း သူက ဖခင်။

"မင်းသမီး မင်း ကြည့်ပြောဦး မော်၊ အပေါင်းအသင်း ထဲမှာ ယောကျ်ားလေးတွေ ဒီလောက်များနေတာ ဘယ်ကောင်းမလဲ၊ ပြီးတော့ တက်လိုက်ရတဲ့ ပါတီ၊ သွားလိုက်ရတဲ့ မွေးနေ့ပွဲ၊ ပြန်လာ တော့ ညဉ့်နက်သန်းခေါင်မှ၊ မင်းကိုယ်တိုင်လည်း ပါတီတက်ဖူး တာပဲ၊ ဘယ်လို ဓလေ့စရိုက်ရှိတယ်ဆိုတာ မင်းသိသားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားမျိုး အပြောခံရလျှင် ဒေါ်မော်က ဆတ်ဆတ်ခါ နာလှ၏။ လွန်ခဲ့သော နှစ်နှစ်ဆယ်က ပါတီပွဲပုံစံတွေ မျက်ဝန်းမှာ ထင်ဟပ်လာစမြဲ။

"ဒါ…မော်တစ်ယောက်တည်း လေ့ဥပြီး မွေးထားတဲ့ သမီးမဟုတ်ဘူး၊ ကိုကို့ရဲ့သမီးပဲလေ၊ မော့်ခေါင်းချည်း ပုံချလို့မရဘူး၊ ဘာလဲ ကိုကို့လို ယောကျ်ားမျိုးနဲ့ တွေ့သွားမှာ ကိုကိုစိုးရိမ်နေပြီမဟုတ်လား"

ချက်ကျကျ ပြန်ချေပသောအခါ ကိုကိုသည် မျက်နှာကြီး နီရဲကာ ခေါင်းငိုက်စိုက်ကျသွား၏။ ထိုနောက်ပိုင်း ကောင်းကို ဆိုဆုံးမရန် မပြောတော့။ ကောင်းက ဆုံးမရန်လိုသော သမီးမိန်းကလေးမျိုးလည်း မဟုတ်။

ဒေါ်မော့်သမီးအကြောင်း ဒေါ်မော်အသိဆုံး။ အခုချိန်အထိ ဒေါ်မော် Control (ထိန်းချုပ်မှု)အောက်၌ ကောင်း ရှိနေဆဲ။

"ကဲ…ပြောစမ်းပါဦး ကောင်းရဲ့၊ တံခါးတွေတောင် ပိတ်ရတဲ့အထိ ဘာထိပ်တန်းလျှို့ဝှက်သတင်းမို့လို့လဲ"

"ချက်ချက်ချာက ဒက်ဒီ့သမီးတဲ့ မာမီ"

ဒီဘက် လှည့်လှည့်ချင်းပြောသော ကောင်းရဲ့စကားကြောင့် ဒေါ်မော် ကြက်သေသေသွားသည်။

"ဘာ…ဘယ်လို ကောင်း၊ ဘာပြောလိုက်တယ်၊ ချက်ချက်ချာက အို…မဖြစ်နိုင်ပါဘူး၊ ညည်း ဒီသတင်းကို





ဘယ်က ကြားခဲ့တာလဲ ကောင်း၊ သေချာပြောစမ်း၊ မာမီ့ကို အစအဆုံးပြန်ပြောစမ်း"

"အန်တီမီးကိုယ်တိုင် ပြောနေတာ မာမီ၊ ဒက်ဒီ့လက်စွပ်လည်းရှိတယ်၊ ပြီးတော့ အညိုရောင်အဖုံးနဲ့ ဒိုင်ယာရီတစ်အုပ်လည်း ရှိတယ်"

"ဘာ"

အညိုရောင်အဖုံးနဲ့ ဒိုင်ယာရီ။ ဒေါ်မော့်ကမ္ဘာသည် အိုးထိန်းစက်ပမာ သွက်သွက်ခါယမ်းလို့။ အသိစိတ်က တားမရ။ အတိတ်ဆီ မြန်စွာပြေးသွားသည်။

ဒေါ်မော့် အောင်မြင်မှုမှတ်တမ်းဆိုပြီး ဒိုင်ယာရီ ရေးခဲ့သည်။ ဟန်းနီးမွန်းထွက်ခါနီး ထိုစာအုပ်ကို မော့်ခရီးဆောင်အိတ်ထဲ ထည့်ခဲ့၏။ ဒါပေမဲ့ ကမ်းခြေရောက်မှ ပင်လယ်ကြီးဆီ လွှင့်ပစ်မည့်စာအုပ်ကို မော် လှန်လှောကြည့်တော့ မော့်ဒိုင်ယာရီမဟုတ်။

ဟန်းနီးမွန်းခရီးက ပြန်ရောက်တော့ မိသားစုအခြေအနေကို လေ့လာသည်။ မီးမီး ကိုကျော်ထွေးနှင့် လက်ထပ်တာကလွဲလို့ ကျေရာအားလုံးက ပုံမှန်။

အဲဒီနောက် စာအုပ်ကို တစ်ယောက်တည်း ကျိတ်ရှာ၏။ မတွေ့တော့။ အေးမာကိုမေးလည်း တိကျတဲ့အဖြေက မရ။ ဒီလိုနဲ့ မေ့သွားအေးသွားခဲ့တာ ယနေ့အထိ။

သူမကိုယ်တိုင် မေ့ပျောက်ထားခဲ့သော ကိစ္စတစ်ခုဟာ



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အစပြန့်ပေါ်လာခဲ့ပြီ။ ပြီးတော့ ကိုကို အမြဲဘာမ်းဝတ်ထား နေကျ ပတ္တမြားလက်စွပ်။ ထိုညမှာ တိုက်ဆိုင်စွာ ပျောက်ဆုံးသွားခဲ့တာ။

လက်ထပ်ပြီး မင်္ဂလာဦးညမှာ ထိုလက်စွပ်အကြောင်း ကိုကို မေးခဲ့တာပဲ။

"ဟင့်အင်း…မော် မတွေ့ပါဘူး"

"မဟုတ်ဘူး မော်၊ ပါတီပွဲညကလေ ကိုယ်နဲ့မော် ဟို… ရှန်းရင်းဆန်ခတ်ဖြစ်ကြရင်း ကျွတ်များကျမလားလို့"

"အို…ကျွတ်ကျလည်း စင်သီတို့အိမ်ပဲကို၊ ပြန်ရှာပေါ့ ကိုကိုရဲ့၊ မော်တော့ မတွေ့ခဲ့တာအမှန်ပဲ"

လို့ အရိုးသားဆုံး ဝန်ခံခဲ့တာ။ ဘုရားရေ့ အခုဘာယ်လိုဖြစ်ပြီး ပျောက်ပျက်နေသော ကိုကို့လက်စွပ်ဟာ…

အတွေးမဆုံးခဲ့။ မော့်ရင်ထဲ ဒိန်းခနဲမြည်သွားသည်။ ထိုညက အပေါ်ထပ်မှ ပြေးဆင်းလာသော မီးမီး။ မှုပျက်နေသော မျက်ဝန်းများနှင့်။ ဒါ…ဒါဆို အဲဒီညက မှားယွင်းမှုဟာ မီးမီးနဲ့ ကိုကို။

"မာမီ…မာမီ"

"ဟင်…ဟင်…သမီး"

လက်ကိုပါ ဆွဲခါလှုပ်ယမ်း၍ ခေါ်သော ကောင်းကြောင့် မော့်စိတ်တွေ ပစ္စုပ္ပန်ဆီ ပြန်ရောက်လာကြ၏။



"မာမီ ငိုင်သွားပုံကို ကြည့်ရတာ ချာချာက ဒက်ဒီ့သမီး မဟုတ်များလား၊ ဒါ…ဒါဆို ကောင်းကရော၊ ကောင်းကရော၊ ဒက်ဒီ့သမီးမှ ဟုတ်ရဲ့လားမာမီ၊ ပြောပါ မာမီရဲ့၊ ကောင်း ရင်မှ ထွန်းလို့ပါ၊ ကြိုတင်သိထားရင် အခြေအနေတစ်မျိုးနဲ့ ရင်ဆိုင်ရ အောင်ပါ မာမီ၊ ချာချာ ရောက်လာမှ ကောင်း ဘေးဖယ်ပေးရတာ မျိုး"

"ဘာတွေလျှောက်ပြောနေတာလဲ သမီး"

မာမီရဲ့ ခပ်ပြတ်ပြတ်စကားသံကြောင့် ကောင်း နှုတ်ဆိတ် သွားသည်။

"သမီး…ဘာမှဘေးဖယ်စရာမလိုဘူး၊ သမီးက ဦးနေ ရောင်၊ ဒေါ်မော်မော်တို့ရဲ့ တစ်ဦးတည်းသောသမီးပဲ"

"ဒါဆို ချာချာက"

"ဖြစ်နိုင်တယ်"

ကိုကျော်ထွေးနဲ့ အလျှင်စလို လက်ထပ်ပုံ။ နောက်ပြီး ချာချာက ကောင်းထက် တစ်နှစ်ကြီးသော အစ်မအဖြစ် မွေးဖွား လာပုံ။ ဒါတွေကို ဆက်စပ်တွေးခြင်းဖြင့် အခြေအနေမှန်တစ်ခုကို မော် ခန့်ခန်းနိုင်ပြီ။

"ဘယ်လိုလုပ်ကြမလဲ မာမီ၊ သူတို့ ဒက်ဒီဆီရောက်လာ ပြီး စတ်ကြောင်းတွေ အကုန်လှန်ပစ်ရင်"

"မာမီစီစဉ်ပါ့မယ် ကောင်းရဲ့၊ ညည်းဒက်ဒီက

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်ပတ်ဆို နိုင်ငံခြားထွက်ရတော့မှာ၊ အသည်းရောဂါအတွက် စာတမ်းဖတ်ပွဲတဲ့၊ သုံးလလောက်ကြာမယ်၊ ဒီတော့ မသွားခင် ရက်ပိုင်းအတွင်း ညည်းဒက်ဒီနဲ့ မတွေ့အောင်တား၊ ညည်းဒက်ဒီ သွားတဲ့အချိန်မှာ သူတို့လက်ထဲမှာရှိတဲ့ဟာတွေ ကိုယ့်လက်ထဲ ရောက်အောင် ယူရမယ်၊ ဒါပဲ၊ အဲဒီအစီအစဉ်မှာ သမီးက ကူညီရမယ်"

"ဟုတ်…ကောင်း ကူညီမှာပါ မာမီ"

"ပြီးတော့ မိုက်နဲ့ နီးစပ်အောင် ကြိုးစားဦး၊ မိုက်နဲ့သမီး အဆင်ပြေရင် မေမေ့ကိစ္စတွေလည်း အကုန်အဆင်ပြေပြီ၊ မိုက် ဘယ်လောက်ချမ်းသာသလဲဆိုတာ သမီးသိသားနဲ့"

"ချမ်းသာရုံတင်မကဘူး မာမီ၊ သူ့မှာ ကျော်ကြားမှုတွေ လည်းပါတယ်၊ ပြီးတော့ သမီး မိုက်ကိုချစ်တယ်"

"ချစ်တယ်ချည်း ကြွေးကြော်နေလို့တော့ မရဘူးကောင်း၊ အဲဒီချစ်တဲ့သူကို ပိုင်ဆိုင်အောင် ဘယ်လိုလုပ်မလဲ၊ အဲဒါပါ ကြိုတွေး ထားမှ အဆင်ပြေမှာ"

"ကောင်း…ကြိုးစားမှာပါ မာမီ"

စိတ်တူကိုယ်တူ သားအမိနှစ်ယောက်ရဲ့ ရယ်သံ။ မတရား သော တိုက်ပွဲ၏ ကြွေးကြော်သံလို။

"မေမေ မရှိတဲ့နောက်မှာ သမီးစိတ်ဓာတ်တွေကျသွားမှာ စိုးလို့ ပြောခဲ့တာ၊ မေမေ့သမီးက လောကမှာ တစ်ယောက်တည်း

မိုးမိုး ၀၁၉၆



မကျန်ခဲ့ဘူး၊ အရင်းနှီးဆုံး သွေးသားရင်းချာတစ်ဦး ရှိသေးတယ်ဆို တဲ့အသိလေး ရစေချင်လို့၊ မေမေ့အတွက်တော့ သူ့ကို မလိုအပ် တော့ပါဘူး၊ သမီးအတွက်တော့ တစ်ချိန်မှာ အလိုအပ်ဆုံးအရာ ဖြစ်လာမှာ သေချာပါတယ်"

မေမေ့စကားတွေ ပြန်ကြားယောင်တော့ မျက်ရည်ပူတွေ က လျှောခနဲ ချာချာပါးပြင်ပေါ် စီးကျသည်။ တော်သေးရဲ့၊ မနက် အစောကြီးမို့ လမ်းမကြီးပေါ် ဘယ်သူမှမရှိ။

ချာချာက ဘေးလွယ်အိတ်ကို စလွယ်သိုင်းလွယ်ထား သည်။ ကြိုးကို ကျစ်ကျစ်ပါ ဆုပ်ကိုင်ရင်း အံကို တင်းခနဲကြိတ် ၏။ အပြောင်းအလဲက ရင်နင့်ဖွယ်ရာပင်။

တစ်သက်လုံး အားကိုးယုံကြည်ခဲ့သော၊ ချစ်ခင်တွယ်တာ ခဲ့သော ဖေဖေဟာ ချာချာ ဖခင်အရင်းမဟုတ်ပါတဲ့။ ဒါကြောင့် ချာချာမှတ်မိသော ငယ်ဘဝမှာ ဖေဖေ့ထံမှ အကြင်နာ မေတ္တာတွေကို အမှတ်တရ မရှိခဲ့တာ။

မကြင်နာပေမဲ့ ရက်စက်သလားဆိုတော့လည်း ထိုသို့ မဟုတ်။ ဖေဖေက ချာချာကို သမီးမိန်းကလေးလို သဘောမထား ခဲ့တာမျိုး။ ခြေမခိုင်သည့် အရွယ်က ခဏခဏချော်လဲသည်။ ဖေဖေက ထူမပေးခဲ့။

"လဲပြီးရင် ပြန်ထ၊ နောက်တစ်ခါ မလဲအောင်ကြိုးစား" ထိုစဉ်တုန်းက အဘိုး၊ အဘွားနှင့် အတူနေခဲ့ရတာမို့

မိုးမိုး ၀၁၉၆

www.burmeseclassic.com

www.burmeseclassic.com



ချာချာ့ကို ဖူးဖူးမှုတ်အလိုလိုက်ထား၏။ ဒါကို ကန့်ကွက်သူက ဖေဖေ။

"အဲဒီလို အလိုလိုက်ခံရတဲ့ ကလေးဟာ တကယ်အခက်အခဲကြုံတဲ့အခါ ခံနိုင်ရည်မရှိ ဖြစ်လိမ့်မယ်၊ သူ့မှာ တစ်နေ့ကျရင် အခက်အခဲကြီးနဲ့ ကြုံမှာပဲ၊ အဲဒီအချိန်မှာ ခံနိုင်ရည်ဟာ ရင်ဆိုင်နိုင်တဲ့ အင်အား၊ ငါ ဒီလိုပြောလို့ မင်း စိတ်ဆိုးချင် ဆိုးလိမ့်မယ်၊ ငါက ဖအေနေရာက ခံစားပြီးပြောတာ၊ မင်းတို့ရှုပ်ခဲ့တဲ့ ခေတ်၊ ဒီကလေးကျမှ ရှင်းရမှာ အသေအချာပဲ၊ ငါ ကြိုသိလို့ပြောတာ"

အရွယ်ရောက်လာတော့လည်း ချာချာ့ကိုတကာ်ခိုင်းတာ ကရာတေး၊ ဂျူဒိုတွေ။ ပြီးတော့ ယာဉ်မောင်းလိုင်စင်တောင် လုပ်ပေးသေး။ အဘိုး၊ အဘွားရော မေမေပါ ရင်ဘတ်တဖိဖိ။

ဖေဖေဟာ မိသားစုအတွက် မကောင်းခဲ့ဘူးလို့သာ အခြေတွင်တာ။ ငွေကို ရေလိုဖြုန်းသည်။ မိုးလင်းတာနှင့် အရက်နဲ့မျက်နှာသစ်သည်။ ထိုမှတစ်ပါး မေမေရော ချာချာ့ကိုပါ စိတ်ဒုက္ခပေးခဲ့။

"ဦးစက်ရှိန်ရဲ့ သမက်ဖြစ်ရတာ ဂုဏ်ယူစရာပါ၊ ဒါပေမဲ့ ငါက သူများတွေလို ပညာမတတ်၊ ပိုက်ဆံကလည်းမရှိ ဆိုတော့ ငါ့ကျေးဇူးရှင်ကြီးတွေကို ကျေးဇူးပြန်ဆပ်ဖို့ ညည်းအမေကို ယူထားရတာ၊ ကောင်းရောပဲ၊ လူစင်စစ်က နွားဖြစ်ဘာ ကျေးဇူးကြွေးကြောင့်၊ ဟား...ဟား ရယ်ရတယ်၊ ငါ့လို ညည်းလည်း နွားမဖြစ်စေနဲ့ ချာချာ၊ မိန်းကလေးမွေးထားတာဆိုပေမယ့် ငါက



ထီးလို အရိပ်လည်းမပေးချင်ဘူး၊ မီးလိုပူမှာလည်း မစိုးရိမ်ဘူး၊ ဒါပေမဲ့ ကျားတော့ ဖြစ်စေချင်တယ်၊ ရန်သူဆို ဦးအောင်အနိုင်ယူတဲ့ ကျား"

ထိုစဉ်က ငယ်သေးတာကြောင့် ချာချာဟာ ဖေဖေ့စကားတွေကို အလုံးစုံ နားမလည်ခဲ့။ ဒါပေမဲ့ နားထဲစွဲနေတာတော့ အသေအချာပင်။ အခုတော့ ထိုစကားတွေသည် ချာချာအတွက် အားဖြစ်စေခဲ့ပြီ။

ချာချာသည် လက်မ၌ အခန့်သားနေရာယူထားသော ပတ္တမြားလက်စွပ်လေးကို ငိုက်ကြည့်သည်။ ရင်ထဲ လှိုက်ခနဲဖြစ်သွား၏။ ဒီပစ္စည်းဟာ ချာချာ့ဖခင်ရင်းရဲ့ ပစ္စည်းတဲ့။

ဘယ်လောက် အခက်ခဲတွေ ရာထောင်ချီတွေ့ခဲ့ပါစေ။ မေမေက ဒီပစ္စည်းကို ထုခွဲရောင်းချရန် မစဉ်းစားခဲ့ပါတဲ့။

"ဒါဟာ သမီးအတွက် အခိုင်လုံဆုံး သက်သေ၊ နောက်ဆုံးတော့ မိဘအမွေအနှစ်"

ရယ်လို့ ပြောခဲ့သေးတာ။ လမ်းမပေါ် သွားနေရပေမယ့် မျက်စိထဲ ပတ်ဝန်းကျင်မြင်ကွင်းက ဝင်မလာ။ ကြင်နာနူးညံ့သိမ်မွေ့သော ဦးနေရောင်ရဲ့ ပုံရိပ်က နေရာယူထား၏။

နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ကြသားနဲ့ အဖေနဲ့သမီးလို့ မသိနိုင်ခဲ့တဲ့ဘဝ။ မသိနိုင်အောင်လည်း ဘဝအမှန်ကို ဖုံးကွယ်ပေးထားသူတွေ ရှိနေတာကိုး။ နာကြည်းစိတ်က ကြီးကြီးမော်ရဲ့မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မြင်ယောင်စေသည်။

ဒိုင်ယာရီထဲက ဖွင့်ဟဝန်ခံချက်များ။ ချာချာ့နှုတ်ခမ်းကို မဲ့ပြီး ခေါင်းကို ဆတ်ခနဲမော့သည်။ အရဏ်ဦးနှင့်အတူ လမ်းပွင့်လာသော ရောင်ခြည်နွေးက ချာချာ့အတွက် အင်အားဖြစ်စေခဲ့ပြီ။

"အဖေ့ကို ပြန်ခေါ်ဖို့ သွားတယ်"

စာအား အမေမြင်သာစေရန် အိပ်ရာဘေး၌ ထားခဲ့၏။ ချာချာတို့က သူများနေရာ ဝင်လုဖို့ စိတ်မကူး။ ကိုယ့်နေရာကိုယ် ပြန်ယူဖို့ လာခဲ့တာ။

"ငါက ကိုယ့်လမ်းကိုယ်လျှောက်နေတာ၊ မင်းက တည့်တည့်ကြီး ဝင်တိုးတာပါ၊ တော်သေးတာပေါ့၊ လူကို မထိခိုက်လို့"

"ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း တမင်တကာ ရည်ရွယ်တာမှ မဟုတ်တာ"

"ဟော့…ရည်ရွယ်ရင်လည်း စိန်ပွင့်တဲ့၊ တစ်ပွင့်တည်း ရှိတယ်၊ မီးပွင့်သွားမယ်"

"သူများမီးမပွင့်ခင် ကျွန်တော် အရင်လောင်တိုက်သွင်းပစ်မှာ၊ ကဲ အော်ကြီးဟစ်ကျယ်မလုပ်နဲ့ အဒေါ်၊ လိုရင်းပြော ဘယ်လောက်တန်လဲ၊ လျော်ပေးမယ်"

ပတ်ဝန်းကျင်ကို ဂရုမစိုက်။ ကိုယ့်ဖီး(လ်)နဲ့ကိုယ် ခေါင်းငိုက်စိုက်ချပြီး လျှောက်လာတဲ့ ချာချာ။ အဲဒီ ဆူဆူညံအသံ





တွေကြောင့် ဖီး(လ်)ပျက်သွားတာ ဝန်ခံပါသည်။

ဒါပေမဲ့ ခေါင်းအမော့ မျက်ဝန်းအပင့်မှာ တွေ့ရတဲ့မြင်ကွင်းက အသက်ရှူမှားချင်စရာ။

အင်မတန် အထက်တန်းကျသော ယောကျ်ား တစ်ယောက်။ ထိုရှေ့မှာတော့ မြေပြင်ပေါ် တစ်စစီ ပြန့်ကျဲနေသော ချိန်ခွင်တွေ၊ တောင်းတွေနှင့် ပဲပြုတ်များ။ ချာချာ ကြည့်နေဆဲမှာပင် ပဲပြုတ်သည်က ခေါင်းညောင်းရအောင် မော့ကြည့်ရသော ထိုလူ အား…

"တစ်သောင်းပေး၊ ဒါတောင် အရင်းပဲရှိသေးတာ၊ ဒီနေ့ နေ့တွက်ခ မပါသေးဘူး"

"တစ်သောင်းခွဲပေးမယ်၊ ကျေနပ်ပေါ့"

ကားဒတ်(ရှ်)ဘုတ်ထဲက ဝေါလက်ကို ဆွဲယူသည်။ ထိုထဲမှ ငွေတစ်ထပ် ကမ်းပေးသည်။ ပဲပြုတ်သည် မိန်းမကြီးက လှမ်းယူသည်။ ဒါပေမဲ့ ကမ်းသူနှင့်ပေးသူ အဆင်မပြေ။ ကြားထဲမှ လက်တစ်စုံက ဖျတ်ခနဲ ဆွဲယူသွားပြီး…

"တစ်သောင်းခွဲ မတန်ဘူး၊ အလွန်ဆုံးတန်ပါမှ သုံးထောင်ပဲ"

"ဟင်…ညည်းက ဘယ်သူလဲ၊ ဘာကိစ္စကြောင့် ပါရတာလဲ၊ သူများကိစ္စကို စိန်ပွင့်နော်၊ တစ်ပွင့်ထဲရှိတယ်"

"တစ်ပွင့်တွေ နှစ်ပွင့်တွေ မသိဘူး၊ မတရားတာမြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားလို့မရလို့ ဝင်ပါတာ၊ ရော့…ငါးထောင်ယူသွား၊ ပိုပေးတာနော်၊ ဒါမှမကျေနပ်ရင် ရပ်ကွက်လူကြီးဆီ သွားပြီးဖြေရှင်းလည်းရတယ်၊ ဘယ်လိုလဲ”

ငွေငါးထောင်ကို ကမ်းပေးပြီး မျက်တောင်စင်းပြီးပြောပုံက တကယ့်လူမိုက်ဒီဇိုင်း။ ပခုံးကျော်ရုံ ဆံပင်တွေက ထူခဲခဲလေး။ ရှေ့က ဘီးကုပ်နဲ့သိမ်းတင်ထားသည်။ ဖူးအစ်ပြည့်တင်းသော မျက်နှာက စူပုပ်ပုပ်လေးဖြစ်လို့နေ၏။ တီရှပ်အစိမ်းရောင်၊ ဂျင်းပင်(န်)ကို ခြေသလုံးတစ်ဝက်ထိ ခေါက်တင်ထားသည်။

ပလပ်စတစ် အကြဲည်စား ခြေညှပ်ဖိနပ်လေးပေါ်က ခြေချောင်းတွေကအစ နီရဲစိုဖတ်စွာ။

“အလိုတော်…ပဲပြုတ်သည် ကားနဲ့တိုးမိတာပေါင် ပွဲစားက ဝင်ညှိပေးတာရှိသေး၊ စိန်ပွင့်ရေ ညည်းကံမကောင်းဘူး၊ ပေးတာယူတော့ ဟွန်း”

ပြောလည်းပြော ပဲပြုတ်တောင်းထဲ ကျနေတဲ့ပစ္စည်းတွေ ကောက်ထည့်၊ ငွေငါးထောင်ကို ဆတ်ခနဲဆွဲယူပြီး သူတို့အနားမှ ဆောင့်အောင့်ပြီး ထွက်သွားပြီ။

“ရော့…ဒီမှာ ခင်ဗျားငွေတစ်သောင်း၊ မတရားတာတွေ လို့သာ ဝင်ကူရတာ၊ ကားစီးနိုင်တဲ့ ခင်ဗျားတို့လို လူတန်းစားတွေကို သတိပေးချင်တယ်၊ လမ်းလျှောက်သွားနေတဲ့လူတွေကို မထီမဲ့မြင် သိပ်မလုပ်ပါနဲ့၊ လူလူချင်း လေးစားပါ”



စေညွှန် မျက်ခုံးနှစ်ခု ဆတ်ခနဲ ကုပ်ကျသွား၏။ ချာချာ စွပ်စွဲပုံက ပြင်းသည်။ ကိုယ်ကပဲ လူမိုက်ရိုင်းတစ်ယောက်လိုလို။

“ဟော့…ဒီမှာ”

ခြေနှစ်လှမ်းစာ လှမ်းပြီးသား ကျောပြင်လေး တုန့်ခနဲ ရပ်သွား၏။

“ဒီကိစ္စက မလေးစားလို့ဖြစ်တာမဟုတ်ဘူး၊ ငါ နိုင်ငံခြားက ပြန်ရောက်တာ မနေ့ကမှ၊ ကြွားတယ်မထင်နဲ့၊ ဒါမှ ဇာတ်ရည်လည်မှာ၊ မြန်မာပြည်နဲ့ ကင်းကွာနေတာ နှစ်နှစ်ဆယ်ရှိပြီ၊ ဒီလမ်းတွေကို ငါမကျွမ်းဘူး၊ အဲဒါကြောင့် ဒီလိုဖြစ်သွားတာ”

စေညွှန် စကားဆုံးတာနှင့် ကောင်မလေးက ခြေလှမ်းကျဲကြီးတွေဖြင့် ဆက်လျှောက်သွားသည်။

“ဟော့”

“ကျစ်…ဘာလဲ၊ ဒီမှာ လမ်းအဝေးကြီး လျှောက်သွားရမှာ၊ ရှင်းပြတာ နားထောင်ပြီးရင် တော်ပြီပေါ့”

“ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းသွားချင်ရာ ငါ လိုက်ပို့ပေးပါ့မယ်၊ ဝေးသေးတယ်ဆိုရင်ပေါ့”

ကမ်းလှမ်းပြီးမှ ဒါဟာ မြန်မာမှုဓလေ့နဲ့ ကိုက်ညီပါ့မလား။ သူပြန်တွေးမိသည်။ စေညွှန်ဆိုတာ နိုင်ငံရပ်ခြားမှာ နှစ်နှစ်ဆယ် ကျင်လည်လာသူ။ ဒီက ထုံးတမ်းစဉ်လာတွေ သိပေမဲ့ အရိုးထဲ စွဲနေတဲ့အထိ မမှတ်မိပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ချာချာ တုံ့ပြန်ချက်က အံ့သြစရာပင်။ သူ့ထံ ချာခနဲ ပြန်လှည့်လျှောက်လာရင်း...

"ပို့ပေးမယ်ဆိုရင် ကျေးဇူး၊ ဆက်လျှောက်ဖို့ အင်အားမရှိတော့လို့၊ ခင်ဗျား မောင်းရော မောင်းနိုင်ပါ့မလား"

"မောင်းတာတော့ မောင်းနိုင်ပါတယ်၊ ဒါပေမဲ့ လမ်းမသိတော့ မင်း လမ်းညွှန်ပေါ့"

"မသိတဲ့လူကို ညွှန်ပြရမှာလောက် စိတ်ချရည်တာမရှိဘူး"

ပွင့်ပွင့်လင်းလင်း ပြောချတဲ့ သူမကို စေညွှန်က တအံ့တသြ ကြည့်သည်။ ဘယ်လိုဟာလေးလဲဆိုတဲ့ အကြည့်။

"ကိစ္စမရှိပါဘူး၊ ကျွန်မ မောင်းပြီး ခင်ဗျားဘေးက ထိုင်လိုက်ပေါ့၊ လမ်းပါ တစ်ခါတည်း မှတ်ထားလေ"

အံမယ်။ ပြောပြီး သူမပိုင်သော ကားလိုပင်၊ မောင်းသူဘက် ဇိုးဇိုးဇတ်ဇတ် ဝင်ထိုင်သည်။ သူမပုံစံဟာ ရဲတင်းတာလည်းမဟုတ်။ ကလက်ခြင်းမျိုးလည်းမဟုတ်။ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချစိတ်အပြည့်နဲ့ ရပ်တည်နေတာမျိုး။

ကားမောင်းထွက်တော့လည်း ငြိမ့်ငြိမ့်ညောင်းညောင်းပို့ စေညွှန်က အသာတကြည်ပဲ ဘေးကထိုင်လိုက်ရင်း...

"ကိုယ့်နာမည် စေညွှန်ပါ"

"သြော်"



တစ်ခွန်းတည်း တုံ့ပြန်သည်။ ပြီးမှ ကားမောင်းရင်းသူ့ဘက် ငဲ့ကြည့်ကာ...

"ချက်ချက်ချာလို့ ခေါ်ပါတယ်"

"ချက်ချက်ချာ၊ ခင်းပုံစံနဲ့ မင်းနာမည် လိုက်ပါတယ်"

ဘာရယ်မဟုတ်၊ ချာချာက ငဲ့စောင်းအကဲခတ်သည်။ သူ့ရုပ်သွင်ဟာ တစ်ခါမြင်ဖူးရုံနှင့် တစ်သက်စာ စွဲထင်စေမည့်ပုံမျိုး။

ဆံပင်တွေက အရောင်မျိုးစုံလက်ကာ ကုတ်ထောက်ထိရှည်သည်။ ခပ်ပါးပါးပေမယ့် ဖြောင့်စင်းတာမို့ မျက်နှာရှေ့ဝဲကျပုံက ညို့အားကောင်းသလို။ မျက်ဝန်းတွေက မှေးစင်းပေမယ့်ူးရှသည်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးတွေဟာ စကားရေးကြွယ်မည့်ဟန်၊ အထက်စီးဆန်မည့်သဏ္ဌာန်။

အဝတ်အစားကျသော လူကြီးလူကောင်းဒီဇိုင်းမျိုး။ ...်းရောင်ပေါ် အဖြူလိုင်းစင်းတွေပါတဲ့ ရှပ်လက်ရှည်၊ စတိုင်လ်...ာင်းဘီအနက်နဲ့မို့ ကြည့်ရတာ အတော်ကြီး စမတ်ကျလှ၏။

"ဟေး...အကဲခတ်လှချည်လား"

"အဟင်း...ခင်ဗျားဒီဇိုင်းနဲ့ ခင်ဗျားရုပ်ရည်က နည်းနည်း...နေသလားလို့"

"ဘယ်လိုကွဲတာလဲ"

"အားမနာတမ်းပြောရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်စတွေ့ကတည်းက မင်းဆီမှာ အားနာမှုဆိုတာ မရှိသလိုပဲ"

ကားပေါ်၌ ရယ်သံပါးပါးလေး လွင့်သွား၏။ တိုတောင်းသော အချိန်အတွင်း ရသောရင်းနှီးမှုက ခိုင်မာသလို ခံစားရသည်။

"ဒါဆို ပြောပြီနော်၊ ဂျစ်ပစီတစ်ယောက်က ဂျင်းတဲ(လ်) မင်း(န်)စတိုင် ဝတ်လာတာနဲ့ တူနေတယ်"

ပြောလည်းပြော ဘရိတ်လည်းနင်းတာကြောင့် ကားက တုံ့ခနဲရပ်သွားသည်။ ခမ်းနားထည်ဝါသော ခြံကြီးတစ်ခြံရှေ့မှာ။ ကြေးဝါဆိုင်းဘုတ်၌ နေကောင်းကင်ဂေဟာတဲ့။

"ကဲ···ဝေဖန်ရေးလည်းပြီးပြီ၊ ရောက်လည်းရောက်ပြီ၊ ကျေးဇူးတင်တယ်နော် သွားပြီ"

"ဟော့···ချက်ချက်ချာ၊ မင်းဒီမှာနေတာလား"

"အခုတော့ မနေသေးဘူး၊ ဒါပေမဲ့ နောက်တော့မပြောတတ်ဘူး"

"မိတ်ဖြစ်ဆွေဖြစ် ဒါလေးယူသွားပါ၊ ကိုယ့်ဗစ်ဇင်းတင်းကဒ်၊ ဘာအကြောင်းကြောင့်နဲ့ပဲဖြစ်ဖြစ် ဆက်သွယ်လို့ရပါတယ်"

"ကျေးဇူး"

ချာချာက ကဒ်လေးကို ဆွဲယူပြီး ဘေးလွယ်အိတ်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် တက်ကြွသော ခြေလှမ်းသစ်များဖြင့် အိမ်ကြီးဆီ လှမ်းခဲ့သည်။





အဖေနှင့်သမီး တွေ့ဆုံမှုက ဘယ်လိုမျိုးဖြစ်မလဲ။ သေချာတာကတော့ စစ်မှန်တဲ့ခံစားမှုတွေ ဖြစ်ပေါ်လာမှာပင်။

◊ ◊ ◊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မဖြစ်နိုင်တာကွယ်၊ အနှစ်နှစ်ဆယ်လုံးလုံး မောင်ကျော်ထွေးရဲ့ သမီးအဖြစ် နေလာခဲ့ပြီးမှ မောင်ကျော်ထွေးက ပထွေးဆိုတော့ အင်း…မီးမီးတစ်ယောက်လည်း ယောကျ်ားရတဲ့ကံက မကောင်း၊ ဒီကြားထဲ ဆင်းရဲတွင်းက နက်လေတော့ ထင်ရာမြင်ရာတွေ လျှောက်ပြောတာနေပါလိမ့်မယ်၊ အိမ်မှာ သူတစ်ယောက်တည်း နေရတဲ့ အချိန်ကလည်းများတော့ စိတ်ချောက်ချားလာမှာ၊ ဒါမျိုးကို စိတ်ကျရောဂါလို့ ခေါ်တယ် ချာချာရဲ့၊ မအေကို တစ်ယောက်တည်း ပစ်ထားပြီး ညည်းလည်း လမ်းချည်းထွက်မနေနဲ့"

တစ်ညလုံး အိပ်မပျော်နိုင်။ စိုးရိမ်တကြီး စီထားသော ဒေါ်မော် စကားလုံးတွေက အခုတော့ ချောမွေ့စွာ ထွက်ကျလာ၏။ မျက်နှာအမူအယာနှင့် ပတ်သက်လို့တော့ မော်တို့ကမပူပေ။

ဟိုးတစ်ချိန်တုန်းကတောင် လူ့အများကြီးကို လှည့်စားနို



သေးတာ။ ချာချာ့လို ကိုယ့်သမီးအရွယ်လေးကိုတောင် မှုစရာလို ည်မထင်။ ဒါပေမဲ့ ချာချာ့ညာဘက်လက်မဋ္ဌ စွပ်ထားသော တ္တမြားလက်စွပ်ကတော့ ဒေါ်မော့်အတွက် ရင်တုန်ချင်စရာ။

အကြည့်မရောက်အောင် ထိန်းလည်းမရ၊ လူ့စိတ်ဆိုတာ ကလည်း အခက်သားလား။ မကြည့်ပါနဲ့လို့ ဦးနှောက်က ထိန်းချုပ် ထားသည်။ သို့သော် စိတ်က တဖျတ်ဖျတ် တုန်ရီကာ အကြည့်က ကြာခဏ ရောက်စမြဲ။

ကြည့်နေဆဲမှာပဲ ချာချာက ဖျတ်ဆို ကိုယ်ဟန်အနေအထား ပြောင်းထိုင်သည်။ ဒေါ်မော်က လက်စွပ်မှ ချာချာ့မျက်နှာပေါ် ကြည့်လွှဲရ၏။

"ချာချာ…ဦးဦးနဲ့တွေ့ချင်တယ် ကြီးကြီးမော်"

"အလိုတော်…အထူးအဆန်း၊ ဒီမှာထိုင်နေတာ ညည်း ပြီမနဲ့ ညည်းကြီးတော်ပါတော်၊ ဦးဦးဆိုတာ ငါတို့နဲ့စပ်မှ တော်ရ တာပါ၊ ပြောစရာရှိတာ ငါ့ကိုပြော"

"ဒီလက်စွပ်ကို ကြီးကြီးမော် သိသလားဟင်"

ချာချာက လက်မလေးထောင်ပြီး မေးလိုက်သည်။ မျက်ဝန်းတို့က ကြီးကြီးမော်ရဲ့ မျက်နှာပေါ်က မခွာတမ်းကြည့်နေ သည်။ ပြောင်းလဲခြင်းများစွာကိုလေ။ ကြီးကြီးမော်က ကွက်ခနဲ ကျက်သွားသော မျက်နှာကို ဣန္ဒြေနှင့် ပြန်ထိန်းရင်း…

"မသိဘူး၊ မြင်တောင်မမြင်ဖူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးကို ပြရင်ရော"

"အို…ရှုပ်ရှုပ်ယှက်ယှက်၊ ဒက်ဒီက သမားတော်ဟဲ့၊ ကျောက်ပွဲစားမဟုတ်ဘူး"

"အဲဒါ ချာချာသိပါတယ် ကောင်းရယ်၊ ဒါပေမဲ့ ကောင်းတို့မသိတာ ပြောပြမလို့၊ ဒီလက်စွပ်ပိုင်ရှင်ကမှ ချာချာ့အဖေအရင်းဆိုတာလေ"

"အိုအေ…အဓိပ္ပာယ်မရှိတာ"

"ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ ကြီးကြီးမော်၊ ဒီလက်စွပ်ပိုင်ရှင်က ချာချာ့အဖေ မဖြစ်နိုင်တဲ့အချက်တွေ ကြီးကြီးမော်တွေ့ထားလို့လား"

ဒေါ်မော် ချာချာ့မေးခွန်းကို ပြန်မဖြေနိုင်။ ချာချာက သူတို့ထင်သလောက် လူကဲခတ်မညံ့ပါ။ စရောက်ကတည်းက ချာချာပြောနေသော စကားတို့ကို ဖြစ်နိုင်ချေရှိသည့် လမ်းကြောင်းပေါ်က ပုတ်ထုတ်နေတာကိုသိသည်။

ဒါလား သွေးသားတော်စပ်တာ။ သူတို့နေရာပျောက်မှာကို စိုးရိမ်နေတာ။ သွေးရူးသွေးတန်း ကာကွယ်နေတာတွေ တွေ့ရလေလေ ချာချာက ဒေါသထွက်လေ။

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ချာချာ၊ ညည်းပြောတဲ့ဇာတ်ကြောင်းတွေကို အမှန်လို့ လက်စွပ်နဲ့ ဒိုင်ယာရီက သက်သေခံနိုင်အောင် ခိုင်မာကဲ့ သက်သေမဖြစ်နိုင်ဘူး၊ အချိန်တွေလည်း





နှစ်နှစ်ဆယ်ကြာခဲ့ပြီ၊ စိတ်ကူးယဉ်မနေနဲ့တော့၊ မီးမီးကိုလည်း ပြောလိုက် လက်တွေ့ဘ၀ကိုပဲ ကြိုးစားတည်ဆောက်ရို့"

"ဟုတ်တယ် ချာချာ၊ အဲဒီလို တည်ဆောက်တဲ့နေရာမှာ ငွေတော့လိုမှာပဲ၊ မာမီက နင်တို့ ငွေဘယ်လောက်လိုမလဲ ထုတ်ပေးလိမ့်မယ်၊ နင် ဘယ်လောက်လိုချင်လဲ၊ ပြော"

ကောင်းစကားကို ချာချာက ပြုံးရင်း မတ်တပ်ထရပ်သည်။ အိတ်ကို ပြန်ပြင်လွယ်ရင်းက…

"နင်မှားနေပြီ ကောင်း၊ ချာချာလိုချင်တာ ငွေမဟုတ်ဘူး၊ အဖေအရင်းရဲ့ လုံခြုံနွေးထွေးမှု၊ စိတ်ချ ချာချာလိုချင်တာကို ရအောင်ယူပြမယ်၊ နင်နဲ့ ကြီးကြီးမော် မပေးလည်း ချာချာ ဂရုမစိုက်ဘူး၊ အချိန်တန်ရင် လူမှန်နေရာမှန် ဖြစ်သွားမှာပါ"

ချာချာမှာ ကြီးမော်တို့ရှေ့မှာသာ ပြုံးပြုံးလေး ပြောနိုင်ခဲ့တာ။ ရင်ထဲမှာတော့ ဝမ်းနည်းစိတ်က ဗလောင်ဆူနေပြီ။ မနက်က အိမ်ကထွက်လာတဲ့အထိ ဒီအဖြစ်ကြီးကို မယုံရဲရဲရှိခဲ့သေးတာ။

ချာချာ အနှစ်နှစ်ဆယ်ကျော် အသားကျခဲ့တဲ့ဘ၀ဟာ ရုတ်တရက်ကြီး ချိုးကွေ့ဖို့ ထင်သလောက် မလွယ်ကူပေ။ ဒါပေမဲ့ ရှုးစမ်းချင်စိတ်၊ ဒိုင်ယာရီထဲက ကြီးကြီးမော်ရဲ့ မတရားမှုတွေကို ဖော်ထုတ်ချင်စိတ်နှင့် ထိုအိမ်ကို ချာချာ အရောက်သွားခဲ့တာဖြစ်သည်။

အခုတော့ ချာချာ့သံသယစိတ်ဟာ လေနှင့်ရာပြေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



တိမ်တစ်စလို လွင့်ပါးကွယ်ပျောက်သွားပြီ။

အခါတိုင်း မနက် နေအတော်မြင့်မှ နိုးတတ်တာ။ နိုးတာနှင့် အိမ်အပြင်ထွက်ရန် ခြေလှမ်းပြင်တတ်သော ဒီသားအမိ။ ချာချာ ရောက်သွားတော့ မနက်အစောကြီးကို အိမ်မှာရှိသတဲ့။

ချာချာ့ကို ဟမင်များ စောင့်နေသလားထင်ရအောင်ပင်။ ချာချာ့သံသယကာ ပိုခိုင်မာလာ၏။ ချာချာ့စိတ်ကလည်း မတရားတာ မှန်သမျှ ငုံ့မခံချင်တဲ့ဗီဇ။

"တီ...တီ...တီ"

ကားဟွန်းသံနှင့်အတူ ချာချာ့ဘေးနားသို့ ပြိုင်ကားပြာလေး ထိုးရပ်လာ၏။

"ချက်ချက်ချာ"

ကျစ်ဆံမြီး ဗလပွ၊ နားတစ်ဖက်က စိန်နားကပ်နှင့် ခပ်ထွေထွေအပြုံးပိုင်ရှင် မိုက်။

"ဘယ်သွားမှာလဲ"

"ကိုယ့်လမ်းကိုယ်သွားပါ"

"အဟား...ကိုယ်စုံစမ်းမှုအရဆို ချက်ချက်ချာက ဒီနားမှာနေတာတဲ့ ဟုတ်လား"

"ကျစ်...စိတ်ညစ်တယ်"

ချာချာက လမ်းဆက်လျှောက်နေရာမှ ရပ်လိုက်သည်။ မရပ်၍မဖြစ်တော့။ ဒီပုဂ္ဂိုလ်ဟာ ချာချာသွားရာလမ်းဘေး၌ ကားဘီး





တစ်လိမ့်စီ လိမ့်ရင်း လိုက်နေဦးမည့်ပုံပင်။

ချာချာ့နေအိမ်ကလည်း သိပ်မဝေးတော့။ မိုက် စုံစမ်းထားပုံက ချာချာ ဒီကန်ထရိုက်တိုက်တွေမှာ နေတာသာသိတာ။ ဘယ်တိုက်မှာနေတယ်ဆိုတာ အတိအကျသိပုံမရ။

ချာချာ့အိမ်ကို သင်း မသိစေချင်။ ဇယားတွေ ရှုပ်ထွေးလာမှာစိုး၍ပါ။ ထို့ကြောင့်...

"နင် ဆက်မလိုက်ရင် ကောင်းမယ် မိုက်"

"မလိုက်စေချင်ရင် ကိုယ့်ကားပေါ်တက်၊ အိမ်တိုင်ရာရောက် လိုက်ပို့ပေးမယ်"

"ချာချာ့ကို မနှောင့်ယှက်ပါနဲ့"

ချာချာက စိတ်ပျက်သောအသံနှင့် ပြောမိပြီ။ ဘေးပတ်ဝန်းကျင်က လူတချို့က ချာချာတို့ဖြစ်အင်ကို တစေ့တစောင်း အကဲခတ်ကြပြီ။ ဒါတောင် သူ ဘယ်သူဆိုတာ မသဲကွဲသေးလို့။

Hip Hop အဆိုကျော် မိုက်ဆိုတာနဲ့ ဒီရပ်ကွက်မှလူတွေ ပြုံးပြီး ပြေးလာကြမည်။ ချာချာလည်း ရောယောင်နာမည်တွေကြီးဦးမည်။ ခက်တာက အဲဒီလိုအဖြစ်မျိုးကို ချာချာက မလိုချင်။

ဒါပေမဲ့...မိုက်ပုံစံဟာ တကယ့်တဇွတ်ထိုး ဒိုင်း။

"ကိုယ်ကတော့ နှောင့်ယှက်တယ်မထင်ဘူး ချာချာ၊ ကိုယ်ကူညီတာပါ"

"ချာချာ ဘယ်သူ့စိမ်းယောကျ်ားလေးရဲ့ အကူအညီမှ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူး"

ဖြစ်ချင်ရာဖြစ်တော့။ ခေါင်းမော့ပြီး ရှေ့ခြေဆက်လှမ်းရန် အပြင် ချာချာမြင်ကွင်းထဲ တိုးဝင်လာတာက မျက်နှာချင်းဆိုင် တိုက်ခန်းမှ တာတူးလေး။ ဖုန်တသောသောထတဲ့အဝတ် အမော တကော ပြေးလာသော တာတူး။

ချာချာ့ကိုတောင် မြင်ဟန်မတူ။

"တာတူး"

"ဟာ...မမချာ"

"ဘာဖြစ်တာလဲ၊ ချော်လဲဦးမယ်"

"မမချာ...ကြီးကြီးမီးလေ"

ရင်ထဲစိုးရိမ်ခြင်းအပူမီးက ထိန်းခနဲ မြည်ဟည်းသွားသည်။

"ဘာလဲ...ဘာဖြစ်လဲ ပြော"

"မောနေလို့ ဆရာဝန်ခေါ်ခိုင်း"

တာတူးစကားကို ဆုံးအောင်မစောင့်။ လွှင့်ခနဲနေအောင် ပြေးထွက်ခဲ့သည်။ သူမအိမ်ကို မိုက် သိသွားမှာလည်း မစိုးရိမ် တော့။ အသိစိတ်ထဲ အမေမှတစ်ပါး အခြားမရှိ။

ချာချာ့ကို မထားခဲ့ပါနဲ့ အမေ။

"ညည်းအေ...နေနိုင်လိုက်တာ၊ မိဘတွေမရှိကတည်း က အရင်းအချာဆိုလို့ ဒီညီအစ်မနှစ်ယောက်တည်းရှိတာ ချာချာ ရယ်၊ အခုတော့ ငါ့ညီမ အလောင်းမြေကျတာတောင် သိခွင့်မရတဲ့



ငါ့အဖြစ်၊ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ညီမအသုဘကို လာရတဲ့ ငါ့အဖြစ်၊ နည်းနည်းလောက် စာနာကြည့်စမ်းပါ ချာချာရဲ့၊ မိုက်လိုက် တဲ့ညီမလေး မိဘသဘောမတူတဲ့သူနဲ့ ယူပြီး ဘဝကို ပြီးစလွယ် ဖာတ်မြုပ်သွားရတာ၊ ဟွန်း...သမီးဖြစ်သူကလည်း အမေ့ခြေရာ နင်းတာ၊ ကြီးဒေါ်တောင် အသိအမှတ်ပြုချင်တဲ့ပုံမရ"

မဲ့ကာရွဲ့ကာနှင့် ပြောနေသော ကြီးကြီးမော်။ မျက်ရည်တွေ စို့နေသော မျက်ဝန်းထဲ၌ ဝမ်းနည်းကြေကွဲခြင်းက အရိပ်တောင် မထင်။ နားမှ စိန်နားကပ်ကြီး ဖျတ်ဖျတ်ခါအောင် ယမ်းတဲ့အထိ ပြောနေပုံက ချာချာ့အပြစ်တွေချည်း။

သရုပ်ဆောင်ကောင်းသော ကြီးကြီးမော်ကို စိုက်ကြည့် ရင်း ချာချာက ရယ်ချင်စိတ်ကို မြိုသိပ်ထားသည်။ အမေ့အတွက် ခံစားမနေရဘူးဆိုပါက အူလှိုက်သည်းလှိုက် ရယ်မောပစ်မှာ အသေ အချာပင်။ အသည်းအထူးကုသမားတော်ကြီးရဲ့ တရားမဝင်ဇနီး အဖြေက အသည်းကင်ဆာနဲ့ သေရတာတဲ့။ ဒီဖြစ်ရပ်တွေရဲ့ တစ်ဦး တည်းသောတရားခံက ကံတရားမဟုတ်။ အလိုလိုလွဲချော်အောင် ဖန်တီးခဲ့သူပင်။

အခုတော့ အမေ မရှိသော လောကကြီးထဲ၌ ချာချာ တစ်ယောက်တည်းဟူသော အသိက လူကို နုံးချိနွမ်းယိုင်စေပါ သည်။ ဒီအချိန်မှာ ကြီးကြီးမော်ပြောသမျှကို ခေါင်းမညိတ် ခေါင်း မခါဘဲ စိုက်ကြည့်နေတာလောက်သာ တတ်နိုင်ပါ၏။ နာကြည်း

www.burmeseclassic.com

www.burmeseclassic.com



ရှုံ့ရှာသောအကြည့်တွေလေ။

ချာချာရဲ့ ထိုအကြည့်ကို ကြီးကြီးမော် သတိထားမိဟန် တူသည်။ ပြောလက်စ စကားတွေ တန့်သွား၏။ ပွင့်ပွင့်လင်းလင်း ဖြစ်သွား သော မျက်နှာကို ပြန်ထိန်းရင်း…

"ကဲ…အခု အသုဘကိစ္စအတွက် ဘယ်လိုစီစဉ်ထား လဲ"

"အမေ့အလောင်း မြေကျသွားပြီလေ"

"ဟဲ့…ချာချာ၊ ဒါနဲ့တင်ပြီးမလား၊ အလောင်းမြေကျ ပေမယ့် ဝိညာဉ်က ကောင်းရာမွန်ရာရောက်ဖို့ လိုသေးတယ်လေ၊ ရက်လည်ကိစ္စကိုမေးတာ"

"ဟို…ဒါကို ချာချာက အိမ်ပရိဘောဂတွေရောင်းပြီး ဖြေရှင်းမယ်လို့ စီစဉ်ထားပါတယ် အစ်မကြီးရယ်၊ ဝယ်မဲ့လူက လည်း ဒီညနေလာမယ်လို့ ချိန်းထားပြီးပါပြီ"

တာတူးရဲ့မိခင်က ဝင်ပြော၏။

"ဒီအိမ်က ပရိဘောဂတွေကို"

ကောင်းက ဝေ့ဝဲအကဲခတ်သည်။ ဟောင်းနွမ်းအိုမင်း သော ပရိဘောဂ ကျိုးတိုးကျဲတဲကိုကြည့်သည်။ နှာခေါင်းတစ်ချက် ရှုံ့ရင်း…

"ဒါတွေရောင်းလို့ ဘာရမှာလဲ ချာချာရယ်"

"ချာချာ သူဌေးဖြစ်ကြဲတာမဟုတ်ဘူး၊ အမေ့အတွက်





လုံလောက်ရင် တော်ပြီ"

"ဒါဆိုလည်း ရောင်းမနေနဲ့ ချာချာ၊ ငါ့ညီမ အသုဘ စရိတ် အကုန်ငါတာဝန်ယူမယ်၊ ဘယ်လောက်ကုန်မလဲသာပြော"

တာတူးရဲ့အမေ ချာချာတို့နှင့် ရင်းနှီးနေသော မကေသီ မှာ ဟန်ပင်မဆောင်နိုင်။ ချာချာ့လက်ကို ဖျတ်ခနဲလာကုတ်၏။ မကေသီ ဝမ်းသာသွားတာ ချာချာ သိပါသည်။

အစောကြီးကတည်းက ဒီပရိဘောဂတွေကို ရောင်းဖို့ သဘောမတူ။

"ငါ့အနေနဲ့လည်း မတတ်နိုင်တဲ့ အနေအထားမို့လို့ ချာချာ ရယ်"

လို့ မုသားမလွှတ်ပြောခဲ့သေးတာ။ ချာချာကတော့ မာန မျက်ဝန်းတွေနှင့် ကြီးကြီးမော်ကို မော့ကြည့်သည်။

"မလိုပါဘူး ကြီးကြီးမော်၊ အမေ့နောက်ဆုံးခရီးမှာ ဘယ်သူ့အကူအညီမှ မလိုချင်ဘူး၊ အမေကိုယ်တိုင်လည်း သဘော ကျမှာမဟုတ်ဘူး၊ ဈေးဦးတရားတွေကို ချာချာ ထမ်းပိုးရတဲ့အဖြစ် ကိုလေ"

ကြီးကြီးမော်ထက် ကောင်းမျက်နှာက တင်းခနဲတည်သွား သည်။ ဒေါသလှိုင်းတွေက အချိန်မဆိုင်းဘဲ ကောင်းမျက်နှာပေါ် ခုန်တက်လာ၏။

"အဲဒီလောက် မာနတွေကြီးနေလည်း အလျော်အစားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကူညီလိုက် မာမီ၊ နင့်ပရိဘောဂတွေ ရောင်းနေမယ့်အတူတူ ဈေးလည်းပိုရအောင် အဲဒီလက်စွပ်ကိုရောင်းလိုက်၊ မာမီဝယ်လိမ့်မယ်၊ ဘယ်လိုလဲ''

ကောင်းသည် စိတ်အချဉ်ပေါက်ပြီး တမင်ကို ပြောပစ်တာ။ ချာချာ စိတ်ရှုးပေါက်ပြီး မာမို့ထံ ရောင်းပစ်လည်းပြီးတာပဲ။ မာမီက ဒီလက်စွပ်ကို လိုချင်နေတာမဟုတ်လား။

ဒါပေမဲ့ အရာရာက ကောင်း မျှော်လင့်သလို ဖြစ်မလာ။ ချာချာက အပြုံးအရယ်ကင်းသော မျက်နှာတည်လေးဖြင့်…

''ဟင့်အင်း ဒါကိုတော့ ရောင်းလို့မဖြစ်ဘူး၊ ဒါက ချာချာ အဖေရဲ့ ဂုဏ်ခုတည်းသော အမွေအနှစ်၊ ပြီးတော့ ချာချာဘဝအမှန်ရဲ့ အဓိကသော့ချက်''

ကောင်းမျက်နှာသည် ဖြတ်ရိုက်ခံလိုက်ရသလို ယိုင်ထွက်သွား၏။ ကြီးကြီးမော်လည်း ရုတ်ခြည်းပျက်ယွင်းသွားသော မျက်နှာရိပ်ကို မထိန်းလိုက်နိုင်။ ဒါကိုပဲ ချာချာက အရသာခံ၍ တစိမ့်စိမ့်ကြည့်နေချိန်မှာ…

''ချက်ချက်ချာ''

စိမ်းသောခေါ်သံ။ ဧည့်ခန်းထဲရှိ ဧည့်သည်အကုန်လုံး အကြည့်က တံခါးပေါက်ဆီ စုပြုံရောက်သွား၏။

ချာချာ မျှော်လင့်မထားသော ဧည့်သည်။ တစ်ခေါင်းလုံး ဦးရေပြားပေါ်အောင် ကျစ်ဆံမြီးသေးသေးလေးတွေကျစ်ထားသော



နားတစ်ဖက်၌ စိန်တစ်ပွင့်မြှုပ်နှံထားသော တီရှပ်နှင့် ဂျင်းဘောင်းဘီပွပွကြီးဝတ်ထားသော လူရွယ်တစ်ယောက်။

သူ့ရင်ခွင်၌ အလွန်တရာ တန်ဖိုးကြီးဟန်ရှိသည့် မွှေးပျံ့သော ပန်းတစ်စည်းအား ပွေ့ပိုက်ထား၏။ အားလုံးကြောင်အစွာ ငေးမောမှင်သက်နေဆဲ။ အရင်ဆုံး ခေါ်သံထွက်လာသူက နေကောင်းကင်ထံမှ။

''မိုက် ကောင်း ဒီမှာရှိမှန်းသိလို့ လာရှာတာလား''

အပြောနဲ့အတူ နေရာမှထပြီး သွားကြိုသည်။ ပန်းစည်းကြီးကို လက်ကမ်းပြီးယူသည်။ သို့ပေမဲ့ ပန်းစည်းက ကောင်းထံ ရောက်မသွား။

''ကိုယ် ချက်ချက်ချာဆီလာတာ''

ချာချာထံ မိုက်လျှောက်လာ၏။ ဧည့်သည်တွေက ကိုယ်ကိုရှိုပြီး ဘေးကပ်ပေးကြသည်။ မိုက်နှင့်ချာချာကြား ပေါင်းကူးလမ်းလေး အလိုလိုဖြစ်ပေါ်လာ၏။ မိုက်က ချာချာ့အနား ရောက်လာကာ ပုဆစ်တုပ်ထိုင်သည်။

''အဲဒီနေ့က အဖြစ်အပျက်အတွက် ကိုယ် တကယ်စိတ်မကောင်းပါဘူး ချက်ချက်ချာ၊ ကိုယ့်ကြောင့် မင်းအမေနဲ့တွေ့ဖို့ နောက်ကျသွားတယ်ဆိုရင်''

''ကိစ္စမရှိပါဘူး၊ ဖြစ်ချိန်တန်ရင် ဘယ်အရာကမှ တားဆီးလို့မရတာ သဘာဝပါ''

www.burmeseclassic.com

www.burmeseclassic.com



ချာချာက တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောသည်။ ဧည့်ခန်း တစ်ခန်းလုံး အသက်ရှူသံတောင် မကြားရ။

တကယ့်နာမည်ကြီးအဆိုတော်နှင့် သာမည မိန်းကလေး တစ်ယောက်ရဲ့ ပတ်သက်ပုံကို အကဲခတ်စူးစမ်းတာများ ချောက်ချား ဖွယ်ရာတောင် ကောင်းပါသည်။

"ရော့ ချက်ချက်ချာအတွက်၊ ကိုယ့်ရဲ့ ဝမ်းနည်းခြင်း အထိမ်းအမှတ်"

"ကျေးဇူး"

ချာချာက ဒါပဲပြောကာ ပန်းစည်းကိုလှမ်းယူသည်။ အနား ရှိ စားပွဲခုံပုလေးပေါ် လှမ်းတင်၏။

"ဘာအကူအညီပဲလိုလို ကိုယ့်ကိုဆက်သွယ်ပါ၊ ဒါ ကိုယ့်ရဲ့ကဒ်၊ ကိုယ်ရှိနိုင်မယ့်နေရာတွေရော ဖုန်းနံပါတ်ရော အကုန် ပါတယ်"

"ထပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ တစ်ခါတည်း သိအောင် ပြောလိုက်မယ်၊ ရှင့်ဆီက ဘာအကူအညီမှ မလိုဘူး၊ ပတ်သက်စရာလည်းမရှိဘူး၊ ဘာအကြောင်းပြချက်နဲ့မှ ပတ်သက် စရာ မရှိဘူး၊ ရှင်းပါတယ်နော်၊ ခွင့်ပြုပါဦး၊ ပင်ပန်းလို့ နားပါရစေ တော့"

ချာချာကပြောပြီး အခန်းထဲဝင်လာခဲ့သည်။ နောက်ပါး၌ ဘာတွေဖြစ်ကျန်ခဲ့မလဲ။ ချာချာ စိတ်မဝင်စား။ ချာချာသိထားတာ



က ရှေ့ဆက်ရမည့် အနာဂတ်မှာ အပြင်းထန်ဆုံး ထိုးစစ်ဆင်ရန် သာဖြစ်သည်။ ထို ထိုးစစ်အတွက် ဘယ်သူ့အကူအညီမှမယူ။

ချာချာတစ်ကိုယ်တည်း အင်အားနှင့် ရပ်တည်မှာဖြစ်၏။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာမှ သူများကို အပြစ်မတင်နဲ့ ကောင်း၊ အဲဒါ ဘယ်သူမပြု မိမိမှုတဲ့၊ ညည်း ညံ့တာလေ၊ မိုက်ဟာ ကိုယ်ရည် ရွယ်ထားသူမှန်း သိသိကြီးနဲ့ သူ့ရှေ့ ဒီဟာမကို ညည်းခေါ်သွား တာ ကောင်းရဲ့၊ အခု ဘယ်လောက် အရှက်ကွဲခဲ့သလဲ၊ လူတွေ အများကြီးရှေ့မှာ မိုက်က ကဒ်ထိုးပေးပြီး ဆက်သွယ်ခိုင်းဖို့ ပြော သွားတာ"

"မာမီကလည်း ကောင်းမှာလည်း သူ့ဖုန်းနံပါတ်ရှိပါ တယ်"

"တော်စမ်းပါအေ၊ သူ့ဖုန်းဆက်တိုင်း ညည်းနဲ့ ဘယ်နှ ခါတွေ့ရလို့လဲ၊ မန်နေဂျာနဲ့ချည်း နှစ်ပါးသွားနေရတာ၊ အဲဒီကဒ်ပေ မှာ Fax ရော E-mail ရော၊ သူ့ထုတ်လုပ်ရေးအခန်းက ရုံးဖုန်း နံပါတ်အစုံပါတာလေ ကောင်းရဲ့"



မာမီဆူသမျှ ကောင်းက ခေါင်းငုံ့ခံရုံသာ။ အကုန်မှန်နေ တာကိုး။ ဒီအတွက် မိုက်ကိုလည်း မကျေနပ်။

ကောင်းဟာ ချာချာနဲ့ယှဉ်လျှင် အရာရာသာလွန်သူ မဟုတ်ဘူးလား။ တကယ့် သမားတော်ကြီးရဲ့ တစ်ဦးတည်းသော သမီး။ ခေတ်လွန်မိန်းကလေး။ မိုက်ကို ချည်းကပ်ခဲ့တဲ့နေရာမှာ သူ့အောင်မြင်မှု ချမ်းသာကြွယ်ဝမှုတို့က တစိတ်တစ်ဒေသ။

မိုက်ကို ရင်တွင်းက နှစ်နှစ်ကာကာ ချစ်တာက ကောင်း ခံစားချက်ဖြစ်သည်။ ထို့ကြောင့် ဘယ်နည်းနဲ့မှ မိုက်ကို မစွန့်လွှတ် ချင်။ အခုတော့ မိုက်က ဘာမဟုတ်တဲ့ ချက်ချက်ချာနဲ့ကျမှ။

အဲဒီအတွေးလောက် ရင်ကို ပူစေတာမရှိပြီ။ ဒါကို ရိပ် မိဟန်တူသော မာမီက...

"ကားမောင်းနေတုန်း ဒေါသထွက်စရာတွေ မတွေးနဲ့ တော့ ကောင်း၊ မိုက်ကိစ္စအတွက် ခေါင်းအေးအေးထား၊ မာမီ့မှာ ဗျူဟာတွေ အများကြီးရှိတယ်၊ မိုက်ကို သမီးရင်ခွင်ထဲရောက်အောင် မာမီ အသာလေး တွန်းပို့ပေးလို့ရတယ်၊ အရေးကြီးတာ သူ့ဆီက ဟိုဒိုင်ယာရီနဲ့လက်စွပ် မာမီတို့လက်ထဲရောက်ဖို့လိုတယ်၊ အဲဒါတွေ ကို အချိန်မီမဖျောက်ခဲ့နိုင်ရင်တော့ သူလည်း ဦးနေရောင်ရဲ့သမီး ဆိုပြီး ညည်းနဲ့ ပခုံးချင်းယှဉ်ခွင့်ရသွားလိမ့်မယ်"

မာမီ့စကားက ကောင်း သွေးတို့ကို ဖျင်းခနဲ ဆူပွက် သွားစေသည်။ ကားစတီယာရင်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



မိ၏။

ရည်းစားလူလု အူနုကျွဲခတ်တဲ့။ ဘာပဲပြောပြော ယှဉ်လာလျှင် အနိုင်လိုချင်တာ ကောင်းရဲ့စရိုက်။ ကဲ ယှဉ်ပြိုင်ရအောင် ချာချာ။

ဒီပွဲမှာ ကောင်း နိုင်ရမည်။

◇ ◇ ◇

BURMESE CLASSIC .com

"ဒါ ဘာလုပ်တာလဲ ကောင်း"

အေးစက်တင်းမာသောအသံ။ ကောင်းနောက်ကျောမှ ထွက်ပေါ်လာသည်။ ရုတ်တရက်မို့ ကောင်း တုန်ခနဲဖြစ်သွား၏။ ဒါပေမဲ့ ထိတ်လန့်ရလောက်အောင် ထိုအသံရှင်က ကောင်းအား မစိုးမိုးနိုင်။

ကောင်းသည် အညိုရောင် သားရေဖုံးဒိုင်ယာရီ စာအုပ်လေးအား ရင်ဝယ်ပိုက်ရင်း အသံရှင်နှင့် မျက်နှာချင်းဆိုင်လိုက်၏။ ကောင်း နှုတ်ခမ်းဖျားပေါ်တွင် အောင်နိုင်သူ အပြုံးနှင့်။

"ကောင်းလိုချင်တာရှိလို့ ဝင်ရှာတာ ချာချာ၊ ဘာဖြစ်လို့လဲ"

"ပိုင်ရှင်မသိဘဲ သူများအခန်းထဲဝင်တာ ရိုင်းတယ်ဆိုတာ ကောင်း မသိဘူးလား၊ အထူးသဖြင့် ချာချာ့အမေရက်လည်မှာ အရမ်းအလုပ်ရှုပ်နေချိန်မှာလေ"

"ဘာဖြစ်လဲ ကောင်းနဲ့ချာချာက သူစိမ်းမှမဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မတွေပဲကို၊ အခု ကောင်းလိုချင်တာတွေ့သွားပြီ၊ ကောင်း သွားတော့မယ်''

ကောင်းက ဒိုင်ယာရီစာအုပ်ကို ရင်ခွင်၌ ပွေ့ပိုက်ရင်း အခန်းထဲက ထွက်ဟန်ပြင်သည်။ ဒီစာအုပ်က မာမီရဲ့အသက်။ ဒီစာအုပ်သာ ဒက်ဒီ့လက်ထဲ ရောက်သွားလျှင် မာမီ့ရှေ့ရေးက မတွေးဝံ့လို့ ကောင်းကို ပြောပြထားဖူးသည်။

ဒါကြောင့် ကောင်းဟာ ဒီစာအုပ်ကိုရှာဖို့ အခွင့်ကောင်း စောင့်ခဲ့တာ။ ချာချာ့ အရိပ်အကဲကြည့်နေခဲ့တာ။ ကံကောင်းချင် တော့ အန်တီမီးရဲ့ ရက်လည်ဟာ ထင်တာထက် ပိုစည်ကားနေခဲ့ ၏။ .

ဖည့်သည်များစွာထဲ အလုပ်ရှုပ်နေတဲ့ ချာချာ့အလစ်မှာ ချာချာအခန်းထဲ ဝင်မွှေခြင်းပင်။

စာအုပ်ကလည်း သိပ်ခက်ခဲစွာ မရှာလိုက်ရ။ ချာချာ့ ခေါင်းအုံးအောက်၌ အလွယ်တကူတွေ့သည်။ ကောင်း ဆွဲယူတုန်း ချာချာရောက်လာခြင်းဖြစ်သည်။ ကောင်းကတော့ ဒီစာအုပ်ကို ချာချာအား ပြန်ပေးရန် စိတ်မကူး။ မာမီ့ထံယူသွား၍ အပြီးတိုင် ဖျောက်ဖျက်ဖို့ စီစဉ်ထားပါသည်။

''ဒီစာအုပ်က ချာချာအခန်းထဲက ပစ္စည်း ကောင်း၊ ချာချာ ခွင့်ပြုချက်မရပဲ ကောင်း ယူမသွားသင့်ဘူး''

''ချာချာ့အခန်းထဲကပေမဲ့ ဒီစာအုပ်ပိုင်ရှင်က ကောင်း



မေမေလေ၊ အထဲမှာ ကောင်းအမေလက်ရေးတွေရှိမှာ၊ ဒီတော့ ကောင်း ပိုပိုင်သင့်တာပေါ့ မဟုတ်ဘူးလား''

''ဒါဆို ဒီစာအုပ်ထဲမှာ ကြီးကြီးမော်ရဲ့ ဖြောင့်ချက်တွေဆို တာ ကောင်း ဝန်ခံပြီပေါ့၊ ဟုတ်လား ကောင်း''

တံခါးဘောင်ကိုမှီရင်း ခပ်နွဲ့နွဲ့ရပ်နေတဲ့ ချာချာ။ မျက်နှာ ပေါ်၌ လှောင်ရိပ်တချို့ စွန်းထင်းနေသယောင်။ ကောင်း ရင်ထိတ် သွား၏။ သွေးအေးလွန်းတဲ့ အပြုံးတွေဟာ တကယ်ကို အနိုင်မဲ ရထားတဲ့ ကောင်းထံမှာသာ ရှိသင့်တာ မဟုတ်ဘူးလား။

ဘာများလွဲချော်နေပါလိမ့်။ ကောင်းအတွေးမဆုံးလိုက်။ ချာချာက လက်ဝါးလေးဆန့် ခါးလေးညွှတ်ရင်း···

''ကဲ ယူသွားလို့ရပါပြီ ကောင်း၊ ဒါပေမဲ့ သေချာပေါက် ချာချာ ပြောနိုင်တာက ကောင်းတို့လိုချင်တဲ့အရာကို ကောင်း တကယ်မပိုင်သေးပါဘူးလို့''

ကောင်း သွေးရူးသွေးတမ်းဖြင့် စာအုပ်ကို ဖွင့်ကြည့်သည်။ ဘာစာမှ ရေးသားထားခြင်းမရှိသော အဖြူရောင် စာရွက်တွေက ကောင်းကို လှောင်ပြောင်နေသလို။

''တောက်''

ဒေါသနှင့်အတူ စာအုပ်ကို အခန်းထောင့်ဆီ လွှင့်ပစ်လိုက် သည်။ ချာချာထံမှ မခိုးမခန့်ရယ်သံက အသည်းကို အပ်နှင့်ဆွနေ သည်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ချာချာ၊ နင်လည်း နင်လိုချင်တဲ့အရာကို ဘယ်တော့မှ မပိုင်စေရပါဘူး"

"ဥစ္စာရင်းမှန်ရင် အလိုလိုဖြစ်လာမှာပါ ကောင်းရဲ့"

ရူးရဲသော မျက်ဝန်းနှစ်စုံ ထိပ်တိုက်တွေ့ကြပြီ။ စိမ်းသက်သော စိန်ခေါ်ရန့်တို့က ချာချာတို့နှစ်ယောက်အနား ပျံ့နှံ့လျက်။

"ဒီလက်စွပ်လေးက အမေ့ဆီမှာ ကျန်ခဲ့တဲ့ အဖေ့ပစ္စည်းပါ၊ အဲဒီညက အဖေ့နားအရင်ရောက်ခဲ့သူဟာ အမေပါ၊ ဒါပေမဲ့ ဒီအဖြစ်အပျက်တွေကို အမေက တစ်သက်လုံး ထိန်းချုပ်မြိုသိပ်ထားခဲ့တာပါ၊ ချာချာ့ကိုတောင် အမေ ဆုံးခါနီးမှ ဖွင့်ပြောသွားခဲ့တာပါ အဖေ၊ ဒီကိစ္စတွေကို သိတဲ့လူတွေကလည်း လောကမှာ ဒီစိတ်နဲ့ပဲ ဆုံးပါးသွားခဲ့တာလို့ အမေကပြောပါတယ်"

"သမီးလေးရယ် သမီးဒုက္ခတွေ အများကြီး ခံစားခဲ့ရတာပဲ၊ ဖေဖေက အဲဒီအချိန်တုန်းက တစ်ခါမှ မသောက်ဖူးတဲ့ အရက်ရှိန်ကြောင့် ဘာကိုမှ ရေရေရာရာ မသိခဲ့ဘူး၊ ဒါပေမဲ့ မီးမီးကို မေးခဲ့ပါသေးတယ်၊ မီးမီးက ငြင်းခဲ့တာကိုး၊ ဒါဆို မေကရော ဖေဖေနဲ့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ သမီးမေမေ ပြောပြခဲ့သေးလားဟင်၊ ဒီအကြောင်းတွေ သမီးကို မမေးသင့်မှန်းသိပေမယ့် ဖေဖေ့အတွက် သိချင်စိတ်က နှစ်နှစ်ဆယ်လုံး မပျောက်ပျက်ခဲ့ဘူး သမီး"

"ဟင့်အင်း ကြီးကြီးမော်နဲ့ပတ်သက်တာကိုတော့ ချာချာ





ကို ပြောမသွားဘူး ဖေဖေ"

ချာချာဟာ စိတ်ကူးထဲမှာ အဖေနှင့်တွေ့လျှင် ပြောရမည့် စကားကို စာစီပြီးသား။ ချာချာ့နေရာမှန် ပြန်ရဖို့အတွက် သူတစ်ပါးကို ချောက်ချကာ လုမယူလို။

သူတို့လည်း ဖယ်ပေးစရာမလို။ ချာချာဟာ ဦးနေရောင်နှင့် ဒေါ်မီးမီးရဲ့ သမီးအရင်း။ ဒါဆို ချာချာနှင့် ထိုက်တန်သော နေရာတစ်ခုက အသင့်ရှိနေပြီးသားဖြစ်လိမ့်မည်။

"ကလေးမ ဟေ့ ကလေးမ"

"ရှင်…ရှင်…ဦးလေး"

"ညည်းပြောတဲ့ အထူးကုဆေးခန်းကြီးရှေ့ ရောက်ပြီလေ"

ရှေ့ခန်းမှ ကားဆရာကြီးပြောသည်။ ဒီတော့မှ ချာချာက ပတ်ဝန်းကျင်ကို သတိထားမိ၏။ ဟုတ်ပါရဲ့ ချာချာတွေ့ချင်သော အဖေရှိသည့် ဆေးခန်းကြီးရှေ့သို့ ကားရပ်ထားလေပြီ။

"ဟုတ်ကဲ့ ကျေးဇူးပဲ ဦးလေး"

ချာချာက ကားခရှင်းပေးပြီး ခပ်သွက်သွက်ဆင်း၏။ ဆေးခန်းကြီးရှေ့ ခြေစုံရပ်ပြီး ထည်ဝါသော ဆိုင်းဘုတ်ကြီးအား မော့ငေးသည်။

"နေရောင် အထူးကုဆေးခန်း"

ဟူသော အမည်ကပင် ရင်ကို နွေးထွေးစေ၏။ ဖခ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဆိုတာ ဒါမျိုးပဲလား။ ချာချာ သေချာတော့မသိ။ အရင်က ရင်းနှီးခဲ့ရသော ခံစားချက်က တစ်မျိုး။ အခု ကိုယ့်ဖခင်ဟူသော အသိကြောင့် ပေါက်ဖွားလာသည့် ခံစားချက်ကတစ်မျိုး။

ရဲရင့်ခြင်း နွေးထွေးစေခြင်းနှင့်အတူ အားကိုးလိုစိတ်တွေ ချာချာ့နှလုံးသား တစ်ထောင့်တစ်နေရာစီ၌ ခိုတွယ်လာခဲ့လေပြီ။

ချာချာ ထိုခံစားချက်တွေရဲ့ အထောက်အပံ့နှင့် ဆေးခန်းကြီးထဲ ဝင်လာခဲ့သည်။ မှန်တံခါး တွန်းဖွင့်လိုက်တာနှင့် အခန်းထောင့်ဘက် ကောင်တာမှ

"ဘာအလိုရှိပါသလဲ အစ်မ၊ ဘယ်ဆရာဝန်ကြီးတွေနဲ့ တွေ့ဆုံဖို့လဲ၊ တုံကင်နံပါတ်ယူဖို့လား"

တန်းစီမေးလာသော မေးခွန်းတွေကြောင့် ချာချာက ယောင်နနဖြစ်သွားပြီးမှ

"အာ မဟုတ်ဘူးရှင်၊ ကျွန်မ အသည်းအထူးကုသမားတော်ကြီး ဒေါက်တာဦးနေရောင်နဲ့ တွေ့ချင်လို့ပါ"

"သြော် ဆရာကြီးရဲ့ ပေးရှင့်နဲ့တူတယ်"

ထင်ချင်ရာထင်ပြီး ပြောချင်ရာပြောပါတော့။ ချာချာက ဘာမှဝင်မဖြေရှင်းချင်။ ထို့ကြောင့် အသာငြိမ်ပြီး သူမပြောလာမည့်စကားကိုပဲ နားစွင့်ထားလိုက်၏။

"ဆရာကြီးက ဒီမှာ မရှိဘူးရှင့်၊ ပြည်ပခရီးထွက်သွားလို့"



"ရှင် ဘယ်ငနုံးကသွားတာလဲ"

"မနေ့ကမှပါ"

"မနေ့က"

ချာချာ ဒါပဲ ရေရွတ်နိုင်သည်။ ဒီထက် စောရောက်အောင် ချာချာ လာဖို့ကောင်းသည်။ ဒါပေမဲ့ မနေ့က အမေ့ရဲ့ ရက်လည်ဆွမ်းသွတ်တဲ့နေ့။ ချာချာမှာ တစ်ဦးတည်းသော မိသားစုဝင်မို့ ထွက်လာရန် အခွင့်မရခဲ့။

ချာချာ့ကံကြမ္မာသည် လွဲချော်မှုတွေနဲ့ ပြည့်နှက်နေသလား။ ချာချာဟူသောအမည်ကြောင့်ပဲ ကံဇာတာ နုံချာနေခဲ့သလား။ မတွေးတတ်တော့။ ဒါပေမဲ့ ကျရှုံးခြင်းကို လွယ်လင့်တကူ လက်မခံတတ်တာကလည်း ချာချာရဲ့ မွေးရာပါဗီဇဖြစ်လိမ့်မည်။

မကြာခဏ အရှုံးနှင့် ရင်းနှီးခဲ့ရသော သူတို့သည် အရှုံးကို မကြောက်တတ်တော့။ ထိုအရှုံးကြားမှ ပန်းဝင်အောင် ကြိုးစားတတ်ပါသည်။

"ဘယ်တော့လောက် ဆရာကြီး ပြန်ရောက်မလဲ"

"ဆရာကြီးက အသည်းနဲ့ဆိုင်တဲ့ ရောဂါစာတမ်းဖတ်ပွဲ လေ့လာရေးသွားတာ၊ သုံးလကြာမယ်၊ ဒါပေမဲ့ ဆရာကတော် ပါ လိုက်သွားမယ်ဆိုရင်တော့ ဒီထက် ပိုကြာမှာ၊ အစ်မတို့လို ပေးရှင့်တွေအတွက် ဆရာကြီး အကုန်စီစဉ်ပေးသွားပါတယ်၊ လက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ဆရာဝန်တွေထဲက စိတ်ချရတဲ့ ဒေါက်တာကို လွှဲသွားပေးတယ်၊ ပေးရှင့်တွေရဲ့ အချက်အလက်တွေ၊ ဆေးမှတ်တမ်းတွေ အကုန်ရှိပါတယ်၊ ဆရာကြီးနဲ့ တွေ့ရသလိုပဲ အားလုံး အဆင်ပြေသွားမှာပါ''

''ဟုတ်ကဲ့ ရပါပြီ၊ နောက်မှ ပြန်လာတော့မယ်၊ ကျေးဇူးပါပဲ''

ချာချာက အတင်းစကားဖြတ်ပြီး ထွက်လာခဲ့သည်။ ကိုယ့်ရောဂါက ဆရာကြီးနဲ့တွေ့မှရမယ့် ရောဂါ။ ကျလုဆဲ စိတ်ဓာတ်တွေကို ချာချာက ပြန်ဆွဲတင်သည်။

ကိုယ့်ကိုယ်ကို အားပေးရင်းနဲ့ပေါ့။

''ဒီတစ်ကြိမ်မတွေ့လည်း နောက်တစ်ကြိမ်ပေါ့ ချက်ချက်ချာရယ်၊ ဦးနေရောင်က မြန်မာပြည်ကနေ ဘယ်မှထွက်မပြေးပါဘူး''

ရယ်လို့လေ။ ခေါင်းကြီးအောက်စိုက်ပြီး လျှောက်လာတဲ့ ချာချာဟာ ကိုယ့်အားပေးမှုနဲ့ကိုယ် ချာလပတ်ယမ်းလို့။ ဘေးပတ်ဝန်းကျင်လည်း ဂရုမထားနိုင်။

''ချက်ချက်ချာ''

ခေါ်သံနှင့်အတူ ကောင်းကင်အနီရောင်ကြီး ပြိုကျလာသလို။ ချာချာ့တစ်ကိုယ်လုံးသို့ အနီရောင်တွေ ထွင်းဖောက်သွားသလို။



''ကြီးကြီးမော်''

အနီရဲရဲဝတ်စုံဝမ်းဆက်နှင့် ကြီးကြီးမော်က ချာချာ့ကို ရူးရဲစွာ စိုက်ကြည့်လို့။

''ညည်း ဒီကို ဘာလာလုပ်တာလဲ''

နှစ်ကိုယ်တည်း ကြားနိုင်လောက်သည့်အသံ။ ထိုအသံထဲ၌ မနှစ်မြို့ခြင်းတွေ ပျော်ဝင်နေ၏။ ကြီးကြီးမော်ရဲ့ မျက်ဝန်းတွေထဲလည်း မလိုလားခြင်းတွေပါ ချာချာ တွေ့နေရပါသည်။

''ချာချာ ကိစ္စရှိလို့ပါ''

ချာချာကလည်း ထုံပေပေရုပ်နှင့် ပြန်ဖြေ၏။

''ညည်းရဲ့ အရည်မရ အဖတ်မရ လုပ်ကြံဇာတ်လမ်းတွေ မဟုတ်လား၊ ညည်း ရုပ်တည်ရှင်သန်ဖို့ လိုအပ်တာ ငါ့ယောက်ျားနဲ့ မိုက်လား ချာချာ''

''ကြီးကြီးမော် ဒီဖြစ်ရပ်တွေရဲ့ အစက ဘယ်ကမြစ်ဖျားခံလည်းဆိုတာ ကြီးကြီးမော် အသိဆုံးပါ''

စိမ်းရှရဲရင့်တဲ့အကြည့်တွေနဲ့ ချာချာက ပြန်ပြောသည်။ ကြီးကြီးမော်က ပခုံးတွေ လှုပ်ခါတဲ့အထိ အသံတိုးတိုးနှင့် နက်နဲစွာရယ်ရင်း…

''ညည်းရဲ့ စိတ်ကူးယဉ်တာတွေ လျှော့ပစ်တော့ ချာချာ၊ ဘယ်ချောင်ထဲက ထွက်လာမှန်းမသိ၊ သက်မဲ့သက်သေလေးနဲ့ ညည်းကို ဘယ်သူကမှ သမီးအဖြစ် လက်ခံမှာမဟုတ်ဘူး၊ ပြော

www.burmeseclassic.com

www.burmeseclassic.com



စေချင်မှဖြင့်၊ အမှန်တရားတွေဆိုမှဖြင့် ညည်းအဖေ ကိုကျော်ထွေးကို ငါ့အဖေ၊ အမေတွေက ဒီလောက်နှစ်အကြာကြီး ဖုံးကွယ်ထားပါ့မလား၊ ညည်းအဖြစ်က အမှီမရှိတဲ့ နွယ်ပင်လိုပဲ၊ တွေ့ရာအမှီကို တွယ်ကပ်ရှင်သန်ချင်တာလေ၊ အဲဒီလောက် အပင်ပန်းခံစရာ မလိုပါဘူး၊ ငါက ညည်းလိုသလောက် ပေးကမ်းထောက်ပံ့နိုင်ပါတယ်''

''ချာချာ ငွေမလိုဘူး ကြီးကြီးမော်''

''ညည်းက ငွေထွက်တွင်းကြီးကို လိုတာလား၊ မိုက်ကိုပဲ ဖြစ်ဖြစ်ပေါ့''

''ကြီးကြီးမော်''

ဒေါသရှက်စိတ်ကြောင့် အသံလှိုင်းက တုန်ခါလာ၏။ မဖိတ်ဘဲ ရောက်လာတဲ့ မျက်ရည်ကြည်တွေက မျက်ခမ်းစပ်မှာ တွဲခိုလျက်။ ဟင့်အင်း မငိုနဲ့ ချာချာ၊ အရှုံးမပေးနဲ့။

''ညည်းသိအောင်ပြောမယ် ချာချာ၊ ကောင်းဟာ မွေးကတည်းက အကောင်းတွေနဲ့ အသားကျပြီးသား၊ ညည်းက အဆိုးတွေထဲ ကျင်လည်တဲ့သူ၊ လူချင်းယှဉ်လို့ရပေမယ့် ကံချင်းယှဉ်လို့မရဘူးဆိုတဲ့စကားကို ညည်းလည်းသိမှာပါ၊ ဒီတော့ ညည်းရဲ့ ရှေ့လုပ်မယ့် ခြေလှမ်းတွေရပ်လိုက်၊ ဘယ်သူ့မှ လက်မခံမဲ့အတူတူ ငါပေးမဲ့ငွေကိုယူပြီး ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် ကြိုးစားရင် ပြီးတာပဲကို''



''ချာချာကလည်း ကြီးကြီးမော်သိအောင် ပြောပြရဦးမယ်၊ အဆိုးတွေကို မုန်းလွန်းလို့ အကောင်းတွေရောက်လာအောင် ချာချာ ကြိုးစားတာ၊ ဝါကယ်တော့ အခု ကြီးကြီးမော်တို့ပိုင်တဲ့ ပစ္စုပ္ပန်ဟာ ချာချာနဲ့အမေ့ရဲ့ သယံဇာတတွေ၊ ချာချာနဲ့အမေရဲ့ ဘဝနှစ်ခုနဲ့ စတေးထားတဲ့ ရပိုင်ခွင့်၊ ချာချာ အကုန်ပြန်ယူပြမယ်၊ စောင့်သာကြည့်နေပါ ကြီးကြီးမော်''

ချာချာက ကြီးကြီးမော်ရဲ့ ပခုံးတစ်ဖက်ကို ပစ်တိုက်ပြီး ထွက်လာခဲ့သည်။ ချာချာ့ကျောပြင်အား ဒေါသနှင့် စိုက်ငေးနေသော မော့်မျက်လုံးထဲမှာ ကောက်ကျစ်စဉ်းလဲသော အခိုးအငွေ့တွေက လျှံထွက်လျက်။

ကိုယ့်ထက်ငယ်သူတွေ ပခုံးချင်းယှဉ်တာလောက် မော်စိတ်ဆိုးတာမရှိ။ ညည်း ငါ့စက်ကွင်းထဲက မလွတ်စေရဘူး ချာချာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ချာချာရေ"

"လာ မကေသီ၊ ချာချာက ဒီမှာ"

ချာချာက သံပန်းတံခါးဆွဲဖွင့်ပေးသည်။ ဖတ်လက်စ သတင်းစာအား ချိုင်းကြားညှပ်လျက်။ လက်တစ်ဖက်၌ ဘောပင်နှင့်စာရွက်။ ပန်းကန်သေးလေးကိုင်ပြီး ဝင်လာသော မကေသီက ချာချာ့ပုံစံကိုကြည့်ပြီး…

"ဘာလဲ သတင်းစားထဲက အလုပ်ကြော်ငြာတွေဖတ်ပြီး လိပ်စာနဲ့ဖုန်းနံပါတ်တွေမှတ်၊ ပြီးရင် ဖုန်းဆက်စုံစမ်း၊ ဒါပေမဲ့ နောက်ဆုံးတော့ အဆင်မပြေနဲ့၊ နင့်မုန့်ဖိုးကုန်တာပဲ အဖတ်တင်တာမဟုတ်လား၊ နင့်အဖြစ်ကို ငါ မကြည့်ရက်ဘူး ချာချာ"

"ချာချာလည်း နေ့တိုင်း ဟင်းတစ်ခွက်လာပို့နေရတဲ့ မကေသီအဖြစ်ကို မကြည့်ရက်တာအမှန်ပဲ"



"အမလေး ကြီးကြီးကျယ်ကယ် မပြောစမ်းပါနဲ့အေ၊ ဟင်းတစ်ခွက်တဲ့ ဘေးကကြားရင် အထင်ကြီးစရာ၊ ကန်စွန်းရွက်ကြော်ပါဟဲ့၊ ငါ ပိုကြော်ထားတာ"

"ကလေးတွေ လျှော့စားရမှာစိုးလို့ပါ၊ ချာချာက ဆီဆမ်းဆားဖြူးပြီးစားလည်း ရတာကိုး"

"ဘာမှ တွေးပူမနေနဲ့၊ အသီးအရွက်ကြော်လောက်ကတော့ ငါ နေ့တိုင်းကျွေးနိုင်တယ်၊ ကဲ အလုပ်က ဘာထူးလဲ"

မကေသီက သတင်းစာကို မေးဆတ်ညွှန်ရင်း ဆိုသည်။

"အခုမှဖတ်မှာ မကေသီရဲ့၊ မကေသီ ကျွေးထားနိုင်မှန်း ချာချာသိပါတယ်၊ ဒါပေမဲ့ ချာချာ အလုပ်ရမှဖြစ်မယ်၊ အဲဒီအလုပ်ကရလာမယ့် ထိုက်တန်တဲ့အခကြေးငွေတွေဟာ ချာချာ့ဘဝရပ်တည်ဖို့မဟုတ်ဘူး မကေသီ၊ နေဖို့၊ စားဖို့အတွက် ရှာဖွေရတာ ဒီလောက်မခက်ခဲပါဘူး"

"ငါ့တော့ နင့်စကားတွေကို မျက်စိလည်ချင်လာပြီ ချာချာ၊ ဒါဖြင့် နင် အလုပ်ကို ဘာလို့ အသည်းအသန်ရှာနေသလဲဟဲ့"

ချာချာက ကိုယ်လေးလှုပ်ယမ်းတဲ့အထိ တဟက်ဟက်ရယ်သည်။ ဒါပေမဲ့ ထိုရယ်သံ၌ ပျော်ရွှင်ခြင်း၊ ပေါ့ပါးခြင်းတွေပေါဝင်မှန်း မကေသီရိပ်မိ၏။ တစ်စုံတစ်ခုကို တော်လှန်ရန် အင်အားစုစည်းနေတဲ့ ရယ်သံမျိုး။ စိမ်းသက်သက်။ ခြောက်ကပ်ကပ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်လွန်းလှ၏။

"အင်း စိတ်ဓာတ်တွေ ပြန်မြင့်တင်ဖို့၊ ဘဝကို အရှုံးမပေးဖို့အတွက်ပေါ့ မကေသီရယ်"

ချာချာက ကိုယ့်အတွေးနဲ့ကိုယ်ပြောသည်။ ပြီးတော့ သတင်းစာ နောက်ကျောဘက်ကို စဉ်လှန်လှော၏။ အလုပ်ကြော်ငြာတွေက အဲဒီစာမျက်နှာတွေ၌သာ ပါတတ်တာမဟုတ်လား။

မကေသီကလည်း သူ့အတွေးနဲ့သူ။

"ငါလည်း အဲဒါကြောင့်ပြောတာပေါ့၊ နင့်သူ့ဆီသာသွားလိုက်၊ သူ့လိပ်စာကဒ်လည်း ရှိနေတာပဲကို၊ ပြီးတော့ သူကိုယ်တိုင်ကိုက ပြောထားပြီးသား၊ ဘာအကူအညီလိုလို လာပါဆိုပြီးတော့လေ၊ ဒီခေတ်ကြီးမှာ အောင်မြင်တဲ့ အဆိုတော်တစ်ယောက်က အခုလို ကမ်းလှမ်းတာကိုက နင့်အတွက် ဆုလာဘ်ကြီးတစ်ပါးလေ"

"မိုက်ကိုပြောတာလား မကေသီ"

"အေးပေါ့ဟဲ့ နင့်အရွယ် တခြားကောင်မလေးတွေများ မိုက်ဆိုတဲ့ နာမည်ကြားတာနဲ့ နတ်ဝင်သည်တွေလို အတုန်တုန်အရီရီဖြစ်နေပြီ၊ ဒင်းကျမှ အေးတိအေးစက်နဲ့"

"စိတ်ဝင်စားစရာ မကောင်းလို့ပေါ့ မကေသီရဲ့၊ သူ့ကိုသူများတွ အဲဒီလိုဖြစ်နေတာကိုက ချာချာအတွက် မုန်းစရာပဲ"

"အမလေးဟယ် ဒီလောက်ချောတဲ့လူသားလေးကို"



မကေသီက မချင့်မရဲပြောသည်။ ချာချာကတော့ သတင်းစာမှ မျက်လုံးမလွှဲဘဲ…

"တန်ဖိုးထားစရာ လူသားလို့ မမြင်ဘူး"

ရယ်လို့ပြောမိသည်။ ဟုတ်သည်လေ။ ကောင်း တန်ဖိုးထား ချစ်ခင်သောအရာမှန်သမျှ ချာချာအတွက် အသုံးမဝင်ဟု ခံယူထားသည်။ ဒါ အခုမှမဟုတ်။ ဟိုးငယ်စဉ်ကတည်းက။

ချက်ချက်ချာဆိုသော သူမသည် လောကကြီး၌ ထို့ထက်တန်ဖိုးရှိသော အရာတွေကို ရှာဖွေနိုင်မည်ဟု ယုံကြည်ထားသူဖြစ်၏။

ထိုအတွေးကို သဘောတကျပြုံးရင်း ချာချာ့အကြည့်က သတင်းစာကြော်ငြာတစ်ခု၌ ရပ်တန့်သွားသည်။ ခေါင်းစဉ်အရ စိတ်ဝင်စားစရာမဟုတ်။ ချာချာနှင့်လည်း မကိုက်ညီပါ။

ကားမောင်းကျွမ်းကျင်သူ ကျား(၁)ဦး အလိုရှိသည်။

ရန်ကုန်မြို့လမ်းများကို ကျွမ်းကျင်သူဖြစ်ရမည်။

လိုအပ်ပါက နယ်ဝေးခရီးသွားနိုင်ရမည်။

လစာ-ခြောက်သောင်း၊ စားစရိတ်ငြိမ်း

ကြော်ငြာက မထူးခြား။ ထူးခြားတာက ကြော်ငြာအောက်ပုလိပ်စာ။ ချာချာသည် ထိုလိပ်စာအား တခဏသာ တွေ့ရပေမယ့် တစ်သက်စာမေ့မရအောင် စွဲထင်နေတာ ဘာကြောင့်မှန်းမသိ။

ထို့နောက်တော့ ချာချာသည် မပြုံးတာကြာပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းများက လှိုက်လှဲစွာ ကော့ညွတ်ပြုံးပြရင်း...

"ချာချာ့စိတ်ကြိုက် အလုပ်ရပြီ မကေသီ"

တွေ့ဆုံကြုံကြွဲသော သံသရာ၌ ဆက်ရန်ရှိသေးကြောင်း ချာချာ လက်ခံမိပါပြီ။

"ကိုဉာဏ် ဒီမှာ နောက်ဆုံးအလှည့် ကျတဲ့ တစ်ယောက်"

ကိုယ့်စားပွဲရှေ့ခေါ်လာပေမယ့် ဉာဏ်သစ်က မော့မကြည့် အား။ လက်ရိပ်ပြပြီး ထိုင်ခိုင်းရသည်။ ဒီမှာက ဖုန်းပြောနေဆဲ တန်းလန်းကြီး။ ဟိုသကောင့်သားက ဖုန်းပြောရင်း အဆက်ပြတ် သွားလျှင် အင်မတန် ဒေါသထွက်လေ့ရှိသူ။

ဖုန်းပြောရင်းမှ မဟုတ်ပါ။ သူ့စိတ်နှင့်မတွေ့လျှင် ဒေါ ကြီးမောကြီးနှင့် ရှေ့နောက်မစဉ်းစား။ လုပ်ချင်ရာ စွတ်လုပ်တတ် သူ။ အခုလည်း သူပြောတဲ့အတိုင်း မဖြစ်တာနှင့် ဒေါသမုန်တိုင်း က ဉာဏ်သစ်ပါ အဖျားခတ်ချင်ချင်။

"ငါပြန်လာပြီ ဉာဏ်ကြီး"

"ဟာ ဟေ့ကောင်၊ မင်း အဲဒီလို လုပ်လို့မရဘူးလေကွ၊ မကြိုက်ရင် နောက်တစ်နေရာ ပြောင်းရှာခိုင်းပေါ့၊ သူတို့က နာမည် ကြီးအကျိုးဆောင်တွေကွ၊ ရန်ကုန်မြို့ရဲ့ ဧရိယာအတော်များများကို သူတို့ပဲ အုပ်စီးထားတာ၊ မင်း သူတို့နဲ့ မကင်းနိုင်ဘူးဆိုရင်"

"ဘာကိစ္စ ငါက မကင်းရမှာလဲ၊ ငါ လိုချင်တဲ့အကျယ်





အဝန်း၊ အနေအထား၊ ပေးနိုင်တဲ့ဈေးအားလုံး ပြောထားပြီးသား၊ ဖြစ်မလာဘူးလေ၊ အဲဒါကို ငါက နောက်တစ်ကြိမ် Chance (အခွင့်အရေး) ပေးရဦးမှာလား၊ ဟေ့ကောင် ဒါ ကစားနေတာ မဟုတ်ဘူး၊ စီးပွားရေးလုပ်နေတာ၊ စက္ကန့်တိုင်း စကားတိုင်းက တန်ဖိုးရှိတယ်၊ ငါ အပြတ်ဖြတ်လိုက်ပြီ၊ မင်းရော အဲဒီမှာ ဗျူးတဲ့ အခြေအနေ"

"စိတ်တိုင်းမကျသေးဘူး၊ ဒါပေမဲ့ တစ်ယောက်တော့ ကျန်"

ပြောရင်း သတိရကာ လှည့်ကြည့်မိသည်။ ဉာဏ်သစ် ရှေ့ဆက်စကားမပြောနိုင်။ သူ့ရှေ့၌ ခပ်တောင့်တောင့်လေး ထိုင် နေသော သူကြည့်သလို အကဲခတ်မျက်ဝန်းတွေနဲ့ ပြန်ကြည့်နေ သော အလုပ်လျှောက်သူကိုသာ တအံ့တသြကြီးငေးလို့။

"ကျန်တာတွေ ဘာတွေလုပ်မနေနဲ့၊ စိတ်ကြိုက် တစ်ယောက်ရွေးလိုက်၊ ငါ တက္ကစီနဲ့သွားရတာ အဆင်မပြေဘူးကွ၊ ယဉ်ယားကွန်းမပါ၊ ကက်ဆက်မဖွင့်နဲ့၊ ဒါပဲ ဟေ့ကောင်၊ ငါ အခု တက္ကစီပေါ်ရောက်နေပြီ၊ နောက်ဆယ်မိနစ်အတွင်း ရုံးကိုရောက် မယ်၊ မင်း ready လုပ်ထား၊ Bank ကို တစ်နာရီအရောက်သွားဖို့"

အစီအစဉ်တွေ ဆွဲသွားတာတရစပ်။ ပြီးတော့ ဟိုဘက်က ဖုန်းတောင်ချသွားပြီ။ ဉာဏ်သစ်မှာ ဖုန်းကြီးနားမှမခွာနိုင်။ ငူငိုင် ငေးကောင်းတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း"

တစ်ဖက်မှ ချောင်းဟန့်သံကြောင့် ဉာဏ်သစ် တုန့်ခနဲ ဖြစ်သွားသည်။ သတိလည်း ပြန်ဝင်လာသည်။

"ချက်ချက်ချာပါ ဒီမှာ CVဖောင်"

"ဩော် ဟုတ်ကဲ့"

ကမ်းပေးလာသော ဖောင်ကို ယောင်နနနှင့် လှမ်းယူသည်။ ပြီးမှ

"မှားနေပြီခင်ဗျ"

"ဘာမှားလို့လဲ"

"ကြော်ငြာ သေချာမဖတ်ဘူးနဲ့တူတယ်"

"ဖတ်ပါတယ်၊ ကားမောင်းသူဆို၊ အဲဒီအထဲမှာ လိုင်စင်ရော၊ မှတ်ပုံတင်မိတ္တူ၊ ထောက်ခံစာအကုန်ပါတယ်လေ၊ ခရီးလည်းသွားနိုင်ပါတယ်၊ family မရှိဘူး"

ဉာဏ်သစ် စိတ်အိုက်သွားသည်။ မျက်ခုံးကို လက်မနဲ့ အသာဆွဲခြစ်ရင်း ဘာဆက်ပြောရမှန်းမသိ။ အလုပ်လာလျှောက်သူတိုင်း အရည်အချင်း မပြည့်မီသူတွေကို အလုပ်မပေးနိုင်ဟုပြောရမှာ အားနာသည်။ အဲဒါ သူ့အားနာစိတ်။

အခု ဒီတစ်ယောက်လည်း ထိုနည်းလည်းကောင်း။ အားနာပါးနာနဲ့ ခန့်ရအောင်လည်း အင်း အခက်တော့တွေ့ပြီ။ အချိန်ဆွဲထားလို့ကလည်းမဖြစ်။ မကြာမီ ဟို ဒေါသကုမ္ပဏီရက ရောက်



လာတော့မည်။ မြင်မြင်ကရာ ဆွဲယမ်းလျှင် ဒုက္ခ။ ထို့ကြောင့် ရှေ့မျက်နှာနောက်ထားပြီး ...

"ကျွန်တော်တို့ အလိုရှိတာက ယောကျ်ားလေးပါ ခင်ဗျာ၊ သတင်းစာထဲလည်း သေချာကြော်ငြာထားပါတယ်"

"ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အဓိက ကားမောင်းကျွမ်းကျင်ဖို့ မဟုတ်ဘူးလား"

"အဲ"

ဘာဆက်ပြောရမှန်းမသိ။ ရဲရင့်ခြင်း ထက်မြက်ခြင်း ပေါင်းစပ်နေသော ထိုမိန်းကလေးအား ဉာဏ်သစ်လန့်လာမိပြီ။

"ဟို ဒါပေမဲ့ ကျွန်တော်တို့သူဌေးက ယောကျ်ားလေးပဲ အလိုရှိတာ"

"ကျွန်မ သူနဲ့တွေ့ချင်တယ်"

"ဟာ ဒါတော့မဖြစ်ဘူး၊ သူက ကိစ္စအားလုံး ကျွန်တော်ကို လွှဲထားတာ"

"သူ လွှဲထားတဲ့ကိစ္စကို ရှင်က ဖြစ်မြောက်အောင်မှ မလုပ်နိုင်တာ"

ခပ်နှိမ်နှိမ်အပြောကြောင့် ဉာဏ်သစ် ဒေါသထွက်သွားသည်။

"ဟ ဒါကတော့ ခင်ဗျားက မဖြစ်နိုင်တာ လာပြောနေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"အဓိကကျတာကိုပဲ ပြောတာလေ"

"ဘာတွေ အဓိကကျနေတာလဲ"

အပြောနှင့်အတူ ရုံးခန်းတံခါးဖွင့်ဝင်လာတာ စေညွန့်။ ဉာဏ်သစ်သည် ဟူးခနဲ သက်ပြင်းမောကို မှုတ်ထုတ်ရင်း...

"မင်း ရှင်းမှဖြစ်မယ့် စေကြီး"

"ဘာပြဿနာမို့လို့ ငါက ရှင်းရမှာလဲ"

စေညွန့် ဒေါသသံနှင့်မေးသည်။

သူ ဝင်လာတာကို တစ်ချက်လေးမှ ခေါင်းငုံ့မကြည့်။ ကျောခိုင်းရက် ထိုင်ဆဲ မိန်းကလေးကြောင့် စိတ်အလိုမကျမှုက ရင်ကို ပြေးဆောင့်သည်။ ဘဲဥပုံမှန်စားပွဲကို ပတ်လျှောက်ပြီး သူမနှင့် မျက်နှာချင်းဆိုင်မိတော့မှ...

"ဟင်"

စေညွန့်ကိုယ်ကြီး အံ့သြမှုကြောင့် တောင့်မတ်သွားသည်။ ရုတ်တရက် ဘာစကားမှမပြောနိုင်။ လူကြီးတွေပြောသော ကြားဖူးနေကျ စကားလေးတစ်ခွန်း ရေစက်တဲ့။

သူနဲ့သူမဟာ ရေးရေစက်ပါခဲ့လေသလား။ တောင့်တတုန်း ဆုံခွင့်ရခြင်းဟာ ထူးတဲ့ကုသိုလ်ဖြစ်သည်။

"ထပ်ပြီး မိတ်ဆက်စရာလိုဦးမလား ဦးစေညွန့်"

"ချက်ချက်ချာနော်"

"အစစ်ပါပဲ"



ရယ်သံတွေ မြူးပျစွာထွက်ပေါ်လာသည်။ ဉာဏ်သစ်က ကိုယ့်နဖူး ကိုယ်ပြန်ရိုက်ရင်း

"မင်းသာ ရောက်မလာရင် ငါ ရူးသွားနိုင်တယ် စေကြီး"

လို့ ရေရွတ်သည်။ ချာချာက ထိုတစ်ယောက်အား ပြုံးပြရင်း...

"ကျွန်မ အရည်အချင်းကို ဦးစေညွန့်သိမှာပါ၊ အလုပ်သဘောအရ စမ်းသပ်ချင်တယ်ဆိုလည်း ရပါတယ်၊ ဒီအလုပ်လာလျှောက်ကတည်းက ပုဂ္ဂိုလ်ရေးပတ်သက်မှုတွေ ထည့်မတွက်ချင်ဘူး"

"ကိုယ် မင်းကို အလုပ်ခန့်ပါတယ် ချက်ချက်ချာ၊ မြန်တယ်လို့မပြောနဲ့၊ ကိုယ် မင်းကို မျှော်နေတာကြာပြီ၊ ထပ်မဆုံလို့သာ"

"ကျေးဇူး ဒါဆို အလုပ်အကြောင်းပြောရအောင်၊ လစာခြောက်သောင်းက မနည်းပါဘူး၊ ဒါပေမဲ့ အချိန်ပိုဆင်းရတာတွေ ရှိလာနိုင်လား"

"အင်း ရှိနိုင်ပါတယ်၊ အဲဒီအတွက် O.T ကြေးကို လစာရဲ့ ရာခိုင်နှုန်းအတိုင်း နာရီနဲ့တွက်ပေးမှာပါ"

"ဩော် ဒါဆို မဆိုးပါဘူး၊ စားစရိတ်ငြိမ်းဆိုတာက"

"Lunch နဲ့ Coffee Time ကို တာဝန်ယူမှာ၊ အပြင်

www.burmeseclassic.com

www.burmeseclassic.com



တွေဘာတွေ ထွက်ရတော့လည်း ကိုယ်ကျွေးမှာပေါ့"

"နားရက်ရှိလား"

"တခြားလူဆိုရှိတယ်"

"ကျွန်မကျတော့"

"မရှိဘူး၊ ပိတ်ရက်မှာ ကိုယ် Presonal ကိစ္စတွေ မင်း လိုက်ရမယ်"

ရည်ရွယ်ထားခြင်းမဟုတ်ဘဲ ပြောမိသည်။ ဘေးနား၌ ရပ်နေသော ဉာဏ်သစ်တောင် မျက်လုံးကြီးပြူးလို့။

"အဲဒီအတွက် လစာကရော"

စေဦ့နှ် မျက်မှောင်ကျုံ့ထားမိသည်။ ဒီတစ်ယောက်မှာ ကိုယ်နှင့် သက်တူရွယ်တူ။ ကွာလှ သုံးလေးနှစ်။ ဒါကို မရှက်မရွံ့ ငွေအကြောင်းချည်း ပြောနေပုံက အံ့သြစရာ။

သူ ကြားသိထားသော မြန်မာမိန်းကလေးတို့သည် အားနာတတ်သည်။ ဣန္ဒြေဆောင်တတ်သည်တဲ့။ ဒီမိန်းကလေးကို ဣန္ဒြေမဲ့သည်ဟု မစွပ်စွဲသေး။ ဒါပေမဲ့ သူမလိုချင်တာကို ပွင့်လင်းစွာ တောင်းဆိုတတ်ပုံက အရှေ့တိုင်းသူနဲ့မတူ။

အနောက်နိုင်ငံ၌ နှစ်အကြာကြီး နေထိုင်လာသော စေဦ့နှ်ပင် တစ်မျိုးကြီး ခံစားရတဲ့အထိ။ ချက်ချက်ချာဟာ ထူးဆန်းမှုတွေနှင့် သူ့စိတ်အာရုံကို ဆွဲညှို့ထားနိုင်သည်။

"ဘာဖြစ်လို့ ငိုင်သွားတာလဲ၊ ပေးရမယ့် ငွေစာရင်းကို





တွက်နေတာလား"

"ပွင့်ပွင့်လင်းလင်း ဝေဖန်ချင်တယ် ရမလား"

ချာချာ ခေါင်းကို ဆတ်ခနဲညိတ်ပြသည်။ အင်း အဲဒီဒီ နိုင်းကလည်း မသိမ်မွေ့ပြန်ဘူး။ စေဦ့နှ်က စိတ်ထဲမှ တိတ်တဆိတ် ရေရွတ်ရင်း ...

"မင်း ငွေစကား သိပ်ပြောလွန်းတယ်"

"give and take ဆိုတဲ့စကားကို ခင်ဗျားကြားဖူးလား"

"အင်း စီးပွားရေးလောကမှာ မကြာမကြာ သုံးစွဲရတဲ့ စကား"

"ကျွန်မ မသုံးစွဲဘူး၊ ကျင့်သုံးတာ၊ လောကမှာ ဘယ် အရာမှ အလကားမရဘူး၊ ပေးရတာနဲ့တန်အောင် ပြန်ယူဖို့ ကျွန်မ ဆုံးဖြတ်ထားတယ်"

ချာချာ မျက်ဝန်းတွေဟာ အစိမ်းရောင်ကဗျာတစ်ပုဒ် ဖတ် လိုက်ရသလို။ အရောင်ရင့် ခံစားချက်တစ်မျိုး မျက်နှာပေါ် အရိပ် ထင်နေ၏။ စေဦ့နှ်က ထိုအရောင်ကို အမိအရလိုက်ဖမ်းသည်။

ချာချာ သူ့ထက် ပိုလျင်မြန်သည်။ ခံစားချက်တွေကို ချက်ချင်း သိုဝှက်ပစ်၏။

"ကောင်းပြီလေ၊ မင်း ဖြစ်စေချင်တဲ့အတိုင်းပေါ့"

"ကျွန်မ တရားသဖြင့် လုပ်အားခပဲလိုချင်ပါတယ်၊ ဒါပေ ... ဘယ်အရာမဆို တန်ရာတန်ကြေးရှိတယ်ဆိုတာသိရင် တော်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ ကျွန်မ ဘယ်နေ့ကစပြီး အလုပ်ဆင်းရမလဲ''

''မနက်ဖြန်မနက် ကိုးနာရီ၊ ဒီရုံးခန်းကိုပဲ လာခဲ့ပါ''

''အိုကေ see you ဦးစေညွန့်''

နှုတ်ဆက်ပြီး သူမထွက်သွားပြီ။ ကျောပြင်လေးပျောက်ကွယ်သွားတဲ့အထိ မျက်စိတစ်ဆုံး ငေးမောမိသူက စေညွန့်။

ငွေထက် စိတ်ဝင်စားစရာ မင်းမှာ မရှိတော့ဘူးလား ချက်ချက်ချာ။

''မင်း သူ့ကို ဘာသဘောနဲ့ အလုပ်ခန့်လိုက်တာလဲ''

''သူ့ကို မင်း ဘယ်လိုမြင်လဲ ဉာဏ်ကြီး''

မရည်ရွယ်ပဲ မေးခွန်းနှစ်ခုက ပြိုင်တူ။ တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ငဲ့ကြည့်သည်။ မပီပိုးတဝါး လရောင်အောင်မှာ မျက်နှာရိပ်တွေ အကဲဖမ်းမရ။

'' သူ့ကို မိန်းကလေးလို့မြင်တယ်၊ ထပ်အထူးပြုပြောရရင် ငွေမက်လွန်းတဲ့ မိန်းကလေး''

ဉာဏ်ကြီးက အရင်စဖြေသည်။

''ငါလည်း အဲဒီလိုပဲမြင်တယ်''

''ဒါနဲ့များ ဘာလို့ အလုပ်ခန့်တာလဲ''

''သူရဲ့ ရဲရင့်ခြင်းနောက်မှာ ရိုးသားခြင်းတွေရှိမယ်လို့ ငါ ယုံကြည်တယ်''

''အင်း ကောင်မလေးက မိဘလည်းမရှိတော့ဘူး၊





တစ်ယောက်တည်း ရပ်တည်ရတာတဲ့၊ စာရိတ္တပိုင်းကတော့ ပြောစရာမရှိဘူး''

''မင်းရဲ့ information က ပြည့်စုံလှချည်လား''

''နောင်အနာဂတ်မှာ မင်းမျက်လုံးထဲက သံယောဇဉ်တွေ တွေ့နေရလို့၊ ငါ ကြိုတင်စုံစမ်းထားတာ''

စေညွန့် မငြင်းဆန်မိ။ နှုတ်ဆိတ်ငြိမ်သက်နေသည်။ မျက်ဝန်းထဲ ပုံမဖော်ရပါဘဲ ဝင်ရောက်လာတာ သူမ။ ကြည်စင်တဲ့ မျက်လုံးတွေရယ်။ ပိရိပါးလျတဲ့ နှုတ်ခမ်းတွေရယ်ပဲဘာ ဆုံးဖြတ်ချက်အတိုင်း စူးနစ်လုပ်ဆောင်မယ်လို့ ဝန့်ခံနေသယောင်။

တွေ့လိုက်တိုင်း ပခုံးကျော်ဆံပင်လေးတွေကို ရှေ့မှာ ကလစ်ဖြစ်ဖြစ် ဘီးကုတ်နဲ့ဖြစ်ဖြစ် သိမ်းတင်ထားတတ်သည်။ တီရှပ်အရောင်ရင့် ဂျင်းပင်(န်)ကို ခြေသလုံးတစ်ဝက်ထိ ခေါက်တင် ဘေးလွယ်အိတ်ကြီး စလွတ်သိုင်းနှင့် သူမဟာ တကယ့် ဂျစ်စပီ မလေးနှယ်။

ဒါကိုပဲ စတွေ့ကတည်းက စေညွန့် ရင်ခုန်ခဲ့တာ။ ထပ်တွေ့ဖို့ မျှော်လင့်ခဲ့တာ။ မွေးကတည်းက ဆုမတောင်းရအောင် လိုတရဘဝနဲ့ ပြည့်စုံခဲ့သူမို့ သူမနဲ့ ထပ်တွေ့ရန် သူ ဆုမတောင်း တတ်ခဲ့။

ဒါပေမဲ့ တောင့်တခြင်းက ရင်နဲ့မဆန့်အောင် လွယ်ပိုး ထားရတာ သူ အသိဆုံး။ ပြန်တွေ့တော့ စေညွန့် ရင်ခုန်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းဒိုင်းကြဲကာ အရာရာ သူမသဘောတစ်ခုတည်း တည်စေခဲ့တာ။

သို့ပေမယ့် တစ်သက်မှာ တစ်ခါဖြစ်သော ခံစားချက်က အဆိပ်သင့်နေသလို။ သူမဟာ ငွေကို ကြည်ညိုကိုးကွယ်သူလား။ ငွေမျက်နှာတစ်ခုတည်းနှင့် ဘာမဆို အလဲအလှယ်လုပ်ဝံ့သူလား။

ထိုအတွေးက အဆိပ်သဖွယ် စေညွှန် သွေးကြောတွေဆီ ပျံ့နှံ့ကုန်သည်။ အချစ်သည် မချစ်ရခင်ကတည်းက သူ့ကို ဝေဒနာ ပေးလေပြီ။

"မင်းနှလုံးသားကိုစွ ငါ မစွက်ဖက်ချင်ဘူး၊ ဒါပေမဲ့ သတိတော့ ပေးချင်တယ်"

"ပြောလေ"

"အန်ကယ်လင်းက"

"ဒက်ဒီကို ထည့်တွက်စရာမလိုပါဘူး၊ သူသာ နိုင်ငံခြားသူနဲ့ လက်ထပ်တာ၊ သားဖြစ်တဲ့ငါ့ကို မြန်မာမနဲ့ရစေချင်လို့ လုပ်ငန်းတွေအကြောင်းပြပြီး ဒီပြန်လွှတ်တာ အရှင်းကြီးပဲကို"

"ဒါပေမဲ့ အန်တီ ရိုလင်းကကျတော့ သူ့သမီးနဲ့ မင်းကို"

"အဝေးကြီးပါကွာ"

စေညွှန်က စကားကို ပိတ်ပြောသည်။ ဒက်ဒီနောက်အိမ် ထောင်၌ပါလာသော ဂျက်စီကို သူ ရင်ခုန်လို့မရ။ ကြီးပြင်းခဲ့တာ နိုင်ငံရပ်ခြားမှာဆိုပေမယ့် အရွယ်ရောက်အသိက ဗမာမိသားစုတစ်ခု ဖန်တီးချင်ခဲ့သည်။



စေညွှန် ရင်ခုန်သံနှင့် နှလုံးအိမ်ကို ပူနွေးစေမည့် ချစ်ခြင်း မေတ္တာတရား။ သူ အတောင့်တဆုံးသော အရာပင်ဖြစ်သည်။

"ဒါပေမဲ့ ဒီမှာနေတဲ့ နှစ်လအတွင်း မင်း အိမ်ထောင် ဖက် ရှာမတွေ့ရင် ဂျက်စီကိုပဲ လက်ထပ်မယ်လို့ ကတိပေးခဲ့ တယ်ဆို"

"ငါ သူ့ကို လက်မထပ်ပါဘူး"

"သေချာပြီလား"

"ငါ့အိမ်ထောင်ဖက်ရှာဖို့ တစ်နှစ်မလိုတော့ဘူး"

စေညွှန် စကားကို ဉာဏ်သစ် အဓိပ္ပာယ်ပေါက်သွား၏။ ဝရန်တာပေါ်မှတစ်ဆင့် ကောင်းကင်ကြီးထံ ရယ်သံတွေ ပျံ့လွင့် တက်သွားသည်။ ညရိပ်က ရယ်သံတွေကို ဝါးမျိုသွားသလို။

မင်းလည်း ငါ့နှလုံးသားကို ဝါးမျိုဖို့ ဟန်ပြင်ပြီလား။ ဟင့်အင်း ငါ ထိန်းချုပ်ထားပါရစေဦး။

မင်းကို စောင့်ကြည့်ဖို့ ငါ့ဦးနှောက်က ညွှန်ကြားနေတယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘယ်လိုလဲ ကောင်း၊ အဆင်ပြေနေပြီမဟုတ်လား၊ သား အမိချင်း ဒိုင်လျှိုမနေနဲ့နော်၊ မနက်အစောကြီး မိုက်က တကူးတက လာခေါ်ထုတ်သွားတယ်ဆိုကတည်းက ဒါ မီးစိမ်းပြတာပဲ၊ အဆင် ပြေရင်လည်း လက်ထပ်ဖို့ကိစ္စကို လောတော့ ကောင်းရေ၊ ညည်း ဒက်ဒီ ပြန်လာတာနဲ့ တန်းစီစဉ်ရအောင်"

ပြန်ရောက်တာနှင့် ရင်မောမှုကို မဖြေအား။ မာမီရဲ့ထပ် ကြေးနဲ့ ပြောသောစကားလုံးတွေက မြှားသဖွယ် သွေးစိမ်းရှင်ရှ ထွက်နေသော ဒဏ်ရာကို လာစိုက်နေသလို။

ကောင်း အရုပ်ကြိုးပြတ် ဆိုဖာပေါ် ပစ်ထိုင်ချသည်။ ရင်ထဲ ဆတ်ဆတ်ခါအောင်နာသည်။ ဘာမဟုတ်တဲ့ မိန်းမနဲ့ပ ပြီးမှ ကောင်းက နောက်ကောက်ကျရတဲ့ဘဝ။

သိန်းကျော်တန် အဝတ်အစားတွေ တန်ဖိုးကြီးပေးရပ



တ်ကပ်နဲ့ ပြင်ဆင်မွမ်းမံခဲ့ရတဲ့မျက်နှာ။ သူ့အလို သူ့အကြိုက် တင်ခဲ့ရတာတွေဟာ အခုတော့ အရှုံးနဲ့ နောက်ကောက်ကျဖို့တဲ့ လား။

"ဟဲ့ ကောင်း၊ အမလေး တစ်မနက်လုံး တွေ့လာပြီးသား ကို အလွမ်းစားမြုံ့ပြန်နေပြန်ပါပြီ၊ ကဲ ညည်းအခြေအနေမပြောရင် ာမီ့အခြေအနေပြောမယ်"

မော်ကတော့ ဘာမှမသိ။ ငယ်ကတည်းက သူများ အရိပ် ကဲကြည့်တတ်ခဲ့သူမဟုတ်။ အသက်သာကြီးလာတာ။ ငါ ပြောသမျှ ဖြစ်ရမယ်ဆိုတဲ့ အတ္တစွဲကရှိတုန်း။

"မာမီ ရှုံးပွဲတွေဆက်နေတယ် ကောင်းရေ၊ ကံဇာတာ ုံးမှိန်နေတဲ့သဘောပေါ့"

"မာမီရှုံးနေတာ မနှစ်က တစ်နှစ်လုံးလေ"

"အေး အဲဒါ ပြန်အဖတ်ဆယ်ရအောင် ဒီအိမ်ကို မမဆွေ ိ မေမေအပ်ထားလိုက်တယ်"

"မာမီ"

ကောင်းအော်သံက စူးရှရှ။ မော်တောင် အထိတ်အလန့် ်…

"ဟဲ့ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလည်း မာမီရဲ့၊ အကုန် လူရေးပျက်မဲ့ကိစ္စ ာမီလုပ်နေတာ၊ ဟိုဘက်က ဘိုးဘိုးခြံကိုလည်း မာမီ အန်တီ

www.burmeseclassic.com

www.burmeseclassic.com



ဆွေ့ဆိပဲ ပေါင်ထားတာမဟုတ်လား"

"ဟဲ့ အပ်ထားတယ်ပြောစမ်းပါ"

"မပြောနိုင်ပါဘူး၊ ပေါင်ထားတာလေ၊ အဲဒီအိမ် အတိုး သတ်ဖို့ဆိုပြီး ကောင်းကားကို မာမီယူရောင်းပစ်တာလေ"

"ညည်းစီးဖို့ ကားတစ်စီး ပြန်ဝယ်ပေးထားတာပဲ"

"သိန်းရှစ်ရာကျော်တန်ရောင်းပြီး ငါးဆယ်ကျော်ကျေ ဒီဂျစ်ကားကို ကောင်းက ဘာလုပ်ရမှာလဲ"

"ညည်း ဒီစကားမပြောနဲ့ ကောင်း၊ ဒီကြားထဲ ညည်း ထပ်ထပ်တောင်းတာလေ၊ မိုက်အတွက် ဝတ်စုံဝယ်ပေးတာတို့၊ မိုက်တို့အဖွဲ့ကို ဟိုတယ်တက်ကျွေးတာတို့၊ မိုက်နဲ့အတူ ဘ ကောက်တွေ၊ စင်ကာပူတွေအထိ ဈေးဝယ်ထွက်တာတို့၊ ဒါတွေ ဘယ်နားသွားထားမလည်း၊ ညည်း တောင်းသမျှ ငါ တစ်ချက် ညည်းသလား၊ ငါ နိုင်သမျှ ညည်းလည်း ဝေမျှသုံးခဲ့တာပဲလေ"

"ကောင်းတောင်းတာ အိမ်နှစ်လုံးပေါင်ရတဲ့အထိ မဖြ သေးဘူး မာမီ၊ ဒီကြားထဲ ဒက်ဒီ အပ်တဲ့ငွေတွေကရော"

"တော်စမ်းပါအေ၊ ညည်းတို့သားအဖ အတူတူပဲ၊ ကလည်း အပ်တာနဲ့ ပြန်တောင်းတာ အညီအမျှပဲ၊ စေတနာ ဆ ဝန်ကြီးလေ၊ ဒါတွေအားလုံး ဟန်ချက်ညီအောင် ငါ ထိန်းနေရ ကောင်းရဲ့၊ ငွေမျော ငွေနဲ့လိုက်ဆယ်မှရတာ၊ တခြားနည်းလ ငါ့မှာမရှိဘူး၊ ဒီတော့ ညည်းနဲ့မိုက်နဲ့ အမြန်လက်ထပ်နိုင်အော





ကြိုးစားပြီး ဒီတာဝန်ကို ခွဲယူဖို့စဉ်းစား"

"မိုက်က ကောင်းကို လက်ထပ်မှာမဟုတ်ဘူး မာမီ"

မထင်မှတ်တဲ့စကား။ အရှိက်ကို ပင့်ထိုးခံရသူလို မော် တောင့်တောင့်ကြီး ငေးသွားရသည်။

"ဘာပြောတယ် ကောင်း၊ ပြန်ပြောစမ်း"

"ဟုတ်တယ် မာမီ၊ မိုက်က ကောင်းကို လက်ထပ်မှာ မဟုတ်ဘူး"

"သေချာလား ကောင်း ဟင်၊ သူက ဘယ်သူ့ကို လက်ထပ်မှာလဲ၊ နင် ဒီလောက်တောင် အစွမ်းအစမဲ့ရသလား ဟဲ့၊ နင်ပြောတော့ သူ့ကိုချစ်တယ်ဆို၊ နင့်အချစ်က အဲဒီလိုပဲ ထားရာ နေခဲ့တဲ့ အမျိုးအစားလား"

"အဲဒါတွေ ကောင်းမသိဘူး မာမီ၊ မာမို့အစီအစဉ်ထဲက မိုက်ကို ထုတ်ပစ်လိုက်တော့"

ပြောပြီးတာနှင့် ကောင်း အိပ်ခန်းဆီ ပြေးတက်ခဲ့သည်။ ကြေကွဲခြင်း။ ဆုံးရှုံးခြင်းက ကောင်းရင်ကို ဗလောင်ဆူစေ၏။ အချစ်ကို ဆုံးရှုံးခြင်းထက် ချာချာကို ရှုံးခြင်းက ပို၍ခံပြင်းစေသည်။

ဒီနေ့ မနက်အစောကြီးက မိုက်ရဲ့ဖုန်းဝင်လာတဲ့အထိ ကောင်း ရင်ခုန်လို့ကောင်းတုန်း။ မျှော်လင့်ချက်တွေနှင့် လတ်ဆတ် တုန်းပင်။

"ကိုယ် အခုလာခဲ့မယ်၊ အဆင်သင့်စောင့်နေပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ တစ်ချက်လွှတ်အမိန့်ကို နာခံစွာ စောင့်နေခဲ့၏။ မိုက်ခေါ်သွားတာက ကန်တော်ကြီးဆီ။

ကောင်းရင်ထဲမှာ မျှော်လင့်ချက်ရဲ့ စေစားမှုကြောင့် လှုကို ရှုးမတတ်ဖြစ်စေသည်။ ကောင်းက မိန်းကလေးမို့ ရင်တွင်းခံစားချက်ကို တစ်ဖက်လူသိအောင် ဖွင့်ဟမပြောနိုင်။ အရိပ်အမြွက်ပြရုံနဲ့ ရင်ဖိုနေရတဲ့ဘဝ။

မိုက်က မျှော်လင့်သူရှုးအောင် ထိုသို့ ပြုစားခဲ့သည်။ ကန်တော်ကြီးထဲရောက်ပြီး ကောင်းနှလုံးသားက အမြင့်ဆုံးအရှိန်နဲ့ ခုန်လှုပ်နေပါမှ မိုက် ရိုက်ချခဲ့တာ တစ်ခွန်းတည်းသောစကားနှင့်။

"မင်း ချက်ချက်ချာကို ဘာတွေလုပ်ထားလဲ"

"ဘာရယ် မိုက်၊ မိုက် ဘာမေးတာလဲ"

တကယ်မသဲကွဲ၍ပါ။ ကောင်းမျှော်လင့်သည်က တခြား။ ကြားရတာက တလွဲမို့နားရှုပ်လို့သာ လက်ခံရတာ။ ကောင်းမယုံနိုင်သေး။

"ကိုယ် မေးတာဖြေပါ ကောင်း၊ မင်း ချက်ချက်ချာကို ဘာတွေပြောပြီး တားမြစ်ထားလဲ"

"မိုက်မေးတာ နားမလည်ဘူး"

မိုက်က /အံကို တင်းခနဲစေ့ကြိတ်သည်။ မေးရိုးတွေက ထွက်လာ၏။ ဘုရားရေ မိုက်ဟာ ကောင်းအပေါ် တကယ် ဒေါသ





ထွက်နေခဲ့တာလား။

"ကောင်းပြီ ကိုယ် အရှင်းဆုံးပြောမယ်၊ မင်းနဲ့ ကိုယ့်ကြားမှာ ဘော်ဒါအကန့်ကလွဲလို့ တခြား တိုးတက်စရာ ဘာမှ မရှိဘူး"

"မိုက်"

ကောင်း တုန်ရီဆို့နင့်စွာ အောသည်။ ရှက်တာရော အသည်းနာတာရောနှင့် ကောင်းထံမှ ဘာစကားမှ ထွက်ကျမလာ။ ကောင်းရင်ထဲမှာ တဆစ်ဆစ် ဆောင့်တိုးနေသော ဝေဒနာသည် အသည်းကွဲခြင်းသာဖြစ်လိမ့်မည်။

"ကိုယ့်စကားတွေ ရှင်းသွားရင် ဆောရီး၊ ကောင်း ဒါပေမဲ့ မျှော်လင့်ချက်တွေနဲ့ မင်း ရှင်သန်နေမှာ မကြည့်ရက်လို့ပြောတာ၊ ကိုယ် တကယ့်အချစ်စစ်ကို ရှာတွေ့သွားပြီ"

"မိုက်ရယ်"

"အဲဒါ ချက်ချက်ချာပဲ"

ကောင်းရင်ဘတ်က ထိုစကားတွေကို အလိုမရှိ။ ကောင်းနားစည်က အလိုမရှိသော ထိုစကားတွေကို သွတ်သွင်းနေတာ ကောင်းရင်ဘတ်ဆီ ရောက်သည့်အထိ။

"အခု ကိုယ် သူ့ဆီသွားတာ၊ သွားတိုင်း မတွေ့ရဘူး၊ ဝိုက်ခန်းကို သော့ချည်းပိတ်ထားတယ်၊ အရှေ့ခန်းက အစ်မကြီး ပြောတာတော့ အလုပ်လုပ်နေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ"

ကောင်း၏ထောက်ခံသော စကားသံ က အက်ကွဲကွဲနှင့်။

"မင်း တမင်စီစဉ်ထားတာတော့ မဟုတ်ပါဘူးနော်"

ကောင်းချစ်သူရဲ့ သံသယဟာ မီးထက်ပိုပူပြင်းသည်။ သူ့မျက်ဝန်းတွေက မီးလျှံလို အရှိန်ကောင်းစွာ စူးရှလို့။ အသံတွေကို အရောင်ဆိုးထားသည် အစိမ်းရောင်။

သေချာပြီ။ ဒီလူရဲ့ရင်ထဲ၌ ကောင်းအတွက် နေရာမရှိတော့။ ချစ်ခြင်းသည် အတင်းလုယက်ယူလို့မရမှန်း ကောင်း သိခဲ့ပြီ။

"ချာချာနဲ့ မတွေ့တာကြာပြီ"

"ကောင်းပြီလေ၊ မင်းစကားတွေကို ကိုယ် ယုံလိုက်ပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးထားမယ်၊ ကိုယ့်အချစ်က အတားအဆီးမှန်သမျှ ဖောက်ထွက်နိုင်တဲ့အထိ စွမ်းအင်ရှိတယ်၊ ဘယ်သူမှ ငဲ့ညှာမှာမဟုတ်ဘူး၊ ကိုယ့်ချစ်သူနဲ့ ကိုယ့်အတွက် အနှောင့်အယှက်မှန်သမျှ ကျော်လွှားရလိမ့်မယ်"

ကိုယ့်အသည်းကို စတေးပြီး အောင်သွယ်တော်လုပ်ဖို့ ကောင်း ဝါသနာမပါ။

သို့ပေမဲ့ ကံဇာတ်ဆရာက ဒီတိုင်း စီရင်ခဲ့တော့လည်း အရာသာကင်းမဲ့သော ထိုနေ့ထဲမှ ကောင်း ရုန်းထွက်ပစ်ချင်ပါသည်။

◆ ◆ ◆



"သူ့နဲ့ fitting ဖြစ်မယ့် size ပေါ့၊ ဂျင်းဘောင်းဘီတွေ၊ ..ိရှပ်တွေမပြနဲ့၊ စတိုင်ပင်(န်)နဲ့ အော်တာရှပ်လေးတွေ၊ နောက် ..ုတ်ခါးရှည်လေးတွေ ပြပေးပါ"

ပြောချင်ရာပြောပြီး ချာချာမျက်နှာကိုမကြည့်တော့။ ..ူဟာသူ ဆိုင်ထဲလှည့်ပတ်ကြည့်။ အရောင်းစာရေးမလေးကို အင်္ကျီ၊ ..ဘာင်းဘီတွေ လက်ညှိုးညွှန်ပြ။ စာရေးမလေးက စေ့ညွှန် ..ွှန်ပြသမျှ အကုန်စုကိုင်ထားတာများ မနည်းမနော။

ချာချာကတော့ ဝင်စကတည်းက ရပ်နေသည့်နေရာမှ ..ခြတစ်ဖဝါးတောင်မရွေ့။ ဒေါသထွက်လွန်း၍ပါ။ ဒီနေ့ နိုင်ငံခြား ..ည့်သည်ကို လေဆိပ်မှာ စေ့ညွှန် သွားကြိုသည်။

ချာချာက ထုံးစံအတိုင်း လိုက်ပို့ရသည်ပေါ့။ ပြီးတော့ ..ည့်သည်ကို ဟိုတယ်ဝင်ပို့သည်။ ရုံးခန်း တန်းပြန်မယ်ထင်ထား ..ပမယ့် သူက shopping mall တစ်ခုခုကို မောင်းဆို၍ ချာချာ ..ောင်းလာခြင်းပါ။

ချာချာစိတ်ထဲထင်တာက သူ့အတွက် လိုအပ်တာဝယ်မည်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အခု ဒီရောက်မှ ချာချာ့အတွက်တဲ့။ လူတွေအများကြီးရှေ့ ငြင်းပြန်ရင်လည်း အရှက်ကွဲဦးမည်။

လူကို ချည်ပြီးတုပ်ပြီး သူ ဖြစ်စေချင်တာ ပုံသွင်းသလို မျိုး။ ထိုအဖြစ်မျိုးကို ချာချာ သိပ်မုန်းပါသည်။ ချာချာက သူပေး တာယူ ကျွေးတာစား ထားရာနေဘ၀မျိုးမှ မဟုတ်တာ။

ဒေါသက လှိုင်းတံပိုးတွေပမာ တလိမ့်လိမ့် ကြွတက်လာ၏။ တစ်လမ်းလုံး ဒေါသတွေကို ချာချာ စနစ်တကျ သိမ်းဆည်း ခဲ့သည်။ ရုံးခန်းထဲအထိ စေဿန်ဝယ်လာသော အထုပ်အပိုးတွေကို သယ်လာခဲ့၏။

ရုံးခန်းထဲရောက်မှ

"ဒီမှာ ဦးစေဿန် ပစ္စည်းတွေ"

ချာချာကမ်းပေးသည်။ သူက ကြောင်အမှင်သက်စွာ ခဏ ငေးငေးကြည့်ပြီးမှ...

"မင်းအတွက် ဝယ်ပေးတာ"

"ချာချာ့မှာရှိသားပဲ"

ချာချာ့အသံနဲ့ ဟန်ပန်က ဂျစ်ကန်ကန်။ မပြောမဆို လုပ်ချ သွားသော စေဿန်လုပ်ရပ်အတွက် ချာချာ တန်ပြန်သမျှ သူ ခံယူရ မည်။

"ရှိတာသိတယ်လေ၊ မင်းဝတ်ဖို့ ဝယ်ပေးတာ"

"ချာချာ ဒီလောက် တန်ဖိုးကြီးတာတွေ ဝယ်မဝတ်နိုင်



ဘူး၊ လစာထဲကလည်း အဖြတ်မခံနိုင်ဘူး"

"မင်း ဘယ်လိုဖြစ်လို့ ဒီလစာဆိုတာချည်းပဲ ထည့်ပြော နေတာလဲ၊ မင်းကို ဘယ်သူက ဖြတ်မယ်ပြောလဲ၊ မင်း ငွေစကား သိပ်မပြောနဲ့"

စေဿန်ကလည်း စကားတစ်ခွန်းက နှစ်ခွန်းဆို သိပ်ပြီး စိတ်မရှည်တတ်။ စေဿန်စရိုက်သဘာဝကိုက နူးညံ့မှုမရှိတာ။ စကားကိုလည်း အဆင်ပြေချောမွေ့အောင် သူတစ်ပါးနားဝင်ချို အောင် ပြောတတ်သူမဟုတ်။

"ရင်ဘတ်ထဲက လာသလိုပဲပြောမယ်၊ တန်ဆာတွေ၊ အလင်္ကာတွေ မဆင်တတ်ဘူး၊ ရင်ဘတ်နဲ့ခံစားပြီး နားထောင်ရင် ငါ့စေတနာကိုသိမယ်"

အဲဒါ စေဿန် လက်သုံးစကား။ ဒီပွဲမှာ စိတ်တိုသူနဲ့ မာနမင်းသမီး တွေ့ကြပြီ။ သီးသန့်ခန်းဖြစ်ပေမယ့် မှန်အကြည်တွေ နဲ့ ကာထားတာမျိုးမို့ သူတို့နှစ်ယောက် မကြည်မလင်ဖြစ်နေတာကို ရုံးခန်းထဲမှ ဉာဏ်သစ်က လှမ်းမြင်သည်။

အချိန်မီတားရန် အခန်းထဲရောက်လာပေမယ့် အရှိန်က လွန်ကုန်ပြီ။ စစ်မျက်နှာ ကိုယ်စီဖွင့်ထားသော စစ်သူကြီးတွေ မျက်နှာမျိုးနဲ့။

"ငွေစကားပြောရမှာပဲ၊ ချာချာ ဘယ်သူ့ဆီကမှ အလကား မလိုချင်ဘူး၊ ဦးစေဿန်မှာ စေတနာတွေ သိပ်ပေါလျှံနေရင် တခြား

www.burmeseclassic.com

www.burmeseclassic.com



လူတွေပေးလိုက်"

"မင်း တော်တော်စော်ကားတဲ့ မိန်းကလေးပါလား ချက်ချက်ချာ၊ စေတနာပိုလွန်းလို့ မဟုတ်ဘူးကွ၊ ငါနဲ့တွဲသွားနေတာ တာ လူနဲ့သူနဲ့တူအောင်လို့"

"အခုရော ချာချာက လူနဲ့မတူလို့ ဘာနဲ့တူနေလို့လဲ"

"ကျစ် မင်းအဝတ်အစားတွေ ထပ်တလဲလဲဖြစ်နေတာလေ၊ ရုံးခန်းကလူတွေတောင် မှတ်မိလောက်ပြီ"

ချာချာ့မျက်နှာ ဖြန်းခနဲ ပူနွေးသွားသည်။ ရှက်သွေးတွေ ဆူဝေပြီး မျက်နှာပေါ် လျှမ်းတက်လာသလို အထိအတွေ့မျိုး ခံစားရသည်။ ချာချာဟာ နဂိုကတည်းက သူဌေးသမီးမှမဟုတ်တာ။

အဘိုး အဘွားရှိစဉ်က ဝယ်ခဲ့သော အဝတ်အစားတွေရဲ့ နောက်ပိုင်းအသစ်ဆိုတာ ထပ်မဝယ်နိုင်တော့။ ဒီအဝတ်အစားတွေဟာ ခေတ်နဲ့ update မဖြစ်မှန်းသိသည်။

ဟောင်းနွမ်းနေမှန်းလည်း သိသည်။ သို့ပေမယ့် လှရေးပရေးထက် ချာချာ့မှာ တခြားသော ရည်ရွယ်ချက်တွေရှိသည်။ အမှီအခိုကင်းစွာ ရပ်တည်လိုသော စိတ်။ ချာချာ ဆုံးရှုံးခဲ့သမျှ ပြန်လိုချင်သော စိတ်ရဲ့ဇောအဟုန်နဲ့ ငွေကို အသည်းအမည်း ရှာဖွေခဲ့တာဖြစ်သည်။

ချာချာရဲ့ ဘဝပေးအခြေအနေကို နှိပ်ကွပ်ချိုးဖဲ့သူဆို ချာချာ မုန်းသည်။ ထို အမုန်းစိတ်သည် ရှို့မီးပမာ ပြင်းထန်စွာ တောက်



လောင်လာခဲ့ပြီး ရှက်စိတ်က မီးလောင်ရာ ပင့်ပေးသောလေ။

ပြောသင့် မပြောသင့် ချာချာ မခွဲခြားနိုင်။ သူ့အား နစ်နာစေလိုသော စကားလုံးတို့က နှုတ်ဖျားမှ မာနကိုစီးကာ ထွက်သွားပြီ။

"မှတ်မိလည်း ဂရုမစိုက်ဘူး ဦးစေညွန့်၊ ချာချာ့မှာရှိတာ ဝတ်တာပဲ၊ သိမ်ငယ်စရာမလိုပါဘူး၊ အဲဒီအပေါ်မှာ ဦးစေညွန့်လည်း ခံစားပြီး ဘာမှစေတနာပိုစရာမလိုဘူးထင်တယ်၊ ချာချာက ခင်ဗျား ရဲ့ ကားဒရိုင်ဘာ၊ ပွဲတက်သူမဟုတ်ဘူး၊ ဒါကြောင့် မလိုတာတွေကို မလုပ်ပါနဲ့"

"မင်း စော်ကားလွန်းနေပြီ ချက်ချက်ချာ"

စေညွန့် မျက်နှာသည် နီရဲသည်နေရာမှ ညိုပုပ်မှုန်မှိုင်းလာပြီ။ ပေါက်ကွဲတော့မည့် ဗုံးတစ်လုံးသည် ချာချာတို့ကြား၌ ရှိနေ၏။

"အဲလိုထင်လည်း မတတ်နိုင်ဘူး၊ ချာချာ ဘယ်သူ့ဆီကမှ လိုအပ်တာထက် ပိုမလိုချင်ဘူး၊ ကျေးဇူးတွေနဲ့ ချည်နှောင်ပြီး မပေးနိုင်တာ ပြန်အတောင်းခံရမှာစိုးလို့"

"မင်း"

စကားဆက်မပြောနိုင်။ စေညွန့်ဒေါသက ငယ်ထိပ်သို့ ရှူးခနဲတက်ဆောင့်သည်။ သတိက လွတ်ထွက်သွား၏။ ချာချာ ပါးတစ်ဖက်ကို ဆောင့်တွန်းပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၏ တွန်းအားကြောင့် ချာချာ ခွေခနဲ နောက်ပြန်လဲကျ၏။

"အ"

ညည်းတွားသံကိုရပ်ကာ အံကြိတ်ထားသည်။ ခြေကျင်းဝတ်သည် ခွေခေါက်ကာ ထိုပေါ် တစ်ကိုယ်လုံး ဖိတ်ကပစ်ကျသည်။ ခဏချင်းမှာပဲ ဝေဒနာဆိုးရှားစွာ။

"ဟာ ဘယ်လိုတွေဖြစ်ကုန်ကြတာလဲ စေကြီး၊ မင်းကလည်းကွာ၊ ပါးစပ်ကပြောလည်းရတာကို၊ ထ ထ"

"ရတယ် ကိုဉာဏ်ကြီး"

ချာချာအားတင်းပြီး ပြန်ထသည်။ နာကျင်မှုကြောင့် မျက်နှာလေးက ရှုံ့မဲ့မဲ့။

"ရရဲ့လားဟာ၊ ငါ့ကို တွဲမလား၊ သြော် နေဦး၊ မနီရေ ခဏ ခဏ"

ဉာဏ်သစ်အသံတွေ ပျာယာခတ်ဆူညံစွာ။ စေညွန့်ကျောခိုင်းထားမိသည်။ ကိုယ့်ကိုယ်ကို လွန်သွားမှန်းသိသည်။ ဒါပေမဲ့ ချစ်ခြင်းရဲ့ အညွန့်အဖူး စေတနာကို ထိပါးလာတော့ မခံနိုင်။

စိတ်ကူးမယဉ်တတ်သော ချစ်ခြင်း၌ ကြမ်းတမ်းရိုင်းပျခြင်း ပါကောင်းပါမည်။ သို့ပေမဲ့ ပရိယာယ်မကြွယ်တာတော့ အာမခံနိုင်ပါသည်။

◇ ◇ ◇

## အခန်း (၁၈)

"မင်း ပြန်တောင်းပန်သင့်တယ် စေကြီး"

"ကျစ်"

မျက်ခန်းတွေကို မှေးမှိတ်။ ခုံရဲ့ကျောမှီပေါ် ခေါင်းလှန်ချရင်း စေညွန့် ငြိမ်သက်နေမိသည်။ ဒီနှစ်ရက်အတွင်း စေညွန့်မျက်ဝန်းမှိတ်တိုင်း ပေါ်လာတာ ချာချာပုံရိပ်တွေပင်။

ချာချာရဲ့ စူးရှတဲ့မာနအရောင် မျက်လုံးတွေ။ မာနနှင့် ထွက်ကျလာသော စကားသံတွေဟာ စေညွန့်အတွက် ကျိန်စာသင့်နေသလို။

"မနေ့ကတည်းက ဖုန်းဆက်ပြီး ခွင့်တိုင်ထားတယ်၊ ခြေဆစ်လွဲသွားတယ်တဲ့၊ တရုတ်ဆေးစည်းထားတယ်၊ တစ်ပတ်လောက်တော့ ခွင့်ယူရမယ်လို့ပြောတယ်"

"လိုလို့လား၊ အဲဒီလောက်အထိ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို စေညွန့်ကိုယ်တိုင်ပင် မမှတ်မိချင်။ မှုန်ရီဝေဝါးပြီး လမ်းပျောက်တဲ့သူတစ်ယောက်လို။

"မင်း လွန်တယ်နော်"

"ငါက စေတနာနဲ့"

"အေးလေ စေတနာဆိုတာ လက်ခံချင်လာအောင် ပြောရတယ်ကွ၊ အခု မင်းစေတနာက အာဏာရှင်ဆန်တယ်၊ နိုင့်ထက်စီးနင်းကြီး၊ မင်းက ချက်ချက်ချာနဲ့ အရင်တွေ့လာတဲ့သူပဲ၊ ချက်ချက်ချာစိတ်ကို မင်းပိုသိမှာပါ"

မတရားတာတွေ့လျှင် ချာချာ ဝင်ပါတတ်တာ။ ရိုးသားပွင့်လင်းတာ။ ငွေမက်တာ။ မာနကြီးတာ။ အင်း စေညွန့် သိတော့သိနေပါသည်။ သိသိကြီးနဲ့ပင် စေညွန့် ကျူးလွန်ခဲ့တာဖြစ်၏။

ဉာဏ်ကြီး ပြောခဲ့သလိုပင်။ စေညွန့် စေတနာတွေ တကယ် အာဏာရှင်ဆန်သွားပြီလား။

အဲဒီနေ့က မြင်ကွင်းကို ပြန်မြင်ယောင်ကြည့်သည်။ စေညွန့် တွန်းပစ်၍ ခွေယိုင်ကျသွားသော ချာချာ။ ခြေကျင်းဝတ်ကို ဆုပ်ကိုင်ပြီး ဝေဒနာကို ကျိတ်မှိတ်ခံသော သူမ။

စေညွန့် ဒေါသတွေကို ဆက်လက်မျိုသိပ်မရတော့။ ဒေါသကနေ ကရုဏာအဖြစ် ပြောင်းလဲသွားတာ မြန်လွန်းသည်။ ထိုင်ရာမှ ဝုန်းခနဲထရပ်သည်။ ဉာဏ်ကြီးက စေညွန့်လှုပ်ရှားမှုကို မျက်လွှာပင့်ကြည့်၏။



ကုတ်အင်္ကျီကို မဝတ်တော့ဘဲ ဒီအတိုင်း ဆွဲယူ၍ သီးသန့်ခန်းထဲမှ ထွက်ဟန်ပြင်သည်။ ဉာဏ်ကြီး ငြိမ်နေ၍မရတော့။

"ဒါ ဘယ်လဲ"

"သွားတောင်းပန်မလို့"

"ဟော့ကောင် ကားမောင်းသွားလို့ အဆင်ပြေပါ့မလား"

"ရတယ် တက္ကစီခေါ်သွားမယ်"

ခြေလှမ်းကျဲကြီးတွေနဲ့ စေညွန့်လျှောက်သွားတာများ ရှေ့မှာ ဗုံးထပေါက်တောင် နောက်တွန့်မယ့်ဒီဇိုင်းမရှိ။

ဉာဏ်ကြီးကတော့ တစ်ထက်တစ ဝေးကွာသွားသော ကျောပြင်ကိုကြည့်ရင်း စိတ်ထဲမှ တီးတိုးရေရွတ်သည်။

ကြာကြာလည်း မတွေ့ပဲမနေနိုင်တာ ဟုတ်ပဲနဲ့။

အဆက်မပြတ်ခေါက်သော တံခါးခေါက်သံ။ ဆေးရှိန်တွေနှင့် အိပ်ပျော်နေရာမှ ချာချာ ဆတ်ခနဲလန့်နိုးလာသည်။ အိပ်မှုန်စုံမွှားနှင့် ချာချာ အိပ်ရာမှထသည်။ နေ့လည်ပိုင်းကြီးမို့ တာတူးတို့ တစ်အိမ်သားလုံးမရှိကြ။ ကျောင်းသွားတဲ့သူ အလုပ်သွားတဲ့သူ တွေချည်းမို့ ချာချာ့ကို ကူညီမယ့်လူမရှိပေ။

အိပ်ရာဘေးက တုတ်ကောက်ကို အားပြုလျှောက်ရင်း အိမ်ရှေ့ဆီ ထွက်လာသည်။

"ဒီခြေထောက်ကို သိပ်အားမပြုပါနဲ့ဦး၊ ခြေကျင်းဝတ်လည်သွားတာဆိုပေမယ့် ကျတဲ့အရှိန်က ပြင်းတယ်၊ တတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သလောက် အနားပေးထားပါ၊ မဖြစ်မနေ အသုံးပြုမယ်ဆိုရင်လည်း အကူပစ္စည်းလေးနဲ့သုံးပေါ့၊ သူချည်းပဲ မလျှောက်နဲ့၊ ဒဏ်ရာက နုတုန်းဆိုတော့ ဒီထက်ပိုဆိုးသွားမှာစိုးလို့ပါ”

တရုတ်ဆေးဆရာက အသေအချာမှာထားတာကို။ ချာချာက တုတ်ကောက်ကို အားပြုလျှောက်ရင်း အိမ်ရှေ့ဆီရောက်ခဲ့ပြီ။ သစ်သားတံခါးကိုဆွဲဖွင့်၏။ အပြင်သံပန်းရဲ့ တခြားတစ်ဖက်မှာ ရပ်နေသူက

“ဦးစေညွှန်”

ချာချာမှာ အံ့ဩခြင်း မှင်သက်ခြင်းတို့ကြောင့် စေညွှန်ကို စိုက်၍သာကြည့်နေမိသည်။ ခြေထောက်အနာလည်း သတိမရတော့။ တစ်လောကလုံးမှာ သူရယ် ကိုယ်ရယ် နှစ်ယောက်တည်း ရှိတဲ့အလား။

“အိမ်ထဲ မခေါ်တော့ဘူးလား၊ ဒါမှမဟုတ် ကိုယ့်ကို စိတ်ဆိုးမပြေသေးတာလား”

“အာ…မဟုတ်ပါဘူး၊ လာ ဝင်ပါ”

သူပြောမှ သတိဝင်လာသည်။ တံခါးဖွင့်ပေးလိုက်သည်။ အိမ်ထဲ စေညွှန်ဝင်လာတဲ့အထိ ဒီအဖြစ်ကြီးက ချာချာ့အတွက် အိပ်မက်ဆန်နေတုန်း။

“လူနာလာမေးတာ၊ ဘာဝယ်ရမှန်းမသိတာနဲ့ ဒီခြင်း တောင်းကြီးပဲ ဝယ်ခဲ့တယ်၊ အထဲမှာ အစုံပါတယ်၊ ပြီးတော့



ပင်းရောဂါက အစားရှောင်ရတဲ့ အမျိုးအစားမှမဟုတ်တာ”

“ရပါတယ်”

ချာချာက စေညွှန်လက်ထဲမှ လက်ဆောင်ခြင်းကြီးကို ကြည့်ပြီး အားနာစွာပြောမိသည်။

“ထိုင်ပါ ဦးစေညွှန်”

တစ်စုံတည်းသော ပလပ်စတစ်ထိုင်ခုံလေးကို ညွှန်ပြ၏။ ချာချာကတော့ ဒီအတိုင်း ဖယောင်းပုဆိုးခင်ထားသော သံမံတလင်းပေါ် ထိုင်ချသည်။ စေညွှန်ကတော့ အထူးတလည် အကဲခတ်စရာ ပလို။

ရှင်းလင်းနေသော ညှော့ခန်းအား ဝေ့ဝဲကြည့်ရင်း

“ခြေထောက်အခြေအနေက”

“တရုတ်ဆေးစည်းထားတယ်”

“ကောင်းကောင်း မထောက်နိုင်ဘူးလား၊ ဒီတုတ်ကြီး က”

“ဆရာက ဒဏ်ဖြစ်မှာစိုးလို့တဲ့လေ၊ အဲဒါကြောင့် ခွင့် လည်း တစ်ပတ်တင်ထားတာ၊ တစ်ပတ်ပြည့်ရင်တော့ ချာချာ အလုပ်ပြန်ဆင်းမှာပါ၊ ဟို ဒီပျက်ကွက်မှုအတွက်ကတော့ ချာချာ့ လစာထဲက ဖြတ်လိုက်ပေါ့”

“လာပြန်ပြီ”

စေညွှန်က စိတ်ကုန်သံနှင့် ရေရွတ်သည်။ ချာချာက

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တဲ့ မျက်ဝန်းတွေနဲ့ကြည့်၏။ စေညွန့် ထပ်မံစိတ်ဆိုးသွားမှ ကို စိုးရိမ်ဟန်အပြည့်နှင့်။ မျက်ဝန်းနှစ်စုံ အကြည့်တွေ ဖလှယ်တာ အကြာကြီး။

ထိုခဏမှာ စေညွန့် ရင်အခုန်မြန်လာသည်။ ရင်ခုန်သံ သည် နေရောင်ထဲ၌ ပွင့်သောပန်းလိုနွေးနေသည်။ လောကသည် ညင်သာစွာ စီးဆင်းနေသည်။ နှလုံးသားနှစ်ခုထဲ၌ အချစ်ဆိုသော တိုင်းဗုံးတွေ အချိန်ကိုက်ပေါက်ကွဲလွင့်ထွက်လာသလို ခံစားရ သည်။

သူတို့နှစ်ဦး ပတ်ဝန်းကျင်၌ အချစ်အပိုင်းအစတွေ ပြန့်ဝ နေသလို။ ချာချာက အရင်ဦးအောင် မျက်လွှာချပစ်သည်။ ဖျိုးဖျ တုန်ရီသော နှလုံးခုန်နှုန်းဒဏ်ကို ချာချာ ခံနိုင်ရည်မရှိ။

"တစ်ခါတလေ ကိုယ့်စေတနာကို အသိအမှတ်ပြုပေး ပါလား"

စေညွန့်အသံသည် ရင်ကိုခွဲဖွင့်၍ ထွက်လာသလို။ နွေးထွေးခြင်း ကြင်နာခြင်းတွေကို ထင်ရှားစွာတွေ့ရ၏။

"ချာချာ တောင်းပန်ပါတယ်"

"ကိုယ်လည်း တောင်းပန်ပါတယ်"

"ဖြစ်ခဲ့တဲ့ကိစ္စမှာ ခင်များမလွန်ပါဘူး၊ ချာချာက စော် ကားသလိုဖြစ်သွားတာ"

"မင်းလည်း မလွန်ပါဘူး၊ မင်းမာနကို ထိခိုက်သလို



ဖြစ်သွားတာကိုး၊ အခုတော့ ကိုယ် သင်ခန်းစာတစ်ခု ရလိုက်တာ ပေါ့၊ နောက်ဆို ကိုယ့်စေတနာကို နားလည်အောင်ပြောပြမယ်၊ ပင်း လက်သင့်ခံမှပဲ ဆက်လုပ်တော့မယ်"

"အဲဒီလောက်ကြီးမလိုပါဘူး ဦးစေညွန့်ကလဲ"

"ကိုယ့်အတွက်တော့ လိုတယ်၊ မင်းဒဏ်ရာ အနာတရ ဖြစ်ပြီး ရုံးမှာ ခွင့်တွေတင်ရရင် ကိုယ့်အတွက် အဆင်မပြေဘူး"

ရင်ပွင့်ထွက်လုနီးပါး။ အရင်က ဒီလောက်အထိ မပြင်း ထန်ခဲ့သော သူ့ချစ်စိတ်။ ချာချာကို တွေ့လိုက်ရမှ အမြင့်ဆုံး ခံစားချက်ဆီရောက်သွားတာ ဘာကြောင့်ပါလဲ။

ချာချာကတော့ စေညွန့်စကားတွေကို နားမလည်သလို ပင်။ မျက်လုံးအဝိုင်းသားနှင့် မော့ငေးနေသည်။ စေညွန့်သည် ပြင်းပြသော ထိုခံစားချက်ကို ရင်ထဲမှာပဲ သိမ်းထားလိုက်၏။ ချစ်ခြင်းတွေကို နားမလည်ဘဲ သူမ တပ်မံ စော်ကားတာခံရလျှင် စေညွန့်ခံနိုင်မည်မဟုတ်။

ပြီးတော့ အချစ်သည် တစ်ခါတစ်ရံမှာ ဖွင့်မပြောပဲ တိတ် တိတ်လေး ကျိတ်ခံစားရတာ ပိုအရသာကောင်းပါသည်။

"တက္ကစီတွေ ငှားစီးရတော့ ဘယ်ဇိမ်ကျမလဲ၊ ဒါကို ပြောတာ"

"သြော် မကြာတော့ပါဘူး၊ ချာချာလည်း သက်သာတာ ရဲ့ ရုံးပြန်တက်မှာပါ၊ ကြည့်စမ်း ညှိသည်ရောက်နေတာကြာပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ချာချာ ဘာမှ ဧည့်မခံရသေးဘူး၊ ကော်ဖီဖျော်လိုက်မယ် ဦးစေညွှန့်၊ ခင်ဗျားသောက်နေကျ ကတ်ပချီနိုတော့မဟုတ်ဘူးပေါ့၊ ချာချာက စူပါပဲသောက်နိုင်တာ''

''နေပါစေ ချက်ချက်ချာရဲ့''

''ဘာလည်း ကော်ဖီအပေါ်စားမို့လား''

ချာချာမျက်လုံးတစ်ချက်ဝင့်သည်။ နှုတ်ခမ်းစူပြီး ပြောဟန်က စေညွှန့်နှလုံးသားကို သွက်သွက်ခါယမ်းသွားစေသည်။

စေညွှန့် မပြုစားပါနဲ့ ကောင်မလေးရယ်။ အချစ်မှော်ဝင်တဲ့ နှလုံးသားကို ငါ ကြောက်လို့ပါ။

''မဟုတ်ပါဘူး၊ မင်း ထိုင်နေပါ၊ ကိုယ် သွားဖျော်လိုက်မယ်၊ မင်းက ခြေထောက်နာကြီးနဲ့လေ''

''အားနာစရာကြီး''

''ဘာလဲ မဖျော်ရဘူးလား''

''ဖျော်ပါ၊ ဘော့စ်ကို ပြန်ခိုင်းဖူးတဲ့ အလုပ်သမား တစ်ယောက်အနေနဲ့ ဂုဏ်ယူချင်လို့''

ချာချာက အဲဒီလို စိတ်ထဲရှိတာ ပြောချပစ်မှ နေသာထိုင်သာရှိတဲ့ မိန်းကလေးမျိုး။ ထိုနေ့က စေညွှန့် ကော်ဖီမစ်နှစ်ထုပ်ကို ချာချာညွှန်ကြားတဲ့အတိုင်း နို့ဆီတွေ သကြားတွေထည့်ပြီး ဖျော်ခဲ့ရသည်။ စေညွှန့် မီးဖိုချောင်ဝင်ခြင်း ပထမဆုံး အတွေ့အကြုံက ရင်ခုန်စရာများနှင့် မမေ့နိုင်စရာပင်။



ကော်ဖီခွက်တွေ ကိုယ်စီကိုင်ရင်း စေညွှန့်ပါ ချာချာ့နားမှာ ထိုင်ချလိုက်၏။ ချက်ချက်ချာကတော့ အားနာသောဟန်နှင့်

''အပေါ်မှာထိုင်ပါ ဦးစေညွှန့်ရဲ့''

''ဒီလိုထိုင်တော့ မင်းနဲ့ တသားတည်းဖြစ်သွားတာပေါ့''

''ခင်ဗျားအဝတ်အစားတွေ ဖုန်ပေမှာ အားနာလို့''

''မင်း တကယ်အားမနာတတ်ပါဘူး၊ ဟန်ဆောင်မနေပါနဲ့''

စေညွှန့်ကပြောတော့ ချာချာက ခေါင်းလှန်ချကာ ဟက်ဟက်ပက်ပက်ရယ်သည်။ စေညွှန့်က ထိုလွတ်လပ်ပေါ့ပါးသော မျက်နှာလေးအား ငေးရင်းက ချာချာနောက်ကျောနံရံသို့ ဖျတ်ခနဲ အကြည့်ရောက်သွား၏။

မိသားစုပုံ။ ချာချာက အလယ်၌ မတ်တပ်ရပ်ပြီး လူကြီးနှစ်ယောက်က ထိုင်နေသည့်ပုံ။ ချာချာက ကျစ်ဆံမြီးလေး နှစ်ဖက်ခွဲကျစ်ပြီး ရင်ဘတ်ရှေ့ချထားတာကြောင့် နုနယ်ပျို့ပျစ်မှုက အထင်းသား။

''ဒါ မင်းမိဘတွေနဲ့တူတယ်''

စေညွှန့်မေးခွန်းအဆုံးမှာ ချာချာ့မျက်နှာ ဖျတ်ခနဲ ပြန်တည်သွားသည်။

''ဟုတ်''

တစ်ခွန်းတည်းသော အဖြေက အသက်မပါ။ စေညွှန့်က

www.burmeseclassic.com

www.burmeseclassic.com



ဒါကို သတိမထားမိ။ ပုံကို ပိုစိတ်ဝင်စားလာပြီး မတ်တပ်ထရပ်သည်။ ထို့နောက် အနီးကပ်ကြည့်ရင်း

"အင်း မင်းက အမေနဲ့တူတယ်ထင်တယ်၊ အဖေနဲ့ တစ်ခုမှမဆင်ဘူး၊ သွယ်တာကအစ၊ အရပ်မြင့်တာအဆုံးပေါ့၊ မင်းအဖေကျတော့"

"အဲဒါ ချာချာ့အဖေ မဟုတ်ဘူး"

စေညွှန် စကားမဆုံးလိုက်။ တိုးတိုက်ထွက်လာသော စကားသံက ရေခဲပြင်တွေလို။ အေးစက်မာကျောမှုကို ခံစားရသည်။ စေညွှန်က ထူးဆန်းသော အာရုံရဲ့ လှုံ့ဆော်မှုကြောင့် ချာချာမျက်နှာကို ဖျတ်ခနဲ ငုံ့ကြည့်သည်။

နီရဲတင်းမာနေတဲ့ မျက်နှာပေါ် ဒေါသတွေဟာ ပေါက်ကွဲလုဆဲဆဲ ဗုံးတစ်လုံးအလား။

"ဆောရီး ကိုယ်က မိသားစုဓာတ်ပုံတွေ့တော့ အဲဒီလိုပဲ ထင်သွားတာ"

"ရပါတယ်၊ ဒီလိုပဲ လူတိုင်းထင်ကြမှာ၊ ခင်ဗျား အလွန်မဟုတ်ပါဘူး၊ ချာချာတောင် ဒီအဖြစ်အပျက်တွေကို သိခဲ့ရတာ လပိုင်းပဲရှိဦးမှာ"

ချာချာပုံစံက ချက်ချင်းပြောင်းလည်းသွားသည်။ မျက်ဝန်းတွေက အဆွေးရိပ်ကြောင့် မှိုင်းရီလာ၏။

"ခင်ဗျားတော့ ခံစားဖူးမှာ မဟုတ်ပါဘူး၊ ချာချာ့အဖြစ်က

မြို့မြို့၁၁၁၀



ပူတစ်ရာမှာ တစ်ယောက်ဖြစ်ခဲ့တဲ့ အဖြစ်မျိုး၊ ကိုယ့်အဖေအရင်း နဲ့ နှစ်ပေါင်းများစွာ ထိတွေ့ဆက်ဆံခဲ့တာတောင် အဖေအရင်းလို့ သိခွင့်မရတဲ့ဘဝ၊ သိလာပြန်တော့လဲ အဟောင်း"

ချာချာက စကားကိုရပ်ပြီး ခပ်ညစ်ညစ်ရယ်သည်။ ဝမ်းနည်းမှုအရိပ်ကြောင့် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ရီနေသည်။ ပါးပြင်က နီရဲတဲ့ သွေးကြောမျှင်တွေကလည်း ခါယမ်းလို့။

"ဆက်ဆံခွင့်မပေးကြပြန်ဘူး ဦးစေညွှန်ရဲ့၊ တကယ်ဆို ချာချာက အဖေ့ရဲ့သမီးဦးပါ၊ ချာချာ့အဖေက အမေရဲ့ အချစ်ဦးပေါ့၊ ဒါနဲ့များ ဘာကြောင့် ချာချာဟာ အဖေ့ဘဝမှာ နေရာတစ်နေရာ မရခဲ့တာလည်း၊ တွေးကြည့်ရင် ရင်နာစရာကြီး ဦးစေညွှန်ရယ်၊ တကယ့် ရင်နာစရာကြီးပါ၊ အမေဟာ အဲဒီ မတရားမှုကြီးကို ချာချာတစ်သက် ရင်ဝယ်ပိုက်မြိုသိပ်ခဲ့ရတာ၊ ဘယ်လောက်ပေးဆပ်နိုင်စွမ်းကြီးတဲ့ မိန်းမလည်းနော်"

"မင်းအဖေက အခုထိ ရှိတုန်းလား"

ချာချာခေါင်းအညိတ်မှာ မျက်ရည်တစ်သက် လွင့်ခနဲကြွေကျသည်။ ထိုမျက်ရည်ဟာ စေညွှန့်နှလုံးသားတည့်တည့်ကို ရိုက်ခတ်ခံရသလို ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

"ပြောပြရင် အံ့ဩသွားမယ်၊ ချာချာ့အမေ ဆုံးသွားတာ အသည်းကင်ဆာနဲ့၊ ချာချာ့ရဲ့အဖေက အခု မြန်မာနိုင်ငံက တကယ့် ဒိတ်ဒိတ်ကြဲ အသည်းအထူးကုသမားတော်ကြီးလေ"

မြို့မြို့၁၁၁၀

www.burmeseclassic.com

www.burmeseclassic.com



''ဩော်''

စေညွန့်ရင်ထဲ ခံစားရလွန်း၍ ဘယ်လို ချာချာကို နှစ်သိမ့်ပေးရမလည်း စေညွန့် မသိတော့။ ချာချာနဲ့ တသားတည်းကျရေသလို။ ချာချာနှလုံးသားရဲ့ ကြေကွဲခြင်းတွေ စေညွန့်ထံ ကူးစက်လာ၏။

''မင်းအဖေက Family အသစ်နဲ့လား''

''ဟုတ်တယ် သမီးတစ်ယောက်လည်းရှိတယ်''

''မင်း ဆက်သွယ်ဖို့ မကြိုးစားတော့ဘူးလား၊ ဒီအတိုင်းပဲ လက်လျှော့ထားမှာလား''

''ကြိုးစားမှာ၊ မသိခါစက အဲဒီ ကြိုးစားချင်စိတ်က အပြင်းထန်ကြီးမဟုတ်ဘူး၊ ဒါပေမဲ့ သူတို့က အတားအဆီးတွေကာထားတယ်၊ ပြီးတော့ ပြောသေးတယ်''

ချာချာဟာ နှုတ်ခမ်းလေးတွေ မဲ့ပြုံးပစ်သည်။ နာကြည်းမှုက ပေါက်ဖွားလာတဲ့အပြုံးမျိုး။

''ချာချာလိုချင်တဲ့အရာကို ဘယ်တော့မှ ရမှာမဟုတ်ဘူးတဲ့၊ ချာချာ အဖေကို ရလိုမှုနဲ့ လိုချင်တာမဟုတ်ဘူး ဦးစေညွန့်၊ အဖေဆိုတဲ့အရိပ်၊ ချာချာ ချစ်ခင်မြတ်နိုးစရာလူတစ်ယောက် ဒီကမ္ဘာပေါ်မှာ ရှိသေးပါလားဆိုတဲ့အသိနဲ့ မျှော်လင့်တာ၊ ဒါပေမဲ့ သူတို့က ချာချာချစ်တဲ့သူ အကုန်လုံးကို ဖျက်ဆီးပစ်ခဲ့တယ်၊ အဲဒီအတွက် သူတို့ချစ်တဲ့သူတွေကိုလည်း ချာချာ ပြန်ဖျက်ဆီးပြမယ်၊





အဲဒါကို ကလဲ့စားချေတယ်ပြောပြော၊ စိတ်သဘောထားမကြီးမြတ်ဘူးပြောပြော၊ ချာချာ ဂရုမစိုက်ဘူး၊ ဆုံးရှုံးမှုတွေများခဲ့တဲ့ ချာချာ့စိတ်ကို ဖြေသိမ့်ပေးနိုင်တာ ဒီတစ်နည်းပဲရှိတော့တယ် ဦးစေညွန့်''

ချာချာက စေညွန့်ထံ အလုံးစုံရင်ဖွင့်လိုက်ရပြီ။ ပေါ့ပါးရှင်းလင်းသွားတဲ့ ခံစားချက်ကို ငြိမ်သက်စွာ ခံယူမိပြီ။ ထိုအချိန်၌ ချာချာ့လက်ဖဝါးတစ်ဖက်ကို နွေးထွေးနူးညံ့တဲ့ လက်တစ်ဖက်က လာရောက်ဆုပ်ကိုင်ထားသည်။

နွေးထွေးအားပေးခြင်းသည် ချာချာ လက်ဖဝါးမှတစ်ဆင့် ချာချာ နှလုံးအိမ်ထိ စီးမျောသွားသည်။

''ကိုယ် မင်းကို နားလည်ပါတယ် ချာချာ''

မော့ကြည့်သောအခါ ကြင်နာရိပ်သမ်းသော စေညွန့်၏ အညိုရောင် မျက်ဝန်းတွေက ချာချာ့ကို ထွေးပွေ့ထားတဲ့အလား။

''ကျေးဇူး ဦးစေညွန့်''

ချာချာ့အသံလေးက အဖျားခတ်၍ တိုးတုန်ခါသွားသည်။ ဆုံးရှုံးခြင်းကြောင့် နွမ်းရိခဲ့သော ချာချာ နှလုံးသားဟာ အသစ်တစ်ဖန် ရှင်သန်နိုးထလာချေပြီ။

အဲဒါ သူပေးသော အကြင်နာကြောင့်ဆို ပိုမည်မထင်။

◇ ◇ ◇



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

ကားက နှစ်ခန်းတွဲအမြင့်ကြီး။ အရောင်က အနက်။ ကားပေါ်ကဆင်းအဲ့ဆဲဆဲ လူကလည်း တစ်ကိုယ်လုံး အနက်ရောင် ဝတ်ထားသည်။ စွပ်ကျယ်အနက်။ ဘောင်းဘီပွပွအနက်။ ခေါင်းမှာ ကျစ်ဆံမြီးဗလပွနဲ့။ နားတစ်ဖက်မှာ စိန်နားကပ်။ ဟိုဘက်တံခါးမှဆင်းလာတဲ့သူကိုတွေ့တော့ ချာချာ့မျက်ဝန်းတွေ စူးရဲသွားသည်။ နှုတ်ခမ်းကို တင်းခနဲစေ့သည်။

လျှပ်တစ်ပြက် ဝင်ရောက်လာသော အတွေးက ခိုင်မာသွား၏။ ဆုံးဖြတ်ချက်တစ်ခုအဖြစ်။ ကားနောက်ကြည့်မှန်မှ သူတို့လှုပ်ရှားမှုကို မြင်နေရသည်။ မိုက်က ကားတံခါးဖွင့်ကာ ကိုယ်တစောင်းရပ်ရင်း ဖုန်းပြောဆဲ။

ချာချာမောင်းတဲ့ကားက မာစီးဒီးနို့ရောင်။ လီဗာကိုဖိနင်းသည်။ ပါကင်ထိုးစရာနေရာလွတ် ကျန်ပါရဲ့နဲ့ ကားနောက်မြီးက





မိုက်နဲ့ ကားတံခါးထံ ထိုးပြေးဝင်သွား၏။

"ဝုန်း ခွမ်း"

ကားချင်းထိခိုက်သံ။ မီးလုံးကွဲသံ နောက်မှ

"ဟာ တိုက်ပြီ"

"ဒီဘက်မှာ အလွတ်ကြီးရှိရဲ့နဲ့ ဝင်တိုးတာကွ"

"ဟိုဘက်က Hip Hop အဆိုတော်မဟုတ်လား၊ ဘာဖြစ်သွားလဲ မသိဘူး"

"လက်ကို တံခါးညှပ်တယ်နဲ့တူတယ်"

ဝေဖန်သံတွေက ပတ်ဝန်းကျင်ကို ဂယက်ရိုက်သွားသည်။ ချာချာက ကားပေါ်ကဆင်း၏။ တစ်ဖက် ခေါင်းခန်းမှဆင်းလာသူက ကောင်း။ ချာချာ့ကို ပြာကျစေသော ဒေါသမျက်လုံးနဲ့ကြည့်ရင်း

"နင် ဘယ်လိုလုပ်တာလဲ ချာချာ၊ ဒါ တမင် နင် တမင်လုပ်တာ၊ နင် ကားမောင်းကျွမ်းမှန်း ကောင်းသိတယ်၊ နင် ရက်စက်လှချည်လား၊ ဟိုမှာ မိုက် လက်ထိသွားပြီ၊ အိုး နားထင်နဲ့ ကားတံခါးရိုက်မိတယ်နဲ့တူတယ်၊ ညိုမည်းပြီး ယောင်ကိုင်းလာကာပဲ"

ကောင်း ချာချာကို ရန်တွေ့လိုက်။ မိုက်ရဲ့ ဒဏ်ရာကို ပြေးကြည့်လိုက်နှင့် ဗျာများနေရှာ၏။ ထိုမြင်ကွင်းကို ချာချာက ကျေနပ်စွာ ခံကာ တစိမ့်စိမ့်ကြည့်ရင်း

"နင် သိပ်ခံစားနေရလား ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



"နင် မဆိုင်တာတွေ မပြောနဲ့၊ အခု နင် မိုက်ကို ဘယ်လို လုပ်ပေးမလဲ၊ အို မဖြစ်ပါဘူး၊ ဆေးခန်းသွားရအောင်၊ ဒီဟိုတယ်မှာ ဆေးခန်းရှိတယ် မိုက် သွားရအောင်"

"ဟာ...ဟ အဖြစ်သည်းလှချည်လား ကောင်းရဲ့ယ်၊ နင့်လူက အသက်နဲ့အဝေးကြီးပါ၊ နင်ချစ်တဲ့သူ အနာတရဖြစ်တော့ နင် ဘယ်လိုခံစားရလဲ ကောင်း၊ ကိုယ်ချင်းစာကြည့်စမ်းပါ၊ ငါက ချစ်တဲ့သူတွေကို စွန့်လွှတ်ထားရတာ၊ နင့်ထက် ခံစားချက်ပြင်းတယ် ဆိုတာ သဘောပေါက်"

ချာချာ့အကြည့်ကို မိုက်ထံရှေ့သည်။ မိုက်ကတော့ သူ့မူပိုင်ဟန်အတိုင်း ဒဏ်ရာကို မမှုသည့် မထီတရီအပြုံးမျိုးနဲ့ ချာချာကို စိုက်ငေးနေ၏။

"ဆောရီး မိုက်၊ နင် ဓားစာခံဖြစ်သွားတာ ငါ စိတ်မကောင်းဘူး၊ ခွင့်မလွှတ်ဘူးဆိုရင် နင့်အတွက် ဆေးဖိုး ငါ့အိမ်မှာ လာယူလိုက်"

ပြောပြီး ချာချာ လှည့်ထွက်သည်။ ထူးဆန်းအံ့ဩသောအကြည့်တွေက စူးစမ်းသော လူအုပ်ကြီးထံမှ ချာချာရရှိသည်။

"တောက် လူပါးဝလို့၊ လျော်ကြေးမလိုဘူး၊ နင့်ကို ထောင်ထဲပို့ပစ်မယ် ချက်ချက်ချာ"

"ကိုယ် ခွင့်လွှတ်တယ် ချက်ချက်ချာ"

မိုက်အသံကပါ တစ်ဆက်တည်း ထွက်ပေါ်လာ၏။





စူးစမ်းသော လူအုပ်ကြီးထဲမှ ဟာခနဲ အာမေဍိတ်သံကို ကြားရသည်။ ချာချာ့နှုတ်ခမ်းဖျားမှ အပြုံးက လှစ်ခနဲ။

ကာယကံရှင်တွေ ကျေနပ်ရင် ပြီးတာပဲ။

နင် ကြားဝင်စရာမလိုဘူး ကောင်း။

"ကိုယ့်ကို လာအကြိုမှာ ဖြစ်တာပေါ့"

"အင်း ဒီဟိုတယ်ရဲ့ ကားပါကင်မှာ"

စေညွန်က ကုတ်အင်္ကျီကြယ်သီးကိုတပ်ရင်း ချာချာကို စောင်းငဲ့ကြည့်သည်။ ကိုယ့်ပခုံးစွန်းလောက်သာရှိတဲ့ ချာချာ ခေါင်းငုံ့ထား၍ ချွန်မြသော နှာသီးဖျားလေးသာ တွေ့ရသည်။

ဖြေသံကလည်း တိုးညှက်ညှက်။

"ထင်တော့ထင်သားပဲ၊ အစည်းအဝေးခန်းထဲကထွက်တာနဲ့ မင်းမျက်နှာ တစ်မျိုးကြီးဖြစ်နေပါတယ်လို့"

.စေညွန်ကသာ ပြောနေတာ။ ချာချာက ခေါင်းလည်းမော့မလာ။ ခေါင်းကြီးငုံ့ပြီး စေညွန်ဘေးမှာတော့ ပါလာပါရဲ့။ စေညွန်ခြေလှမ်းမှီအောင် လျှောက်နေသော ထိုကလေးမကို အားမရတော့။

ဟိုတယ်စင်္ကြံတစ်လျှောက်လည်း ဝန်ထမ်းတွေနဲ့ ရှုပ်ယှက်ခတ်နေသည်။ စိတ်ထင်တိုင်း ပြုမူလို့မဖြစ်သေး။ နေနှင့်ဦး ချက်ချက်ချာရယ်လို့ စိတ်ထဲကကြိမ်းဝါးသည်။

ဓာတ်လှေခါးနားရောက်ပြီး ချာချာ တံခါးဖွင့်တဲ့ ခလုတ်ကိုနှိပ်သည်။ စေညွန်နဲ့အတူ ဓာတ်လှေကားထဲဝင်ပြီး အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရန် ခလုတ်နှိပ်မည့်ဟန်အပြင်

စေညွှန်က အရင်ဦးသည်။ နှိပ်ပစ်တာ အပေါ်ဆုံးထပ်ဆီ။ နားမလည်ခြင်းများစွာနှင့် မျက်ဝန်းလေးက သူ့ထံ ဒိုင်းခနဲပစ်ဝင်လာ၏။

"ကိစ္စပြီးပြီမဟုတ်လား"

"မပြီးသေးဘူး"

"ဟင် မစ္စတာတာကာနဲ့ အစည်းအဝေးက ပြီးပြီဆို၊ ပြီးလို့ ချာချာ့ကို လာကြိုနိုင်းတာမဟုတ်လား"

"မစ္စတာ တာကာနဲ့ကပြီးပြီ၊ မင်းနဲ့က မပြီးသေးဘူး"

"ချာချာနဲ့"

ရင်ဘတ်ဖိ မျက်လုံးလေးဝိုင်းနေအောင် မေးတဲ့ ဟန်ပန်က စေညွှန်စိတ်ကို မချင့်မရဲဖြစ်သွားစေသည်။ ချာချာ့ပခုံးနှစ်ဖက်ကို သူ့ဘက်သို့ ဆွဲလှည့်ပစ်လိုက်သည်။

"ဦးစေညွှန်"

ချာချာ့အသံက ထိတ်လန့်တကြားလေး။

"မင်း ဘာဖြစ်နေတာလဲ ချာချာ၊ ဟိုတစ်ယောက် မင်းကြောင့် အနာတရဖြစ်သွားတာကို ခံစားနေရတာလား၊ သနားတာလား၊ ယူကျုံးမရတာလား၊ ဘာတွေဖြစ်နေတာလဲ"

ပြောရင်း ပခုံးကိုဆောင့်ခါသည်။ စေညွှန် မျက်ဝန်းတွေထဲ ဒေါသကိုမတွေ့ရ။ ဆုံးရှုံးမှာကို စိုးရွံ့တဲ့အရိပ်တွေ အထင်အရှား





တွေ့ရသည်။ ဖတ်လက်စ စေညွှန်မျက်ဝန်းမှ ချာချာ့အကြည့်ကို မလွှဲနိုင်။

ရင်ခုန်သံသည် တစ်စုံတစ်ရာကို စေ့ဆော်တဲ့အလား။ တဒိုင်းဒိုင်းမြည်ဟည်းလာသည်။

"ကိုယ်မေးတာ ဖြေဦး ချာချာ"

"ခင်ဗျားမေးတာဖြေဖို့ အဖြေမရှိဘူး"

"ဘယ်လို"

"ဟုတ်တယ် မေးတာလွဲနေတယ်"

စေညွှန်မျက်ခုံးနှစ်ဖက် ဆတ်ခနဲ မြင့်တက်သွားသည်။ မျှော်လင့်ချက်အရောင်တွေ စေညွှန်မျက်နှာပေါ် ပြိုးပြက်လျက်။ ချာချာက ခေါင်းငုံ့ကာပြုံးရင်း

"ခင်ဗျားကားနောက်မီးလုံး ကွဲသွားတယ်၊ ဘယ်လောက်လျော်ရမလဲဆိုတာတွေးပြီး ပူနေတာ"

"အဟား မင်းတကွာ"

အသည်းယားစွာ ချာချာနှာတံလေးကို လှမ်းဆွဲခါသည်။ ထိုအချိန်မှာပင် ဓာတ်လှေခါးက အသံလေးပေးပြီး တံခါးပွင့်သွား၏။ အပေါ်ဆုံးထပ်မှ စောင့်နေသူတွေ ဓာတ်လှေခါးထဲဝင်လာသည်။

စေညွှန် လှမ်းလက်စလက်ကို ရုပ်လိုက်ရသည်။ ချာချာက သူ့ဖြစ်အင်ကို ရိပ်မိပြီး ပြုံးစေ့စေ့နဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း ကုတ်အင်္ကျီ စတိုင်ပင်(န်)နဲ့ ပုံစံက တကယ့် Gentleman၊ အပြုအမူကျတော့ လူငယ်ဆန်လို့ရမလား ဦးစေညွှန်။

◇ ◇ ◇



## အခန်း (၂၀)

"သိပ်အံ့သြဖို့ကောင်းတာပဲ မာမီ၊ ကောင်းဖြင့် မျက်စိရှိလို့သာ ယုံရတာ၊ မယုံချင်စရာ၊ အဲဒီ စေညွှန်ဆိုတဲ့လူက သိပ် smart ဖြစ်တာပဲ၊ ပြီးတော့ သူ့တစ်ကိုယ်လုံး အရောင်အဝါတစ်မျိုးနဲ့ လင်းနေသလို၊ မြင်လိုက်တဲ့သူတိုင်း ရှိန်ကျသွားစေမယ့် တင့်တယ်ခြင်းမျိုးလေ၊ အဲဒီလိုလူမျိုးက ချက်ချက်ချာကို အလေးထားတယ်၊ ဦးစားပေးတယ်၊ ပြီးတော့ သူက ဒီမှာ သတို့သမီးလောင်းလာရှာတာတဲ့"

ကောင်းကသာ စုံစမ်းရသမျှ အိတ်သွန်ဖာမှောက်ပြောတာ။ မာမီကဖြင့် ကော်ဖီသောက်တောင်မပျက်။

"ဒီနေ့ မမဆွေ လာမယ်"

ကောင်းကို ပြောသလို တစ်ယောက်တည်း ငြီးထွားသလိုနဲ့ ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိစ္စလား မာမီ"

"အင်း သတ်မှတ်ထားတဲ့လက ကျော်နေပြီလေ"

"လတိုင်း အတိုးမှန်မှန်ပေးနေတာပဲ မဟုတ်လား"

"ဒါပေမဲ့ သူက တက္ကသိုလ်ရိပ်သာလမ်းထဲက အိမ်တစ်လုံး ပြန်ဝယ်ချင်လို့တဲ့၊ ပြီးတော့ သူ့ယောက်ျားကုမ္ပဏီထဲက လူတွေကို ရှယ်ယာပြန်ပေးရမယ်ဆိုလားပဲ"

"အလကားပါ မာမီရာ၊ ဒီမိန်းမကြီးက ရလေလိုလေ အိုတဏှာဖြစ်နေတာ၊ အတိုးနဲ့တင် မတင်းတိမ်တော့ဘူး၊ ကောင်းတို့ မပေးနိုင်မှန်းသိတော့ အိမ်ပါ အပိုင်သိမ်းချင်တာနေမှာ၊ ကောင်းတို့ ပေးတဲ့အတိုးတွေ ပြန်တွက်ကြည့်ပါဦး၊ ယူထားတာထက် ကျော်နေပြီ"

"အေး မာမီလည်းသိတယ်၊ မနေ့ကလည်း ဝိုင်းကောင်းလို့ လိုက်တာ၊ တစ်ချီတည်း အပွကြဲတာလေ၊ အစပိုင်းစဟုတ်မလိုလိုနဲ့ နောက်ပိုင်းလည်းကျရော နိုင်ထားတဲ့ဟာအပြင် အိတ်ထဲက တောင် ပါသွားသေး"

"ကျစ်…မာမီကိုပြောတော့လည်း မကြိုက်ပြန်ဘူး၊ မရပါဘူး အဲဒီအလုပ်တွေက လိုက်လေမြုပ်လေ".

"ဟဲ့ ငါ မလိုက်လို့ ဘယ်သူလိုက်မလည်း ပြော၊ ညည်းကျတော့ရော ဘာအဖြစ်ရှိလို့လည်း၊ ငါ မပြောချင်ဘူး မိုက်ကျတော့လည်း"



"တော်ပါ မာမီရာ"

ကောင်းက မျက်နှာအပျက်ပျက်နဲ့ တားမြစ်သည်။ သမီးဖြစ်သူရဲ့ မျက်နှာကိုကြည့်ရင်း မော်က ဟွန်းခနဲ လုပ်ပစ်ရင်း

"အသည်းကွဲတာပဲ အဖတ်တင်တယ်လေ"

"အချစ်ကို ပုံသေတွက်လို့မှမရတာ မာမီကလည်း"

"ပုံသေတွက်လို့မရပေမဲ့ ရအောင်ယူတတ်ရင် ရတယ်တဲ့"

မော်က ကိုယ့်အတွေ့အကြုံနဲ့ကိုယ် ပြောချသည်။ ထို့နောက် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရသွားပြီး

"ဒါနဲ့ နေစမ်းပါဦး၊ ညည်းပြောတဲ့ စေသွန်ဆိုတဲ့လူက ချမ်းသာသလား"

"အာ…မာမီကလဲ၊ ဘယ့်နှယ်မေးတာလည်း၊ ကုမ္ပဏီ တစ်ခုတည်း ပိုင်ရှင်မဟုတ်ဘူး၊ စီးပွားရေးအင်အားစု တစ်ခုလုံးကိုပိုင်တာ၊ စေအင်ပါယာဆိုတဲ့ထဲမှာ ဟိုတယ်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ခရီးသွားကုမ္ပဏီတွေ၊ ရုပ်ရှင်မားကက်တွေ အများကြီး၊ တခြား ဖျော်ဖြေရေးနဲ့ပတ်သက်တဲ့ အနုပညာလုပ်ငန်းတွေကို စေက စပွန်ဆာပေးထားတာ၊ စေအင်ပါယာဆို စီးပွားရေးလောကမှာ မသိသူ မရှိသလောက်ပဲ၊ ငွေဝင်ကြမ်းသလို အလှူအတန်းကလည်း ရက်ရောတယ်၊ သူက ဒီမှာနေတာမဟုတ်ဘူး၊ ဆစ်ဒနီမှာနေတာ၊ ဒီရောက်တာ မကြာသေးဘူး၊ အခုမှ သူ့လုပ်ငန်းတွေကို ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျ အုပ်ချုပ်တာတဲ့"

"ဒါဆို မိုက်ထက် အများကြီးသာတာပဲ ကောင်းရဲ့"

"အဲဒါတော့ ဟုတ်တယ်၊ သူတို့က ဘိုးစဉ်ဘောင်ဆက် ကတည်းက ချမ်းသာလာတာ မာမီရဲ့"

"ဒါဆိုလဲ ညည်း အဲဒီတစ်ယောက်ကို ရအောင်ချဉ်းကပ်ပေါ့"

"ကောင်းက"

ကောင်းက ရင်ဘတ်ဖိပြီးမေးသည်။ မာမီက စိတ်ထက်သန်သောအခါ ပြိုးပြက်လာသော မျက်ဝန်းအရောင်တွေနှင့် ကောင်းကိုစိုက်ကြည့်ပြီး…

"ချက်ချက်ချာတောင် သူ့အနားမှရှိဖို့ ကြံစည်တတ်သေးရင် ငါ့သမီးက ဘာလို့ မလုပ်နိုင်ရမှာလဲ ကောင်း"

မာမီ့စကားသည် ဆူးတစ်ချောင်းအလား ရင်သို့တဆုံးစိုက်ဝင်သွားသည်။ မခံချင်စိတ်နှင့် မာနက ရောပြွန်းကာ ဆတ်ခနဲ အမောက်ထောင်လာသည်။

"သမီး စဉ်းစားရမှာ နှစ်လမ်းရှိတယ်"

မော်က ပြောရင်း ကောင်းမျက်နှာကို အကဲခတ်သည်။ စိတ်ဝင်စားခြင်းအရောင်တွေ ကောင်းမျက်နှာပေါ် ရင့်သန်နေမှ စကားကိုဆက်၏။

"ပထမတစ်လမ်းက မာမီပြောတဲ့နည်းလမ်းအတိုင်း သင်္ဘော

မိုးမိုး၀၁၆၈



လုပ်ရင် မာမီတို့မှာ အခုကြုံနေရတဲ့ အခက်အခဲတွေ ပြေလည်မယ့်အပြင် ဘဝတစ်လျှောက်လုံး မတောင့်မတနဲ့ နေသွားရမယ်၊ ဒုတိယတစ်လမ်းက မလုပ်ခဲ့ရင်ပဲဖြစ်ဖြစ် မလုပ်နိုင်ခဲ့ရင်ပဲဖြစ်ဖြစ် ဒီအခက်အခဲတွေအပြင် သမီးတစ်သက်လုံး ချက်ချက်ချာကို ရှုံးရလိမ့်မယ်"

အရှုံးဆိုသော အသံကြားတာနှင့် ကောင်းရဲ့ခန္ဓာကိုယ် ဆတ်ခနဲမတ်သွားသည်။ အာရုံထဲမှာ ချက်ချက်ချာရဲ့ အနိုင်ရသော အပြုံးတွေ။ မိုက်ရဲ့မျက်နှာ။ နောက် ဦးစေညွှန်။ စေစီးပွားရေးအင်အားစု အစရှိတာတွေက တစ်ခုချင်းစီ လှည့်ပတ်နေ၏။

ဟင့်အင်း မဖြစ်စေရဘူး။ ကောင်းမှာ ဟိုးငယ်စဉ်ဘဝကတည်းက အရှုံးတွေကို မခံစားဖူးခဲ့သူ။ အရှုံးဆိုတာ ကောင်းအသက်ဇီဝိန်ကို ခြွေချမည့်အဆိပ်ခွက်။

ကောင်းမျက်နှာ ဆတ်ခနဲ ထန်လာသည်။ ပိရိသော နှုတ်ခမ်းတို့သည် ရက်စက်ခြင်းတို့ရဲ့ တမန်တော်အလား။

"ကောင်း လုပ်မယ် မာမီ၊ ဒါပေမဲ့ ကောင်းက ဝင်လုသလိုများ ဖြစ်နေမလားမသိဘူး၊ ချက်ချက်ချာနဲ့ယှဉ်ပြီး ကောင်းဝင်လုရမှာ သိက္ခာကျစရာများ ဖြစ်နေမလားလို့၊ ချက်ချက်ချာဟာ ကောင်းနဲ့ တစ်တန်းတည်းရှိခဲ့သူမှ မဟုတ်တာ"

"ဟား ဟား အမလေး သမီးရယ်၊ အတွေးခေါင်လိုက်တာ"

"ဘာကိုလဲ မာမီ"

မိုးမိုး၀၁၆၈

www.burmeseclassic.com

www.burmeseclassic.com



"လုတယ်ဆိုတာလေ ဒီလောကကြီးထဲမှာရှိတဲ့ လူတွေဟာ ဘာအတွက် အလုပ်လုပ်ကြသလဲ သိလား သမီး"

ကောင်း ရိုးသားစွာ ခေါင်းခါပြသည်။

"ကိုယ်လိုချင်တဲ့အရာတွေ ပိုင်ဆိုင်ဖို့အတွက်လေ၊ ဒီလိုကြိုးစားတဲ့နေရာမှာ ရတဲ့သူလဲရှိမယ်၊ မရတဲ့သူလည်းရှိမယ်၊ ဒါကိုလုတယ်လို့ မရတဲ့သူတွေက စွပ်စွဲလို့ရမလား၊ ကဲ ပြော"

ဒုတိယအကြိမ် ကောင်း ခေါင်းယမ်းပြသည်။ မာမီကတော့ လက်ဖျောက်တစ်ချက်တီးသည်။ ကျေနပ်အားရသောအသံမျိုးနှင့်

"ဒါဆို သမီးလည်း လုတာမဟုတ်ဘူး၊ ကြိုးစားတာ OK"

"OK မာမီ"

အောင်မြင်ခြင်းရဲ့အစက ယုံကြည်မှုဆိုလျှင်နှင့် ငိုချင်းချရတော့မယ် ချက်ချက်ချာ။

"ဟိုမှာ ချက်ချက်ချာလာပြီ"

ကောင်းက ဒီတစ်ခွန်းပဲ ပြောရသေးတာ။ ဘေးနားကကျောက်ရုပ်ဟာ လှုပ်ရှားသွေးပူသွားတာကြည့်ပြီး ကောင်းဟာစိတ်ထဲ သိပ်မကောင်းချင်။ ချက်ချက်ချာအတွက်ဆို မိုက်ဟိုဟာဘယ်အချိန်မဆို အမြဲ အဆင်သင့်တဲ့လေ။

မိုက်ကိုယ်တိုင် ရေရွတ်သောစကား။ အခုလည်းကြည့်။



ချက်ချက်ချာ အလုပ်လုပ်သော ကုမ္ပဏီကို သွားရမည်ဆိုပါနှင့် ပိုက်က သူ့ရှီကောဒင်းကိုဖျက်ပြီး လိုက်ခဲ့တာသာကြည့်တော့။

ဂျင်းပင်(န်)က ခြေမျက်စိနားအထိ ကွက်တိ။ ခပ်ကျပ်ကျပ် အစိမ်းနုရောင်။ တီရှပ်ခါးတို အဖြူရောင် ချိုင်းအောက်နားထိ ဂျက်ကက်လိမ္မော်ရောင်ဝတ်ထားတဲ့ ချက်ချက်ချာဟာ နံနက်ခင်းနေရောင်ခြည်အောက်မှာ နုသစ်လို့။

ဘေးအိတ်ကြီးကို စလွယ်သိုင်း လွယ်ထားသည်။ ပေါ့ပါးတဲ့ ခြေလှမ်းတွေနဲ့ ကုမ္ပဏီကြီးဆီ လျှောက်လာပုံက အပူအပင်ကင်းစွာ။ ကောင်းမှာသာ အပူတစ်ပုံတစ်ခေါင်းနဲ့။

ကောင်းက မနာလိုစွာတွေးရင်း ဘေးက မိုက်ကို သတိရသွားသည်။ ဖျတ်ခနဲလှည့်ကြည့်မိတော့ စတီယာရင်အား လက်နှစ်ဖက်နှင့် ပွေ့ဖက်။ ထိုလက်ပေါ် မေးစေ့ထောက်ရင်း ချာချာအား ပြုံးပြုံးကြီး စိုက်ငေးနေသော မိုက်။

ကောင်းရဲ့ကွဲပြီးခါစ အသည်းက ကျဉ်ခနဲဖြစ်သွားသည်။ သူ ကိုယ့်ကို မချစ်ဘူးဆိုတဲ့အတွေးက နာစရာမဖြစ်ဘဲ လွမ်းစရာကောင်းတာ အံ့ဩစရာပင်။

ကောင်း ဆက်ကြည့်နေလို့လည်း ဘာအကြောင်းမှမထူးပါ။ ကောင်းမှာလည်း မာမီနှင့် သဘောတူထားတဲ့ကိစ္စက ရှိသေးသည်။ ထို့ကြောင့် ကောင်းက မျက်နှာထက်ဝက်အထိ ဖုံးထားနိုင်တဲ့ နေကာမျက်မှန်ကြီးကို ကောက်တပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကောင်း သွားတော့မယ်၊ အဆင်ပြေပါစေ မိုက်"

"အင်း အဆင်ပြေမှာပါ၊ မသကာ သူ့ကို ရည်းစားစကား ပြောလို့ ပါးရိုက်ခံရတာလောက်ပဲရှိမှာ"

မိုက်က အရွှန်းဖောက်သည်။ အခုအချိန်အထိ ကောင်း အကြံအစည်ကို မိုက် မသိသေး။ တကယ်တော့ ဦးစေ့ညွှန်ထံ သူမဝင်ချိန်၌ ချက်ချက်ချာ ရောက်မလာအောင် မိုက်ကို အချိန်ဆွဲ ခိုင်းထားခြင်းပင်ဖြစ်သည်။

ချက်ချက်ချာ ကားနားမရောက်ခင် ကောင်းက ကုမ္ပဏီ ထဲ လှမ်းဝင်သွားပြီ။ မိုက်ကလည်း ကားအောက်ဆင်းအရပ်။ အချိန်ကိုက်ထားသလိုပင် ချာချာက အနားရောက်လာပြီ

"Morning ချက်ချက်ချာ"

"မိုက်"

ချာချာဟာ အံ့သြဟန်နှင့် ခေါ်ခြင်းပါ။ မိုက် ဘယ်လို သိသွားပါလိမ့်။ သိသွား၍ ဒီလိုလာပတ်သက်မှာ ချာချာကြောက် သည်။ ထို့ကြောင့် ချာချာဟာ ဒီအလုပ်နဲ့ပတ်သက်ပြီး သတင်း အမှောင်ချထားခြင်းဖြစ်၏။

မိုက်ကတော့ ချာချာ တအံ့တသြဖြစ်နေတာကိုပဲ သဘော တကျနှင့် တဟင်းဟင်းရယ်ရင်း

"ကိုယ့်ကို ခြေရာဖျောက်ထားတယ်ပေါ့ ဟုတ်လား"

မိုက်မေးမှ ချာချာက သတိပြန်ဝင်လာခဲ့သည်။ ထိုအခါ





အံ့သြခြင်းအသွင်ကို ရုပ်သိမ်းပစ်သည်။ မျက်နှာက ချက်ချင်း တည်တည်ထန်ထန်ဖြစ်သွားပြီး

"ခြေရာဖျောက်ရတဲ့အထိ နင်နဲ့ငါကြားမှာ ပတ်သက်မှုမှ မရှိတာ"

"ကိုယ်ကတော့ရှိတယ်"

မိုက်က တလေးတနက်ဟန်နှင့်ပြောသည်။ ချာချာ့ကို စိုက်ကြည့်တဲ့ မျက်ဝန်းတွေဟာ ရီဝေစွာ အရည်လဲ့လို့။

"အလုပ်ချိန်နီးနေပြီ"

ချာချာက ရှောင်ထွက်ရန်ကြိုးစားသည်။ ဒီလူဟာ ပတ်သက်ကောင်းသောသူမဟုတ်။ ဒါပေမဲ့ ချာချာ မအောင်မြင်ပါ။ မိုက်က ချာချာရှေ့မှ တည့်တည့်ပိတ်ကာထားရင်း

"ကိုယ်ပြောစရာရှိတယ်"

"ချာချာမှာ နားထောင်ဖို့ အချိန်မရှိဘူး မိုက်"

"နားမထောင်ချင်လည်း မင်း ကြားရမှာပဲ၊ ကိုယ် ဆက်ပြီး မထိန်းချုပ်နိုင်တော့ဘူး၊ ကိုယ် မင်းကိုချစ်တယ်"

ကြားကြားချင်းမှာပင် ချာချာ့နှုတ်ခမ်းဖျားပေါ် အရော်ပြုံး က ခိုတွယ်လာ၏။ ချာချာ မိုက်ကို စိုက်ကြည့်သည်။ အထင်သေး ခြင်း ရွံ့ချခြင်း စက်ဆုပ်ခြင်းများစွာနှင့်။

ပြီးမှ နှုတ်ခမ်းပါးတွေက ရက်စက်သော စကားလုံးတွေ တစ်လုံးချင်း ထွက်ကျလာ၏။

"ချာချာကတော့ ရှင့်ကို ဘယ်တော့မှ ချစ်နိုင်မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး မိုက်"

"စကားပုံရှိတယ် ချက်ချက်ချာ၊ အစားကို ကုန်အောင်စား၊ စကားကို ကုန်အောင်မပြောနဲ့ဆိုတာလေ"

"ချာချာပြောတဲ့စကားက ကုန်သွားတာမဟုတ်ဘူး၊ ရှင်နဲ့ပတ်သက်ပြီး ပြောစရာစကားတွေ အများကြီးပဲ၊ အဲဒီထဲမှာ အထင်ကြီးမှုတွေမပါဘူး၊ ကိုယ် အထင်မကြီးတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်ဖို့ဆိုတာ ဘယ်တော့မှ ဖြစ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့"

ချာချာက စကားကိုရပ်သည်။ မိုက်က စီးကရက်မီးခိုးတွေကို ဖွဖွမှုတ်ထုတ်သည်။ မီးခိုးတွေကြားမှ မိုက်အပြုံးမျက်နှာကို အံ့ဩစရာအဖြစ် တွေ့ရသေးသည်။

"ချာချာ့အတွက် အချိန်ကုန်မခံပါနဲ့၊ ထပ်လည်း မပတ်သက်ပါနဲ့"

"မင်းပြောတာပြီးရင် ကိုယ်ပြောမယ်၊ ကိုယ်က ချစ်တတ်သူဆို ပိုင်ဆိုင်ဖို့ ရအောင်ကြိုးစားချင်တယ်၊ အဲဒါ ကိုယ့်စိတ်ပဲ၊ မင်းသိအောင် ကြေညာထားတာ၊ ထပ်ပြီး မင်းသိဖို့က ကိုယ်က ကြေညာတဲ့အတိုင်း ဖြစ်အောင်လုပ်တတ်တယ်"

မိုက် နှုတ်ခမ်းတွေက ပြုံးနေသည်။ ဒါပေမဲ့ မိုက်ရဲ့မျက်ဝန်းတွေဟာ မှေးစင်းပြီး အေးစက်နေသည်။ အရောင်တစ်မျိုးတောင် လျှံထွက်နေသယောင်။

ထိုအကြည့်ကြောင့် ချာချာဟာ ကြောက်စိတ်တော့



မဟုတ်။ ဒါပေမဲ့ စိတ်ထဲမှာ တုန်လှုပ်သွားရတာ အမှန်ပါ။ တကယ်ဆို ချာချာဟာ လောကကြီးအလယ်မှာ လူကယ်ရာမဲ့ တစ်ယောက်တည်း ကျန်ခဲ့ရသူမဟုတ်လား။

မိုက်ကို တုံ့ပြန်မပြောတော့ပဲ ချန်ထားပြီး ထွက်ခဲ့သည်။ ကုမ္ပဏီထဲ လှမ်းအဝင်မှာပဲ မှန်ချပ်တံခါးကြီး တွန်းဖွင့်ပြီး အထဲကထွက်လာသူတစ်ယောက်ကြောင့် ချာချာဟာ အသက်ရှူရပ်သွားမတတ်။

"ကောင်း"

"မှတ်မိတာ တော်သေးတာပေါ့"

"နင် ဒီကို ဘာကိစ္စလည်း ကောင်း"

ကောင်းတစ်ယောက် အဆက်အစပ်မရှိပဲ ဒီထိရောက်လာတာ။ လာခြင်းကောင်းမှာတော့မဟုတ်။ ကောင်းကတော့ ချာချာ အမေးကို ကျေနပ်အောင် ဖြေသွားခြင်းမရှိ။

"နင့်လိုကိစ္စမျိုးနဲ့ပေါ့"

ချာချာဖြင့် ဘာတွေနားလည်ရမှန်းမသိ။ ကောင်း လှမ်းတဲ့ခြေလှမ်းကြဲကြီးတွေလဲ လိုက်မမှီ။

ဦးနှောက်ထဲ ပဟေဠိများစွာ ရှုပ်ထွေးလျက်။ ခေါင်းတောင်ကိုက်လာရသည်။

နင် ဘာတွေကြံစည်နေလဲ ကောင်း။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟင် ဒါဆို ဒီတစ်နှစ်အတွင်း ဦးစေညွန့်က မိန်းမမရရင် အမွေတွေ မရဘူးပေါ့ ဟုတ်လား ကိုညာဏ်ကြီး"

"အေးပေါ့ဟ အမွေမရတာ ဂရုမစိုက်ဘူး၊ သူက ဟို နောက်အိမ်ထောင်ကပါလာတဲ့ သူကို လက်မထပ်ချင်တာ"

"ဟိုက နိုင်ငံခြားသူလား"

"အင်း သူ့အမေကလည်း မြန်မာအမျိုးသားတွေက ကြင်နာတတ်တယ်၊ သစ္စာရှိတယ်၊ မိသားစုအပေါ် အလေးထားတယ် ဆိုတာ အန်ကယ်လင်းနဲ့တည်းက သိသွားတာလေ၊ ဒီတော့ သူ့ သမီးကို မြန်မာလူမျိုးနဲ့ ရစေချင်တာ မဆန်းဘူးပေါ့ဟာ"

"အဲဒီတော့ ဦးစေညွန့်ဆီ ပစ်မှတ်ချိန်တာပေါ့လေ"

"ဒါပဲလေ၊ ဒီကောင်ကလည်း မလိုချင်တာနဲ့ ဒီမှာလာ ရှောင်နေတာ၊ ဒါပေမဲ့ ကတိတော့တည်ရမှာပေါ့၊ တစ်နှစ်ပြည့်လို့

ဦး၀ဦး၀၁၁၉၈၀



မှ ချစ်သူ၊ ဒါမှမဟုတ် မိန်းမ မရခဲ့ရင် သူ အဲဒီနိုင်ငံခြားသူကိုပဲ လက်ထပ်ရမှာ"

"မချစ်ဘဲနဲ့ လက်ထပ်ရမှာ မနိပ်ပါဘူး"

ချာချာက ရှုံးမဲ့မဲ့နှင့်ဆိုလေသည်။ ထိုပုံစံကိုပင် ကိုညာဏ်ကြီးက ကြည့်ကာ တဟားဟားအော်ရယ်ပြီး

"အောင်မယ် ညည်းကများ၊ အချစ်ရှိတာတွေ မရှိတာတွေ ခွဲပြီး ပြောနေရအောင် သူက သိတာကျနေတာပဲ"

"သြော် ချစ်တဲ့သူနဲ့ အတူနေရတာ၊ မချစ်တဲ့သူနဲ့ အတူ နေရတာ ဘယ်တော့တူမလဲ ကိုညာဏ်ကြီးရဲ့"

ပြောရင်း ချာချာဟာ အမေ့ကို ဖျတ်ခနဲ သတိရသွားပါ သည်။ ချာချာတစ်သက်လုံး အမေဟာ ချစ်တဲ့သူနဲ့ကင်းဝေးပြီး မချစ်တဲ့သူနဲ့ အတူနေခဲ့ရတာ ဘယ်လောက်တောင် ဒုက္ခများခဲ့မှာ ပါလိမ့်။

တွေးရင်း အမေ့ကို သနားစိတ်က ပတ်ဝန်းကျင်အား မေ့လျော့သွားစေသည်။

"ဟေ...ချာချာ၊ ဟေ့...ဒေါ်ချက်ချက်ချာ"

နား နားကပ်ပြီး အော်လိုက်တဲ့ ကိုညာဏ်ကြီးအသံကြောင့် ချာချာ အသိပြန်ဝင်လာခဲ့သည်။

"ဟင် ကိုညာဏ်ကြီး"

"အောင်မလေးဟဲ့ အချစ်အကြောင်း ဆွေးနွေးပြီး

ဦး၀ဦး၀၁၁၉၈၀

www.burmeseclassic.com

www.burmeseclassic.com



ပေးသွားတာ တမေ့တမော၊ ဘာလဲ ချစ်တဲ့သူနဲ့ဝေးရမှာ စိုးလို့လား"

"ဟာ မဟုတ်ပါဘူး"

"အေး မဟုတ်ရင်လည်းကွာတော့၊ ဟိုက ရုံးခန်းထဲကနေ အခေါ်တော်ရှိနေပြီ"

ကိုညဏ်ကြီးက မေးငေါ့ပြီးပြောသည်။ မှန်အကြည်ကာထားသော ရုံးခန်းထဲမှာ စေညွှန် စားပွဲပေါ် ခပ်လျော့လျော့တင်ပါးမှေးထိုင်ရင်း ချာချာတို့အား လှမ်းကြည့်နေသည်။

ချာချာက စေညွှန်ရုံးခန်းဆီ သွက်သွက်လျှောက်လာမိ၏။ ပြေလည်စပြုနေသော နေ့ရက်တွေထဲမှာ စေညွှန် ငြိငြင်မှာ စိုးရွံ့လှသည်။ ထိုစိုးရိမ်စိတ်သည် ဘယ်ကမြစ်ဖျားခံလာသလဲ။ သေချာတော့ ချာချာမသိ။

ဒါပေမဲ့ သူ့ထံမှ ကြင်နာခြင်းတွေ ရနေခြင်းသည် ချာချာ့အတွက် ကြည်နူးဖွယ်ရာဆိုတာတော့ ချာချာသိပါသည်။

"ဦးစေညွှန် ဘယ်သွားမလို့လဲ၊ ချာချာ ကားထုတ်ထားလိုက်ရမလား"

"အင်း သွားတာတော့သွားမယ်၊ ဒါပေမဲ့ မင်းဆီက သဘောတူညီမှုယူမှရမယ်"

"ချာချာ့ဆီက"

စေညွှန် ခေါင်းတစ်ချက်ညိတ်ပြရင်း



"တော်ကြာ ဟိုတစ်ခါကလို နားလည်မှုလွဲရင် မကောင်းဘူးလေ"

စေညွှန် အပြုံးစွက်ပြီးပြောသည်။ ချာချာက ရှက်ပြုံးတစ်ချက်ဖြင့် မျက်လွှာချ၏။

"ကိုယ် ပါတီပွဲတစ်ခုတက်ရလိမ့်မယ်၊ လာဖိတ်တဲ့သူတွေက ကိုယ်နဲ့မရင်းနှီးဘူး၊ ဒါပေမဲ့ သူတို့က စေအင်ပါယာကိုသိတယ်၊ နောက် ကိုယ့်ကုမ္ပဏီတွေမှာ ရှယ်ယာထည့်ဖို့ စိတ်ကူးထားလို့ လာဖိတ်တာလို့ပြောတာပဲ"

စေညွှန်ကပြောပြရင်း ထိုနေ့က လာဖိတ်သူရဲ့ပုံစံကို ပြန်မြင်ယောင်ကြည့်သည်။ အနီရဲရဲ လည်တောင်ကိုယ်ကျပ် လက်ပြတ်အင်္ကျီ အနီရောင်စကဒ်အရှည် ခါး၌ ငွေရောင်ခါးပတ်လေး ခပ်လျော့လျော့ပတ်ထားပြီး နေကာမျက်မှန်အကြီးစားနှင့် ထိုအမျိုးသမီး။

"နေကောင်းကင်လို့ခေါ်ပါတယ် ဦးစေညွှန်၊ appointment ကြိုမလုပ်ဘဲ တွေ့ခွင့်ရတဲ့အတွက် so thanks ပါ"

ညို့အားပြင်းအကြည့်တွေ။ မလိုအပ်ပါပဲ ရင်းနှီးဖော်ရွေလွန်းတဲ့ အပြုံးတွေ။ ဒါတွေအားလုံးဟာ သာမန်ထက် လွန်ကဲနေသလို။

ဖိတ်စာထဲက ရာထူးဂုဏ်ထူးတွေအရတော့ တကယ့်အထက်တန်းစားပင်။ သို့ပေမယ့် သိကျွမ်းခြင်းမရှိ။ ကြားခံ အဆက်

www.burmeseclassic.com

www.burmeseclassic.com



အသွယ်လည်းမရှိပဲ ချဉ်းကပ်ခြင်းသည် ရိုးသားမှုတစ်ခုလို့ သူ မမြင်တော့။

"ဦးစေညွန် လာမယ်လို့ မျှော်လင့်ပါတယ်"

စကားနဲ့ ချည်နှောင်သွားပြီ။ စေညွန်ကိုယ်တိုင်ကလည်း လာမယ်လို့ ကတိပေးပြီးပြီ။

ထိုပွဲသို့ ချက်ချက်ချာကို ခေါ်သွားမည်ဟု တွေးထားပြီ ဖြစ်၏။ ဒါ ချာချာကို သူ cover လုပ်တာမဟုတ်။ စေညွန်ရဲ့ တစ်ဦးတည်းသော ပွဲတက်သူအဖြစ် ကြေငြာချင်တာ။ စေညွန် သူ့စိတ်ကူးတွေကိုတော့ ချာချာကို ဖွင့်ဟပြ၍ မဖြစ်သေး။ တော်ကြာ ကျေးဇူးတွေနဲ့ ချည်နှောင်ပြီး မပေးနိုင်တာ ပြန်တောင်းတယ်လို့ အစွပ်စွဲခံရလျှင် စေညွန် ရင်ကွဲရပါလိမ့်မည်။

"ချာချာ အဲဒီပါတီပွဲကို လိုက်ပို့ပေးရမှာလား"

"မင်းပါ တက်ရမယ်"

"ချာချာပါ"

"အင်း ကိုယ် အကူအညီတောင်းတာပါ၊ ကိုယ်နဲ့ မသိကျွမ်းတဲ့ အသိုင်းအဝိုင်းဆိုတော့ မင်းပါရင် ကိုယ် မကြောင်တော့ဘူးပေါ့၊ ဘယ်လိုလဲ"

"ဟို ပါတီဆိုတာ ချာချာ တစ်ခါမှတော့ မကြုံဖူးဘူး၊ ဒါပေမဲ့ ရပါတယ်၊ ချာချာ လိုက်ခဲ့ပါ့မယ်"

"အဲဒီအတွက် ကိုယ်က ဝတ်စုံတစ်စုံ မင်းကို လက်



ဆောင်ပြန်ပေးချင်တယ်၊ အဲဒီ ပါတီပွဲမှာ ဝတ်ဖို့ပေါ့၊ အဲဒါကို ကော ဘယ်လိုလဲ၊ လက်ခံမလား"

စေညွန်ပြုံးစစနှင့် မေးပြန်သည်။ စေညွန်ပွဲလိုက်ဖို့ အကူအညီတောင်းသည်။ ချာချာက လက်ခံတော့ စေညွန် လက်ဆောင်ပေးသည်။ ဒါ ချာချာသဘောကျနှစ်သက်သော အပေးအယူ သဘောပင်။

ချာချာ လက်ခံကျင့်သုံးသော give and take ပင်။ ဒါပေမဲ့ အခုအချိန်မိုးမှာတော့ စေညွန်ထံမှ အပေးအယူဆန်တာကို ချာချာ သဘောမတွေ့ပြန်ပါ။

"ချာချာ မငြင်းပါဘူး ဦးစေညွန်"

မနှစ်မြို့ခြင်းအား ရင်၌ သိမ်းထားလိုက်၏။ စေညွန်ကတော့ ငွေရောင်ဖြန်းသောလနှယ် ဝင်းလက်သောမျက်နှာ အမူအရာနှင့်...

"OK ...ဒါဆို ကိုယ်တို့ shopping ထွက်ကြစို့"

ချာချာက သူ့ရဲ့ ပြုံးရိပ်သမ်းသော မျက်နှာကိုငေးရင်း ဟိတ်တခိုး ရေရွတ်ဆဲ။

ရှင်နဲ့ပတ်သက်ပြီး ချာချာ လောဘတွေကြီးနေပြီနဲ့တူရဲ့။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

"မာမီ"

ကောင်းရဲ့အသံဟာ တုန်ရီအက်ကွဲစွာ။ မာမီကတော့ ကောင်းဖြစ်အင်ကိုမသိ။ သားအမိနှစ်ယောက်က ပွဲမစခင်ကတည်းက ကိုယ့်သဘောတူညီမှုနဲ့ကိုယ်။

ဒေါ်မော်က အိမ်ကြီးထဲမှာ ကိုယ့်အဖွဲ့နှင့်ကိုယ် ဝိုင်းကောင်းကောင်းကျင်းပမည်။ ကောင်းက ခြံထဲ၌စားမည်။ သောက်မည်။ ကခုန်ကဲမည်။ ထိုရည်ရွယ်ချက်ကြောင့် ခြံထဲ၌ မီးပွင့်တောင် ခပ်မှိန်မှိန်ပင်ထွန်းထားတာ။

အဖျော်ယမကာကတော့ စိတ်ရှိတိုင်း ရေလိုမှော့လို့ရသည်။ စေညွန့်ဆိုသော လူလာလျှင် ဒေါ်မော့်ကို လာခေါ်မိတ်ဆက်ပေးရမည်။

ဒါမှ ဒေါ်မော် အကဲခတ်ပြီး ရှေ့လျှောက် ဘယ်လိုကိုင်တွယ်ရမည်ကို ညွှန်ကြားရမှာဖြစ်သည်။ အခုတော့ အူယားဖားယားပြေးဝင်လာတဲ့ ကောင်းကိုကြည့်ပြီး

"ဘာလဲ ဟို စေညွန့်ဆိုတဲ့လူ ရောက်ပြီလား"



"ရောက်ပြီ မာမီ၊ ခဏလိုက်ခဲ့ပါဦး၊ ကောင်းတော့ ခေါင်းတွေခြောက်ကုန်ပြီ မာမီရဲ့"

"ကဲအေ ညည်းကလည်း ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ကိုသန်းထိုက် မော့်အိမ်ကို ခဏဝင်ကစားပေး၊ ဒီမှာ သမီးမိတ်ဆွေလာလို့ သွားနှုတ်ဆက်မလို့"

"ဟုတ်ပြီ ဟုတ်ပြီ"

"ရှုံးအောင်မလုပ်နဲ့နော် ကိုသန်းထိုက်"

"ကောင်းပါပြီဗျာ"

ဒေါ်မော်က လိုက်သာလိုက်ခဲ့ရတာ၊ နောက်ဆံတငင်ငင်နဲ့။ ပွဲကောင်းမှ လာခေါ်သော ကောင်းကိုလည်း သိပ်မကြည်လင်။ ထို့ကြောင့်

"ဘာတွေဖြစ်လာလို့လည်း ကောင်းရဲ့၊ ပြီးမှတွေ့လည်းရတာကို"

"အခု တွေ့လိုက် မာမီ၊ အဲဒီ ဦးစေညွန့်နဲ့အတူ ဘယ်သူပါလာတယ်ထင်လို့လဲ"

"ဘယ်သူပါလို့လဲ"

"ဟိုမှာ"

ကောင်းက ခြံထဲကို မေးငေါ့ပြ၏။ ကောင်းတို့သားအမိရပ်နေသော နေရာက ခြံထဲကို ရှင်းသင်းစွာမြင်ရတဲ့ ပေါ်တီကိုအောက်မှာ။ ကောင်း ညွှန်ပြရာနေရာမှာ တွေ့ရသူက ငွေရောင်

www.burmeseclassic.com

www.burmeseclassic.com



လက်သော တစ်ဆက်တည်း ဂါဝန်ရှည်နှင့် ချက်ချက်ချာ။

"ဟဲ့…အဲ့ဒါ ချက်ချက်ချာမဟုတ်လား"

"ဟွန်း မာမီတောင် လူမှားသွားပြီမဟုတ်လား၊ ဒီဟာ မ ပြောင်းလဲပြီး တိုးတက်လာတာလေ၊ အရောင်တွေဘာတွေ ထွက်လို့"

ကောင်းရဲ့အသံမှာ မလိုတမာရိပ်တွေက ပြည့်လို့။ ကောင်း သဘောထားမကြီးနိုင်ပါ။ ကြည့်စမ်းပါဦး။ အစစအရာရာ ကိုယ့် ထက် နိမ့်ပါးခဲ့သူ ချက်ချက်ချာ။

အခုကျတော့ ငွေရောင်ဂါဝန်က လည်ထောင်ဖြစ်ပြီး လည်ကုတ်ကြိုးသိုင်း။ နောက်ကျောက ပြောင်ပေမဲ့ ကျောလယ် အထိ ခါးနွယ်တွေကို ဖြန့်ချထားတော့ အမြင်မရိုင်းတော့။

ဂါဝန်ဟာ ခြေမျက်စိတစ်ပိုက်နားမှာ ကားကားလေးကျ သွားတာမို့ ငွေမှင်ရောင်ပင်ဆယ်(လ်)ဟီးက ချာချာကိုယ်ခန္ဓာအလှ ကို ပိုကြွရွစေသည်။

ညရဲ့မီးအရောင်မှိန်အောက်မှာ အထူးအထွေ ခြယ်သထား ခြင်းမရှိ။ ပန်းခရမ်းရောင် နှုတ်ခမ်းနီကြောင့် ချာချာအလှက စွဲမက် ဖွယ်ကောင်းခြင်း။ တင့်တယ်ခြင်း။ ဣန္ဒြေရှိခြင်း စတဲ့အရာတွေနှင့် ပြည့်စုံနေ၏။

"မာမီကို မိတ်ဆက်ပေးဦးလေ ကောင်း"

"ကောင်းတော့ တော်တော်စိတ်ကုန်နေပြီ မာမီ၊ ဒီပွဲ



ပက ကောင်းအတွက် တကယ့်အမိုက်ပဲ"

"နေစမ်းပါဦးအေ၊ သူက ဘာအဆင့် ဘာအနေအထားနဲ့ ဒီပွဲကို လိုက်လာလည်းဆိုတာ သိအောင်လုပ်မှရမှာ၊ သူ့ကိုသိတဲ့ ဟန်မျိုးမလုပ်နဲ့ ကောင်း ကြားလား"

ကောင်းကို ညွှန်ကြားရင်း ဒေါ်မော်စိတ်ထဲ မနာလိုမှုတွေ ကိန်းအောင်းလာပြီ။ ကိုယ့်ထက်သာတာဆို လက်မခံချင်သော ကိုယ်ကသာ လူတကာရဲ့ အားကျအထင်ကြီးမှုကို ရယူချင်သော ဒေါ်မော်ရဲ့ ငယ်မူငယ်သွေးက ပြန်နိုးထလာလေပြီ။

ဒေါ်မော်နှင့်ကောင်းသည် ဟန်ဆောင်အပြုံးကိုယ်စီနှင့် စားပွဲနားသို့ရောက်သွားပြီး

"ဦးစေညွှန် ကောင်းက နေရာချပေးပြီးတာနဲ့ ပျောက်သွား တာ ဆောရီးနော်၊ မာမီ့ကို ဦးစေညွှန်နဲ့ မိတ်ဆက်ပေးချင်လို့၊ ဒါ ကောင်းရဲ့မာမီ၊ နာမည်ကတော့ တစ်လုံးတည်းပဲ မော်တဲ့"

ချာချာကတော့ မိတ်ဆက်လာသော သားအမိနှစ်ယောက် အား စိုက်ကြည့်နေမိသည်။ သွေးအေးစွာနဲ့လေ။ ကြည့်စမ်းပါဦး သရုပ်ဆောင်ကောင်းလိုက်ကြတာများ။

အမျိုးအရင်းကြီးတွေကို တကယ့် သူစိမ်းတွေအလား။ သူတို့ စိတ်ချမ်းသာအောင် ပြုမူကြပါစေ။ ဒါဟာ ချာချာ အလျှော့ ပေးခြင်းတော့မဟုတ်။ ချာချာ မာနနှင့်နေခြင်းဖြစ်သည်။ အချိန် တန်တော့လည်း သူတို့ မဖြစ်မနေ ခေါ်ရမယ့်လူအဖြစ် ချာချာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာလိမ့်မည်။

ဦးစေညွှန့်ကတော့ လူမှုရေးကျေညက်သူပီပီ ဒေါ်မော်ကမ်းပေးသောလက်ကို ဆွဲခါနှုတ်ဆက်ရင်း

"စေညွှန့်ပါ"

"စေအင်ပါယာဆိုတာ မိတ်ဆက်ပေးစရာမလိုတဲ့အထိ ကျော်ကြားပြီးသားပါ"

"အဲဒီလောက်အထိ မဟုတ်ပါဘူး၊ အန်တီ၊ ဒီလိုပြောတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ စေအင်ပါယာရဲ့ စက္ကထရီ၊ အင်း ကျွန်တော့်ရဲ့ အခင်မင်ဆုံး မိတ်ဆွေ ချက်ချက်ချာ"

သားအမိနှစ်ယောက်စလုံး ဟန်တောင်မဆောင်နိုင်။ မျက်နှာတွေ မှိုင်းညို့ပျက်ယွင်းသွားတာများ။ ချာချာကတော့ ထိုမျက်နှာတွေကို တစိမ့်စိမ့် အရသာခံကြည့်ရင်း

"တွေ့ရတာဝမ်းသာပါတယ်"

နှုတ်ခမ်းများပေါ် အပြုံးတစ်ပွင့်တင်ရင်း ပြောမိပြီ။ ကောင်းက မတူမတန်သလို မျက်နှာကို ဆတ်ခနဲ လွှဲသွားသည်။ ဒေါ်မော်ကတော့ ခပ်စီးစီးကြည့်ကာ အပြုံးကင်းမဲ့မျက်နှာနှင့်။

"ရပါတယ်၊ တခြားဧည့်ခံစရာရှိတာတွေ ဧည့်ခံပါ၊ ဘူဖေး system ပဲဥစ္စာ၊ ကျွန်တော်တို့ကို သီးသန့်ကြီး ဧည့်ခံနေတာ အား နာစရာ"





စေညွှန့်ရဲ့ အလိုက်တသိ စကားက ဒေါ်မော်တို့သားအမိကို အသက်ရှူချောင်သွားစေသည်။

" so thank ဦးစေညွှန့်၊ စားသောက်ပြီးရင် စုံတွဲကပွဲရှိတယ် သိလား၊ ကြိုပြီး ဒိတ်လုပ်ထားမယ်နော်၊ ဦးစေညွှန့်နဲ့ တွဲကဖို့လေ၊ ချက်ချက်ချာအတွက်လည်း အဖော်လာမှာပါ၊ မိုက်လေ သိတယ်မဟုတ်လား၊ Hip Hop အဆိုတော်လေ"

ကောင်းဟာ မျက်တောင်တွေစိုက်ချပြီး ခပ်ရှင့်ရှင့်မျက်နှာလေးနဲ့ပြောတာ။

"ချာချာ တခြားသူစိမ်းတစ်ယောက်နဲ့ တွဲမကတတ်ဘူး ဦးစေညွှန့်"

"အင်း ဟုတ်သားပဲ၊ ကိုယ်လည်း သိပ်မကတတ်ဘူး နေကောင်းကင်ရဲ့၊ တကယ်လို့ ယဉ်ကျေးမှုအရ မဖြစ်မနေ ကရမယ်ဆိုရင်တောင် ချာချာနဲ့တွဲကတာ ပိုကောင်းလိမ့်မယ်၊ ဘာလို့လည်းဆိုတော့ သူလည်း မကျွမ်းကျင်၊ ကိုယ်လည်း မကတတ်ဆိုတော့လေ"

ကောင်းရဲ့မျက်နှာ နီရဲပုပ်မှည့်သွားတာများ။ ဘယ်လိုမှကြည့်မကောင်းပေ။ ချာချာကတော့ ကိုယ့်ဘက်ကချည်း ရပ်တည်ပေးနေသော ဦးစေညွှန့်အား အထူးအဆန်းကို ဖြစ်လို့။ ပြီးတော့ ဒီပွဲအား အသိမပေးဘဲ ခေါ်လာတာကလဲ ပဟေဠိဖြစ်စရာ။

ဦးစေညွှန့်နဲ့ နေကောင်းကင်တို့သားအမိ ဘယ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းသွားတာလဲဆိုတဲ့ အတွေးကလည်း ချာချာအတွက် သိချင်စရာ။ ထို့ထက် ပိုအရေးကြီးတာက ဦးနေရောင်။

ဒီပွဲလုပ်နေတဲ့အချိန်မှာ ဦးနေရောင် မရှိဘူးလား။ ဒီခြံထဲ ရောက်တုန်းရောက်ခိုက် ဦးနေရောင်နှင့် တွေ့ခွင့်ရဖို့ ချာချာ ကြိုးစားချင်သည်။ ထိုအတွေးနှင့်အတူ ချာချာ ထိုင်ရမှ ထပြန်အပြင်မှာပင် ...

ဖျတ်ခနဲ မှောင်ကျသွားသော မီးအရောင်။ ထို့နောက် စတိတ်စင်ပေါ်မှ ဒစ္စကိုလိုက်(တ်)တွေလင်းလာပြီး ငြိမ့်ညောင်းသော တီးလုံးသံ။ စားပွဲအသီးသီးမှ စုံတွဲကိုယ်စီက ရင်ချင်းအပ်သော အကတွေနှင့် တီးလုံးထဲ စီးမျောပြီ။

ချာချာသည် ရုတ်တရက်ကြီး ပြောင်းလဲသွားသော အခြေအနေကြောင့် ငေးတိငေးကြောင် ဖြစ်နေဆဲမှာပင် ချာချာ့လက်ကို ဆွဲယူတဲ့ အထိအတွေ့...။

"ဟင် ... ဦးစေညွန့်"

"ထလေ ... ချာချာ၊ ဒီပွဲမျိုးမှာ လိုက်မကရင် ရိုင်းရာကျသွားမှာ"

"ချာချာ မကတတ်ဘူး"

"အလိုက်သင့် လှုပ်ရုံပဲ"

ချာချာ မငြင်းမိ။ စေညွန့် ဆွဲခေါ်ရာမှာ လှုပ်ရှားရင်းက-

"ချာချာ သိချင်တာ မေးချင်တယ်"



"မေးလေ"

"ဘာလို့ ချာချာ့ကို ရွေးခေါ်လာတာလဲ၊ ဆိုလိုတာက ကိုညဏ်ကြီး ရှိနေတာကိုလေ"

"စိတ်ထဲရှိတဲ့အတိုင်း ဖြေမယ်၊ စိတ်မဆိုးကြေး"

မီးရောင်ပြာလဲ့လဲ့အောက်မှာ စေညွန့်အသွင်သည် ချာချာ့အတွက် အရင်ကနှင့်မတူတော့။ အသွင်တစ်မျိုးဖြင့် ညှို့အားပြင်းနေသယောင် ခံစားရသည်။

စေညွန့်က ချာချာ့မျက်နှာကို အပေါ်စီးမှ ငုံ့မိုးကြည့်ရင်း ...

"မင်းကို တမင် ရွေးခေါ်လာတာ"

"ဘာကြောင့်လဲ"

"ဒီအိမ်နဲ့ ပတ်သက်မှုတစ်ခု ရှိနေမယ်ထင်လို့၊ မင်းမှတ်မိမလား၊ ကိုယ်တို့စတွေ့တဲ့နေ့တုန်းက ဒီအိမ်ရှေ့မှာ ကိုယ့်ကားပေါ်က မင်း ဆင်းသွားခဲ့တာလေ၊ နေကောင်းကင်ဂေဟာဆိုတာ ကိုယ်သေချာမှတ်မိထားခဲ့တာ၊ ပြီးတော့ ဒီအိမ်က ဦးနေရောင်ဆိုတာကလဲ မြန်မာနိုင်ငံမှာ တကယ့်ဒိတ်ဒိတ်ကျဲ အသည်းအထူးကုသမားတော်ကြီးဆိုတာ သိခဲ့ရတယ်၊ ကဲ .. ကိုယ့်ဆက်စပ်တွေးခေါ်မှုက လွဲများနေမလား ချက်ချက်ချာ"

နွေးထွေးတဲ့ အပြုံးနှင့် စေညွန့်မေးသည်။ ချာချာ့ရင်ထဲလည်း တကယ့်ကို နွေးသွားရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါကွယ် …။ စေညွှန် ချာချာနှင့် တွေ့စဉ်တစ်လျှောက်လုံး အသေးစိတ်ကို မှတ်ထားသည်။ အလေးထားသည်။ ဒါဟာ ဂရုစိုက်ခြင်းပင်။ သူ့စိမ်းတရံပေါ်မှာ ဂရုစိုက်ခြင်းဆိုသော ခံစားချက်သည် မေတ္တာတရားအပေါ် အခြေခံမှ ပေါက်ဖွားတတ်သော အရာ။

ချာချာ့ဘဝ၌ သိတတ်စအရွယ်ကတည်းက မေမေတစ်ဦးတည်းထံမှ ထိုမေတ္တာဆိုတာ ရဖူးတာ။

အခုတော့ …။

တွေးရင်း ရင်ထဲဆို့နင့်လာသည်။ ကြည်နူးခြင်း ဝမ်းသာခြင်းတို့သည် ရောပြွန်းလျက်။ ဖော်ပြမစွမ်းသာအောင် ရင်ဘတ်တစ်ခုလုံး ပြည့်လျှံလာသည်။

ချာချာသည် ထိုတသိမ့်သိမ့် ခံစားရသော ရင်လှိုင်းခတ်သံကြောင့် အသံတုန်တုန်ဖြင့် -

"ကျေးဇူး"

ဟု ဆိုမိပြီ။ သူကဖြင့် ချာချာ့အား အပြုံးတစ်ပွင့်နှင့်ငေးရင်း …

"နောက်ထပ် ကျေးဇူးတင်စရာ သတင်းတစ်ပုဒ် ကျန်သေးတယ်"

"ဘာလဲ .. ဦးစေညွှန်"

"မင်း စိတ်ဆင်းရဲမသွားပါဘူးလို့ ကတိပေး"



"ဟုတ် …. ပြောပါ"

စေညွှန်က တီးကွက်အလိုက် ငြိမ့်ညောင်းစွာ ချာချာကို တွဲကရင်း တီးတိုးအသံဖြင့် ….

"အခုလက်ရှိနေတဲ့ ခြံရော၊ ဟိုဘက်ခြံကိုရော သူတို့ ပေါင်ထားကြတယ်"

"ရှင်"

ချက်ချင်း မျက်လုံးပြူး၊ နှုတ်ခမ်းလေး ဝိုင်းနေအောင် ပွင့်ဟာရုံနဲ့ အားမရ။ ကကွက်နဲ့ လိုက်မမှီ။ ခြေလှမ်းအနှုတ်အသိမ်းတွေပါ မှားကုန်သော ချာချာကြောင့် စေညွှန်က ခါးလေးကို တင်းတင်းဆွဲဖက်ထားပစ်သည်။ ရင်ချင်းပိုအပ်ကာ မျက်နှာနှစ်ခုက နီးစပ်လုမတတ်။

"ဟော့ … ဘယ်လိုဖြစ်သွားတာလဲ၊ ကိုယ်ပြောထားတယ်လေ၊ စိတ်မဆင်းရဲရဘူးလို့"

"ဟင့်အင်း .. ချာချာ နှမြောသွားတာ၊အဲ … အဲဒီအိမ်ကြီးကို ချာချာပြန်ဝယ်ချင်လို့ ပိုက်ဆံတွေရှာပြီး မစားမသောက်ရက် ချာချာစုနေခဲ့တာ ဦးစေညွှန်ရဲ့"

ပြောခါမှ ပိုဆိုးတာပဲ။ မျက်ရည်တွေ ဝေ့လည်ပြီး စကားတွေက အထစ်ထစ်ငေါ့ငေါ့။ မျက်နှာဟာ ချုံးပွဲချ ငိုချတော့မယောင်။ ချက်ချင်းနီရဲလာတာများ တွေ့ရသူ စေညွှန်အဖို့ စိတ်မကောင်းချင်စရာ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ … အဲဒီလောက်အထိ မခံစားပါနဲ့၊ ဘေးလူတွေ မြင်ရင် ရှက်စရာ"

"အို … မရှက်ပါဘူး၊ ခံစားရမှာပဲ၊ ဟိုဘက်ခြံက ချာချာ ဘိုးဘွားအမွေ၊ ချာချာ နှမြောတယ်"

ချာချာပြောရင်း ပုံစံက တကယ်ငိုချမဲ့ဟန်။ စေညွှန်က အရှက်တော့ အကွဲမခံနိုင်။ ကိုယ်က စေအင်ပါယာရဲ့ အကြီးအကဲလေ။ ထို့ကြောင့် မပြောဘူးလို့ ထားတဲ့ လျှို့ဝှက်ချက်ကို ဖွင့်ချရပါတော့မည်။

"နှမြောမနေနဲ့ အဲဒီခြံတွေရဲ့ ဂရန်နှစ်ခုစလုံး ကျုပ်လက်ထဲမှာ"

"ခင်ဗျား တကယ်ပြောနေတာနော်"

"ပုံစံက ပြောင်းချင်တော့လဲ ချက်ချင်း၊ ဝမ်းသာအားရနဲ့"

"ဩော် … တခြား သူစိမ်းလက်ထဲမှာထက် စာရင် ခင်ဗျားလက်ထဲမှာဆိုတော့ နည်းနည်းစိတ်ချရသေးတာပေါ့၊ ဘာလဲ …သူတို့က ခင်ဗျားဆီ လာပေါင်ထားတာလား"

"မဟုတ်ဘူး၊ ကိုယ့်ပါတနာတစ်ယောက်ဆီ ထားတာ၊ သူက ငွေမနိုင်လို့ ကိုယ့်ဆီလာထားတာ"

"ခင်ဗျား အဲဒါတွေကို ဘာမှမလုပ်ပစ်နဲ့နော်၊ ချာချာ ပြန်ဝယ်မှာ"

"အင်း … စောင့်ကြည့်တာပေါ့"



"စောင့်မကြည့်နဲ့၊ ကျန်းသေတယ်၊ ချာချာရအောင် ပြန်ယူမှာ"

ပြောရင်းက စေညွှန်ကို မျက်စောင်းပိတ်ထိုးရင်း …

"ဟွန်း … အစက လူကြီးလူကောင်းလို့ထင်ထားတာ"

"အခုကျတော့ရော"

"Gentleman အရေခြုံတဲ့ ချစ်တီး"

ပြောလဲပြောသေး၊ ဒုတိယမြောက် မျက်စောင်းက ရင်ကိုခွဲကာ နှလုံးသားဆီ တိုက်ရိုက်စိုက်သည်။

စေညွှန့်နှလုံးသွေးတွေ ပူနွေးစေးပျစ်သွား၏။

ဒီကောင်မလေးနှင့် ကြာကြာနေရရင် မလွယ်တော့။ ရင်ခုန်သံ ကျယ်တဲ့ရောဂါ ရနိုင်သည်လေ။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ကောင်းပြောတာ ဘယ်လိုသဘောရလဲ မိုက်"

မိုက်ဟာ ထိုမေးခွန်းကို တော်တော်နှင့် ပြန်မဖြေနိုင်။ လက်ဝါးထဲ မျက်နှာကြီးအပ်ပြီး ငြိမ်သက်နေတာမှ အကြာကြီး။ ကောင်းဟာ ထိုမြင်ကွင်းကိုကြည့်ပြီး ရင်ထဲ ဒေါသက လှိုင်းထန်လာ၏။

ချက်ချက်ချာဟာ ဘာတွေများ အဖိုးအနဂ္ဂထိုက်တန်သလဲ။ မိုက်ပုံစံဟာ အချစ်ကြီးလွန်းတာတော့ အမှန်။ သို့ပေမယ့် ထိုအချစ်နောက်မှာ ပိုင်ဆိုင်နိုင်ရေးထက် ချက်ချက်ချာအပေါ် တန်ဖိုးထားမြတ်နိုးချင်တဲ့စိတ်က ပေါ်လွင်နေတာ အသိသာကြီး။

ကြည့်စမ်း ... ကောင်းဟာ ချက်ချက်ချာနဲ့ယှဉ်တော့မှ တကယ့် တန်ဖိုးမဲ့သူအဖြစ် ရောက်သွားတာ။

အတွေးနဲ့တင် စိတ်ထဲ တင်းခနဲ၊ နှုတ်ခမ်းသားအတွင်း





သားကို ခပ်နာနာဖိကိုက်သည်။

"တွေဝေနေတာ မကောင်းဘူး မိုက်၊ နောက်မှ ကျန်ရစ်ဖြစ်မယ့်အရေးတွေကို ကြိုမြင်လို့ပြောတာ၊ ချစ်ကြပြီဆိုမှတော့ ဘယ်သူမဆို ပိုင်ဆိုင်ချင်ကြတာပဲလေ"

အခုအခါမှာ ထိုစကားမျိုး ပြောထွက်ရသော ကိုယ့်ကိုယ်ကို ကောင်း အံ့သြမဆုံး။ မိုက်အပေါ် အရှုံးအမှုး ချစ်ခဲ့ဖူးသူ မဟုတ်တော့သလို။

သေချာတာက ကောင်း အနိုင်ရချင်သည်။ ဘဝတစ်လျှောက်လုံး ချက်ချက်ချာအား ဖိနှိပ်ထားချင်သည်။

"စေညွှန်ဆိုတဲ့လူနဲ့ နီးစပ်သွားလို့ကတော့ တစ်သက်လုံး ညည်း ချာချာကို ရှုံးသွားမှာ သေချာတယ်"

မာမှီစကားက သတိရတိုင်း ကောင်းကို လျှပ်စစ်ဓာတ်နဲ့ တို့နေသလို ကျဉ်ခနဲ ဖြစ်သွားရသည်။

"သူ့အချစ်ကို အဓမ္မနည်းကြီးနဲ့ ကိုယ် မယူရက်ဘူး ကောင်း၊ ပြီးတော့ ကိုယ်က သူ့ကို တမြတ်တနိုးနဲ့ ချစ်ခဲ့ရတာ၊ ကိုယ့်အချစ်က သူ့ဘဝကို ချေမွပစ်လို ဖြစ်သွားမှာ"

"ကောင်းပြီလေ ဒါဆိုလဲ ရှင့်ချစ်သူ သူများနောက်ပါသွားမှာကိုပဲ ပြုံးပြုံးလေး ကြည့်နေပေါ့ မိုက်ရဲ့၊ ဒါပဲရှိတာလေ"

ပါတီညက တွဲကနေတဲ့မြင်ကွင်း။ နီးစပ်လုအနေအထား မျက်နှာနှစ်ခု။ ထိုမြင်ကွင်းမျိုးကို ကောင်းတစ်သက် မေ့နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com

မည် မဟုတ်တော့။

ကောင်းရင်ကို ထက်ခြမ်းခွဲ၍ အထဲက အသည်းနှလုံး ထုတ်ယူခံရသလို ကောင်းခံစားချက်က ပြင်းရှလှသည်။ မိုက် မေးရိုးကားခနဲဖြစ်အောင် အံကြိတ်သည်။

ချစ်စိတ်က တစ်ကိုယ်လုံးကို မွှန်ထူစွာ ပျံ့နှံ့လေပြီ။

"ကောင်းပြီ … ကောင်းပေးတဲ့အကြံအတိုင်း ကိုယ်လုပ်ရမှာ"

"အိုး… that right အဲဒီလို အမှန်ကို မြင်နိုင်တဲ့ အာရုံတွေ အစောကြီးကတည်းက ပွင့်ရမှာ၊ မိန်းမတွေစိတ်ကို မိန်းမအချင်းချင်း အသိဆုံးပါ မိုက်ရဲ့၊ နောက်တော့လဲ မိုက်လိုချင်တဲ့ အချစ်မျိုး သူပြန်ပေးနိုင်မှာ … စိတ်သာချ"

ကောင်းက အခိုင်အမာပြောပစ်သည်။ မြန်မာ မိန်းကလေး တွေက အရှက်ကို အသက်ထက် တန်ဖိုးထားသတဲ့။ ထိုအဆို၌ နေကောင်းကင်ဆိုသော ကောင်း မပါဝင်။

ဒါပေမယ့် ချက်ချက်ချာပါမည်ကိုတော့ ကောင်းသိထား၏။ ချာချာက မြန်မာမိန်းကလေးပေမယ့် ခပ်ညံ့ညံ့အစားထဲကလေ။

"အာ … ဒက်ဒီကလဲ အဲဒီကိစ္စဆိုတာ စီမံကိန်းဆွဲပြီး စက်ရုံဆောက်နေတာမျိုးမှ မဟုတ်တာ၊ ကတိပေးထားတာ မှန်ပေမယ့် အချိန်က လိုတိုးပိုလျှော့တော့ ရှိဦးမှပေါ့၊ ဒီရောက်ပြီး တစ်လ အတွင်း ချစ်သူရဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ"



ဒေါမာန်ပါပါ ပြောနေတဲ့စကားသံကြောင့် ချာချာရဲ့ လှမ်းလက်စခြေလှမ်းတွေ တုန့်ကုန်သည်။

ပြုတ်သွားတဲ့ ကီးချိန်းလေးကို အိမ်သော့မှာ မရမကကြိုး စားတပ်ရင်း အခန်းထဲ ဝင်ရကောင်းနိုး၊ ဒီနေရာက လှည့်ပြန်ရ ကောင်းနိုးနဲ့ ချာချာ့မှာ ဇဝေဇဝါ။

အမှန်တော့ ညခုနစ်နာရီခွဲပဲ ရုံးဆင်းချိန်ကျော်နေပြီ။ ဒါပေမယ့် ချာချာက သာမန်ရုံးဝန်ထမ်းမှ မဟုတ်တာ။ စေညွှန် ကားမောင်းပေးရတဲ့ ဒရိုင်ဘာ။

စေညွှန့်အိမ်အပြန်အထိ ပို့ပေးရမယ့်တာဝန်ရှိသည်။ ဒီကြား ထဲ ကိုဉာဏ်ကြီးက ဘယ်သွားနေမှန်း မသိ။ ထို့ကြောင့် ချာချာ ဒီစကားတွေ ကြားခွင့်ရတာဖြစ်၏။

"အာ … ကတိက ကတိပေါ့ ဒက်ဒီရဲ့၊ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာကို"

စေညွှန့်က ပြောရင်း ခေါင်းကို ဖျတ်ခနဲအမော့… အခန်းဝ၌ ခပ်ငူငူလေးရပ်ပြီး သူ့ထံ မျက်လုံးဝိုင်းကြီးတွေနဲ့ လှမ်းကြည့်နေ သော ချက်ချက်ချာကို တွေ့ရချိန်မှာ အံ့သြသွားပါသည်။

ဘယ်လောက်အထိ အံ့သြသွားသလဲဆိုရင် ဟိုဖက်မှ ဒက် ဒီပြောသော စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်၊ ချက် ချက်ချာအား ဝင်လာရန် လက်ရိပ်ပြပြီးမှ …

"ဒက်ဒီ ဘာပြောတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … ငါ့စကားကို အာရုံစိုက်စမ်းပါ၊ မင်း အတွက် ရှာရတာ သိပ်ခက်ခဲနေရင် ငါ့မိတ်ဆွေရဲ့လိပ်စာ တစ်ခု ပေးမယ်၊ သူက သမီးချည်းပဲ (၇)ယောက် မွေးထားတာ"

"ဗျာ … (၇)ယောက်တောင်"

"အေး … မင်းစိတ်ကြိုက် တစ်ယောက်ရွေးပေါ့၊ ကဲ … လိပ်စာမှတ်"

"ခဏလေး … ဒက်ဒီ"

စေညွှန်က ချက်ချက်ချာအား စာရွက်နှင့်ဘောလ်ပင်(န်) ယူရန် လက်ဟန်ဖြင့် ခိုင်းရသည်။ ထို့နောက် ဒက်ဒီပြောတဲ့လိပ် စာ ရေးမှတ်ရင်း ဉာဏ်ကြီးပြောသောစကားများကို ပြန်လည်ကြား လာရတဲ့အထိ…။

"ချစ်သူ … သတို့သမီးလောင်းကွာ၊ မင်း အဝေးကြီး မှာ သွားရှာစရာ မလိုဘူး၊ မင်းအနားမှာ ရှိပြီးသား၊ ချက်ချက်ချာ ကို ရွေးလိုက်၊ ပြီးတာပဲ"

ကိုယ်က ရွေးချင်ပေမယ့် သူက လက်ခံဦးမှ။ အတွေးနှင့် အတူ နှုတ်ခမ်းများ၌ ပြုံးရိပ်ထင်သွားသည်။ ဒါကို တအံ့တဩ ငေးနေသူက ချာချာ။

ဖုန်းခွက်ကြီးကိုင်ပြီး ဒီလူကြီး ဘာတွေသဘောကျနေ ပါလိမ့်။

"ဦးစေညွှန်"





ချာချာက အသံမြှင့်ပြီး ခေါ်တော့မှ ….

"ဟင် …ပြောလေ ချက်ချက်ချာ"

သတိဝင်လာတာ ကမူးရှူးတိုး။ ချာချာက ရယ်ချင်စိတ် ကို အောင့်ထားပြီး …

"ချာချာ ပြန်လို့ရပြီလား၊ ရှစ်နာရီထိုးတော့မယ်၊ ခင်ဗျား ကို တစ်ခါတည်း ပို့ပေးခဲ့မယ်လေ"

ဒီတော့မှ အချိန်လွန်နေမှန်း စေညွှန် သတိထားမိသွား သည်။

"ရတယ် … မင်း ပြန်တော့၊ ဉာဏ်ကြီးကို စောင့် မလို့"

"စောင့်မနေနဲ့၊ ငါ လာပြီ"

"မင်းကွာ … ညနေကတည်းက ထွက်သွားတာ၊ ကြာ လိုက်တာ"

"ကြာမှာပေါ့၊ မင်း စုံစမ်းခိုင်းတဲ့ကိစ္စတွေကလဲ ခက်ခဲ တာကိုး၊ ဟင် … ချာချာ ညည်း … မပြန်သေးဘူးလား"

နံရံကွယ်၌ ရပ်နေသော ချာချာအား အခုမှမြင်သွားဟန် နှင့် နှုတ်ဆက်သည်။

"အိုကေ"

"ကိုဉာဏ်ကြီး … ချာချာ လစ်ပြီ"

"အေး … အေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ချက်ချက်ချာ"

ခေါ်သံကြောင့် အရှိတင်ထားတဲ့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်လိုက်၏။ အဲဒီလူကြီးက အမြဲ အဲဒီအတိုင်းပင်

"တက္ကစီငှားစီးသွား၊ တက္ကစီခကို မင်းစာရင်းထဲပေါင်းထားလေ၊ လကုန်ရင် ရှင်းပေးမယ်"

"ဟုတ် ... ကျေးဇူး"

"အောင်မယ် ...ရုပ်ကြီးက ပိုက်ဆံရမယ်လဲဆိုရော ပြုံးသွားလိုက်တာ၊ တကယ် ငှားစီးနော်...ချာချာ၊ ညည်းပြန်ရမယ့်အချိန်က မှောင်နေပြီ"

"ဟုတ်"

တစ်ခွန်းတည်းပြောပြီး ပြုံးစိစိနှင့် ထွက်သွားသော ချာချာကို နှစ်ယောက်စလုံး လိုက်ငေးမောနေပြီးမှ ဘဏ်ကြီးက အရင်စပြီး

"ချာချာ့အမေနဲ့ အဲဒီ နေကောင်းကင်အမေနဲ့က ညီအစ်ကိုအရင်းတွေတဲ့ကွ"

စေညွှန့်စိတ်ထဲ ထင်နေသောအရာက တကယ်ဖြစ်လာပြီ။ ပတ်သက်မှုတစ်ခုခုတော့ ရှိမယ်လို့ စေညွှန့်ထင်ထားမိတာ။

"သေချာရဲ့လားကွာ"

"သေချာတယ်၊ သူတို့ငယ်ကတည်းက အဲဒီအိမ်မှာ အလုပ် လုပ်ခဲ့တဲ့ ဒေါ်အေးမာဆိုတဲ့ အမျိုးသမီးကြီးက ပြောပြတာ၊





သူ့အိမ်အထိ ငါ ပါသွားတာကွ၊ ဒလတစ်ဖက်ကမ်းမှာ၊ အဲဒါကြောင့် နောက်ကျတာ၊ အဲဒီအမျိုးသမီးကြီးပြောပုံအရ ဦးနေရောင်က ချာချာ့အမေနဲ့ ချစ်သူတွေဖြစ်ပြီ လက်ထပ်ဖို့အထိ စီစဉ်ခဲ့တာတဲ့"

"ဒါက အခု ဘယ်လိုလုပ်ပြီး နေကောင်းကင်ရဲ့ အမေဖြစ်နေတာလဲ"

"အေး ... တကယ် လက်ထပ်ဖြစ်တာ မော်နဲ့တဲ့လေ၊ အဲဒီကြားထဲမှာ တစ်ခုခုတော့ ရှိဦးမှာ"

စေညွှန့်က စားပွဲမျက်နှာပြင်ကို လက်ချောင်းထိပ်တွေနဲ့ တတောက်တောက်ခေါက်ရင်း စဉ်းစားသည်။ မျက်လုံးက စိုက်မိစိုက်ရာ ...

ထိုအခါ စားပွဲထောင့်စွန်း၌ ကီးချိန်းနှင့်သော့တခြားစီဖြစ်နေသော မြင်ကွင်း။ စေညွှန့်က အတန်ကြာ စိုက်ကြည့်ပြီးမှ-

"ဟာ"

"ဘာလဲ ... ဟော့ကောင်"

"အိမ်သော့ကျန်ခဲ့ပြီ"

"ချာချာ့အိမ်သော့လား"

"အေး .. ငါ လိုက်ပေးလိုက်ဦးမယ်၊ မထူးပါဘူး၊ ကားပါ တစ်ခါတည်း ငှားပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်သွားဦး၊ မှီပါ့မလား"

ဉာဏ်ကြီး သတိပေးစကားတောင် နောက်ကျနေသေးသည်။ စေညွှန်က ကုတ်အင်္ကျီကို ဆွဲယူပြီး ရုံးခန်းထဲကထွက်တာ အပြေးအလွှား။

နမော်နမဲ့နိုင်တဲ့ မင်းကို ငါ စိတ်မချတာ မဆန်းဘူး ချာတိတ်။

◊ ◊ ◊



## အခန်း (၂၃)

ကုမ္ပဏီထဲမှ စေညွှန်အမြန်လိုက်ထွက်သည်။ ဂိတ်ဝကို လှမ်းမျှော်ကြည့်သည်။ တွေ့ပါပြီ ချက်ချက်ချာကို။ စေညွှန်တို့ ကုမ္ပဏီဂိတ်ကို ကျော်ပြီး လမ်းမပေါ်တောင် ရောက်နေပြီ။

လှမ်းအော်လို့ မကြားနိုင်တဲ့ အနေအထား။ ထို့ကြောင့် စေညွှန် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းသည်။ စေညွှန် ခြေလှမ်း ကျဲကြီးတွေနဲ့ဆို မကြာခင် မီနိုင်သည်။

ထိုအခိုက်မှာပင် မမျှော်လင့်ထားသော အဖြစ်အပျက်။ ဘယ်လမ်းကွေ့က ပေါ်ထွက်လာမှန်းမသိသော အနက်ရောင်ကား အမြင့်ကြီး။ ချာချာ့အနား၌ နီးကပ်စွာ ရပ်သွားသည်။

ရုတ်တရက်ကြီး ကားတံခါးတွေ ပွင့်ကာ ချာချာကိုဆွဲပွေ့တင်သွားတာ စက္ကန့်ပိုင်းမျှ။

စေညွှန်ကြောင်နေရာမှ သတိပြန်ဝင်လာသည်။ ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်လှည့်သည်။ သူ့နောက်၌ ညာဏ်ကြီး။

"ဟာ … လန့်လိုက်တာကွာ၊ မမိုးသော့ဘူး မဟုတ်လား၊ ချာချာ တက္ကစီငှားသွားပြီလေ၊ မင်းကားနဲ့ အမီလိုက်ရအောင်"

"ချာချာ ကားငှားသွားတာ မဟုတ်ဘူး၊ ကားတင်ခံရတာ"

"ဘာ"

"နောက်မှ အံ့သြတော့၊ ငါ့ကို ကားသော့ပေး"

ညာဏ်သစ်က အယောင်ယောင်အမှားမှားနှင့် ကားသော့ထုတ်ပေးသည်။ စေညွှန်လှုပ်ရှားမှုက မြန်လိုက်တာများ။ ဖျိုးဖျပ်နှင့် ကားပေါ်ခုန်တက်ပြီး စက်တောင် နှိုးပြီးပြီ။

"ဟော့ကောင် ဖြစ်ရဲ့လား၊ မင်းက လမ်းလဲ မကျွမ်းဘဲနဲ့"

"ဖြစ်တယ် ရုံးခန်းသော့ခတ်ပြီး ငါ့အိမ်ကစောင့်"

ကားက ဝေါခနဲ အရှိန်ပြင်းပြင်းနဲ့ ဦးမော့ထွက်ခဲ့ပြီ။ ရှေ့လမ်းမကြီးပေါ် ချိုးကွေ့ထွက်သွားသော ကားနောက်မီးနီနီလေးကို တွေ့နေသည်။

စေညွှန် လီဗာကို တင်းတင်းဖိနင်းထား၏။ ဒိုင်ခွက်က မိုင် ၉၀ကျော်ကို ပြနေပြီ။ ညခင်းမို့ လမ်းမကြီး၌ ကားအသွားအလာ ရှင်းလှ၏။ အထူးသဖြင့် ရှေ့ကားဦးတည်တာက မြို့ပြင်ဘက် ထွက်တဲ့လမ်းမို့ ပိုရှင်း၏။



ကားချင်းပိုနီးလာသည်။ ရှေ့ကားသည် စေညွှန်ပါလာတာကို သိဟန်တူ၏။ အရှိန်ကိုပိုမြှင့်သည်။ စေညွှန်ကလဲ မလျှော့။ မီအောင် လိုက်သည်။

လမ်း၏ မာကျူရီမီးတိုင်အောက်၌ ကားနှစ်စီးက ရိပ်ခနဲသာ ပြေးလွှားဆဲ …။

စေညွှန် ဂီယာပြောင်း၍ အရှိန်ပိုတင်သည်။ မာစီးဒီးသည် ဝေါခနဲ အသံပေးကာ ဦးမော့ပြီး ထိုအနက်ရောင်ကားကြီးအား ဖြတ်ကျော်တက်သွား၏။ နောက်ကြည့်မှန်မှ လှမ်းကြည့်သည်။ အနက်ရောင်ကားကြီး အတန်ငယ်လှမ်းသွားပြီဆိုမှ စတီယာရင်ကို မိုက်ကန်းစွာ ဆွဲကွေ့၏။

အရှိန်ပြင်းစွာ လည်နေသော ဘီးတို့သည် ကျယ်လောင်သော အသံပြုရင်း လမ်းမကြီးပေါ် ကန့်လန့်ဖြတ်ပိတ်လျက်သား။ စေညွှန် ကားအောက်ဆင်း၍ ထိုအနက်ရောင် ကားကိုဆီးကြိုနေခဲ့သည်။

ကားကြီးသည် စေညွှန်နှင့် မလှမ်းမကမ်းတွင် ရပ်သွား၏။ တစ်ကားလုံး မှန်တွေက အစ အနက်ရောင်မို့ အထဲက လှုပ်ရှားမှုကို မမြင်ရ။ သို့ပေမယ့် ကားရပ်ပြီး မကြာခင်မှာပင် ကားတံခါးနှစ်ဖက် ပွင့်လာ၏။

"လမ်းဖယ်ပေးပါ ကိုယ့်လူ၊ လူလူချင်း သွေးထွက်သံယိုတွေ မဖြစ်စေချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပိတ်ရပ်ထားတာ မဖယ်ပေးချင်လို့၊ ရှင်းတယ်နော်၊ ကျုပ်ကို ကျော်နိုင်ရင် ကျော်သွား"

စေညွန့်ခပ်အေးအေး ပြောသည်။ စေညွန့်စကားအဆုံး လှစ်ခနဲ လေကိုခွင်းပြီး ဝင်လာတဲ့ လက်သီး။ အားပါလှသော ထိုးချက်ကို စေညွန့် ခေါင်းလှန်ရှောင်ပေးသည်။

ပြီးမှ ထိုလက်ကို ဆွဲယူကာ လွတ်နေတဲ့ ရင်ဘတ်အား ဒူးခေါင်းဖြင့် ပစ်တိုက်၏။ အွတ်ခနဲ အော်သံ မပီမသနှင့်တစ်ယောက်ရှင်းသွားပြီ။

ရိပ်ခနဲ သံကောက်က နောက်ဘက်မှ ဝင်လာ၏။ ဒူးညွတ်ချပေးလိုက်သည်။ သံကောက်က စေညွန့်ခေါင်းပေါ်မှ ဝှီခနဲ အသံပေးကာ ဖြတ်ကျော်သွား၏။

သံကောက်သမားသည် သူ့အရှိန် သူမထိန်းနိုင်ဘဲရှိစဉ် စေညွန့်ခြေကန်ချက်သည် ထိုလူ့မျက်နှာထံ မိမိရရ။ ဖောင်းခနဲ အသံကြီးနှင့်အတူ မြေပြင်ပေါ်လဲကျသွားပြီ။

"ဦးစေညွန့်"

စေညွန့် ကားနားမရောက်ခင်မှာ ကြားရသော အားကိုးတကြီးခေါ်သံ…။ ဒါပေမယ့် လူကို မတွေ့ရသေး။ စေညွန့်တွေ့ရတာက ကားပေါ်မှ အရင်ဆင်းလာသူ … မိုက်။

"သိပ်တော်ပါတယ် ဦးစေညွန့်"

"ချက်ချက်ချာကို ခေါ်လိုက်"



"သူက ကျွန်တော်ပိုင်ပစ္စည်း"

စေညွန့်ဒေါသ ငယ်ထိပ်တက်ဆောင့်သည်။ စိတ်မြန်လက်မြန်နှင့် နောက်ခန်းကားတံခါးဆွဲဖွင့်၏။ မိုက်က စေညွန့်လက်ကို ပုတ်ထုတ်သည်။ ထိုပုတ်သောလက်အား စေညွန့်လိမ်ချိုးပစ်လိုက်သည်။

အားခနဲ အော်သံနှင့်အတူ မိုက်ကိုယ်က အနောက်ဘက်သို့ယိုင်သွား၏။ နောက်ခန်းထဲမှ ချာချာ့အား ဆွဲခေါ်လိုက်သည်။ ဘယ်လောက် ရှန်းကန်ထားလဲ မသိ။

အနက်ရောင် တီရှပ်သည် လက်မောင်းနား၌ စုတ်ပြဲနေ၏။ စေညွန့် ချာချာ့လက်အား တင်းတင်းဆုပ်ကိုင်ရင်း…

"မှတ်ထား မိုက်၊ မင်းပိုင်တဲ့ပစ္စည်းဆို လူသူမသိအောင်ခိုးယူစရာ မလိုဘူး၊ ငါ တစ်ခါတည်း သတိပေးလိုက်မယ်၊ နောက်တစ်ကြိမ် ချက်ချက်ချာကို စိတ်ကူးထဲတောင် ထည့်ဖို့ မစဉ်းစားနဲ့၊ ဟုတ်ပြီနော်"

ပြောပြီး ချာချာကို တွဲခေါ်ခဲ့သည်။ ချာချာကတော့ ဘယ်လိုဖြစ်သွားမှန်း မသိ။ ရှက်တာရော၊ ကြောက်တာ၊ ဝမ်းနည်းတာ၊ အားကိုးတာတွေပေါင်းပြီး စေညွန့်ကားပေါ်ရောက်တာနှင့် ချုံးပွဲချငိုမိပြီ။ ပါးစပ်ကလဲ ဗလုံးဗထွေးနှင့် …။

"ချာချာ့ကို သူ အတင်းကားပေါ်ဆွဲတင်တာ ဦးစေညွန့်၊ ချာချာကြောက်တာ အရမ်း .. အရမ်းပဲ၊ ကားပေါ်ကလဲ ခုန်ချလို့

www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ သူ့ကို ထုရိုက်လဲ အလကားပဲ၊ ချာချာ … ချာချာက‥"

ပြောလိုက် ငိုလိုက်နှင့် အတုန့်တုန့်အရီရီဖြစ်နေတဲ့ ကလေးမလေး။ ကြောက်ရှာမှာပေါ့။ သွေးပျက်မတတ် ကြောက်ခဲ့ရှာမှာ။ စေညွန့်တောင် ချာချာ ပါသွားတာကို တွေးပြီး အရူးမီးဝိုင်းခံစားရသေးတာ။

"ကိုယ် … သိတယ်၊ တော်ပြီ ‥ မငိုနဲ့တော့၊ ပြီးသွားပြီ၊ မင်း သိပ်ပင်ပန်းနေပြီ ချာချာ၊ ရော့ … ရေသောက်ပြီး ငြိမ်ငြိမ်လေး ထိုင်လိုက်ခဲ့၊ ကိုယ် … မင်းအိမ် လိုက်ပို့ပေးမယ် ‥ အိုကေ"

"ဟုတ် ‥ ကျေးဇူး ဦးစေညွန့်"

လို့ပြောလာတဲ့ အရည်လဲ့မျက်ဝန်းတွေဟာ စေညွန့်ရင်ကို အရှိန်ပြင်းစွာ လှုပ်ခါသွားစေသည်။ အားပြင်းတဲ့ ငလျင်တစ်စင်း ဝင်ဆောင့်သလိုမျိုးပေါ့။

ချာချာ့ကို အနှောင့်အယှက်မပေးချင်တာနဲ့ပဲ စေညွန့် မှတ်မိသလို စိမ်းတဝါးဝါးနှင့် မောင်းလာရသည်။ ချာချာတို့ တိုက်ခန်းရှေ့ ရောက်တော့ ည ဆယ်နာရီ။

လမ်းထဲ စေညွန့်ကားဝင်လိုက်တာနှင့် အခန်းအသီးသီးက လူတွေရဲ့အကြည့်က ဆိုက်ရောက်ရူးစမ်းကြသည်။ ဒါကို စေညွန့်သိသလို ချာချာလဲ သတိထားမိပါသည်။

"ဒီတိုင်း မဆင်းနဲ့၊ ကိုယ့်ကုတ်အင်္ကျီခြုံသွား"



"ဟုတ် … အိမ်ပေါ်တက်ပါဦးလား ဦးစေညွန့်"

"ကိုယ် …"

စေညွန့်က စဉ်းစားဟန်နှင့် ငြိမ်သွားပြီးမှ …

"အင်း ‥ တက်တာပေါ့ ကိုယ်လဲ မင်းကို ပြောစရာရှိတယ်"

ချာချာက ခေါင်းညိတ်ပြီး ကားပေါ်က အရင်ဆင်းသည်။ အကဲခတ်မျက်ဝန်းတွေဟာ မြားတွေအလား။ ချာချာခန္ဓာကိုယ်အနှံ့ အပြားသို့ လာရောက်ရူးစိုက်သည်။

အုပ်ထိန်းသူမဲ့သော အပျိုအရွယ်မိန်းကလေးတစ်ယောက်ရဲ့ ဘဝရပ်တည်မှုကို ဒီပတ်ဝန်းကျင်က ဘယ်လိုသတ်မှတ်မလဲ။

သေချာတာက စေညွန့်တို့ သတ်မှတ်ချက်ထဲ ချာချာမနစ်မြုပ်ရန် အားတင်းထားရမည်။

ချာချာ၌ လုပ်စရာတွေ အများကြီးရှိသေး၏။

"ပတ်ဝန်းကျင်အမြင်တင့်တယ်အောင် လက်ထပ်ခွင့် ‥ ဟုတ်လား ဦးစေညွန့်၊ ခင်ဗျား ချာချာ့ကို ပြောစရာရှိတယ်ဆိုတာ ဒီလက်ထပ်ခွင့်ဆိုတာလား"

စေညွန့်မျှော်လင့်ထားသလောက် ချာချာမတုန်လှုပ်ခဲ့။ ဒါကိုပဲ စေညွန့်က ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား မသိ။ ပြောမယ့်သာပြောရတာ။ တကယ် စိတ်လှုပ်ရှားနေသူက … စေညွန့်။

www.burmeseclassic.com

www.burmeseclassic.com



ချာချာ ငြင်းပယ်လိုက်မှာ စိုးစိတ်က ရင်ကို ထိန်းမရအောင် ခုန်စေသည်။ အာခေါင်တွေ ကြမ်းရှစွာ ခြောက်သွေ့လေပြီ။ ဆောက်တည်ရာမရနှင့် ချာချာ ဧည့်ခံသော ကော်ဖီအား မော့သောက်၏။

ခပ်နွေးနွေးအရသာရှိသော ကော်ဖီသည် မျှော်လင့်ထားသလောက် နွေးထွေးမှု မပေးနိုင်တာ အသေအချာ။

"ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါ ဦးစေညွှန်"

"ဘာကိုလဲ"

"ခင်ဗျားဘက်က အခက်အခဲတွေရှိလို့ ချာချာ့ကို အသုံးချချင်တာလား"

"မင်း ဘာကိုပြောတာလဲ"

သွေးအေးစွာ စိုက်ကြည့်နေသော ချာချာ့မျက်ဝန်းတွေက မီးချောင်းအရောင်အောက်မှာ တောက်ပစွာ ...။

"ခင်ဗျားအဖေရဲ့ တွန်းအားတွေရှိနေပြီလေ၊ ဒီနိုင်ငံချစ်သူမိန်းကလေးမရရင် ခင်ဗျားတိုင်းတစ်ပါးသူကို လက်ထပ်ရတော့မယ်၊ ဒါတွေကြောင့် ချာချာ့ကို လက်ထပ်ခွင့်တောင်းတာ မဟုတ်လား၊ တခြား ငွေကြေးတွေချဲ့နေစရာ မလိုပါဘူး၊ ပတ်ဝန်းကျင်အမြင်တင့်တယ်အောင်တို့ ဘာတို့လေ..."

"မဟုတ်ဘူး ချက်ချက်ချာ၊ ကိုယ် ပြောချင်တာက"

"ပြောခဲ့သလောက်နဲ့ လုံလောက်ပါတယ်၊ ဦးစေညွှန်ရဲ့



ချာချာ စိတ်မဆိုးပါဘူး၊ အမှန်တကယ်ဆို သူစိမ်းနှစ်ယောက်ပေါင်းဖက်တဲ့နေရာမှာ အဓိကကျတာက အချစ်လေ၊ အဲဒီအချစ်ဆိုတာ မပါဘဲ ဘဝခရီးအရှည်ကြီးကို ဘယ်လိုလျှောက်မှာလဲ၊ ချာချာ့အမေက ချာချာ့အဖေကို သိပ်ချစ်လို့သာ ဘဝမှာ ဒီလောက်ကြီးမားတဲ့ အခက်အခဲတွေကို ရင်ဆိုင်သွားနိုင်တာ၊ ချာချာလဲ အမေ့လို အချစ်ဆိုတာကို နှလုံးသားထဲ ထည့်ထားချင်တယ်၊ ဒါကြောင့် ဦးစေညွှန် တောင်းတဲ့ လက်ထပ်ခွင့်ရှေ့မှာ စကားတချို့ဖြည့်စွက်တာပေါ့၊ ဦးစေညွှန်လဲ အခက်အခဲတွေ ပြေမယ်၊ ချာချာလဲ လုံလောက်တဲ့ အရိပ်အာဝါသတစ်ခုရမယ့်အပြင် ဦးစေညွှန်ဆီက ချာချာ တောင်းစရာရှိတယ်၊ အလုပ်သဘောအရ ပြောမယ်ဆို ဟန်ဆောင်ခအတွက် နစ်နာကြေးပေါ့"

နှုတ်ခမ်းပါးတွေဟာ ဘယ်အခါမှ တွတ်တီးတွတ်တာ စကား မပြောတတ်ဘူးနဲ့တူရဲ့။

ချက်ချက်ချာတို့ နှုတ်တော်မဖွင့်နဲ့။ ဖွင့်လေဘိုင်း ပြောတာက ငွေစကား။ စေညွှန့်ရင်ထဲက စီစဉ်ကာထားတဲ့ ရင်ဖွင့်သံလေးဟာ ပြန်လည် ငုံ့လျှိုးသွားရတဲ့ ဘဝ...။

ဒါကို ဖီလင်အောက်တယ်ဆိုမလား။ စေညွှန်က သက်ပြင်းတစ်ချက် ရှိုက်မိသည်။ ထို့နောက် စိတ်ထဲခံစားရသမျှ သိမ်းထားရသော ဆုံးဖြတ်မိပြီ။ ဒီအချိန်မှာ ချာချာဆန္ဒရှိရာ စေညွှန်ဖြည့်ဆည်းပေးတာသာ အကောင်းဆုံးဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ စေညွန့်ချစ်ခြင်းကို ပြသနိုင်မည့် အခိုင်လုံဆုံးသော သက်သေ။

"ကောင်းပြီ .. ပြောပါ"

"ချာချာ့ကို ခင်ဗျားဆီမှာရှိတယ်ဆိုတဲ့ အိမ်အပေါင်စာချုပ်နှစ်စောင် လွှဲပေးပါ"

မျက်ဝန်းတို့ကို ဆိုင်ကြည့်ပြီး ပြောတာ။ ချာချာလိုလားချက်အတွက် နည်းနည်းမှ နောက်မတွန့်။ ဒါကိုကြည့်ခြင်းဖြင့် ချာချာဟာ ဒီအိမ်တွေနှင့်ပတ်သက်လျှင် ဘာကိုမဆို စတေးရန် စီစဉ်ထားတဲ့ပုံ။

စေညွန့် သဘောတူကြောင်း ခေါင်းညိတ်ပြပြီးမှ ...

"မင်းနဲ့ လက်ထပ်တဲ့နေ့မှာ ကိုယ် လွှဲပေးမယ်၊ မင်းကိုယ့်ဆီက တောင်းချင်တာ ဒါပဲလား"

"ဟုတ် ... ဒါပါပဲ"

"ကောင်းပြီ ကိုယ်ပေးမယ်၊ ဒါပေမယ့် တစ်ခုတော့ ကိုယ်ပြောချင်တယ်၊ ကိုယ် မင်းဆီက တောင်းတာ လက်ထပ်ခွင့်နော်၊ ဟန်ဆောင်ခြင်းဆိုတာ မင်း တပ်တဲ့ခေါင်းစဉ်၊ မင်း ဆန္ဒရှိတယ်ဆိုရင် တစ်သက်လုံး လက်ထပ်ပြီး နေသွားနိုင်တယ်၊ ဒါက မင်းသဘော၊ ဒါပေမယ့် စိတ်ချပါ၊ ဟန်ဆောင်လက်ထပ်တာမျိုး ဖြစ်တဲ့အတွက် မင်း ထိခိုက်နစ်နာအောင် ကိုယ် ဘာတစ်ခုမှ မလုပ်ဘူး၊ အဲဒါ မင်းတောင်းတာထက် ပိုပေးတဲ့ ကိုယ့် ကတိ"

ဝိုးဗဝိုးဗ၀၁၁၆၀



စေညွန့်စကားဆုံးသွားတဲ့အထိ ချာချာ အာစေးမိသူပမာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်။ စိတ်ထဲမှာတော့ ပလုံစီထနေသော စကားက အခွန်းပေါင်းများစွာ....။

အချစ်ဆိုတာ မရှိဘဲ လက်ထပ်တယ်ဆိုတာ အဆင့်ကျော်တာ ဦးစေညွန့်။

တကယ်ဆို ချစ်ခြင်းမေတ္တာပေါက်ဖွားပြီးမှ လက်ထပ်ခွင့်တောင်းတာမျိုးဆိုရင်....

◇ ◇ ◇

ဝိုးဗဝိုးဗ၀၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဟင် … ဒီအခန်းကြီးမှာ ချာချာက နေရမယ်၊ မနေ
နိုင်ပါဘူး၊ ခင်ဗျားနဲ့ စာချုပ်ချုပ်ထားတဲ့ စာချုပ်မှာ တစ်ယောက်
တစ်ခန်းစီ နေရမယ်ဆိုတာ ပါပြီးသားပဲလေ၊ ခင်ဗျားစာချုပ်ကို
ချိုးဖောက်ရင် လျော်ကြေးက နှစ်ဆနော်၊ ဟိုအိမ်လေးလုံးစာဖြစ်
သွားမယ်"

ချာချာက အကြောက်အကန် ငြင်းသည်။ ဒါ့အပြင် စေ့ညှ
ဖြုံသွားအောင် ခြိမ်းခြောက်တာပါသေး။ မခြိမ်းခြောက်လို့မရ။ တွေ့
နေရသော နှစ်ယောက်အိပ်ခုတင်၊ ထိရက်စရာ မရှိသော ခရမ်း
ပေါ် ရွှေခြည်ဖောက်အိပ်ရာခင်းတွေက ချာချာ့အား ကြောက်စိတ်
တိုးလာစေ၏။

ထို့အပြင် ပိုဆိုးတာက အခုထိ ချာချာ့ကို စေ့ညှန် စကား
မပြော။ နံရံကို ကိုယ်တစ်စောင်းမှီ နွဲ့နွဲ့ရပ်ရင်း ချာချာ့ကို စိုက်



ကြည့်နေပုံက အသည်းတုန်ချင်စရာ။

အမလေး ဘုရားကယ်ပါ။ ချာချာတော့ မှားပြီလားမသိ။ စေ့ညှန်နှင့်ချာချာတို့ ချုပ်တဲ့စာချုပ်က ရှေ့နေမပါ။ တရားသူကြီး မပါ။ တကယ်တမ်းဆို ဘာမှအသုံးမဝင်။

လက်ထပ်စာချုပ်ကတော့ တကယ့် တရားသူကြီးရှေ့မှာ အခိုင်အမာချုပ်ဆိုခဲ့တာ။

ချာချာသည် ကိုယ့်ကိုယ်ကို ကာကွယ်ရန် လျှောက် စဉ်းစားပြီးမှ

"ဟော့လူကြီး …ခင်ဗျားပဲ ကတိပေးခဲ့တာနော်၊ ချာချာ့ကို ထိခိုက်နစ်နာမဲ့ကိစ္စတွေ ဘာမှမလုပ်ပါဘူးဆို၊ အခု ခင်ဗျားက…"

"ထင်ရာတွေ စွတ်မပြောနဲ့၊ ကိုယ့်သိက္ခာကို နည်းနည်းလောက် မင်းလေးစားပေးပါဦး၊ မင်းနဲ့ ဆက်ဆံခဲ့တဲ့ တစ်လျှောက် ကိုယ်က အဲဒီလိုကောင် ဖြစ်နေလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

အခုမှ ဖြေသံက ရှိန့်တွန့်တွန့်။ မျက်လွှာပါ အောက်စိုက်ချပြီး မပွင့်တစ်ပွင့် ပုံစံက အသည်းယားချင်စရာ။

"ဒါဆို ဒီအခန်းထဲကို ဘာကိစ္စ ချာချာ့ကို ခေါ်လာရတာလဲ"

"မင်းကို စာချုပ်စာတမ်းတွေ လွှဲပေးမလို့"

www.burmeseclassic.com

www.burmeseclassic.com



စေညွှန်က ပြောရင်းက ဗီရိုထဲက ဖိုင်တစ်ထပ်ကို ချလာ၏။ ချာချာထံ ဖိုင်ကြီးကိုထိုးပေးရင်း ...

"စစ်ကြည့်ဦး၊ ဂရန်ရော၊ အပေါင်စာချုပ်အပြင် အဲဒါတွေကို မင်းပိုင်ဆိုင်ကြောင်း လွှဲထားတာပါ ပါပြီးသား"

ချာချာက စာချုပ်တွေကို ဖတ်ကြည့်သည်။ ဖတ်ရင်း အမြင်အာရုံတွေ ဝေဝါးလာတဲ့အထိ မျက်ရည်တွေက ရစ်ဝဲလာရ၏။ စာချုပ်ပေါ် ရေးထားတဲ့ စာလုံးတွေကို လက်ညှိုးနှင့် ဖွဖွတို့ထိရင်း ပါးပြင်တစ်လျှောက် မျက်ရည်ပူတွေ စီးဆင်းသွားရသည်။

"ဒီအိမ်ကြီးကို တကယ် ချာချာ ပိုင်ရပြီပေါ့နော်၊ ဟုတ်လား ဦးစေညွှန်၊ ချာချာ ပိုင်သွားပြီပေါ့"

မျက်ရည်စိုလူးနေတဲ့ မျက်တောင်ကော့တွေဟာ စေညွှန့်ချစ်ခြင်းတွေကို သိမ်းယူသွားသည့်နှယ်။ စေညွှန်ရဲ့ မခိုင်ယိုင်နဲ့ရေသော နှလုံးသားဟာ ထိုမျက်ရည်ကြောင့် ပြိုကျလုလု။

စေညွှန်က ဖမ်းစားသော ထိုမျက်နှာလေးထံမှ အကြည့်ရှဲရင်း...

"အင်း...ရက်စေ့တဲ့အချိန်အထိ သူတို့မရွေးနိုင်ရင် မင်းပိုင်ပြီပေါ့"

အနိမ့်အမြင့်မညီ လှိုင်းထနေသော စေညွှန်အသံကိုထိန်းပြီး ပြောရ၏။ ဒါကို ချာချာကတော့ ရိပ်မိဟန်မထင်။ ဖိုင်ကိုယူပြီး မျက်ရည်တွေနှင့် ရယ်ပြကာ...



"ကျေးဇူး...ချာချာ သွားတော့မယ်၊ ချာ့ချာ့အခန်းက ဟိုဘက်မှာမဟုတ်လား"

ပြောပြီးတာနှင့် ထွက်ရန် ခြေလှမ်းပြင်ပြီးသား။

"ဟေ့...နေဦး"

"ကျစ်...ပြောစရာပြီးပြီမဟုတ်လား"

"မင်း တော်တော်လူလည်ကျပါလား၊ လိုချင်တာရတာနဲ့ ပြေးပြီ၊ ဒီမှာ ဓာတ်ပုံရိုက်ရဦးမယ်"

"ဘာဓာတ်ပုံလဲ၊ စာချုပ်ထဲမှာ အဲဒီဓာတ်ပုံမပါပါဘူး"

"ဒါပေမဲ့ အပီပြင်ဆုံး သရုပ်ဆောင်ရန်တော့ပါတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

ချာချာ့မေးသံက စူအောင့်အောင့်။ လူကလည်း ခြေတစ်ဖက်ဆောင့်ပြီး ချာခနဲ စေညွှန်ဖက်လှည့်လာပုံက ဆံပင်တွေဝဲခနဲခါသွား၏။ ကြိမ်လုံးနှင့် ခပ်ဆတ်ဆတ်လေး ရိုက်ချင်စရာ။ ချစ်စရာကလေးတစ်ယောက်ကို ဆုံးမသလိုလေ။

"အေးလေ...အဲဒီတော့ အပီပြင်ဆုံး သရုပ်ဆောင်ဓာတ်ပုံရိုက်ပြီး ဒက်ဒီ့ဆီ ပို့ရမှာပေါ့၊ ပြန်လာခဲ့"

စေညွှန် အမိန့်ပေးပစ်လိုက်သည်။ ဒီတော့မှ ခြေလှမ်းကို တဒုန်းဒုန်းမြည်အောင် ဆောင့်ချရင်း ပါးစပ်ကလည်း ပွစိပွစိဖြင့် သူနား ချာချာ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း…အလုပ်သဘောအရဆို ဒါ အိုဗာတိုင်ပဲ၊ စာချုပ်ထဲမှာမှ မပါတာ"

ဒါကို ကြားဖြစ်အောင်ကြားသော သူကလည်း အတင်စီး မခံဘဲ…

"စိတ်ချ…စာချုပ်ထဲမှာ မပါတဲ့ဟာတွေ မင်းလုပ်ရရင် အိုဗာတိုင်ကြေး ကိုယ်ပေးမယ်"

ညစ်ကျယ်ကျယ်ပြောမိပြီ။ စေဥ္စန်က အကြံနှင့်လေ။ ထိုအကြံကို မရိပ်မိသော ချာချာကတော့ ငွေစကားကြားတာနှင့် မျက်လုံးတွေက အရောင်တောက်လာပြီ။

မငွေခင်အကြောင်း စေဥ္စန်က သိပြီးသားလေ။

"ခင်ဗျား တကယ်ပြောတာနော်"

"ဩော်…တကယ်ပါဆို"

"ဒါဆို ပြီးတာပဲ၊ ခိုင်းချင်ရာသာခိုင်း၊ ဒီအိမ်ကနေထွက်တဲ့အချိန်ကျရင် ချက်ချက်ချာတို့ သူဌေးဖြစ်ပြီ၊ ခင်ဗျားကတော့ ဟား…ဟား စည်းစိမ်ပြုတ်မှာ မြင်ယောင်သေး"

စေဥ္စန်ကတော့ ငွေကိုသာ မက်မောသော၊ ကျန်အရာတွေကို စိတ်မဝင်စားသော ထိုချာတိတ်မအား ဆွဲဆောင်နိုင်မည့်နည်းအခုထိ မမြင်ယောင်သေးပါ။

အဲဒါ ကိုယ်ညံ့သလား၊ သေချာတာကတော့ မင်းဟာကိုယ့်အတွက် မရှိမဖြစ် လိုအပ်တဲ့ နံနက်ခင်းလေးပါ။



"ချက်ချက်ချာ…ဟေ့ ဘယ်ရောက်နေလဲ ချက်ချက်ချာ"

စေဥ္စန် သံကုန်ဟစ်ပြီး ခေါ်သံ။ ချာချာ သွားတိုက်နေရာမှ ကြားရသည်။ ဒါပေမဲ့ အသံပြန်ပြုလို့လည်းမဖြစ်။ ကိုယ်ကသွားတိုက်တံကြီး တန်းလန်းနှင့်။

"ကျစ်…ဒီလူကြီး မနက်စောစောစီးစီး ဘာလုပ်မလို့ပါလိမ့်"

အတွေးထဲ ငြူစူနေဆဲမှာပင်…

"ဒုန်း…ဒုန်း"

အခန်းတံခါးကို အားပါသော ထုသံနှင့်အတူ…

"ဟေ့…ချက်ချက်ချာ မင်း အိပ်တုန်းပဲလား၊ ပြောတော့ဖြင့် ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့၊ ဒီလောက်အိပ်ပုတ်ကြီးတဲ့မိန်းမ ဘယ်လိုလုပ်ပြီး သူများကို အနိုင်ယူလို့ရမှာလဲ"

"ဟေ့…လူကြီး"

ခေါ်သံနှင့်အတူ တံခါးချပ်ကို ဝုန်းခနဲ ဆွဲဖွင့်သည်။ မျက်နှာသစ်ပြီးစ နုဖတ်ဝင်းစိုသောအဆင်းက ရေစက်သီးထနေသော ပန်းဖူးငုံနှယ်။ နှာထင်စပ်မွေးညှင်းရှိန်းမြမြပေါ် မျက်တောင်ရှည်ကော့ကော့ပေါ် ရေစက်တွေ တင်ကျန်နေပုံက စေဥ္စန့်ရင်ခုန်သံကို ကတိမ်းကပါးဖြစ်စေတာအမှန်။

"ဒီမှာ မျက်နှာသစ်နေတာကို ဘာလို့ အသည်းအသန်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေတာလဲ၊ မဆိုင်တာတွေ လျှောက်မပြောနဲ့၊ ချာချာ မကြိုက်ဘူး''

''အောင်မယ် မင်းကများ ရုပ်တည်ကြီးနဲ့၊ ဒီမှာ မင်းကို ငါက ပိုက်ဆံပေးဖို့ရောက်လာတာ''

''ပိုက်ဆံပေးဖို့''

ချာချာမျက်နှာပေါ် လျှပ်စီးတန်းတွေ ဖြတ်ပြေးသွားသလိုမျိုး။ ငွေစကားကြားတာနဲ့ အရောင်လက်သွားတာများ။

''အေး မင်းနဲ့ငါ သဘောတူထားတယ်လေ၊ အိုဗာတိုင်ကြေးဆိုတာ''

''ခင်ဗျားအလုပ်တွေကူဖို့လား''

''ရိုက်(ထ်) အခု ငါကုမ္ပဏီသွားတော့မယ်၊ အင်္ကျီကြယ်သီးတပ်၊ နက်(ခ်)တိုင်ချည်ပေး''

ချာချာ အံ့သြသွားသည်။ ချာချာထင်ထားတာက ကုမ္ပဏီအလုပ်တွေ ခိုင်းမည်ပေါ့။ အခုတော့ ကိုယ့်ရှေ့ရောက်လာသော ကိုယ့်ထက်အသက်ကြီးသောသူရဲ့ စေခိုင်းပုံက ကလေးဆန်ဆန်။

စေညွှန်ပုံစံကိုလည်း ကြည့်ဦး။ အင်္ကျီရင်ဘတ်ဖွင့်၊ နက်(ခ်)တိုင် ဖရိုဖရဲ။ မျက်နှာကိုမော့ထားပြီး ချာချာလုပ်သမျှ အဆင်သင့်ခံယူမယ့်ပုံ။ ချာချာ ရယ်ချင်စိတ်ကို မြိုသိပ်ပြီး

''ခင်ဗျား လူလည်မကျနဲ့လေ၊ ဈေးနှုန်းမညှိရသေးဘဲနဲ့၊ အလုပ်သဘောအရ ဈေးနှုန်းအရင်ပြောရမှာပေါ့''



''ကောင်းပြီ မင်းတောင်းပါ''

အောင်မယ်။ ကြိုက်သလောက်တောင်း ပေးမယ်ဆိုတဲ့ ရုပ်ကြီးနဲ့။ ချာချာက အောက်နှုတ်ခမ်းကို ကိုက် မျက်စောင်းရွယ်ပစ်ရင်း…

''အင်း တစ်ခါလုပ်ပေးရင် ငါးရာ၊ အခု ကြယ်သီးတပ် ငါးရာ၊ နက်(ခ်)တိုင်ချည် ငါးရာ၊ နောက် ဘာခိုင်းမလဲ''

''ဒါဆို ဒီနှစ်ခုကို တစ်ထောင်ပေါ့''

''ဒါပေါ့''

''ပေးမယ် လုပ်''

စေညွှန် ရင်ကိုဖွင့်သည်။ လက်နှစ်ဖက်ပါ ဆန့်တန်းပေး၏။ ချာချာက သူ့အရပ်အမြင့်ကြီးကို မမှီ၍ ခြေဖျားထောက်ရသည်။ စေညွှန်ထွက်လေငွေ့သည် ချာချာ့မျက်နှာတစ်ဝိုက် တရစ်ဝဲဝဲ။

မွှေးညင်းရှိန်းမြမြတို့ရှိသော စေညွှန်နားသပ်စပ်တစ်လျှောက် အကြည့်မရောက်အောင် ထိန်းထားရသည်။ ဘယ်သူစိမ်းယောကျ်ားတို့နှင့်မှ နီးကပ်စွာ မနေခဲ့ဖူးသော ချာချာ ရင်ခုန်သံက အရိုင်းဆန်စွာ။

တစ်ကိုယ်တည်း တုန်ရီခုန်မောနေခြင်းအား သူမသိအောင် ဖုံးကွယ်ပစ်သည်။ မြန်မြန်ပြီးအောင် လက်စသတ်၏။

''ပြီးပြီ နောက် ဘာခိုင်းစရာရှိသေးလဲ''

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ thank"

စေညွှန် ကျေးဇူးတင်စကားပြောပြီး လှည့်ထွက်သည်။

"ဟော့ ဦးစေညွှန် ပိုက်ဆံရှင်းခဲ့လေ"

"ညပြန်လာရင် နှိပ်ခိုင်းဦးမယ်လေ၊ အဲဒါအခါကျမှ အားလုံးပေါင်းပေးမယ်၊ ထောင့်ငါးရာပေါ့"

ပြောပြီး ဘာမှမဖြစ်သလို စေညွှန်ထွက်သွားသည်။ အပြောခံရတဲ့ ချာချာ့မှာသာ ထောင့်ငါးရာကို နားထဲက အကြိမ်ကြိမ်ကြားရင်း ရင်ခုန်လို့မဆုံး။

ဒီလိုနဲ့ နေ့စဉ်ရက်ဆက်ဆိုသလို စေညွှန် ထောင့်ငါးရာဖိုး အမြဲခိုင်းသည်။ ချာချာ လုပ်ပေးရသမျှက ခေါင်းဖြီးပေးရတာ၊ လက်သည်းညှပ်ပေးရတာ။ ဇက်ကြောဆွဲပေးရတာ။ အို စုံတကာ စေ့လို့။

စေညွှန် အပြုံးတွေ။ စေညွှန်အပြောတွေကြားမှာ ချာချာက ရုန်းမရ။ လှိုင်းလုံးကြီးတွေ စီးနေရသလို ရင်ခုန်ခြင်းက နိမ့်လိုက်မြင့်လိုက်နှင့် အစိုးမရတတ်။

သူ့ပြုစားချက်ထဲ ချာချာ မျောပါနေတာများ မူလရည်ရွယ်ချက်တွေ ပျောက်ပျက်သွားမှာတောင် စိုးရိမ်ရတဲ့အထိ။

ဘာပဲဖြစ်ဖြစ် သူ့ထံကရသော ထောင့်ငါးရာတွေကိုတော့ ချာချာ သိမ်းဆည်းထားခဲ့ပါသည်။

◆ ◆ ◆

## အခန်း (၂၅)

"မာမီ ညှော်သည်"

ကောင်းက ညှော်ခန်းထဲမှနေ လှမ်းအော်သည်။ ခြံစောင့်ကြီးကိုယ်တိုင် လိုက်ပို့တာဆိုတော့ ဒါ အရေးပါတဲ့ ညှော်သည်ပေါ့။

"ခဏထိုင်ပါဦး အန်ကယ်၊ မာမီ ဆင်းလာပါလိမ့်မယ်"

တိုက်ပုံအနက် လက်ဆွဲသားရေအိတ်အပြားလေးနဲ့ လူကြီးကို တစ်ချက်အကဲခတ်သည်။ ဥပဓိရုပ်က ဒီလောက်တည်ကြည်သန့်ပြန့်နေတာ။ မာမီနဲ့ ပိုကာဒေါင်းဖက်တော့ ဖြစ်နိုင်မည်မထင်။

ကောင်း အကဲခတ်နေစဉ်မှာပဲ မာမီက ညှော်ခန်းဆီဆင်းလာပြီး ညှော်သည်မတွေ့အောင် ကောင်းကို မေးဆတ်ပြီး မေးခွန်းထုတ်၏။ ဒါ ဘယ်သူလည်းဆိုတဲ့သဘော။

ကောင်းက လက်စုံခါပြီး ပခုံးနှစ်ဖက်ပါ စုံတွန့်ပြသည်။ ချာချာမှ မသိတာ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိပါလဲရှင်"

"ဒေါ်မော်ဆိုတာ"

"ဟုတ်ကဲ့ ကျွန်မပါ"

"ကျွန်တော်က ချက်ချက်ချာရဲ့ အကျိုးတော်ဆောင် ရှေ့နေ ဦးသိန်းတန်ပါ"

ချက်ချက်ချာအမည်ပါလာ၍ သားအမိနှစ်ယောက်စလုံး ဒိုင်းခနဲ မျက်လုံးချင်းဆုံသည်။ မတိုင်ပင်ရပါပဲလေ။

"ဟုတ်ကဲ့ လာရင်းကိစ္စက"

"ဒီအိမ်ကြီးနဲ့ ဟိုဘက်က အေးရိပ်သာအိမ်ကြီးကိစ္စပါ"

"နေပါဦးရှင့် အဲဒီအိမ်ကိစ္စနဲ့ ချက်ချက်ချာက ဘယ်လို ပတ်သက်နေလို့လဲ"

"ဒေါ်ဆွေဆွေလတ်ကို ခင်ဗျားက ဂရန်ပေးပြီး အပေါင် သဘောထားတယ်နော်"

ရှေ့နေက တည့်တည့်စိုက်ကြည့်ပြီးမေးသည်။ ဒေါ်မော်က အောင့်သက်သက်ဖြင့်...

"ဟုတ်ပါတယ်"

"ဒေါ်ဆွေဆွေလတ်က ငွေမနိုင်လို့ တခြားတစ်ယောက် ထံမှာ ပြန်အပေါင်ပေးထားတာလဲ ခင်ဗျား သိပါတယ်နော်"

"အင်း မမဆွေ ပြောပါတယ်"

ကောင်းကတော့ ကိုယ်မသိတဲ့ကိစ္စအတွက် မျက်စိတွေ





လည်နေ၏။ မာမီ ဘာတွေလုပ်ထားသလည်း။ မာမီလုပ်ထားသမျှ ကောင်း သိခွင့်ရတာမှ မဟုတ်တာ။

"တခြားတစ်ယောက်က ကျွန်တော့်ရဲ့အမှုသည် ဒေါ်ချက် ချက်ချာပါပဲ"

"အို မဖြစ်နိုင်တာ၊ သူလိုသူက သိန်းထောင်ချီတဲ့အိမ် ကြီးကို အိုရှင် အစိပ္ပါယ်မရှိတာတွေ၊ ကျွန်မ မယုံဘူး ရှင့်"

"ဒါက အခိုင်အမာချုပ်ဆိုထားတဲ့ စာရွက်စာတမ်း မိတ္တူ တွေပါ၊ ဦးစေညွှန်ဆီ ဒေါ်ဆွေဆွေလတ်က လက်လွှဲပေါင်နှံခဲ့ တယ်၊ အခု ဦးစေညွှန်က သူ့ရဲ့တရားဝင်ဇနီးကို ဒီအိမ်နဲ့ပတ်သက် တာတွေ လွှဲပြောင်းပေးလိုက်တယ်"

"ဘယ်လို ဦးစေညွှန်နဲ့ ချက်ချက်ချာက"

ကောင်းက နှလုံးသွေးရပ်တော့မယ့် အသံမျိုးနဲ့ ဝင်မေး မိပြီ။ ရှေ့နေကြီးက ခေါင်းညိတ်ပြီး ကောင်းမေးခွန်းကို အတည်ပြု ရင်း

"ဒီမှာ အထောက်အထားတွေ အကုန်ပါပါတယ်၊ အိမ်ရဲ့ စာချုပ်သက်တမ်းကလည်း ဒီတစ်ပတ်အတွင်းပြည့်ပါပြီ၊ ခြောက် လအတွင်း ပြန်မရွေးနိုင်ရင် ဒီအိမ်တွေကို အပြီးတိုင်လွှဲပေးရမယ့် စည်းကမ်းချက်ပါပြီးသားပါ၊ ဒါကြောင့် ကျွန်တော် လာသတိပေး ရတာပါ၊ ဒီဘက်အခြေအနေကို သိချင်ပါတယ်"

"ကဲ ဘယ်လိုလုပ်ကြမလဲ မာမီ၊ မာမီပြောတော့ နိုင်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆို၊ အခု ကောင်းတို့က ဒီအိမ်ကြီးပေါ်က ဆင်းပေးရတော့မှာလား၊ ဒက်ဒီလည်း ပြန်ရောက်တော့မှာ ဘာဆက်လုပ်ကြမလဲ၊ ဘာဆက်လုပ်ရမှာလဲ"

ကောင်းက အော်ဟစ်ပေါက်ကွဲပြီ။ ဒေါ်မော်လည်း ဘာပြောရမှန်းမသိတော့။ မမဆွေ ငွေလို၍ တခြားတစ်ဦးထံမှ အိမ်ဂရန်လက်လွှဲတာ ကောင်းသိသည်။

ဒေါ်မော်တောင် သဘောတူကြောင်း လက်မှတ်ထိုးပေးခဲ့ရတာကို။ ဒေါ်မော်လည်း ကြိုးစားခဲ့တာပဲ။ အကုန်အချည်းနှီးချည်း။ အတွင်းပစ္စည်းဆိုတာကလည်း ကိုကိုမသိအောင် အတုနဲ့ အစစ်လဲထားရတာ အများကြီး။

အခုတော့ နောက်ပိုင်ရှင်ဟာ ချက်ချက်ချာတဲ့။ ဘုရားရေ ဒါကြီးဟာ အိပ်မက်သာဖြစ်လိုက်ပါတော့။

ဒေါ်မော် ဆုတောင်းမပြည့်ခဲ့ပါ။

"ကဲ ပြောလေ မာမီရဲ့"

ကောင်းအသံက စူးစူးဝါးဝါး။ အခုပဲ ငိုချတော့မလို။ အခုပဲ အော်ဟစ်ပေါက်ကွဲတော့မလိုနဲ့ ဆောက်တည်ရာမဲ့ခြင်းက အထင်းသားတွေ့နေရ၏။

"ကဲပါ ကောင်းရယ်၊ ရွှေနေကြီးရှေ့မှာ၊ မာမီစီစဉ်ပါ့မယ်"

"ဟွန်း…စီစဉ်လည်း ထူးမယ်မထင်ပါဘူး"



"ရှေ့နေကြီး ကျွန်မတို့ ချက်ချက်ချာနဲ့ တွေ့ချင်ပါတယ်၊ ဟို တိုင်ပင်ဆွေးနွေးလို့ရအောင်"

"ဒေါ်ချက်ချက်ချာကိုယ်တိုင် မနက်ဖြန် ဒီကိုလာပါလိမ့်မယ်၊ ကျွန်တော်က အကျိုးအကြောင်းသိရအောင် အရင်လာတဲ့သဘောပါ"

ကောင်းကတော့ ရှေ့နေရော မာမီကိုပါ နာကြည်းစပ်ဆုပ်စွာ ကြည့်နေမိသည်။ မကြားချင်သော စကားတွေအတွက် နားတွေကိုလည်းမုန်းသည်။

လဲပြိုအောင်ဖန်စေသော ကံကြမ္မာကိုလည်းမုန်းသည်။

ဟွန်း မနက်ဖြန်လာမတဲ့။ လာပါစေ ဒူးထောက်အရှုံးပေးမှာမဟုတ်ဘူး။

အရေခွံစုတ်ပစ်မှာ မှတ်ထား ချက်ချက်ချာ။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်ဘူး"

အသည်းအသန် ထအော်သော ကြီးကြီးမော်ကို ချာချာက သွေးအေးစွာ စိုက်ကြည့်နေလိုက်သည်။

"ဘာကို မဖြစ်နိုင်တာလည်း ကြီးကြီးမော်၊ အမှန်တရားကို ဝန်ခံဖို့ ဒီလောက်အထိ တွန့်ဆုတ်နေစရာမှမလိုတာ"

"ဘာအမှန်တရားလဲ၊ အလကား အဓိပ္ပါယ်မရှိတာတွေ၊ ဒီမှာ ချက်ချက်ချာ၊ တကယ့်အဖြစ်မှန်ကို ပြောပြနိုင်တဲ့ ကာယကံရှင် ညည်းအမေ ငါ့ညီမလည်း ရှိတော့တာမဟုတ်ဘူး၊ ဒီပတ္တမြား လက်စွပ်တစ်ကွင်း၊ ဒိုင်ယာရီတစ်အုပ်ဟာ ညည်းစိတ်ကူးယဉ် အိပ်မက်တွေကို အကောင်အထည်ပေါ်မလာနိုင်ပါဘူး ချက်ချက်ချာရဲ့၊ ဒီဒိုင်ယာရီကရော ငါရေးပါတယ်လို့ ဘယ်သူ သက်သေခံ မလဲပြော၊ ဒီတော့ ညည်း စိတ်လျှော့လိုက်၊ အိမ်ကိစ္စက ငါ အသနားခံတာပါ၊ ငါတို့က တကယ့်ဆွေမျိုးရင်းချာကြီးတွေ၊ ဒီတော့ ညည်းငဲ့ပါ၊ ဟိုက်ဘက်ခြံတော့ လိုချင်ရင် ယူလိုက်၊ အဲ အခု ငါတို့နေတဲ့ခြံတော့ ဟန်မပျက်လေးထားပေးပါ၊ အတိုးနဲ့ အရင်းကို ငါ ဖြည်းဖြည်းချင်း"



"ဆောရီးပဲ ကြီးကြီးမော်၊ ဒီတစ်ပတ်အတွင်းမှ မဆပ်နိုင်ရင် အိမ်ပေါ်ကဆင်းပေးပါ၊ မဆင်းပေးချင်ဘူးဆိုရင်တော့"

မျက်တောင်တွေကို စင်းချသည်။ ချာချာက မျက်နှာကို ဟမင်ခပ်မော့မော့လုပ်ထားတာမို့ ခပ်ကျောကျောပုံစံက ထင်းခနဲ။ ကောင်း စိုက်ကြည့်ရင်း ရင်ထဲ မလိုမုန်းထားစိတ်က ကြီးကျယ်ပြည့်နှက်လာ၏။

ကိုယ့်ခြေဖဝါးအောက်က မော်ကြည့်ဖို့မပြောနဲ့။ တစ်သက်လုံး မျက်လွှာတောင် ပင့်မကြည့်ရဲတဲ့ မိန်းမက

အခုတော့ နတ်သမီးတစ်ပါး ကိုယ်ထင်ပြသလို ကျော့မော့နေတာများ အနက်ရောင် ပိုးဂါဝန်က ရင်ဘတ်အပေါ်တစ်ဝိုက်ရှင်းနေပြီး ကြိုးသေးသေးလေးက ပခုံးချိတ်ရုံလေး။

လည်တိုင်ကျော့မှာ တစ်တန်းသွားစိန်လည်တုံ၊ နားမှာ အပွင့်ခပ်ကြီးကြီး စိန်နားကပ်။ လက်ကောက်ဝတ်မှာ ရွှေနဲ့ကွင်းပတ်ထားတဲ့ စိန်လက်ပတ်ကြီးက လှုပ်ရှားမှုတိုင်းမှာ အရောင်လက်နေစေသည်။

စိန်တွေ စီခြယ်မှုန်းထားတဲ့ ချက်ချက်ချာရဲ့ မျက်နှာဟာ အရင်ထက်ပိုတဲ့ မာနတွေနဲ့ ခက်ထန်လို့။

"ချာချာ့အဖေအရင်း ဦးနေရောင်ကို ကြီးကြီးမော်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားခဲ့သမျှ အမှန်အတိုင်းဝန်ခံပေးပါ''

''ဝန်ခံမပေးနိုင်ဘူး ချာချာ၊ နင်က ဖေဖေ့သမီးနေရာကို ဘာတွေမက်ပြီး ဒီလောက် အသည်းအသန်လိုချင်နေတာလဲ''

ကောင်းက ငြိမ်ပြီးနားထောင်မနေနိုင်။ ဒေါသဖြစ်လွန်း၍ နှလုံးသည် တဆတ်ဆတ်တုန်၍နေပြီ။ ဆက်ပြီးသာ ပါးစပ်ပိတ် နေရမည်ဆိုက နှလုံးရိုက်လွန်း၍ ရင်ကွဲပြီး သေနိုင်ဖွယ်ရာရှိပါ သည်။

''ဟာ ဟ ကောင်းရယ်၊ နင့်မေးခွန်းက ရယ်စရာ ကောင်းလိုက်တာ၊ မက်ရအောင် ငါ့အဖေရဲ့ စည်းစိမ်တွေက နင် တို့တွေ ဖြုန်းလို့ကုန်ပြီလေ၊ ငါကတောင် ပြန်ပေးရဦးမှာ၊ ငါဖြစ် စေချင်တာက ငါ့အမေဆီက တောက်လျှောက်အခွင့်အရေးတွေယူ ခဲ့တဲ့ နင့်အမေ၊ တစ်ခါလောက် အရှုံးဆိုတာ ခံစားကြည့်စေချင် လို့''

''ဘာအရှုံးလည်း၊ ဘာအရှုံးမှ မရှိဘူး၊ ဘာမှ ခံစားစရာ မလိုဘူး၊ ကောင်မ လူပါးဝလို့၊ နင်က''

ဒေါသက ကောင်းကို ဝုန်းခနဲ ရှေ့သို့ တွန်းထုတ်ပါ သည်။ စိတ်ထဲဘာမှမသိ။ အသိတစ်ခုလုံး ပြာခနဲ။ အခုအချိန်မှ ချက်ချက်ချာကို နာကျင်စေချင်တဲ့စိတ်က ခန္ဓာကိုယ်မှာ အမြဲ အကြီးဆုံး။

ရိပ်ခနဲ လက်ဝါးတစ်ဖက်မြောက်တက်သွားသည်။



ရည်ရွယ်ရာက ချက်ချက်ချာရဲ့ပါးပြင်ဆီ။ သို့ပေမယ့် ရုတ်ခြည်း ဆောင့်တွန်းခံလိုက်ရသူက ကောင်း။

''ဟယ် သမီးကောင်း''

မာမီက အခန်းထောင့်ထိ လွင့်စင်သွားသော ကောင်းကို လာဆွဲထူသည်။ ချက်ချက်ချာရှေ့၌ မြင်ရသူက ဦးစေညွန့်။

''ခင်ဗျားတို့ ယဉ်ကျေးမလားလို့ မျှော်လင့်ပြီး ချာချာ့ကို တစ်ယောက်တည်း လွှတ်မိတာ ကျုပ်အမှားပဲ၊ သက်ဆိုင်ရာကပဲ ဒီအိမ်ကိစ္စကို ဆက်ပြီး စကားပြောတာပေါ့''

စေညွန့် အေးစက်မာထန်သော စကားသံက အာဏာရှင် ဆန်သည်။ မျှော်လင့်မထားသော ချာချာတောင် စေညွန့်စကားသံ ထဲ မိန့်မူးလို့။ စေညွန့် ချာချာ့ကို ဆွဲခေါ်လာပြီး ကားပေါ်တက်စေ သည်။ ထို နေကောင်းကင်ခြံကြီးထဲမှ မောင်းထွက်လာတဲ့အထိ ချာချာတို့ စကားတစ်ခွန်းမှမဆိုဖြစ်။

ဖြတ်ကျော်လာတဲ့ လမ်းတွေ။ ကားတွေကို ချာချာ အသိမဲ့ စွာ ငေးမောနေမိသည်။ ချာချာနားထဲ ကြားယောင်နေတာက ဦးနေရောင် ပြန်ရောက်တော့မယ်တဲ့။

ခြံစောင့်ကြီးက ကြီးကြီးမော်တို့သားအမိအလစ်မှာ ပေးလိုက်တဲ့ သတင်းစကား။ ပြီးတော့ ကြီးကြီးမော်ပြောတဲ့စကား။

''ဒီပတ္တမြားလက်စွပ်တစ်ကွင်း၊ ဒိုင်ယာရီတစ်အုပ်ဟာ ညည်းစိတ်ကူးယဉ်အိပ်မက်တွေကို အကောင်အထည် ပေါ်မလာနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ချက်ချက်ချာ”

ဟုတ်သည်လေ။ ဖေဖေဟာ ချာချာကို သမီးအရာပေး ပါ့မလား။ လက်ခံပါ့မလား။ တစ်ဘဝလုံးစာအတွက် ချာချာဘက် က အာမခံချက်က ဒီလက်စွပ်နဲ့ ဒိုင်ယာရီပဲရှိခဲ့တာ။

အခြေအနေမှန်ကို ပြောပြနိုင်တဲ့ အမေ။ နောက် အဘိုး အဘွား။ ပြီးတော့ ကျွေးဖခင် ဦးကျော်ထွေး။ အို ဘယ်သူရှိတော့ လို့လည်း။ တကယ်တမ်း တွေးကြည့်၍ ဟောဒီလောကကြီး အလယ်မှာ ချာချာတစ်ယောက်တည်းရယ်။

“ဟော့ ချက်ချက်ချာ”

ဘေးကခေါ်မှ သတိဝင်လာသည်။ စေညွန့်က ကားကို ကန်စပ်တစ်ခု၌ ထိုးရပ်ထား၏။ အရိပ်ကောင်းသော သစ်ပင် အောက် ကန်စပ်က ဖြတ်တိုက်လာသော လေနုအေးတွေဟာ သာမန်လူတွေအတွက် စိတ်ကြည်လင်ချင်စရာ။

ဒါပေမဲ့ အရာရာဟာ ချာချာအတွက်တော့ လွမ်းဆွတ်ဝမ်း နည်းချင်စရာ ကြေကွဲမှုအတိ။

“မင်း ဘာဖြစ်နေတာလဲ ချက်ချက်ချာ”

ထိုမေးခွန်းပိုင်ရှင်ရဲ့ ကရုဏာရိပ်စွန်းသော အကြည့် အောက် ချာချာ တင်းမခံနိုင်တော့။

ပိုးပိုးပေါက်ပေါက်ကျလာသော မျက်ရည်တွေနှင့်အတူ

“ဦးစေညွန့် ချာချာ ချာချာလေ စိုးရိမ်နေမိတယ်၊ ပြီးတော့



ကြောက်တယ် ဦးစေညွန့်ရယ်၊ ချာချာ့ကို ဖေဖေ လက်မခံနိုင်မှာ၊ ချာချာ့ကို မောင်းထုတ်လိုက်မှာ ချာချာကြောက်တယ်၊ ချာချာ့ဘဝ မှာ ဒီမျှော်လင့်ချက်လေးနဲ့ ချာချာ အသက်ရှင်နေတာပါ၊ ချာချာ တစ်ယောက်တည်း ဘဝကို အကာအကွယ်မရှိ ဖြတ်သန်းရမှာ ကြောက်လွန်းလွန်းလို့ပါ ဦးစေညွန့်ရယ်”

ချာချာမျက်နှာတစ်ခုလုံး မျက်ရည်တွေရွှဲနစ်နေပြီ။ နှာသီး ဖျားတွေ ရဲရဲနီတဲ့အထိ။ နှုတ်ခမ်းဖူးတွေ ဆတ်ဆတ်တုန်ခါတဲ့အထိ ကူကယ်ရာမဲ့ ပြိုလဲနေတဲ့ မိန်းကလေး။

“ချာချာရယ်”

စေညွန့် ပခုံးစွန်းလေးကိုဆွဲယူပြီး ရင်ခွင်ထဲသွင်းလိုက်မိ ပြီ။ ချာချာ ကလေးငယ်တစ်ယောက်ရဲ့ အားကိုးမှုလို စေညွန့်ရင် ခွင်ထဲ မျက်နှာအပ်ပြီး ငိုတာ သည်းထန်စွာ။

ပခုံးစွန်းတွေ ဆတ်ဆတ်တုန်ခါတဲ့အထိ ရှိုက်ငင်နေတဲ့ ဒီချာတိတ်မလေးကို စေညွန့် ဘယ်လိုနှစ်သိမ့်ရမှာပါလိမ့်။

စေညွန့်ဟာ ချာချာကျောပြင်ကို ခပ်ဖွဖွပွတ်သပ်ပေးရင်း

“လောကကြီးမှာ မင်းတစ်ယောက်တည်း မဟုတ်ဘူး လေ ချာချာရယ်၊ ကိုလည်းရှိပါတယ်၊ ဉာဏ်ကြီးလည်းရှိတယ်”

“ဦးစေညွန့်နဲ့ ချာချာက စာချုပ်သက်တမ်းပြီးရင် လမ်းခွဲ ရမှာကို”

ရှိုက်သံမစဲဘဲ ချာချာပြောသည်။ ချာချာကြားချင်တာက

www.burmeseclassic.com

www.burmeseclassic.com



ခွဲစရာမလိုတော့ပါဘူးဆိုတဲ့ သူ့ထံက ကတိစကား။ စေညွှန်ရင်ခုန်သံအကြောင်းတွေကို ပြောစေချင်တာ။ ဒါပေမဲ့ ချာချာ တကယ်တမ်း ကြားခွင့်ရတာက…

"အေးလေ ဒါကလည်း ထည့်မတွက်လို့မှမဖြစ်တာ၊ ဒါပေမဲ့ စိတ်မပူပါနဲ့ ချာချာရယ်၊ ဒီခေတ်ကြီးထဲမှာ DNA တွေလည်းရှိနေပြီ၊ နောက်ဆုံး ဦးနေရောင် ငြင်းခဲ့ရင် ပြောတာပါ၊ ဒါပေမဲ့ မိဘနဲ့သားသမီးကြားမှာ မမြင်ရတဲ့ သေချာမှုတစ်ခုရှိတယ်လေ၊ သွေးကစကားပြောလာမှာပါ"

"ဒါဆို ဖေဖေက ချာချာ့ကို လက်ခံမယ်ပေါ့နော် ဟုတ်လား"

ချက်ချင်း ရင်ခွင်ထဲမှ ကြုံးထ။ မျက်ရည်မခြောက်တခြောက်နဲ့ မေးပုံက စေညွှန်ရင်၌ နှင်းဆီတွေ အပြိုင်းအရိုင်းထပွင့်ကုန်သလို။ ခပ်မော့မော့လေးမို့ မျက်နှာနှစ်ခုက နီးကပ်စွာ။

ချာချာ့ပါးပြင်ပေါ် ယှက်သမ်းနေတဲ့ စိမ်းပြာရောင်သွေးကြောမျှင်လေးတွေ။ နှုတ်ခမ်းအပေါ်က ရွှေရောင်မွေးညှင်းနုလေးတွေ။ သဘာဝဆန်စွာ နီရဲစိုကြွနေတဲ့ နှုတ်ခမ်းသားတွေ။

စေညွှန့်စိတ်က တစ်ချက်လေးလွတ်ထွက်သွားသည်။ ရင်ခုန်သံ ဦးဆောင်ရာနောက်သို့ ဦးခေါင်းကို နှိမ့်ချလိုက်၏။ နွေးထွေးနီရဲသော နှုတ်ခမ်းသားတွေနှင့် ထိလုထိဆဲအချိန်မှာပင်။

စေညွှန့်အသိစိတ်က လျှပ်စီးလက်သလို ပြိုခနဲ လင်း



ပြီး ခန္ဓာကိုယ်၌ ခိုကပ်လာ၏။

"ဆောရီး"

ချာချာက မျက်လုံးဖွင့်ကြည့်သည်။ အို ချာချာအဖြစ်က ဂုက်စရာ။ စေညွှန့်အနမ်းကို မျှော်လင့်ပြီး မျက်လုံးတွေတောင်မှိတ်ထားပေးမိတဲ့အထိ။ သူ့ရဲ့ရီဝေဝေအကြည့်ထဲ၌ ချစ်ခြင်းတစ်စွန်းတစ်စမြင်ရ၏။

"မင်း မပေးနိုင်တာကို ကိုယ် တောင်းမိပြန်ပြီ၊ ဆောရီးပါ ချာချာ၊ ကိုယ် တကယ် အနူးအညွတ် တောင်းပန်တာပါ"

စေညွှန့် ပြောချင်ရာပြောပြီး ကားစက်နှိုးကာ မောင်းထွက်ခဲ့သည်။ ကြည်နူးခြင်းသည် အငွေ့ပျံပြီး ထိုကန့်စပ်လေး၌ ကျန်ရစ်ခဲ့ပြီ။ ချာချာက စေညွှန့်ဘက်မလှည့်တော့။

ကားပြတင်းပေါက်ဖက် လှည့်ထိုင်သည်။ အပြင်ရှုခင်းတွေကို ကြည့်ပေမယ့်မမြင်။

ဘာတဲ့ မပေးနိုင်တာ တောင်းမိပြန်ပြီတဲ့။ ချာချာက မပေးဘူးပြောခဲ့လား။

စေညွှန့်ကရော တောင်းခဲ့လို့လား။ အလကား သတ္တိမရှိတဲ့လူကြီး။ အချစ်ကို နားမလည်တဲ့လူကြီး။

တကယ်ဆို ချာချာ့မျက်ဝန်းတွေ စေညွှန့် ဖတ်တတ်ရင်။ အို နေပါစေ စေညွှန့်မှ မချစ်တတ်တာ။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မနေ့ကမှ ပြန်ရောက်တာ၊ ဒီနေ့ အိမ်မှာ နားနားနေနေ နေပါဦးလား ကိုကိုရယ်"

"ဟုတ်သားပဲ ဒက်ဒီကလည်း၊ ကောင်းတို့နဲ့ သုံးလကြီးများတောင် ခွဲနေတာ"

သမီးနဲ့မိန်းမစကား နားမထောင်ဘဲ ဦးနေရောင် ဒီနေ့ ဆေးခန်းလာထိုင်တာပါ။ အခုမှ ခေါင်းထဲက မူးနောက်နောက်ရဲ့။

"အင်း ခရီးပန်းတာပဲနေမယ်၊ မောင်ညွန့်ရေ"

"ဗျာ ဆရာကြီး"

ဦးနေရောင်တပည့်လေးက ခပ်ပျာပျာနှင့် အခန်းထဲ ဝင်လာသည်။ လက်ထဲ၌ အဖြူရောင်ပါကင်ပုံးတစ်ပုံး ကိုင်လျက်သား။

"ပေးရှင့်ရှိသေးလား"



"တစ်ယောက်တော့ကျန်သေးတယ် ဆရာကြီး၊ ဆရာကြီး ပေးရှင့်အဟောင်းပဲ၊ ဒီနေ့ ဆရာကြီး လာမယ်ဆိုလို့ ဘွတ်ကင်ယူထားတာ"

"ဪ အဲဒါဆိုလည်း စောင့်လိုက်မယ်လေကွာ၊ ကိုယ့်ကို Juice တစ်ခုခုလောက်လုပ်ပေးစမ်းပါ၊ ခရီးပန်းလာလို့နဲ့တူတယ်၊ မူးနောက်နောက်နဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

ပြောပြီး မောင်ညွန့်က လှည့်ထွက်မသွား။ ဦးနေရောင် စားပွဲဆီလာပြီး အဲဒီအဖြူရောင်ဗူးလေးကို လာချသည်။

"ဒါ ဘာလဲကွ"

"ဟို ကျွန်တော်လည်းမသိဘူး၊ ဆရာကြီးလက်ထဲ ထည့်ပေးပါတဲ့"

"ဘယ်သူကလဲ၊ ရှိသေးလား ခေါ်လိုက်လေ၊ ပေးရှင့် တစ်ယောက်ယောက်ကများ လက်ဆောင်ပေးတာမျိုးလား"

"မဟုတ်လောက်ဘူး ဆရာကြီးရဲ့၊ ကောင်မလေးက ငယ်ငယ်လေးပဲ၊ ကျောပိုးအိတ်တစ်လုံးနဲ့၊ ဟို နာမည်တော့အဆန်းပဲ ဆရာကြီးရဲ့၊ ချက်ချက်ချာတဲ့"

မောင်ညွန့်စကားအဆုံး ဦးနေရောင် မျက်ခုံးနှစ်ဖက် စုကျုံ့သွားသည်။ နှုတ်ဖျားမှ

"ချက်ချက်ချာ ဘာကိစ္စပါလိမ့်၊ ဒီကို တကူးတက

www.burmeseclassic.com

www.burmeseclassic.com



အောင် ဒီအခန်းထဲ ဝင်တွေ့လည်းရတာပဲကို''

''ကျွန်တော် ပြောပါသေးတယ် ဆရာကြီးရဲ့၊ သူက မဝင်တော့ဘူးဆိုလို့''

''အေး အေး ပြီးတာပါပဲ၊ မင်း Juice တစ်ခွက်သာ လုပ်ခဲ့''

''ဟုတ်ကဲ့ ဆရာကြီး''

မောင်ညွှန့်ထွက်သွားတာနဲ့ ဦးနေရောင် အချိန်မဆွဲတော့။ ပက်ကင့်ဗူးကို စဖွင့်သည်။ တကယ်ဆို ချာချာဟာ ကိုယ့်သမီးနှင့် မခြား ချစ်ခဲ့ရသူ။

သို့ပေမယ့် မော့်မျက်စောင်းဒဏ် မခံနိုင်တာရယ်။ လူသူ ရှေ့မရှောင် စိတ်ထဲရှိရာ ခွတ်ရွတ်ပြောတတ်တဲ့ မော့်အကျင့်ကြောင့် မီးမီးသိက္ခာငဲ့ကွက်ပြီး သူ ခပ်စိမ်းစိမ်းနေခဲ့ရတာ။

မီးမီးဆုံးတဲ့သတင်းကြားတော့ ဦးနေရောင် နိုင်ငံခြား ရောက်နေပြီ။ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့။ မီးမီးဟာ ဦးနေရောင်တစ်သက်တာမှာ တစ်ခါမှ မပေါ်ပေါက်ဖူး သော အချစ်မျိုးနဲ့ ချစ်ခဲ့ရသူ။

ထားပါတော့လေ။ ပြီးတာတွေ ပြန်မတွေးချင်တော့ပါ ဘူး။ သူစိမ်းနှစ်ယောက် ပေါင်းဖက်တဲ့နေရာမှာ ဖူးစာဆိုတာ အရေး ကြီးတာမျိုးမဟုတ်လား။ ဦးနေရောင်ဟာ ထိုပက်ကင်ဗူးလေးကို ဖွင့်ရင်း စိတ်တွေကို ပျံ့လွင့်ခွင့်ပေးထားသည်။



တိမ်မျှင်စတွေလိုပေါ့။ ပတ်ကင်ဗူးပွင့်သွားပြီး အထဲမှာ နောက်ထပ် ဂွမ်းစထူထူလေးနဲ့ထုပ်ထားတဲ့ အထုပ်လေးရယ်၊ အညို ရောင် ဒိုင်ယာရီရယ်။

ဦးနေရောင်ရဲ့ မျက်ခုံးထူထူတွေက ထိလုမတတ် ပိုကျုံ့ သွား၏။ ဂွမ်းထုပ်လေးကို ဂိတ်ဝင်စားခြင်းများစွာနဲ့ ဖြည်ကြည့် သည်။

''ဟင်''

ဦးနေရောင်နှုတ်မှားက ထွက်လာတာမဟုတ်။ ရင်ထဲက ထွက်သော အာမေဋိတ်။ ဦးနေရောင် တစ်သက်မမေ့နိုင်သော ပတ္တမြားလက်စွပ်။ တုန်ရီသောလက်ဖြင့် လက်စွပ်ကွင်းလေးထဲ လှည့်ကြည့်လိုက်သည်။ N စာလုံး အသားတံဆိပ်။

''ဒီ ဒီလက်စွပ်က''

ထိုစကားပဲပြောနိုင်သည်။ အတိတ်က ပုံရိပ်ဝေဝါးဝါးက ဦးနေရောင်ထံ အပြေးအလွှားဝင်ရောက်လာ၏။

ဦးနေရောင် ဒိုင်ယာရီစာအုပ်ကို အလျင်စလို လှန်ဖတ် သည်။ မီးမီးရဲ့ ရင်ဖွင့်သံတွေများလားလို့။ ဦးနေရောင် ထင်ထား တာနှင့်တလွဲ။ လွဲတာမှ ဦးနေရောင် တစ်ဘဝလုံးစာလွဲခဲ့တာ။

စာအုပ်ထဲမှ ဦးနေရောင် ရင်းနှီးခဲ့သော မော့်လက်ရေး တွေက သက်သေ။ စိတ်လှုပ်ရှားစွာ ထိုင်ရာမှ ဝုန်းခနဲ ထရပ်သည်။ ဘာရီနှင့်စာအုပ်က လက်ထဲကိုင်လျက်သား။

www.burmeseclassic.com

www.burmeseclassic.com



ဦးနေရောင် မှတ်မိထားသော မီးမီးရဲ့နေအိမ်ဆီ။ ထိုအိမ်မှာ ချက်ချက်ချာရှိမည်။ ဦးနေရောင်တစ်သက်လုံး မပြေလည်တဲ့ ပုစ္ဆာ အဖြေရှိမည်။

ဦးနေရောင်အခန်းထဲက ပြေးထွက်သည်။ အခုမှ ဖျော်ရည်ခွက်လေးနှင့် အခန်းထဲဝင်လာသော မောင်ညွှန့်နှင့် ဝင်တိုက်မိတော့မလို။

"ဟာ ဆရာကြီး၊ ဒါက ဘယ်"

"ငါ အပြင်ခဏ"

ရေးကြီးသုတ်ပျာ ဆရာ့ဟန်ကြောင့် သူပါ အူကြောင်ကြောင်ဖြစ်သွားရင်း…

"ဆရာကြီး ပေးရှင့်က"

"လက်ထောက်ဆရာဝန်နဲ့လွှဲလိုက်"

မောင်ညွှန့်က အံ့သြမဆုံး။ ပေးရှင့်ဆို အလေးထားပြီး အမြဲစောင့်ဆိုင်းတတ်တဲ့ သူ့ဆရာကြီး အခု ဘာကြောင့်များ ပြောင်းလဲသွားရတာပါလိမ့်။

"ဒီကောင်မလေးကွာ ထင်ရာစွတ်လုပ်သွားတယ်၊ အမှန်ဆို ငါတို့နဲ့တွေ့ပြီး အကျိုးအကြောင်းပြောခဲ့ရမှာ၊ အခုတော့ စာချုပ်သက်တမ်းမစေ့ပေမယ့် သူ ဆက်နေစရာမလိုလို့ ထွက်သွားပါပြီတဲ့၊ စာလေးတစ်ကြောင်းထဲရေးပြီး ထွက်သွားတာနဲ့ ပြီးရောလား၊ ဟော့ကောင် စေညွှန်"



ညဏ်သစ်ဟာ ဒေါသထွက်ထွက်နဲ့ စေကြီးတွေဘာတွေ မခေါ်နိုင်တော့။ ကိုယ်ကတော့ သူ ကျန်ရစ်ဖြစ်ပြီဆိုပြီး စိတ်မကောင်းတွေဖြစ် ဒေါသတွေထွက်နေတာ။

သင်းကတော့ အေးအေးဆေးဆေး။ ဟိုကောင်မလေး ပြန်ပေးသွားတဲ့ ပိုက်ဆံတွေကို ထပ်ခါရေတွက်။ ပြက္ခဒိန်ကရက်တွေရေတွက်ပြီးနောက် ပြုံးစေ့စေ့နဲ့ တစ်ကိုယ်တော် အလုပ်ရှုပ်နေတာပါ။ ညဏ်ကြီးက စိတ်တိုတိုနဲ့

"ဟော့ကောင် ဒီမှာ ငါ့ကိုကြည့်ဦး"

"ဘာလဲကွာ၊ မင်းက တော်တော်ရစ်တဲ့ကောင်ပဲ"

"မဟုတ်ပါဘူး၊ ငါ မေးပါရစေဦး၊ မင်းအတွက် ဒီပိုက်ဆံတွေက တော်တော်အရေးကြီးသလား၊ ငွေတစ်သောင်းခွဲထက်မပိုတဲ့ငွေနဲ့ ချာချာ ထွက်သွားတာနဲ့ ဘယ်ဟာ ပိုအရေးပါသလဲ"

"တစ်သောင်းခွဲမဟုတ်ဘူးကွ၊ ရှိရမှာ တစ်သောင်းခြောက်ထောင့်ငါးရာ၊ အခု ဒီမှာရှိတာ တစ်သောင်းခွဲဆိုတော့"

"ဘာလဲ ထောင့်ငါးရာကွာနေတာ မင်းက နှမြောနေတာလား၊ ကပ်သီးကပ်သတ်ကွာ၊ ထောင့်ငါးရာကိုများ"

"အေး အဲဒီ ထောင့်ငါးရာပဲ ငါ ပြန်လိုက်တောင်းရမှာ"

"ဘာ မင်း ဟော့ကောင် စေညွှန်၊ မင်းတော့ ချက်ချက်ချာနဲ့ပေါင်းပြီး ကိုငွေခင်ဖြစ်သွားပြီလား မသိဘူး၊ ငွေလေး ထောင့်…းရာကိုများကွာ၊ မင်းက ရေးကြီးခွင်ကျယ်လုပ်လို့"

www.burmeseclassic.com

www.burmeseclassic.com



စေညွှန်နောက်ပါးမှာ ဉာဏ်သစ်ရဲ့ စကားသံတွေက တိုးရှပါးလျှစွာ။ ကောင်မလေးရေ တခြားသူတွေ မသိတဲ့ဆက်သွယ်မှုကို ကိုယ်တို့နှစ်ယောက်သာ နားလည်တယ်နော်။

မင်း သိမ်းယူသွားတဲ့ ထောင့်ငါးရာဟာ ကိုယ်စိုက်ပျိုးခဲ့တဲ့ ချစ်ခြင်းဆိုရင်

ကိုယ်ပဲ ပြန်ရိတ်သိမ်းဖို့တာဝန်ရှိတယ်။

◇ ◇ ◇



## အခန်း (၂၇)

"သမီးရယ်"

ဦးနေရောင်ဟာ မချိတင်ကဲအသံဖြင့် ရေရွတ်သည်။ ပြီးမှ ချာချာ့ဦးခေါင်းလေးကိုဆွဲယူပြီး ရင်ထဲ ထွေးပွေ့ထား၏ ချာချာ ပျော်ပါသည်။

အပျော်လွန်၍ မျက်ရည်တွေကျတာမှ ပိုးပိုးပေါက်ပေါက်။ ချာချာ မျှော်လင့်သော အရိပ်အာဝါသတစ်ခု ချာချာ တကယ်ရရှိခဲ့ပြီ။

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"ဘာအတွက်လဲ သမီး"

"ချာချာ့ကို အသာတကြည် လက်ခံတဲ့အတွက်ပါ"

"သမီးက ဖေဖေ့သမီးပဲ၊ ဖေဖေက ဘာကြောင့် ငြင်းရမှာလည်း၊ မီးမီးကွာ တကယ်မကောင်းဘူး၊ ဖေဖေတို့သားအဖကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲထားခဲ့တယ်၊ ဖေဖေကိုယ်တိုင်ကလည်း ညံ့တာပါ၊ မျက်စိရှေ့မှာ ကိုယ့်သမီးလေးကို အနှစ် နှစ်ဆယ်စလုံး ဥပေက္ခာပြုထားမိခဲ့တာ”

“အဖေ့အပြစ်လည်း မဟုတ်ဘူး ဖေဖေ၊ အဲဒီအချိန်မှာ အမေ့က ငွေကြွက်စရာတွေ အများကြီးရှိခဲ့တာကိုး၊ ဖေဖေ့ကိုလည်း ချာချာ အပြစ်မတင်ပါဘူး၊ ဖေဖေက ဘာအကြောင်းကိုမှ မသိခဲ့တဲ့လူလေ”

ဦးနေရောင်က သူ့ဒူးပေါ် လက်နှစ်ဖက်ယှက်တင်။ ထိုပေါ်မှာ မေးလေးတင်ပြီး မော့မော့လေးပြောနေတဲ့ သမီးကို ကြင်နာခြင်းများစွာနှင့် စိုက်ကြည့်နေခဲ့သည်။

သမီးက အသားဝင်းဝင်းလေးမှာ မျက်ခုံးထူထူထင်းထင်းလေ။ နှာတံက တဖြောင့်တည်းစင်းပြီး အဖျားမှာ ကော့သွားတာတွေ နောက် မျက်နှာကျသွယ်တာနဲ့ အရပ်ရှည်တာတွေဟာ ဦးနေရောင်နဲ့ တထပ်တည်း။

မျက်လုံးရဲ့ အသက်ဝင်ပုံ။ နှုတ်ခမ်းလေးတွေ လှပပုံကတော့ မီးမီးထံမှ အမွေရတာဖြစ်မည်။ ဦးနေရောင်ကိုယ်တိုင်ကလည်း ယောကျ်ားပီသချင်တဲ့ စိတ်တစ်ခုကြောင့် ထူထောင်ခဲ့ရတဲ့ အိမ်ထောင်မှာ စိတ်မပါတာတော့အမှန်။ ဒါပေမဲ့ မော်ဟာ ပရိယာယ်ကြွယ်သူ။ မာယာများသူပီပီ နေကောင်းကင်ဆိုတဲ့ သားသမီးသံယောဇဉ်ကြိုးနဲ့ တင်းတင်းချည်ခဲ့တာမို့ ဦးနေရောင်မှာ မလူးသာမလွန့်သာ။





တကယ်ဆို ဒီပြဿနာအရင်းအမြစ်က မော်။ မော်သာ ဝင်မနှောက်ခဲ့ရင်

“ဒီကိစ္စတွေအကုန်လုံး သမီးကြီးကြီးမော် သိတယ် မဟုတ်လား”

ဖေဖေ့အမေးကို ချာချာ ချက်ချင်းပြန်မဖြေ။ ချာချာ ့ဖြေဟာ ထိုမိသားစုမှာ ကြီးမားသော ရိုက်ချက်ဖြစ်သွားမှာ စိုးလှပါသည်။

“အမှန်အတိုင်းဖြေလေ သမီး၊ သမီး ခုနက ဖေဖေ့ကို ရှင်းပြတဲ့အထဲမှာ ပါသွားပြီလေ၊ သမီးရောက်လာတော့ ဖေဖေ နိုင်ငံခြားထွက်သွားပြီဆို၊ အဲဒီအချိန်မှာ မော် ကျန်ခဲ့တာပဲ၊ မော် သိတယ်မဟုတ်လား”

ချာချာ မငြင်းတော့။ ခေါင်းညိတ်ပြလိုက်သည်။ ဖေဖေ့ထံမှ ပြင်းရှသော သက်ပြင်းရှိုက်သံနှင့်အတူ

“ဖေဖေနဲ့သူ ဖုန်းအဆက်အသွယ်ရှိတာတောင် မပြောခဲ့ဘူး၊ အင်း မော် မော် တော်တော့်ကို မစ္ဆရိယစိတ်ပြင်းထန်တဲ့ မိန်းမပဲ၊ ဒါကို အစောကြီးကတည်းကလည်း ဖေဖေ ရိပ်မိပါတယ်”

“ပြီးခဲ့တာတွေ ထားပါတော့ ဖေဖေ၊ အခုလည်း ချာချာတို့သားအဖ ပြန်ဆုံရပြီပဲ၊ ချာချာ ကျေနပ်ပါတယ်”

ဖေဖေက ချာချာဦးခေါင်းလေးကို ခပ်ဖွဖွပွတ်ရင်း

“သမီး ဖေဖေနဲ့ လိုက်နေမလား၊ အင်း ခေါ်မယ့်သာခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ နေကောင်းကင်ဂေဟာက အခုဆို သမီးပိုင်ပဲဥစ္စာ၊ ဖေဖေတို့ကိုတောင် သမီးက ပြန်ခေါ်ထားတဲ့ အနေအထားမျိုး''

ဦးနေရောင်က အိမ်ကိစ္စအကြောင်းစုံသိပြီးပြီ။ ထို့ကြောင့် မျက်နှာပူစွာ ပြောရခြင်းပါ။ ဘဝ၌ ဒီသမီးအလိမ္မာလေးပေါ်လာတာကိုက ဦးနေရောင်အတွက် စိတ်ဖြေသိမ့်စရာကောင်းနေပြီ။

ကိုယ်က မတောင့်မတ ထားရက်နဲ့ မနေချင်သော ဒ်မနုးမမျိုးကို သူ့ထိုက်နှင့်သူ ကံဆိုပြီး ပစ်ထားလိုက်ချင်ပြီ။ ချာချာကတော့ ဒီလိုမဟုတ်။

''အဲဒီလို အတွေးမျိုး စိတ်ထဲမထားပါနဲ့ ဖေဖေ၊ ဖေဖေ့ကို ချာချာ ကျေးဇူးဆပ်ခွင့်ရတယ်လို့ပဲ သဘောထားတာပါ၊ ချာချာက နဂိုက နေခဲ့တဲ့အိမ်ကြီးကို ပြောင်းလာမယ်လေ၊ ဖေဖေနဲ့လည်း ခြံချင်းကပ်ရက်ပဲကို၊ အဲဒီအိမ်စာချုပ်နဲ့ဂရန်ကို ဖေဖေပြန်ရင်ယူသွားပြီး ကြီးကြီးမော်ကို ပေးလိုက်ပါ''

''ဖေဖေ ပြန်မယ်လို့ သမီးကို ဘယ်သူပြောလဲ''

''ရှင် ဖေဖေက''

ချာချာမှာ တအံ့တဩလေး။ ဦးနေရောင်က သမီးဖြစ်သူရဲ့ မေးဖျားလေးကို ချစ်စနိုးနဲ့ ဆွဲခါယမ်းရင်း

''ဟိုဘက်ခြံကို သမီးမပြောင်းခင်အထိ ဖေဖေ ဒီမှာနေမှာပေါ့ သမီးရယ်၊ အနှစ် နှစ်ဆယ်ကွဲကွာနေတဲ့ သားအဖတွေပဲ ခြင်းလေ''



ချာချာသည် မျက်ရည်တွေ ဝေ့လည်လာတဲ့အထိ ကြည်နူးခြင်းက စိမ့်ဝင်သွားရပြီးမှ

''ကျေးဇူးတင်ပါတယ် ဖေဖေ''

လို့ပြောသည်။ ပြောပြီးမှ ချာချာရင်ဘတ်ထောင့်တစ်နေရာမှာ တစ်စုံတစ်ယောက်ကို တောင့်တသံမြည်ဟီးလာ၏။

အို ချာချာ့ဘဝ မပြည့်စုံသေးတာ အသေအချာပါ။ ဒါကိုသူသိပါလေစ။ ချာချာယူခဲ့တဲ့ ထောင့်ငါးရာကိုလေ။ တွေးရင်းက

လှစ်ခနဲခုန်သည်။

ဖူးစာသာပါခဲ့မယ်ဆိုရင် ထပ်တွေ့ဖို့ မျှော်လင့်ပါသည်။

◇ ◇ ◇

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ကျစ် အခေါ်ကြီး ကွိုင်မရှာနဲ့၊ ဒါ တမင်လုပ်တာမဟုတ်ဘူး"

"ဟဲ့ တမင်လုပ်ကြည့်ပါလား၊ စိန်ပွင့်တဲ့ တစ်ပွင့်တည်း ရှိတယ်၊ နင် ကားမောင်းတာ မျက်စိဖွင့်မောင်းတာမဟုတ်လား"

"မျက်စိမှိတ်မောင်းတယ်လို့ ကြားဖူးသလား"

"သိနိုင်ဘူးလေတော်၊ ကျုပ်ဟာကျုပ် လျှောက်လာတာ၊ တော်က တည့်တည့်ဝင်တိုးတာကိုး၊ ကဲ ပေးလျော်ကြေး"

"ဘယ်လောက်လဲ ပြော"

"တစ်သောင်းခွဲ"

ချာချာ လှမ်းလက်စ ခြေလှမ်းတွေတုန့်သွားသည်။ ရင်က ထိန်းမရအောင် တဖျတ်ဖျတ်ခုန်လာ၏။ ဒီလိုမျိုးဖြစ်ဖူးတာ အဲဒီ အတွေး တွေးရုံနဲ့ ခြေလှမ်းတွေက ရွေ့လျားသွားပြီ။

မျှော်လင့်ခြင်းကြောင့် လူက တိမ်တစ်စလို လွ



ပေ့ါပါးလို့။ စိတ်ပါ ပေါင်းစွက်တဲ့အခါ နှုတ်ခမ်းဖျားမှာ အပြုံး ထင်လာ၏။ နောက်ကျောဘက်က မြင်ရတာ ကုတ်အင်္ကျီဝတ်ထားတဲ့ ကျောပြင်။ အို ဟုတ်ပါတယ် သူပါပဲ။

ချာချာ တည့်မတ်စွာ မရပ်နိုင်တော့။ ဒူးတွေ ညွတ်ကျလုနီးပါး။

"ရော့ တစ်သောင်းခွဲ"

ပိုက်ဆံကမ်းပေးသောအခါ မြင်ရတဲ့ တစောင်းမျက်နှာ။

"ဟင်"

"ဒွဲ့မျှော်လင့်ချက်က ဝုန်းခနဲ ပြိုကျသည်။ စိတ်ပျက်အားငယ်လျှော့ခြင်း နှလုံးသားကို ကောင်းစွာဖိထား၏။

"ဦးစေညွှန်မှမဟုတ်တာ"

ထိုနေရာမှ ချာချာလှည့်ထွက်ခဲ့သည်။ ခြေလှမ်းတွေကို မြန်မြန်လျှောက်ပစ်သည်။ ကြုံဖူးကြပါသလား။ မလွမ်းအောင် ထိန်းထားတဲ့ကြားမှ တိုက်ဆိုင်မှုရှိတဲ့အခါ ရူးလောက်အောင် လွမ်းရတာလေ။

ချာချာကိုယ်တိုင် သတိမထားမိခင်လေးမှာ မျက်ရည်ကြည်တွေ မျက်ဝန်းမှာပြည့်နေပြီ။

"ဟင့်အင်း မငိုနဲ့ ချာချာ၊ သူက ပစ်ထားတာပဲ၊ တကယ်တော့ ထောင့်ငါးရာသာ နင်ယူလာတာ၊ သူမှမသိတာ၊ နင့်အချစ်သူ့ဆီမှာကျန်ခဲ့တာ"

ကိုယ့်ကိုယ်ကို အားတင်းနေဆဲမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ချက်ချက်ချာ"

အကျင့်ပါနေတဲ့ ခြေလှမ်းက တုန့်ခနဲ။ နောက်သို့လည်း လှည့်မကြည့်ရဲ။ မျှော်လင့်သလို ဖြစ်မလာခဲ့ရင်ဆိုသော အတွေးက ခြောက်လှန့်နေသည်။ ဒါပေမဲ့ သံလိုက်လို ဆွဲငင်အားပြင်းတဲ့ သူ့အသံပါ။ ချာချာက ဝေခွဲမရတဲ့ နပန်းလုံးနေစဉ်မှာပဲ ချာချာ့ဘေး နားသို့ရောက်လာတဲ့ အရိပ်တစ်ရိပ်။

ဖျတ်ခနဲ မော့အငေး ချာချာရင်က အကြမ်းပတမ်း ဆောင့် ခုန်သည်။

"ဦးစေ့ညှန့်" ဂမင်လုပ်တာမ ဖေဖေ့

ပြုံးရီချိုလှဲ့သော သူ့သွင်ပြင်သည် ဟိုးအရင်ကလို ညှို့ ဓာတ်ပြင်းဆဲ။ ချာချာကို ပြုစားနိုင်ဆဲ။ ဦးစေ့ညှန့် ဘောင်းဘီအိတ် ထဲ လက်နှစ်ဖက်နှိုက်ရင်း

"ကိုယ့်ကို တစ်ထောင့်ငါးရာပြန်ပေးပါ"

"ဦးစေ့ညှန့်"

"ကိုယ် မသိအောင်ယူသွားတဲ့ ထောင့်ငါးရာလေ"

"ဟို အဲဒါကလေ ဦးစေ့ညှန့်ရဲ့"

"ဦးစေ့ညှန့် တစ်လုံးထဲပြောတတ်သလား ချက်ချက်ချာ၊ ဥပမာ ကိုယ့်ကိုချစ်ပါတယ်လို့ ပြောချင်စိတ်များ မရှိဘူးလား"

ချာချာ့မျက်နှာသည် မခံချင်စိတ်ကြောင့် ချက်ချင်း အနီ ရောင်လွှမ်းသွားသည်။ ထို့နောက် ခြေကိုဆောင့်သည်။ မျက်စေ့ ရွယ်သည်။ ဒါမှ ချက်ချက်ချာရဲ့ မူပိုင်စတိုင်လ်လို့ စေ့ညှန့်၊



ထဲက ရေရွတ်ဆဲမှာပဲ

"အောင်မယ် စကားပြောတာကြည့်ပြောပါ၊ ခင်ဗျားက အရင်ဖြင့် မပြောပဲနဲ့"

"ဩော် ကိုယ့်အပြောကို မင်းက စောင့်နေတာပေါ့"

"ဟော့ လူကြီး၊ တော်နော်"

ချာချာက အခုမှ အရှိန်လွန်သွားမှန်းသိသည်။ သိပေမဲ့ ပြင်မရတော့။ စကားဆိုတာ ကျွံပြီးနုတ်မရတာ။

"မသိပါဘူး၊ ကိုယ်က မပေးနိုင်တာ တောင်းမိမှာစိုးလို့"

"အဲဒါဆို ဘာလို့ ထောင့်ငါးရာ လာတောင်းနေသေး လဲ"

"မင်းက ကိုယ်ဆီက အရင်ယူသွားတာကို"

"တော်ပါပြီ ဒါပဲ ထပ်တလဲလဲ"

ရှက်ဝဲဝဲအသံလေးနှင့်ပြောသည်။

"ကောင်းပြီ ဒါဆို အသစ်အဆန်းပြောတော့မယ်၊ ကိုယ် မင်းကို ချစ်တယ် ချာချာ၊ ဘဝမှာ တစ်ခါမှ မပေါ်ပေါက်ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်တာပါ၊ ကိုယ့်ဆီ နောက်တစ်ခေါက် ပြန်လာခဲ့ပါ၊ အချစ်တွေနဲ့ အတူတူပေါ့"

ဦးစေ့ညှန့်မျက်နှာသည် ချစ်ခြင်းဖြင့် တောက်ပစိုလက် နေသည်။ အချစ်သည် ကူးစက်ရောဂါတစ်မျိုးလား။

ချာချာ မသိ။ သေချာတာက စေ့ညှန့်နှင့်ချာချာ ရင်ခုန်သံ

www.burmeseclassic.com

www.burmeseclassic.com



ချင်း ထပ်တူကျနေပြီ။ စေညွန့်လိုမျိုး ချစ်တတ်ပြီ။ ချာချာသည် သူကမ်းပေးလာသော လက်ထဲ ချာချာလက်ဖဝါးလေးကို နှစ်မြုပ် ထည့်ပေးရင်း

"ချာချာ ခင်ဗျားဆီ ပြန်လာပါ့မယ်၊ ခင်ဗျားလိုချင်တဲ့ အချစ်တွေနဲ့လေ"

ပြောအပြီးမှာ စေညွန့်က ဖွေ့ခနဲ ကောက်ပွေ့သည်။ ချာချာက သူ့ရင်ခွင်ကျယ်ကြီးထဲ ကလေးတစ်ယောက်လို မှီတွယ်ရင်း ကောင်းကင်ပြာအား ဝံ့ကြွားစွာ မော့ကြည့်လိုက်သည်။

လေညှင်းတွေချိုပြီး ရောင်စုံတိမ်တွေ တောက်နေတဲ့အချိန်။ ဒီအချိန်မှာ ချာချာတို့နှစ်ယောက် အချစ်ကို နှစ်ဦးသဘောတူ ခူးဆွတ်ခဲ့ပြီ။

ထိုအခါ ချိုမြိန်သော မနက်ဖြန်များက ဘဝထဲ အသင့်ပြေးဝင်လာရန် စောင့်မျှော်လျက်ရှိလေ၏။

နှလုံးမိတ်ဝေဖြစ်ပြီး ငြိမ်းချမ်းပါစေ။


ဆုအဥ္စလီ

www.burmeseclassic.com

www.burmeseclassic.com

# ဆုအာဒူလီ

သမုဒယအာနန်း




www.burmeseclassic.com